
www.burmeseclassic.com


www.burmeseclassic.com

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်**

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

စည်းကမ်းလိုက်နာဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသောတာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ☐ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ၊
- ☐ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
- ☐ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ၊
- ☐ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ၊

BURMESE CLASSIC

# အခန်း(၁)

မမခင် စိတ်တိုင်းကျ ခြယ်သပေးနေသမျှကို ခေါင်းလေးမော့ကာ ငြိမ်သက်ရင်းခံယူနေသော "ဦး" က အနားမှာလာကပ်ထိုင်ပြီး တတွတ်တွတ်နှင့် မကျေမနပ်နိုင်ဖြစ်နေသော မော်လီ့စကားများကိုလည်း လက်ခံဖြေရှင်းနေရပေသည်။

မော်လီကား ဦးကို တကယ်ချစ်ရှာသော ဦးရဲ့သူငယ်ချင်းမကလေးပါ။ သို့သော် သူမမှာ အပြစ်မြင်တတ်သော ... မြင်သမျှကိုလည်း တစ်ဘက်လှ နားမှအောင်ပြောတတ်ဆိုတတ်သော အကျင့်ကလေးတစ်ခုရှိနေသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



“ငါ့နယ်နော် … မမခင်ကြီး ရှေ့ထားပြီးပဲ ပြောရဦးမယ် … [illegible] မမခင် လိမ်းခြယ်ပေးတာက ဆိုင်တွေက [illegible]ပေးတတ်တဲ့အမျိုး[illegible]ကတော့ ဘယ်ထွက်ပါ့မလဲ”

“အောင်မာ … မလိမ်းချင်နေပေါ့”

“မလိမ်းချင်ပါဘူး … မော်လီအလှည့်ကျရင်တော့ နာမည်ကြီး ထိပ်ထိပ်ကျဲ မိတ်ကပ်သမားကို ခေါ် လိမ်းမှာပါ … ခုဟာကလဲ မမခင်ကို ပြောချင်တာမဟုတ်ပါဘူး … ဟောဒီက ကပ်စေးနဲကော်တရာမ မီဦးကိုပြောချင်တာပါ … ဘယ့်နှယ်တော်ကိုယ်က သူများအလှူကို ညှော်သည်အနေနဲ့သွားမှာမျိုးမှမဟုတ်တာ … ကိုယ့်မင်္ဂလာဆောင်ကိစ္စကြီးကို … ”

ဦးက ဘာမှပြန်မပြောဘဲ ပြုံးရုံလေးပြုံးနေသောအခါ မော်လီက အကျီချိတ်စင်ပေါ်မှာ လွှားထားသည့် ဝတ်စုံလေးဆီ တစ်ချက် ဇွေကြည့်လိုက်ပြန်ပြီး …

“သတို့သမီးဝတ်မယ့်ဝတ်စုံကလည်းပဲ”

“နင်ကလဲ … သူများတကာ မင်္ဂလာယူနေတဲ့အချိန်ကြီးမှာ နားညည်းလိုက်တာဟယ် … ဝတ်စုံက ဘာဖြစ်နေလို့လဲ … ဇာအဖြူဝမ်းဆက်လေ … ဘာဖြစ်လဲ … လှသားပဲ”

“မမခင်ရယ် … မလှဘူးလို့ မပြောရသေးပါ

ဘူး … ဇာကလည်း အဖိုးတန်ပါတယ် … ဒါပေမယ့် သူ့ပွဲကိုလာမယ့်ပရိသတ်တချို့လည်း ဒါမျိုးပဲ ဝတ်လာကြမှာပဲ … ကိုယ်ကဒီပွဲမှာ ဘုရင်မပဲ … သတ်သတ်မှတ်မှတ်နဲ့ ထင်းထွက်နေရမှာပေါ့ … မသကာ ဘော်ခြယ်လေး၊ ပုတီးစေ့လေး၊ ပုလဲလေး ထပ်ထိုးထားရင်တောင် မော်လီက ဘာမှပြောမနေတော့ဘူး … ပြီးတော့ မမခင် ဘာသိလို့လဲ … အဲဒီဝတ်စုံက ဝတ်ပြီးသားကြီး”

“ဟဲ့”

“ဘွဲ့ယူတုန်းကတစ်ခါပဲ ဝတ်ထားရသေးတာပါ မော်လီရယ်”

“အို … အဲဒီလိုပြန်ဝတ်ရလား … အသစ်၊ အသစ်ပဲဖြစ်ရမှာပေါ့ … ကိုယ့်မှာ မတတ်နိုင်ဘူးဆိုလည်း တစ်မျိုးပေါ့ … ခုဟာက ရှိရက်နဲ့”

ဒီတစ်ခါတော့ မမခင်ကပါ ဦးကို “ဘယ်လိုပါလိမ့်” ဆိုသောအကြည့်နှင့် ကြည့်လာသည်။ မမခင်ကတော့ ဦးတို့ရဲ့ “မိသားစု” အဆောင် အိမ်ကလေးရဲ့ အဆောင်မှူးပိုင်ရှင်ပါ။ အနယ်နယ်အရပ်ရပ်က “မတစ်ရာသမီး” တွေကို အုပ်ချုပ်ရင်း … လူကြီးအရာလည်းနေ၊ လူငယ်တွေထဲလည်း သူငယ်ချင်းလို ဝင်ရောကာ အလိုက်အထိုက်နေတတ်ပေမယ့် … အဆောင်သူ အခန်းဖော် သူငယ်ချင်းအချင်းချင်းတွေလောက်တော့ … တယောက်

www.burmeseclassic.com



အကြောင်းတစ်ယောက် စုံစုံစေ့စေ့သိတာမျိုးမရှိနိုင်ပေ။

ဦးရော မော်လီပါ တက္ကသိုလ်ကျောင်းသူဘဝ တွေကတည်းက မမခင်ရဲ့အဆောင်မှာ နေလာကြတာမို့ သူတို့ရဲ့အဆောင်သူ သက်တမ်းဟာ သုံးလေးနှစ်စီတော့ ရှိကြပြီ။ အရွပ်အရှင်းကင်းသော မိဘမဲ့ကလေးမများ ဖြစ်တာမို့ မမခင်ကလည်း တွယ်တာနေရပြီဖြစ်ကာ ... မော်လီရဲ့ ပစ်ပစပ်နိုင်တတ်တာ ... ဦးရဲ့ မထုံတက်တေး မြိုစိစိနိုင်တတ်တာတွေကိုပါ နားလည်ခွင့်လွှတ်တတ်နေပြီ။

တကယ်တမ်းဆိုရင် မြိုစိစိသမား ဦးထက် သွက်လက်နေတတ်ပြီး နေရာတကာ ဟိုပါဒီပါရှိသော မော်လီ့ကိုသာ အိမ်ထောင်ဦးစွာကျဖြစ်လိမ့်မည်ဟု မမခင်က ထင်ထားတာပါ။ ခုတော့ ဆိုင်းမဆင့်ဘုံမဆင့်နှင့် မလှုပ်တလှုပ်မကလေးကသာ အိမ်ထောင်ပြုပါတော့မည်တဲ့။

ဒါတောင် ... သူ့သဘောအတိုင်းဆို တစ်ဆောင်လုံး ဘယ်သူမှတောင် သိခွင့်ရလိုက်မှာမဟုတ် ... သူ့အခန်းဖော် မော်လီက ပါးစပ်ဖွာနိုင်လွန်းလို့သာ ... မော်လီပြော၍ အားလုံးသိကြရပြီးမှ "မမခင်ပဲ အလုပြင်ပေးပါနော်" ဟု သူကလေးက လာခွင့်တောင်းတာ။ ကိုယ်ကလည်း ဝါသနာပါ ... ခင်မင်ရင်းစွဲကလည်းရှိနေတာမို့ အကောင်းဆုံးလုပ်ပေးဖို့ စိတ်ကူးရှိသော်လည်း ... ရည်းစားရှိနေမှန်းတောင်မသိလိုက်ရဘဲ မင်္ဂလာဆောင်ဖို့ လေး,ငါးရက်အလိုမှ ကပ်သိခဲ့ရတာကိုတော့ မမခင်က စိတ်





ထဲ ခုတုတု ... ။

တကယ်ပါ ... မိန်းကလေးက မြိုစိစိနိုင်သလောက် ... ယောကျ်ားလေးကလည်း အတော်နေနိုင်တဲ့ အမျိုးအစားထဲက ထင်ပါရဲ့။ "ချစ်သူတွေဖြစ်ကြပြီးမှ အိမ်ထောင်ပြုကြတာပါ" ဟု အဆိုရှိသော်လည်း ... ဘုရားဖူးရစေရဲ့ ... ညနေဘက်အဆောင်ညှို့ချိန်တွေမှာ တစ်ကြိမ်တစ်ခါမှ မပေါ်လာဘူးတာကို အောချလိုက်ချင်ပါသည်။

ခုမင်္ဂလာပွဲအချိန် ဒီလောက်ကပ်နေတာတောင် သူ့ သတို့သားလောင်းဆိုတာကို (မော်လီကလွဲလို့) တစ်ဆောင်လုံး ဘယ်သူမှ မမြင်ဘူးကြသေး ... ။ နာမည်လေးသိခွင့်ရတာတောင် ... သူ့နှုတ်ဖျားမှသိရတာမဟုတ်၊ ဖိတ်စာပေါ်မှ နာမည်ကိုသာ ဖတ်ကြည့်ခဲ့ရခြင်းဖြစ်သည်။ အဲဒီလို သျှိုသျှိုဝှက်ဝှက်နိုင်လွန်းလို့ကို တစ်ဆောင်လုံးက ရှိရှိသမျှ မိန်းကလေးတိုင်း ဒီမင်္ဂလာပွဲကို တက်ရပါမည့်အရေး အခန်းတိုင်းစေ့မှာ တက်တက်ကြွကြွ အလုအယက်ပြင်ဆင် စိတ်အားထက်သန်နေကြတာဖြစ်သည်။

"ကိုနိုင်က ဒီကို ကားလွှတ်လိုက်မှာတဲ့လား"

"ဟုတ်တယ် မော်လီ ... တစ်ဆောင်လုံးအတွက် နှစ်စီးတဲ့ ... မမခင်ရဲ့ကားနဲ့ပါဆို သုံးစီးပေါ့ ... ဆန့်မယ်ထင်ပါတယ်နော် မမခင်"

"ဆန့်ပါတယ်ဟဲ့"

ဟောင်း ... သတို့သမီးက သတို့သားနဲ့ရွယ်တူ တစ်



www.burmeseclassic.com

www.burmeseclassic.com



စီးသပ်သပ်မရှိဘဲ အများနဲ့ ရောရောနှောနှော လုံးလုံးထွေးထွေးကြီးတဲ့ ... ကဗျာမဆန်လိုက်တာ"

"ကဗျာဆန်စရာလည်းမလိုပါဘူး မော်လီရယ်"

"မဟုတ်သေးပါဘူးဟာ ... ဒီမှာ မမခင်ရယ် ... မော်လီတို့သာ ဦးတို့လောက် ... သူ့ချစ်သူ ကိုနိုင်တို့လောက်သာ ပိုက်ဆံရှိရင် ... နာမည်ကြီးဟိုတယ်ကြီးတစ်ခုမှာ ခမ်းခမ်းနားနားကြီးဆောင်ပစ်မှာပေါ့၊ ဒါမှမဟုတ်လည်း အများနည်းတူ ဘုန်းကြီးကျောင်းပေါ့ ... ခုဟာကတော့ ကိုနိုင့်သူငယ်ချင်းတစ်ယောက်ရဲ့ ခြံလွတ်ကြီးထဲမှာတဲ့"

"ဒါကတော့ ခြံပွဲလုပ်ချင်လို့နေမှာပေါ့ဟဲ့ ... နင့်အလှည့်ကျမှ အင်္ဂလန်ပြည်ရှင်ဘုရင်မရဲ့ နန်းတော်ထဲ ဝင်ဆောင်ချင်ဆောင်တော့အေ"

မမခင်က ကိုယ်တိုင်လည်း စိတ်ထဲက တစ်မျိုးပဲရှိနေရပေမယ့် ... မျက်နှာလေးပျက်ချင်သလိုလိုဖြစ်နေသော ဦးအတွက် တမင်ပဲ ဝင်ပြောပေးလိုက်ပါသည်။ မင်္ဂလာပွဲတစ်ခုဆိုတာ ဟိုဘက်သည်ဘက် ညှိစရာတွေက အများကြီးရယ်မဟုတ်လား ... စိတ်ခုစရာအတွေးတွေ မဝင်လေကောင်းလေ။ ယောကျ်ားလေးဘက်ကချည်းပဲ အားလုံးအကုန်ခံ တာဝန်ယူလုပ်သည့်ပွဲဆိုရင်တော့ ကာယကံရှင်မိန်းကလေးအတွက် ပိုလို့တောင် စိတ်ရှင်းလက်ရှင်းရှိနိုင်ဖို့လိုသေးသည်။ အဲဒီ မော်လီတစ်ယောက်ဟာ ဘာမှကို





အလိုက်ကန်းဆိုးမသိရှာပါလား။

"သူများတကာတွေဆို **Reception** ပွဲမလုပ်ခင် တစ်ရက်လောက်ဖြစ်ဖြစ်တော့ လက်မှတ်ကို ကြိုထိုးထားပြီးသား ... ဟောဒီ မိဦးကတော့ တစ်လက်စတည်း တစ်ချိန်တည်း စီစဉ်ထားသတဲ့ ... မင်္ဂလာဆွမ်းအတွက် ဘုန်းကြီးဆွမ်းကျွေးဖို့ကိစ္စလည်း နောက်များမှတဲ့ ... ကဲ ... ကြည့် မမခင်ရယ် ... အားလုံး မရေမရာကြီးပဲ ... ဒင်းက ကိုနိုင်ပြောသမျှ ခေါင်းချည်းပဲ ငြိတ်ညိတ်နေသလားမသိပါဘူး"

"မဟုတ်ပါဘူး မော်လီရယ် ... အဲဒါတွေအားလုံး ငါ့အစီအစဉ်ပါ"

"ဒါဆိုရင်လဲ နင်ဟာ သိပ်ကိုကပ်စေးနည်းသော အလွန်တရာ၀ကျ ထင်ရာလုပ်သော မိန်းမပဲ"

မော်လီက သူ့စိတ်ထဲ မရှင်းသမျှကို ခုတစ်ထိုင်တည်းနှင့်ပင် ဖွင့်အံချတော့မည့်ပုံရသည်။

"ကောင်လေးရဲ့ မိဘများကကော ... ဦး သဘောအတိုင်းပဲတဲ့လား"

မမခင်ကပါ မနေနိုင်တော့ပဲ ဝင်စပ်စုလိုက်မိတော့သည်။

"သူက မွေးချင်းမရှိဘူး ... တစ်ဦးတည်းသောသား မမခင်ရဲ့ ... ဦးလို တစ်ကောင်ကြွက်တော့မဟုတ်ဘူး ... အဖေကြီးရှိသေးတယ် ... သူ့အဖေက



www.burmeseclassic.com

နယ်မှာလေ ... ခု မင်္ဂလာဆောင်အမီ ရန်ကုန်တက်လာလိမ့်မယ်"

"ရောက်ပြီလား"

မော်လီက ဝင်မေး၏။

"မသိဘူး"

"ဟင်း ... ရေရာလိုက်တာ"

"တော်ပါတော့ မော်လီရယ်"

"မဟုတ်ဘူး မမခင် ... မော်လီက ဦးအတွက်ပြောနေတာပါ ... တစ်သက်မှာတစ်မင်္ဂလာလုပ်တဲ့ကိစ္စများ အားလုံးကောင်းကောင်းမွန်မွန်ပဲဖြစ်စေချင်တယ် ... မော်လီက ဦးနဲ့ပဲ အပျော်လုပ်ပြီးနေလာတာကြာလှပြီ ... ဘယ်ခွဲချင်မလဲ ... ဒါပေမယ့် ခွဲလိုက်ရမယ်ဆိုလည်း အကောင်းဆုံးအဖြစ်ဆီကိုပဲ ခွဲထည့်လိုက်ချင်တာ"

"မော်လီရယ် ... ငါလဲ နင်နဲ့မခွဲချင်ပါဘူး"

"ဟွန်း ... အချွဲပိုနေ"

"အဟုတ်ပြောတာ ... ငါ နင့်ကို ငါနဲ့အတူနေဖို့ လာကိုခေါ်ဦးမယ်"

"အမလေး ... ညားကာစလင်မယားနှစ်ယောက်ကြားများ လာမနေနိုင်ပါဘူး ... အပိုတွေပြောမနေနဲ့"

"ဦးက လက်ထပ်ပြီးရင် ဘယ်မှာနေမှာလဲ"





မမခင်က ခုချိန်ထိ အဆောင်ခန်းထဲက ပစ္စည်းမှန်သမျှ ဘာတစ်ခုမှ မပြောင်းရမရွှေ့ရသေးတာကို စိတ်မသက်သာစွာ ငေးဝဲကြည့်ကာ မေးခွန်းထုတ်ကြည့်သည်။ မြူစိစိနိုင်သော ကာယကံရှင်က မဖြေမိမှာပင် အသံ မော်လီက ဝင်ပြီး ...

"သူ့လူက မြို့ထဲမှာ တိုက်ခန်းတစ်ခုနဲ့နေတာ အဲဒီလိုက်နေမှာပေါ့ မမခင်ရယ် ... မော်လီတို့ သာ စိတ်တွေစောနေတာ ... အလွန်တရာ စိတ် အေးသောမိန်းမက ခုထိ ပစ္စည်းတွေမပြောင်းသေးဘူး ... လုပ်စရာရှိတာတွေကို နောက်ဆုံးအချိန်ထိ ဆွဲထားတယ် ... တကယ်ပဲ"

"သူက ခရီးထွက်ဦးမယ်ဆိုလို့ ခရီးဆောင်အိတ်ပဲ ပြင်ထားသေးတယ် မမခင် ... ဦး ပစ္စည်းတွေ ဒီအခန်းထဲမှာပဲ ခဏဆက်ထားခဲ့ဦးမယ်နော် ... ခရီးထွက်ပြီး ပြန်လာမှ ပြောင်းဖို့ရွှေ့ဖို့ စီစဉ်ပါရစေ"

"ပြောနေရမယ့်လူတွေမဟုတ်ပါဘူး ဦးရယ်"

"အမလေး ... ထားသာထား ... နင်သွားပြီးရင်လည်း ငါက ဒီအခန်းထဲကို လူသစ်အဝင်မခံပါဘူး၊ မော်လီတစ်ယောက်တည်း တစ်ခန်းလုံး ဆက်ယူထားမှာနော် မမခင် ... အသစ်နဲ့ပေါင်းရရင် မော်လီနဲ့ဖြစ်မှာမဟုတ်ဘူး"

www.burmeseclassic.com



မမခင်က ဦးကို အကဲခပ် ... ဦးက မော်လီကိုပဲ တွေတွေကလေး လှမ်းကြည့်နေ ... မော်လီက ...တ်တရက် ဝမ်းနည်းလာတဲ့သူ့ပုံကို ဦး မမြင်အောင် ...ချာခိုင်းပစ်လိုက်ကာ ပြတင်းပေါက်မှတစ်ဆင့် ခြံပြင် ...က်သို့ ငေးကြည့်နေသည်။

မျက်နှာပိုင်း ပြုပြင်မှုကို စိတ်တိုင်းကျသွားသော မမခင်က ထုံးထားပြီးသော ဆံထုံးကို နည်းနည်း သပ်သပ်ယပ်ယပ်ဖြစ်အောင် ပြန်လုပ်ပေးလိုက်ပြီးမှ အဖြူရောင် ကက်တလီယာ သစ်ခွပွင့်ကြီးနှစ်ပွင့်ကို နောက်တွဲ ဆံထုံးလေးမှာ ပန်းပေါ် မတင့်တတင်လေးဖြစ်အောင် ကပ်ပန်ပေးလိုက်သည်။

"ကဲ ... ရပြီ ... အကျီလဲတော့ ... မော်လီနင်လည်း လဲတော့လေ ... ငါလည်း သွားလဲတော့မယ်"

မမခင် စကားဆုံးဆုံးချင်းမှာပင် အပြင်ဘက်ကိုငေးကြည့်နေသည့် မော်လီက "ဟော" ဟု အော်လိုက်ကာ ... အောက်ထပ်ကအဆောင်နေ ကလေးမများထံမှ "မဦး ... ကားရောက်လာပြီ" ဟူသော သံပြိုင်အသံတစ်ခု ထွက်ပေါ်လာသည်။

"ကားက သုံးစီးဟဲ့ ... ကိုနိုင်တစ်ယောက်တည်း ပါလာတာက တစ်စီး ... ဒီလိုဆိုတော့လည်း သိပ်မဆိုးပါဘူး"





စိတ်အပြောင်းအလဲမြန်သည့် မော်လီက ရုတ်တရက် ကျေနပ်သွားမိစိတ်နှင့် ဦးအကျီ လုံချည်လဲ ဝတ်နေသည်ကို ဖိုးဖိုးဇော်ဇော် ဖြတ်ဖြတ်လတ်လတ်နှင့် ကူညီလိုက်သည်။

"လှလိုက်တာဦးရယ် ... အဲဒါ မမခင်ကြီး တော်လို့လည်းမဟုတ်ဘူး ... ဘာကြောင့်မှလည်းမဟုတ်ဘူး ... နင့်ကိုက လှနိုင်အားတာ ... ဟဲ့ အကျီလည်ပင်းက နည်းနည်းဟိုက်ထားပါလား .. ပြောင်ရှင်းကြီးဆို မတင့်တယ်ပါဘူး ... သိပြီ .. သိပြီ ငါ့ပုလဲဆွဲကြိုးလေး ဆွဲလိုက်"

"ဆွဲချင်ပါဘူး"

"အောင်မာ ... အထင်မသေးနဲ့ ... မိဘအမွေ ပုလဲအစစ်ဟဲ့ ... ငါ့မှာလည်း ဒီတစ်ကုံးပဲချမ်းသာတာ"

"မဟုတ်ပါဘူး မော်လီရယ် ... တကယ်တမ်းဆွဲရတော့မယ်ဆိုရင်လည်း ငါ့မှာလည်း နည်းနည်းတော့ရှိပါတယ်"

"ဘာ ... ဆွဲရတော့မယ်ဆိုရင်လဲ ... ဆွဲကိုဆွဲရမှာပေါ့ဟဲ့ ... နင့်ကိုနင် ဘာမှတ်နေလဲ ... သတို့သမီးဟဲ့ ... သတို့သမီး ... ဒီလောက်တောင်မပြောင်မယောင်နဲ့ အကျဉ်းရုံးချင်နေရင် အစကတည်းက ရုံးတက်လက်မှတ်ထိုးရုံပဲလုပ်ပါလား ...



www.burmeseclassic.com

www.burmeseclassic.com



ဟင်း"

"ပွဲလေးတစ်ခုတော့လည်း လုပ်လိုက်ချင်သေးလို့ပါ မော်လီရယ်"

"အေးလေ ... ပွဲလုပ်ပြီဆိုရင်တော့ ပွဲနဲ့ တူတူ တန်တန်လေးတော့ ရှိမှပေါ့"

မော်လီနှင့် ဦးတို့ စကားစစ်ထိုးနေကြစဉ်မှာ တံခါးခေါက်သံထွက်ပေါ်လာပြီး ...

"မော်လီ ... ဦး ... မမခင်ပါ ... တံခါးဖွင့်ကြဦး ... ဒီမှာ ... ဒီနေ့တစ်နေ့အတွက်တော့ စပယ်ရှယ် အထူးအခွင့်အရေးအနေနဲ့ မမခင်က ... သတို့သားကို အပေါ်ထပ်ထိ တက်ခွင့်ပေးခဲ့တယ်၊ ထွက်ခဲ့ကြဦး ... ပေးစရာရှိလို့တဲ့"

ဦးက သက်ပြင်းလေးတစ်ချက်နှင့် အခန်းပြင် လှမ်းထွက်လိုက်သည်။ အရေးအကြောင်းရှိ၍ ခေါ်ယူရသော ရေပိုက်ပြင် ... မီးပြင်အလုပ်သမားများကလွဲရင် ... ကိုနိုင်ဟာ ဒီအဆောင်အပေါ်ထပ်သို့ ပထမဆုံးတက်ရောက်ခွင့်ရသော ယောကျာ်းသားတစ်ယောက်ဖြစ်ပေသည်။ ဒါကို ကြည့်ခြင်းအားဖြင့် မမခင်ဟာ ဦးရဲ့ကိစ္စမှာ ဘယ်လောက် စိတ်ဝင်စားတက်ကြွကာ လိုက်လျောချင်သလဲဆိုတာ သိသာလှပေသည်။

"ဦး ... ဒီမှာ ... ဒါလေးလည်း ပေးစရာရှိလို့ ကိုယ်တိုင်ပဲ လာကြိုလိုက်တယ်"





ကိုနိုင်က ပြောပြောဆိုဆို သူ့လက်ထဲက ဘူး အမဲပြားလေးကို ဖျတ်ခနဲဖွင့်လိုက်သောအခါ ထွက်ပေါ်လာသည့် ဖြိုးဖြိုးဖြက်ဖြက် တလက်လက်အလင်းရောင်များကြောင့် ဦးမှာ ယောင်ယမ်းပြီးတောင် ခြေတစ်လှမ်းနောက်ဆုတ်လိုက်မိသည်။

"အို ... မဟုတ်တာ"

ပါးစပ်ကလည်း အငြင်းစကားတစ်ခါတည်း ထွက်ပြီးဖြစ်နေသည်။ နောက်ကကြည့်နေသည့် မော်လီက ဦးလက်မောင်းကို သိသိသာသာကြီးပင် လိမ်ဆွဲလိုက်ကာ

"ဘာမဟုတ်တာလဲ ... အဲဒါ ခုပဲပြောနေကြာကြီး ကိုနိုင် ... သူ့မင်္ဂလာဆောင်ကို လည်ပြောင်ဂတ် ပြောင် နားရွက်ပြောင်ကြီးနဲ့ သွားမလို့တဲ့လေ အမိပွါယ်မရှိတာ ... ဟော ... ခုတော့ အဆ သင့်ပဲ"

"ဟင့်အင်း ... ဟင့်အင်း"

"စွတ်ငြင်းမနေနဲ့ဟေ့ ... ကိုနိုင်က ဝတ်စေချင်လို့ကို လာပေးတာ"

ကိုနိုင်က နှစ်ယောက်သားငြင်းခုန်နေကြတာကို ခပ်အေးအေးပဲကြည့်နေရင်းက ...

"ဝတ်လိုက်ပါဦး ... ဒီမနက်ပဲ ဖေဖေပေးလိုက်တာလေ ... မင်း သတို့သမီးကို ပေးဝတ်လိုက်တဲ့"

"ကိုနိုင့်ဖေဖေ ရောက်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အော် ... အဖေလည်းရောက်ပြီလေ ... ဆွေမျိုးတွေနဲ့အတူ ဒီမနက်ပဲ ရောက်တယ် ... ကားက တစ်ညလုံးမောင်းလာရလို့ ပင်ပန်းနေတယ်"

"ဟင် ... ကားနဲ့ ... ကျောင်းသောင်းမှာနေတာဆို၊ လေယာဉ်နဲ့မလာဘူးလား"

"အော် ... ကျောင်းသောင်းကရောက်လာတာက ဖေဖေလေ ... ဒီပစ္စည်းတွေပေးတာပေါ့ ... မိတ္ထီလာက ဟာက အဖေ ... ကိုယ့်မှာ အဖေနှစ်ယောက်ရှိတယ်"

ဦးမှာ မျက်မှောင်ကလေး ဆတ်ခနဲကုတ်ကာ ခွန်ချီးသွားရသည်။

"မန္တလေးက ဦး ဆွေမျိုးတွေဆိုတာရော ... ရောက်ပြီလား"

"အင်း ... ရောက်မှာပေါ့"

ထိုစဉ်မှာပင် သိပ်စိတ်ရှည်တော့ပုံမရသည့် မော်လီက ဦးလက်ကလေးကို ဆောင့်ဆွဲလိုက်ပြီး ကိုနိုင့်လက်ထဲက ဘူးပြားကိုပါ လက်ကမ်းလိုက်ကာ ...

"လာ ... လာ ... အချိန်မရှိဘူး ... ပေး ... မော်လီဝတ်ပေးလိုက်မယ် ကိုနိုင်"

ဦးမှာ ဘာစိုးတစ်ခုကို တွေးပြီး စိတ်ရှုပ်သွားရတာရယ် ... ကိုနိုင်မျက်နှာထားကြောင့် စွတ်ငြင်းမနေချင်တော့တာရယ် ... ပြီးကျတော့ အပေါ်ထပ်အခန်းတိုင်းပေါက်စေ့လောက်က ခေါင်းလေးတွေပြူကာ ထွက်ကြည့်





နေကြသော အဆောင်သူလေးများရဲ့အကြည့်ကို ရှောင်လွှဲချင်တာရယ်နှင့် မော်လီ ဆွဲခေါ်ရာအခန်းထဲသို့ ပြန်ပါလာခဲ့သည်။

"ခက်လိုက်တာ မော်လီရယ် ... အဲဒါ ဘာတွေမှတ်လို့လဲ ... စိန်တွေဖြစ်လိမ့်မယ်"

"အေးလေ ... သိသားပဲ ... ဘာဖြစ်လဲ ... ပိုတောင်ကောင်းသေးတာပေါ့ ... ခုမှပဲ သတို့သမီးနဲ့ နည်းနည်းတူတော့တယ်"

"ကျွတ် ... သူများဟာကြီးတွေ"

"ဘယ်က သူများဟာတမှာလဲ ... ကိုနိုင့်အဖေက နင်ဝတ်ဖို့ပေးလိုက်တာပဲဟာ ... ယောက္ခထီးကြီးက စေတနာနဲ့ ဝတ်စေချင်လို့ပေးတာ ... ဝတ်ကောင်းတယ် ... ဝတ်သာဝတ်"

"အင်း"

ဦးက အဓိပ္ပါယ်မရေရာသည့် "အင်း" ရှည်တစ်ချက်ဆွဲကာ တစ်ဆက်တည်း သက်ပြင်းပါချလိုက်မိသည်။ ကိုယ့်သတို့သားမှာ အဖေနှစ်ယောက်ရှိသည်တဲ့လေ။ ဒါကို လက်ထပ်မည့်မနက်ကျမှ သိရသည့် သတို့သမီးကိုယ့်အဖြစ်ကိုယ်လည်း ရယ်ချင်သား။ စိန်တွေဆီ စိတ်ရောက်နေသည့် မော်လီက ဒါကို သတိမထားလိုက်မိ၍သာ တော်တော့တာပေါ့ ... နို့မို့ဆို တဖြစ်တောက်တောက်လုပ်နေဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



ကော့သောင်းကဟာက ဖေဖေတဲ့ ... မိတ္ထီလာကတစ်ယောက်ကတော့ အဖေတဲ့ ...။ ဒီစိန်တွေကတော့ ကော့သောင်းက ဖေဖေရဲ့ပစ္စည်းများပါတဲ့။

"ကဲ ... ပြီးပြီ ... ထတော့ ... ကြည့်စမ်း ဘယ်လောက်လှသလဲ"

ဦးက ပြုံးပပြုံးနေသည်။

"ကဲ ... ထွက်တော့ ... ထွက်တော့ ... ငါတို့ နောက်ကားနဲ့မှ လိုက်ခဲ့မယ် ... ဟယ် ... နေဦး နင် ခရီးထွက်ဖို့ထည့်ထားတဲ့ ခရီးဆောင်အိတ်က ဘယ်ကိုပို့ရမှာလဲ ... ဘယ်လိုလုပ်မှာလဲ"

"ငါ ဒီအဆောင်ကို ပြန်လာဦးမှာပါ ... အဲဒီတော့ မှယူမယ်"

"ပြီးရော"

ဦး အခန်းပြင် ပြန်ထွက်လိုက်တော့ အပြင်မှာတင် စောင့်နေဆဲ ကိုနိုင့်ထံမှ စိတ်ဝင်စားတောက်ပသော အကြည့်တစ်ချက်ကို လက်ခံရရှိသည်။ အမြဲတမ်း အေးဆေးငြိမ်သက်ကာ သူ့ကိုယ်သူကလွဲရင် တခြား ဘာကိုမှ စိတ်ဝင်စားဟန်မရှိတဲ့ ကိုနိုင်က ဒီလိုဆိုတော့လည်း ဦး အပေါ်မှာ အနည်းငယ် စိတ်ဝင်စားပုံပြရှာသား။

❀ ❀





များပြားလှသော ဆွေမျိုးမိတ်သင်္ဂဟများကို တစ်ယောက်ပြီးတစ်ယောက် လှည့်လည်မျက်နှာပြရပြီးသော အခါမှာ ဦးက ချွေးပြန်ကာ စိတ်ရှုပ်စပြုပြီ။

"များလိုက်တဲ့အပေါင်းအသင်းဆွေမျိုးတွေ"

စိတ်ထဲကပဲ ကျိတ်ပြောလိုက်ပေမယ့် .. ကိုနိုင်ကတော့ ဦးစိတ်ထဲကို အတတ်လိုက်သိနေသည့်အလား ဖြေရှင်းသလိုလိုနှင့် ...

"ဦးမှာ ဆွေမျိုးမိတ်ဆွေ နည်းလိုက်တာနော်"

"မနည်းပါဘူး ... ဟိုမှာလေ"

ဦးက အဆောင်အုပ်စုကို မေးငေါ့ပြလိုက်သည်။ မမခင် ဦးဆောင်သော အဆောင်သူတို့မှာ၊ လူနှစ်ရာကျော် အလယ်မှာ သူတို့ ဆယ့်ငါးယောက်လောက်ကလေး ကွက်ရောက်နေရတာ အင်အားအနေနဲ့ အားငယ်စရာပင်ဖြစ်သော်ငြား ငယ်တတ်ကြမည့်ပုံကား လုံးလုံးမရှိ။ ဆယ့်ငါးယောက်တည်းနှင့်လူစီနေကာ တိုးမပေါက်နိုင်ဖြစ်နေကြသည်။

"အဲဒါ အဆောင်ကသူငယ်ချင်းတွေပဲ မဟုတ်လား၊ အပြင်သူငယ်ချင်းရော"

"မရှိဘူး"

"ဦး အလုပ်လုပ်နေတဲ့ဆီကတော့"

"ခေါ်မထားဘူး"

"တက္ကသိုလ်တုန်းက သူငယ်ချင်းတွေရော"

"မပိတ်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com

သတို့သားခမျာ အံ့နည်းငယ် မျက်မှောင်တွန့်သွားပြီးမှ "မကောင်းပါဘူးလေ" ဟူသောပုံစံနှင့် ထိုမျက်မှောင်ကို အမြန်ပြန်ဖြေလိုက်သည်။ ဒါတောင် မမော်လီတစ်ယောက် လျှောက်အာဖွာထားလို့ အဆောင်ကလူ ဒီလောက်ပါလာတာမှန်း ... ဦးရဲ့ သဘောအတိုင်းသာဆို မော်လီကိုယ်တိုင်တောင် ပွဲတက်ရဖို့ သိပ်သေချာလှမှန်းကို သူ သိသေးတာမဟုတ်ပါ။

"မန္တလေးက ဆင်းလာမယ့် ဦးရဲ့ ဦးလေးအရင်းဆိုတာကော"

"ခုထိ တွေ့ပုံမပေါ်က်တော့ မဆင်းလာဖြစ်ဘူး ထင်ပါရဲ့"

"ရန်ကုန်မှာရော ... တချို့ဆွေမျိုးတွေ ရှိတယ်ဆို"

"ရှိပါတယ် ... ဒါပေမယ့် ခပ်ဝေးဝေး ခပ်စိမ်းစိမ်းပဲ"

တကယ်တော့ ဦးကသာ တမင်ကြီးစိမ်းထားခြင်းဖြစ်ပြီး ... ခုလို ဦးရဲ့မင်္ဂလာပွဲရှိပြီး သူတို့ကို လုံးဝမဖိတ်ခဲ့ကြောင်းသာ ဆွေမျိုးတွေသိရင် ထတောင်ခုန်ပြီးလဲသေကြမှာဖြစ်ကြောင်းတွေကို ဦးက ပြောပြမနေတော့။

ကိုနိုင်ကတော့ လက်နှစ်ဖက် ခြေနှစ်ဖက်စာတောင် မပြည့်သည့် ဦးရဲ့အသိုင်းအဝိုင်း ကွက်ကွက်ကလေးကိုပဲ ကွက်ကြည့်ကွက်ကြည့်နှင့် စိတ်ထဲ စနောင့်စနင်းဖြစ်လာဟန်ရှိသည်။





"ဦးကတစ်မျိုးပဲ ... ဒါဖြင့် ဖိတ်စာတစ်ဝက်ယူထားပြီး ဦး ဘယ်သူတွေကိုပေးသလဲ"

"အခန်းထဲမှာ ဒီအတိုင်းပုံရက်ပဲ ... ကဲပါ ... အဲဒါထားစမ်းပါ ... တရားသူကြီးနဲ့ လက်မှတ်ထိုးဖို့က ဘယ်တော့လာမှာလဲ ... ကိုးနာရီထိုးတော့မယ်"

"မင်္ဂလာအချိန်ကို ကိုးနာရီရွေးထားတာပဲ ... ကိုယ့်သူငယ်ချင်းတစ်ယောက် သွားကြိုနေပြီ ... အမှီရောက်မှာပါ"

"ကိုနိုင့်အဖေတွေရော"

"မိတ္ထီလာကလာရတဲ့အဖေက ဖျားနေပြီတဲ့ ... ကော့သောင်းက ဖေဖေကအဲဒီသွားနေတယ် .. နှစ်ယောက်အတူလာကြလိမ့်မယ် ... လာတော့မှာပါ"

"တရားသူကြီးနဲ့ အဖေတွေနဲ့ ဘယ်သူက အရင်ရောက်မှာလဲ"

"ဖေဖေတို့ အရင်ရောက်မှာပေါ့ ... ခုပဲရောက်တော့မှာ ... အဖေ့ကို ဆရာဝန်များ ခေါ်ပြနေရလားမသိဘူး ... ကိုးနာရီထိုးသွားရင်လည်း ကိုယ်တို့ပဲလက်မှတ်အရင်ထိုးထားလိုက်ကြတာပေါ့"

"ဟင် ... ဘယ်ဖြစ်မလဲ [illegible] မထိုးဘူး ... သူကြီးတွေကိုစောင့်မယ်"

"အင်း ... အင်း ... ပြီးရောလေ ... ဖေဖေတို့



www.burmeseclassic.com

www.burmeseclassic.com



က ခုပဲရောက်မှာပါ … ဖေဖေက ကိုယ့်မင်္ဂလာပွဲကိစ္စကို သိပ်စိတ်ဝင်စားပြီးတက်ကြွနေတာ … ကိုယ့်ကို အိမ်ထောင်ရက်သားကောင်းကောင်းကျစေချင်နေတဲ့စိတ် သူ့မှာ အမြဲဖိစီးပူပန်နေတယ် … ခုတော့ သူ သိပ်စိတ်ချမ်းသာသွားရတာပေါ့"

"ဟုတ်လား … ကောင်းတာပေါ့"

ဦးနှင့် ကိုနိုင်တို့နှစ်ယောက်သား စားပွဲဝိုင်းတွေကြား လှည့်ပတ်သွားလာရင်း စကားတွတ်ထိုးနေကြသည်။ ကိုနိုင့်သူငယ်ချင်းများကတော့ ခုချိန်မှာတောင် စကားလက်ဆုံပြောမကုန်ဖြစ်နေကြသည့် ဦးတို့ကို ပြုံးစေ့စေ့။ တီးဝိုင်းအသံကလည်း ဆူညံလွန်းလှလေရာ ဦးတို့နှစ်ယောက်မှာ တစ်ယောက်နှင့်တစ်ယောက်မော့ကာငုံ့ကာ … မျက်နှာချင်း ထိလုမတတ် စကားပြောနေသော်ငြား … အသံနှန်းကိုလည်း မြှင့်ပြီးအော်နေရသေးသည်။

"ကိုယ်တော့ အိပ်မက်လိုပဲ … ဦး ကိုယ့်ကို တကယ်ချစ်ရဲ့လား … တကယ်လက်ထပ်ချင်စိတ်ရှိရဲ့လားဆိုတာ ကိုယ် ခုထိဝေခွဲလို့ မရသေးဘူး"

"ကိုယ့်စိတ်ကိုပဲ အရင်ဆခွဲကြည့်ပါဦး ကိုနိုင်ရယ်"

ကိုနိုင် ပါးစပ်ပိတ်သွားသောအခါ ဦးက နှုတ်ခမ်းလေးတွန့်ရုံပြုံးလိုက်သည်။

"နေပါဦး ကိုနိုင်ရဲ့ … ကိုနိုင့်အဖေတွေက ဘယ်လိုလုပ်ပြီး နှစ်ယောက်ဖြစ်နေရတာလဲ"





"တစ်ယောက်ကအဖေရင်း … နောက်တစ်ယောက်က မွေးစားအဖေလေ"

"ဘယ်သူက အရင်းလဲ"

"မိတ္တီလာက အဖေက အရင်း"

"ဒါဖြင့် အရင်က ကိုနိုင်နဲ့တူတူ ရန်ကုန်မှာနေကြတယ်ဆိုတာက ဘယ်သူလဲ"

"မနေပါဘူး"

"နေပါတယ်"

"မနေပါဘူး … ဦးကို ဘယ်သူပြောလို့လဲ"

"ဟင် … ဒီလိုပဲကြားတာပဲ … ရန်ကုန်က ခြံလေးတစ်ခြံမှာနေကြသေးတယ်ဆို"

"အော် … ဟုတ်တယ် … အဲဒါ ဟိုထုန်းကခဏပါ … လေးငါးလလောက်ပဲ … အဲဒါ ကော့သောင်းက ဖေဖေလေ"

ကိုနိုင့်မျက်နှာက အနည်းငယ်လေး မှိုင်းမှုန်သွားသည်။ သို့သော် ကိုနိုင်သာကြည့်တတ်မည်ဆိုရင် … ဦးရဲ့မျက်နှာကလေးဟာလည်း မသိမသာလေးပျက်သွားရတာကို သတိထားမိနိုင်မည်ထင်ပါသည်။

"ကိုနိုင်က တစ်ဦးတည်းသောသားဆို"

"ဟုတ်တယ်လေ"

"ဒါပေမယ့် … ဦး ကြားတာကတော့ ညီမတစ်ယောက်ရှိတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"မရှိပါဘူး"

"ဟင် ... ရှိပါတယ်တဲ့ ... ဆုံးသွားပြီဆိုလားပဲ"

"မရှိပါဘူးဆိုကွာ ... ဦးကလည်း ခုချိန်မှာ ဘာတွေမေးနေတာလဲ"

"အို ... ကိုနိုင့်အကြောင်းပဲ ... ကိုနိုင်နဲ့ လက်ထပ်ရမယ့် ဦးက သိသင့်တာပေါ့"

"ဟုတ်ပါတယ် ... ဒါပေမယ့် ... အရင်တုန်းက မေးရင်မေးခဲ့ ... ဒါမှမဟုတ် နောက်မှမေးလည်းရတာပဲကွာ ... မင်္ဂလာပွဲညည့်ခံနေတုန်းကြီး တတွတ်တွတ်နဲ့ ခုမှ ထမေးနေရတာကတော့ မဟုတ်သေးပါဘူး"

အရင်တုန်းက တမင်ကို မမေးခဲ့တာ ကိုနိုင်ရဲ့ ... ခုမှ ... တမင် အချိန်ကွက်တိကိုက်ပြီးမှ မေးတာရှင့် ... ။

"ကိုနိုင်ကလည်း ဖြေရင်လည်းရရက်နဲ့ ... ဒါအကျိုးသက်ကပ်တာ"

"ကပ်တာမဟုတ်ပါဘူး ... မင်္ဂလာပွဲတွေမှာ တတွတ်တွတ် စကားပြောနေကြတဲ့ သတို့သားနဲ့သတို့သမီးမျိုး ဦး ဘယ်မှာတွေ့ဖူးသလဲ"

"အော် ... သူများတွေ မပြောတိုင်း မပြောရတော့မှာလား"

ကိုနိုင်ခမျာ ဦးကိုပဲ နားမလည်သလိုလို အကြောင်ကြောင်ကြည့်နေရင်း ... နီးစပ်ရာစားပွဲတစ်လုံးထက်မှာ ဝင်ထိုင်လိုက်သည်။ ဦးနှင့်သူဟာ သိခဲ့ ရင်းနှီးခဲ့ကြတာလည်း မကြာလှသေး။ တစ်နှစ်တောင်မှမပြည့်သေးပါ။ ချစ်သူရည်းစားရယ်လို့ဖြစ်ကြတာကတော့ အလွန်ဆုံးမှ လေးငါးလလောက်ရှိခဲ့မှာပေါ့။ ဒီကြားတည်းမှာ ဦးအကြောင်းကို သူ ဘာမှသိပ်မသိခဲ့သလို ... သူ့အကြောင်းကိုလည်း ဦးက ဘာမှ စစ်စစ်ပေါက်ပေါက် သိချင်မနေခဲ့။

ပစ္စုပ္ပန်ကာလတွေကိုပဲ ကိုယ်စီ လက်ကိုင်ထားကာ ဆန္ဒချင်းညီခဲ့ကြတာမဟုတ်လား။ အေးဆေးငြိမ်သက်ကာ စကားများများမပြောလိုသော သူက မြူးစိစိနှင့် စကားနည်းသော ဦးကို ပုံစံတူပဲဟု နှစ်ခြိုက်ခဲ့ရာမှ ခုကျမှ ပွဲချိန် နာရီပိုင်းအတွင်းမှာတောင် စကားအမျှင်မပြတ်နိုင်တာက ဘာသဘောပါလိမ့်။ အံ့ဩချင်စရာကောင်းလှသည်။

သတို့သားနှင့် သတို့သမီးက စားပွဲတစ်ခုမှာ ဝင်ထိုင်လိုက်တော့ စားပွဲထိုးဖြစ်သူက ထုံးစံအတိုင်း မုန့်ပန်းကန်များ လာချသွားသည်။ ကိုနိုင်က ဦးကိုအကဲခပ်ကာ ငေးကြည့်နေဆဲ ... ဦးက ဆင်း၁၀စ်ချိအချပ်များကို ကောက်ယူကာ အကျအနစားနေတော့သည်။

"ဟာ ... ဦးကလည်း"

"ဘာဖြစ်လို့လဲ ... မနက်တည်းက အလုပ်ပြင်နေရလို့ ဘာမှမစားခဲ့ရဘူး"

"ဒါပေမယ့် ... ကိုယ်က သတို့သားနဲ့သတို့သမီးပဲ






www.burmeseclassic.com

www.burmeseclassic.com



ထိုင်စားနေလို့ အယ်ကောင်းပါ့မလဲ"

"ကိုနိုင်ပဲ အရင်စ,ဝင်ထိုင်တာ"

"ကိုယ်က ခဏထိုင်တာ ... ဟိုမှာ ညွှံသည်တွေ က ဝင်လာနေတုန်း ... သွားနှုတ်ဆက်ကြရဦးမှာ"

"ဟင် ... မကုန်သေးဘူးလား ... များလိုက်တာ၊ အေးလေ ... များလေ ... ကောင်းလေပေါ့ ... ဒါတွေအားလုံး ကိုနိုင့်မိတ်ဆွေတွေချည်းပဲလား ... ကိုနိုင့်အဖေတွေရဲ့ မိတ်ဆွေတွေရော မပါဘူးလား"

"မိတ္ထီလာက အဖေက တစ်သက်လုံး နယ်မှာပဲနေ တာ ... ဒီမှာ မိတ်ဆွေမရှိသလောက်ပဲ ... ဖေဖေ ကတော့ စီးပွားရေးသမားဆိုတော့ ရန်ကုန်မှာ မိတ် ဆွေပေါတယ် ... ခု ဒီလူအုပ်ထဲမှာ သူ့မိတ်ဆွေ တွေလည်း အများကြီးပေါ့ ... မုန့်ကုန်ပြီလား .. ကုန်ရင်ထ ... လာ ... သွားနှုတ်ဆက်ကြရအောင်"

ကိုနိုင်နှင့် ဦးတို့ မတ်တပ်ထရပ်လိုက်ကြစဉ် မိတ္ထီလာမှ အတူပါလာသည်ဆိုသော ကိုနိုင့်အစ်မဝမ်းကွဲက အနားသို့ ဖြုန်းခနဲ ရောက်လာကာ ...

"ဟဲ့ ... နင်တို့က ဒီမှာ ချောင်လာခိုပြီး မုန့်တုပ် နေကြတာကိုး ... ကလေးတွေကျနေတာပဲ ... ဟိုမှာ တရားသူကြီးကဖြင့် ဟိုစင်ကလေးပေါ်တောင် ရောက်သွားပြီ ... လာကြ ... လာကြ"

"အဖေတို့ရော"





ကိုနိုင်က ဦးပြောထားသဖြင့် လူကြီးတွေကို အရင်မေးသည်။

"အမလေး ... ဦးလေးတို့လည်း အဲဒီစင်နားမှာပဲ အကုန်ရပ်စောင့်နေကြပြီ"

"ဒါဖြင့်လာလေ ... သွားကြမယ်"

"နေဦး ... နင်တို့က ဟိုခြံဝဖက်က လမ်းကလေး အစမှာ အရင်သွားရပ်နေရမယ်တဲ့ ... မင်္ဂလာအချိန် ကျပါပြီလို့ တီးဝိုင်းက ကြေညာမှ အဲဒီလမ်းတစ် လျှောက်ကနေ လက်မှတ်ထိုးဖို့ စင်မြင့်လေးဆီကို တဖြည်းဖြည်း လမ်းလျှောက်ပြီးတက်သွားကြရမယ် တဲ့"

ကိုနိုင့်မျက်နှာက သူ့အစ်မလုပ်သူကို ပြုံးစေ့စေ့နှင့်ကြည့်ကာ ...

"ကျွန်တော်တို့ စီစဉ်ထားကြတဲ့အထဲမှာ အဲဒါတွေ မပါပါဘူး ... ခုမှ အစ်မထပ်ဖြည့်လိုက်တာမဟုတ် ရဲ့လား"

"ဟဲ့ကောင်လေး ... မရှည်နဲ့ ... ဒီလိုပဲ ပွဲထုတ် တဲ့သဘောမျိုးကတော့ စတိုလောက်ဖြစ်ဖြစ်လုပ်မှ တင့်တယ်မှာပေါ့ ... လာ ... ညီမ"

ကိုနိုင်က "ဦး လုပ်ချင်ရဲ့လား" ဟူသည့်ပုံစံ နှင့် ဦးကို ဦးစားပေးကာ လှည့်ကြည့်သည်။ ဦးက ဘာ မှပြောမနေတော့ဘဲ ခြံဝလမ်းထိပ်သို့ပဲ မြန်မြန်လျှောက်လှမ်း



www.burmeseclassic.com

www.burmeseclassic.com



သွားလိုက်လေသည်။ လက်က နာရီလေးကို မသိမသာကြည့်မိတော့ ကိုးနာရီအတိ။ ဦးက ခြံဝအရောက်မှာ ခြံအပြင်ဘက်ကို လှမ်းကြည့်လိုက်သည်။

ခြံအပြင်ဘက်မှာ ရပ်ထားကြသော ကားများစွာထဲမှ … ကားခေါင်မိုးပေါ်မှာ ပုံးလေးထောင့်တစ်ခု ထောင်တပ်ထားသည့် "YELLOW CAB" ကကာ တက္ကစီအဝါရောင်လေးတစ်စီးကို လမ်းမအလယ်လောက်မှာ ထင်းခနဲပင်မြင်သာပါသည်။ မဆိုးဘူး … ဒီလူ အချိန်တိကျတတ်သားပဲ။

ရုတ်တရက် တီးဝိုင်းသံကြီး ငြိမ်ကျသွားတာနဲ့အတူ စကားသံတွေပါ တိတ်ကျသွားပြီး "မင်္ဂလာအချိန်အခါကျရောက်ပြီဖြစ်တာမို့ … မင်္ဂလာလက်မှတ် နှင်းအပ်နိုင်ကြရန်အတွက် … သတို့သား "စစ်တည်နိုင်" နှင့် သတို့သမီး "ဦး" တို့ကို မင်္ဂလာစင်မြင့်ထက်သို့ ကြွရောက်ပါရန် ဖိတ်ခေါ်အပ်ပါသည်" … ဟူသော အသံကြီးက ဟိန်းထွက်လာလေသည်။ ဒီနောက်မှာတော့ … အဆိုမပါတီးလုံးသက်သက်နှင့် … "အခါတော်ပေး" သံစဉ်က ငြိမ့်ညောင်းစွာ ထွက်ပေါ်လာတော့သည်။

အို … ကြက်သီးထ,ချင်စရာလိုလို … ဝမ်းနည်းချင်စရာလိုလို … ။ ခေါင်းပေါ်သို့ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ပိကျလာသလိုလို … ။ ဦး မှုလကစီစဉ်ထားသည့်အထဲမှာ ဒီလိုတီးလုံးသံကြီးနှင့် ဒီလို တစ်လှမ်း





ချင်း တင့်တယ်စွာ ပွဲထုတ်လာဖို့ မပါခဲ့ပါဘူး။ ဘာပဲဖြစ်ဖြစ် … ဒါက မင်္ဂလာပွဲတစ်ခုအတွက် အင်မတန်ကျက်သရေရှိလှသော အစီအစဉ်တစ်ခုတော့ဖြစ်သည်။

ဦးရဲ့ မူလအစီအစဉ်တွေကနေ နည်းနည်းလေးလောက် လွဲချော်ပေမယ့် … နဂိုစီစဉ်ထားသလိုပဲ ဆက်လုပ်ရမှာပေါ့လေ။

ဦးက လမ်းတစ်ဝက်လောက်အရောက်မှာ … မင်္ဂလာစင်မြင့်မှာ ခန့်ခန့်ကြီးတွေရပ်နေကြသော အဘိုးကြီးနှစ်ယောက်ကို လှမ်းမျှော်ကြည့်လိုက်ရင်း …

"ကိုနိုင် … အဲဒီနှစ်ယောက်ထဲက ဘယ်တစ်ယောက်က ကော့သောင်းက ဖေဖေလဲ"

"ဟာ … စကားမပြောနဲ့လေ … အားလုံးဝိုင်းကြည့်နေကြတုန်းကြီး"

"ဘာဖြစ်လဲ … သိချင်လို့မေးတာပဲ"

"ကျွတ် … ခက်လိုက်တာကွာ … ဦး ဘယ်လိုဖြစ်နေလဲ … ထိပ်ရောက်တော့ သိရမှာပေါ့ … ခဏလေးအောင့်ထားစမ်းပါ"

"မအောင့်နိုင်ဘူး … ခုပြော"

"သိပ်ဆိုးပါလားကွာ"

မပြောမချင်း တိတ်မည့်ပုံမရသော ဦးကို … ကိုနိုင်က လန့်ပုံတော့ရသည်။ နဂိုတည်းကမှ အေးဆေးတည်ငြိမ်တတ်သူတစ်ယောက်မို့ အစီအစဉ်မရှိဘဲ ပွဲထုတ်လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ... လူတွေအများကြီးဝိုင်းကြည့်နေကြတဲ့ လှုပ်အလယ်ကြီးမှာ ခပ်ဖြေးဖြေးကြီး လမ်းလျှောက်နေရတာကို ချွေးဖြန်ရှက်ရွံ့နေရတဲ့ကြားတည်း ... သတို့သမီးလုပ်သူက ပွစိပွစိ တွတ်တွတ်တွတ်တွတ်နှင့် စကားလှမ်းလှမ်းပြောနေတာကို ဘယ်လိုမှ သည်းမခံနိုင်တော့ပါ။ မျက်လုံးပေါင်းများစွာကို သူ ရှက်လှပြီ။

"ဟို ... ခေါင်းပေါင်းနဲ့ တစ်ယောက်ကွာ"

"သေချာလည်းကြည့်ပါဦး ... နှစ်ယောက်လုံး ခေါင်းပေါင်းနဲ့ဟာကို"

"အာ ... ဟို ... အရပ်ပိုမြင့်တဲ့ ပုဆိုးစိမ်းနဲ့ တစ်ယောက်"

ဦးတို့နှစ်ယောက်လုံး တစ်ဖက်လမ်းကလေးထိပ်မှ စင်မြင့်နှင့် အတော်ကြီးနီး[illegible]ပ်လာကြပါပြီ။ ဟုတ်တာပေါ့ ... ။ သူပဲပေါ့ ... ။ မတွေ့တာကြာပြီမို့ (တွေ့ဖူးတာကလည်း နှစ်ခါတည်းမို့) ရုပ်က မျက်စိထဲ ပြန်မပေါ်တော့လို့သာ သေချာအောင် မေးကြည့်ရတာ။ ခုလို ထင်းထင်းကြီးမြင်လိုက်ရတော့လည်း အသိသာကြီး ...။ ဒီရုပ်ကြီးကို ဘယ်လိုလုပ်ပြီး မှားနိုင်ပါ့မလဲ။

ဦးက ကိုနိုင့်အစ်မကြီးစီစဉ်ပေးမှုနှင့် ကိုနိုင့်လက်မောင်းပေါ် အသာလေးမှေးတင်ထားသော ကိုယ့်လက်တွဲကို ဆတ်ခနဲ ရုန်းဖြုတ်လိုက်သည်။ ကိုနိုင်က ဦးဖက်ထိတ်လန့်စွာလှည့်အကြည့်မှာပင် ... ဦးက တစ်လှမ်းချင်း





နွဲ့တဲ့တဲ့လျှောက်နေရာမှ စင်မြင့်နားဆီသို့ ခြေလှမ်းကျဲများနှင့် မပြေးရုံတမယ် လှမ်းသွားလိုက်သည်။

"ဟင် ... ဟာ ... အို ... ဟယ် ... "

အသံများနှင့်အတူ ကိုနိုင် လမ်းလယ်ခေါင်ကြီးတင် အံ့သြ ကြက်သေသေစွာ ရပ်တန့်ကျန်ရစ်ဆဲ ... ဦးက ပုဆိုးစိမ်းနှင့်လူကြီးနား ပြေးသွားလိုက်ကာ ...

"ဒီမှာ"

"ဟို ... ဟိုဒင်း ... ကလေးမ ... ဘာဖြစ်တာလဲ ... ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ဘူး ... လွန်ခဲ့တဲ့သုံးနှစ်ကျော်က ဦးလေးဆီကို မျက်ရည်လည်ရွဲနဲ့ အပြေးလာခဲ့ဖူးတဲ့ ကောင်မလေးတစ်ယောက်ကို ဦးလေး မှတ်မိသေးရဲ့လား"

"ဘာ ... ဘာတွေလဲ ... ကျုပ် ဘာမှမသိဘူး"

"မသိလို့မရဘူး ... ဦးလေးကသာ မမှတ်မိတာ၊ ကျွန်မက ဦးလေးရုပ်ကြီးကို သေတောင်မမေ့ဘူး၊ အဲဒီတုန်းက လူ့အသက်တစ်ချောင်းကိုစွမိ ကူညီပါ ဦးလေးရယ် ... ဆိုတုန်းက ငါတောင် စိတ်မချမ်းသာနေတာ တခြားဘယ်သူ စိတ်ချမ်းသာသာ မသာသာ ... ငါ လုံးဝဂရုမစိုက်နိုင်ဘူးလို့ ပြတ်ပြတ်သားသားကြီး ရက်စက်ခဲ့တာ ဘယ်သူလဲ ... အခု ထဲတနေ ခြံထဲထိတောင် ထွက်မလာဘဲ ... မကျ



www.burmeseclassic.com

www.burmeseclassic.com



ညီနိုင်ဘူး" လို့ ကျိုးအောင်ခဲ့တာရော ဦးလေးသား

"ဟုတ်လို့ ဘယ်သူလဲ"

"မင်း ... မင်း ... ဘာတွေလဲ"

"ဟုတ်တယ် ... အဲဒီတုန်းက ဦးလေးတို့တစ်သက်တာမှာ အကြီးအကျယ် နောင်တရ စိတ်ဆင်းရဲစရာတွေဖြစ်လာရအောင် လုပ်ကိုလုပ်ပါ့မယ်လို့ ခြံရှေ့မှာတင် သစ္စာဆိုခဲ့တဲ့ကောင်မလေးက ကျွန်မပဲ"

ဦးက စားပွဲအသီးသီးမှာ မတ်တပ်တွေကိုယ်စီထရပ်ကာ စိတ်ဝင်တစား ကြွက်စီကြွက်စီဖြစ်နေကြပြီဖြစ်သည့် လူအုပ်ကြီးကို ဇေ့ကြည့်လိုက်ကာ ...

"ပျက်စီးသွားပြီဖြစ်တဲ့ မင်္ဂလာပွဲတစ်ခုအတွက် ဦးလေးရော ဦးလေးသားပါ အရှက်ကွဲတကွဲနဲ့ စိတ်တွေဆင်းရဲပြီး ကျန်ရစ်ကြပေတော့"

ဦးက နီရဲတင်းမာသော တစ်သက်တာ ဘယ်လိုမှပြန်ပြင်မရတော့ဘူးဟု ထင်မှတ်လောက်စရာ ပျက်ယွင်းနေသည့် မျက်နှာနှစ်ခုကို တစ်လှည့်စီ အားရအောင်ကြည့်လိုက်ပြီးမှ ... ခုနက ကျက်သရေရှိစွာ လှမ်းလာခဲ့သော လမ်းတစ်လျှောက် အောင်မြင်ပိုင်နိုင်စွာ ချာခနဲလှည့်ထွက်ခဲ့ပါတော့သည်။

အပြင်မှာတော့ ကြိုချိန်းခေါ်ယူထားသည့် "YELLOW CAB" တက္ကစီက ဦးကို တာဝန်ကျေစွာ စောင့်ကြိုနေသည်။ ဦး တက်ထိုင်လိုက်ပြီးတာနဲ့ ဘီးစတင်





လိမ့်ကာ ...

"အစ်မ ... ဘယ်လဲ"

ဦးက သုံးနှစ်ခွဲနီးပါး လူမနေဘဲ ဒီအတိုင်းကြီးပိတ်ထားခဲ့ပေမယ့် အမြဲသွားရောက် ရှင်းလင်းကာ ... နဂိုမူလလက်ရာများမပျက်အောင် ဆက်ထိန်းထားဆဲ ... အိမ်တစ်လုံးရဲ့လိပ်စာကို ရွတ်ပြလိုက်သည်။

အနှစ်နှစ်အလလ စီစဉ်ခဲ့ရသည့် အစီအစဉ်ကြီးတစ်ခု အောင်မြင်စွာပြီးဆုံးသွားသောအခါ ဦးမှာ ဘဝကို အသစ်ကပြန်စလျှောက်ရပေတော့မည်။ အရင်ဦးဆုံးတော့ မော်လီ့ကို ဖုန်းဆက်ခေါ်ပြီး ခရီးဆောင်အိတ် လာဈိုနိုင်းရမည်။ ခရီးလေးဘာလေးထွက်လိုက်ရင် စိတ်ကြည်လင်သွားမည်ထင်ပါရဲ့။

ခုလောလောဆယ်တော့ ဖေဖေ၊ မေမေနှင့်ညီမလေးတို့ပါဝင်သော မိသားစုဓာတ်ပုံလေးကို တစိမ့်စိမ့်ကြည့်ရင်း ... အငွေ့အသက်သာကျန်နိုင်တော့သည့် မိသားစုရိပ်မြုံလေးမှာ ပြန်အနားယူရဦးမည်။

❀ ❀

စော်ဘွားကြီးကုန်း အဝေးပြေးကားဂိတ်ထဲမှ ဦး လှမ်းထွက်လိုက်တော့ နေလယ်ဆယ့်နှစ်နာရီဖြစ်နေပြီ၊ နေမွန်းတည့်ချိန်ကြီးမို့ ပူလောင်ပြင်းပျနေရတဲ့အလေ . ဗိုက်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ အစာမရှိသေးတဲ့အဖြစ်ကလည်း ဦးကို ဒုက္ခပေးလှသည်။ ဦးတစ်ကိုယ်လုံး ယိမ်းယိုင်ကျချင်လောက်အောင် မူးဝေနေလေသည်။

ဦးက မှားယွင်းပြီး ဂိတ်ပေါက်မှ အပြင်သို့ထွက်လာမိတာကို စုတ်သပ်ငြီးငြူလိုက်မိသည်။ အငှားကားတွေ လိုချင်ရင် ဂိတ်ထဲမှာတင် တန်းစီထိုးထားကြတာရှိနေတာပဲ။ စိတ်မြန်လက်မြန်နှင့်ပင် ဂိတ်ထဲပြန်ဝင်ပြီး တစ်ဖက်မှတစ်ဖက်သို့ကူးရန် ပြင်လိုက်စဉ် ...

"ဟဲ့ ... ကလေးမ ... ဟဲ့ ဟဲ့ ... ကလေးမ"

အဒေါ်ကြီးတစ်ယောက်၏ အော်သံနှင့်အတူ "ကျွီ" ခနဲ ကားဘရိတ်အုပ်သံတစ်ခုကိုပါ ကြားလိုက်ရကာ ဦးတစ်ကိုယ်လုံးလည်း ယိမ်းယိုင်ပြီး မော်တော်ကားဘောနက်တစ်ခုပေါ် လက်ထောက်မိရက်သားဖြစ်သွားသည်။

"ဘယ်ထိသွားလဲ ကလေးမ"

"ဘယ်မှမထိပါဘူး အဒေါ် ... ကျွန်မဘာသာ မူးသွားတာပါ"

အဒေါ်ကြီးက စိတ်ချစွာထွက်ခွာသွားတဲ့ထိ ဦးက ကားဘောနက်ပေါ် လက်တစ်ဖက်ထောက်ကာ ထိန်းရပ်နေမိဆဲ ...

"ကဲ ... ဘာမှမဖြစ်ဘူးဆိုလဲဖယ်လေ ... ဘာလဲ ဟန်ဆက်ဆောင်ပြီး လျော်ကြေးတောင်းဖို့အစီအစဉ် ရှိလို့လား"





"ဟင်"

ဦးက ကားအတွင်းဘက်သို့ ချာခနဲလှည့်ကြည့်လိုက်သည်။ ဟုတ်ပါတယ် ... သူပါပဲ။ ဟိုတစ်နေ့ကသာ ယောင်ယမ်းကြောင်အပြီး ဘာလုပ်လို့ လုပ်ရမည်မသိဘဲ ကျန်ရစ်ရတာမို့ အံ့သြမှုတို့နှင့်တုန်လှုပ်နေခဲ့သောလေသံက ပင်ကိုယ်လေသံကြီးလောက် မမာထန်မတင်းမာခဲ့တာ ... ခုများကျတော့ ကြားဖူးခဲ့ပြီးသား သူ့ပင်ကိုယ်လေသံကြီးအတိုင်း အေးစက်နေလေသည်။

ဦးက ကိုယ်ခန္ဓာကို ချက်ချင်း မတ်မတ်ပြင်ရပ်လိုက်သည်။ ဦးဟာ အားငယ်ချိနဲ့ စိတ်ပျက်လက်ပျက် အသွင်သဏ္ဌာန်မျိုး ဒီလူကြီးရှေ့မှာ ဖြစ်မနေစေရ။ ရှိုင်းပျမှဘက်မရောက်သေးသော မထိမဲ့မြင် အသာစီးတိုက်ကွက်ဆင်ပုံစံမျိုးကိုသာ ဒီလူကြီးမြင်နေစေရမည်။

"အော် ... စိတ်မကျေပွဲအဖြစ် ကားနဲ့တိုက်သတ်ဖို့ အကြံအစည်ရှိနေခဲ့တယ်ထင်ပါရဲ့"

"ဟော့ ... ဟော့ ... ငါ့ကားရှေ့ကဖယ်စမ်း ... ပေါက်ကရတွေနဲ့ ငါ့အချိန်ကို လာဖြုန်းမနေနဲ့"

"ကျွန်မက စပြောတာမဟုတ်ဘူး ... ဦးလေးက စခဲ့တာနော် ... ပြီးတော့ ကျွန်မက ကားသွားလမ်းကိုပိတ်ထားခဲ့တာမဟုတ်ဘူး ... ခု ကျွန်မရပ်နေတဲ့နေရာက လူတွေရပ်နေကျနေရာနားကို ရှောင်နေပြီ ... ကားက နောက်ပြန်ဆုတ်ပြီးကွေ့ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားလို့ရတယ်"

ထိုလူကြီးမျက်နှာမှာ အရိပ်လေးတစ်မျိုးဖြတ်ပြေးသွားကာ ချက်ချင်းပင်' ကားကို နောက်ဆုတ်လိုက်သည်။ သို့သော် ကွေ့မောင်းထွက်မသွားဘဲ လမ်းနံဘေး ကားရပ်လို့ရသည့်နေရာနား ကပ်ပြီးရပ်ထည့်လိုက်ကာ ... အဘိုးကြီး ကားပေါ်မှဆင်းချလာလေသည်။ အဲဒီလိုဆင်းလာမယ်မထင်မိ၍ အနည်းငယ်ထိတ်သွားရပေမယ့် ... ဦးက ခန္ဓာကိုယ်ကို မတ်သထက်မတ်အောင်ရပ်ကာ အသင့်ပြင်စောင့်ဆိုင်းနေလိုက်သည်။

"နေမကောင်းဘူးလား"

"ကောင်းပါတယ်ရှင် ... ဦးလေးနဲ့ ဦးလေးသားတို့ရော နေကောင်းကြပါရဲ့လား"

"ဟော့ ... ငါက မင်းမျက်နှာတွေနီနေလို့မေးတာကွ"

"ကျွန်မကလည်း ဦးလေးမျက်နှာကြီးနီနေလို့ ပြန်မေးတာပါပဲ ... ဦးလေးသားကိုလည်း မမြင်ရပေမယ့် ... ခုလောက်ဆို သူ့မျက်နှာကြီးလည်း နီရင်နီနေမှာပါပဲ"

အဘိုးကြီးက ဦးကို မျက်လုံးတွေမှေးစင်းကာ အကဲခတ်စိုက်ကြည့်သည်။ ပြီးမှ ဘာသဘောကျသွားမှန်းမသိဘဲ ခပ်မဲ့မဲ့နှင့်ပြုံးလိုက်လေသည်။

"ငါ့နာမည် မြတ်အောင်လို့ခေါ်တယ် ... မင်းနာမည်က ဦးနော် ... အေး ... မင်းကိုတော့ ငါ





သဘောကျသွားပြီ"

"ကျွန်မကတော့ ဦးလေးကို သဘောမကျဘူး"

"ရတယ်လေ ... ဒါ မင်းသဘောနဲ့ မင်းစိတ်ပဲ"

သို့ပေမယ့် ... ဦးကိုယ်တိုင်ကလည်း အလွန်တရာမုန်းတီးစက်ဆုပ်မိသည့်ကြားကပင် ... ခုတခဏအတွက်တော့ ဘာကြောင့်မှန်းမသိ ... ဦးမြတ်အောင်ကြီးကို သဘောကျသလိုလို ရှိလာသည်။ သူ့မျက်နှာပေါ်က ထိမထင်ပြုံးကိုလည်း ခါးသီးသည့်ကြားက နှစ်ခြိုက်ချင်ပြန်သည်။ ခုတစ်ခါပါနှင့်မှ စုစုပေါင်း လေးခါပဲ မျက်နှာချင်းဆိုင်တွေ့ကြသူတွေဖြစ်ပါရက် သူကလည်း ကိုယ့်ကို ရင်းနှီးနေပုံရကာ ... ကိုယ့်စိတ်ကလည်း ဒီအဘိုးကြီးအပေါ် အစဉ်အဆက်က သိခဲ့ကြသူတွေလိုပင်။

ခြောက်ဆယ်နားနီးလုပြီဖြစ်သော ငါးဆယ်ကျော် ဒီအဘိုးကြီးရဲ့ ဟန်ပန်တွေကိုလည်း လူငယ်တစ်ယောက် အရမ်းဆန်နေသလို ထင်မြင်ကာ ... ရွယ်တူပြိုင်ဘက်ပဲ ရထားရသလိုလို ...။ ပြောရမယ်ဆိုရင် သူ့သားရဲ့ဟန်ပန်တွေကမှ အဖေထက် ပိုပြီးလူကြီးဆန်ခဲ့ဦးမည်။

"မင်းရဲ့လုပ်ဆောင်ချက်တစ်ခုပေါ်မှာ မင်းကျေနပ်ပျော်ရွှင်နေရဲ့လား ကလေးမ"

"လုပ်ဆောင်ချက်မဟုတ်ဘူး ... အောင်မြင်မှုတစ်ခုလို့ပြောပါ ဦးလေး ... ကျေနပ်တာကတော့ မေးစရာလား ... အစက ပွဲပြီးရင် မီးသေ ...



www.burmeseclassic.com

www.burmeseclassic.com



အားလုံးပြီးသွားပြီလို့ တွက်ခဲ့တာ ... ခုလို ကိုယ် အောင်မြင်ခဲ့တဲ့သူတွေနဲ့ ပြန်ဆုံရတော့လည်း ပို့ပြီး ကျေနပ်စရာကောင်းသားပဲ"

"အောင်မြင်မှုလို့ပြောရအောင် ... မင်း အောင်မြင် ခဲ့ရဲ့လား ကလေးမ"

"ကျွန်မ သစ္စာဆိုခဲ့တဲ့အတိုင်းဖြစ်အောင် လုပ်နိုင်ခဲ့ တယ်လေ"

အဘိုးကြီးက ခေါင်းကိုမသိမသာ ယမ်းခါ သည်။ ဦးက အဘိုးကြီးကို စူးစူးရဲရဲစိုက်ကြည့်နေမိ၏။

"ငါတို့နှစ်ယောက် ... ဆွေမျိုးသင်္ဂဟတွေရဲ့အလယ် မှာ အရှက်တော့ ဖြန်းဖြန်းကွဲကြသားပဲ ... ဒါပေ မယ့် ဒီလောက်ကြီးတော့လည်း စိတ်မဆင်းရဲကြ ပါလား"

"အို ... ရှုံးတဲ့လူကတော့ ငါရှုံးပါပြီလို့ ဝန်ခံ ခဲ့သားပဲ"

"မဟုတ်ဘူး ... ငါတို့မှာ တစ်သက်နဲ့တစ်ကိုယ် အရမ်းကြီးစိတ်ဆင်းရဲဖူးကြပြီးသွားပြီ ... နောက် ဘယ်အရာကမှ တိုးမပေါက်တော့ဘူးကွဲ့"

ဦးက ဒေါသဖြစ် တင်းမာနေရမည့်အစား တဖြည်းဖြည်း ထင်တာထက်သွေးအေးလာနေသည့် အဘိုး ကြီးကိုကြည့်ကာ ဇဝေဇဝါဖြစ်ချင်လာသည်။

"သူတစ်ပါးကို လက်တုံ့ပြန်ဖို့ကြိုးစားရင်း မင်း





ထိနေမယ်နော်"

"အို ... ကျွန်မ အခု သိပ်ကိုပေါ့ပါးစိတ်ရှင်းနေ တယ်"

"မရှင်းပါဘူး ... မင်းရင်ထဲမှာ အာဃာတနဲ့နာ ကြည်းချက်တွေကျန်နေသေးတယ် ... ကိုယ့်နာမည် ကိုပါ ထိခိုက်ခံပြီး အဲဒီနည်းနဲ့လက်စားချေကြည့် လိုက်ပေမယ့် ... ပြီးတာနဲ့ အားလုံးပျောက်မသွား ဘဲ နာကြည်းချက်တွေကျန်နေတာ မင်းဆက်ရှုံးနေ တာပေါ့ ... ပြီးတော့"

အဘိုးကြီးက ဦးကို သနားသလိုတစ်ချက် ကြည့်ကာ ...

"ငါရော သားပါ တအားကြီးမထိခိုက်ကြတဲ့အတွက် တအားကြီးစိတ်ဆိုးတာမျိုးမရှိကြပါဘူး ... အဲဒီ တခဏတုန်းကတော့ အရမ်းကြီးဒေါသထွက်သွားမိ ကြတာကလွဲရင် ... ခုပြီးကြပြီ ... အေးအေးဆေး ဆေးပဲ ... ငါရော သားပါ အရင်ကအတိုင်း ပို နေမြဲကျားနေမြဲပဲ ... ခံစားလို့လည်းမနေရဘူး ... မင်းထက်လည်း စိတ်ရှင်းကြတယ်"

ဒါ "ဦးကိုလက်လွှတ်ရလို့လည်း ကိုနိုင်က ဘယ့်နှယ့်မှမနေပါဘူး" ဟူသည့်အဓိပ္ပါယ်နှင့် ကိုယ့်ကို တိုက် ရိုက်ထိပါးသောစကားမို့ ဦးက ချေပမည်အပြု အဘိုးကြီး က လက်ကာပြထားလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အဆိုးဆုံးကတော့ အဲဒီနေ့က မင်းပြောသွားတာတွေကို သားရော ငါပါ ကြားသာကြားနေရတာ ဘာတွေမှန်းတောင် မသိလိုက်ကြဘူး ... မင်း ဘာကိုရည်ရွယ်သလဲ ... ငါတို့မသိကြဘူး ... ငါတို့စိတ်ဆင်းရဲအောင်လုပ်တယ်ဆိုရင် မင်း မအောင်မြင်လှဘူး ... ငါတို့ရှုံးကျန်တယ်ပဲထား ... မင်းလည်း မနိုင်ခဲ့ဘူးကလေးမ"

ဦးမှာ ဘာဆက်ပြောရမည်မှန်းတောင်မသိ။ မျက်နှာထားက ထိမထင်ဟန် သရော်လိုဟန်နှင့် သုန်မှုန်သည့်ဘက်သမ်းသေမယ့် ခပ်အေးအေးသာဆုံးသွားသောလေသံမှာ ဦးကို အာစေးလာထည့်လိုက်သလို ပါးစပ်အဟောင်းသားနှင့် ငြိမ်သက်တွေဝေသွားစေပြီး ဦး ဝမ်းနည်းလာသည်။ သုံးနှစ်ကျော် ကြိုးပမ်းခဲ့ရသည့် ရလဒ်တစ်ခုဟာ အောင်မြင်မှုမဟုတ်ဘူးဆိုပါလား ... ။ လိမ်နေဟန်ကားလုံးဝမရှိ။

ဘာမှမသိသည့်လူတစ်ဦး၏ ငြိမ်းချမ်းနေသောအသွင်သဏ္ဌာန်မျိုး သူ့မှာ တကယ်ပဲပေါ်ပေါက်နေသည်။

"မင်းကိုလည်း အရင်တုန်းက ငါတို့ လုံးလုံးမသိခဲ့ကြဘဲ ... မင်း ငါနဲ့ သားကို ဘာတွေဒီလောက်စိတ်နာနေတာလဲ ... အေးအေးဆေးဆေး ပြန်ပြောချင်စိတ်ရှိသလား"

ဦးက ခေါင်းကို သွက်သွက်ခါအောင်ယမ်းပြ





လိုက်သည်။ ဘာလုပ်ဖို့လဲ ... ကိုယ်တော့ အောင်မြင်ပြီဆိုပြီး အနိုင်ပိုင်းက ပြောခဲ့တုန်းကဖြင့် ဘာမှမသိလိုက်ကြပါဘူးဆိုပြီး ... ခုမှ အနိုင်မရတာကြီးတစ်ခုကို အေးအေးလေး ထပ်ရှင်းပြနေရဦးမှာလား ... ။

"မင်းကို ငါတစ်ခုမေးပါရစေ ... မင်း ငါ့သားအပေါ်ရော တကယ်မေတ္တာရှိခဲ့ဖူးသလား"

ဦးက ခေါင်းပဲခါပြလိုက်ပြန်သည်။ အဘိုးကြီးက ခေါင်းတညိတ်ညိတ်နှင့်ရှိနေလေသည်။ ဦးက ခုမှ အရေးကြီးတာကို ထ,သတိရကာ ...

"ဦးလေးကို ကျွန်မ ပေးစရာတွေရှိသေးတယ်"

"ဘာတွေလဲ"

"လက်ဝတ်ရတနာတွေ"

"အော် ... အော် ... အင်း ... ဟုတ်သားပဲ၊ ဒါတွေဟာ မင်းနဲ့မှမဆိုင်တော့ပဲ ... မင်းလာပေးလိုက်လေ ... ငါ ငါ့သားရဲ့တိုက်ခန်းမှာပဲ တည်းနေဆဲပဲ"

"လူလွှတ်ပေးခိုင်းလိုက်မယ်"

"မလုပ်နဲ့ ... ငါစိတ်မချဘူး ... ပစ္စည်းတွေက တစ်ပဲခြောက်ပြားတန်တွေမဟုတ်ဘူး"

ဦးက ခုမှ သူ့ပစ္စည်း သူ ထ,သိနေကာ ဥစ္စာထ,ချောက်နေတာကို စိတ်ညစ်ညစ်နှင့်ကြည့်လိုက်မိရင်း

"ဒါဖြင့်ရှင်လည်း အဆောင်ကိုပဲ ... အဲ ...

www.burmeseclassic.com



မဟုတ်ဘူး"

အဆောင်ကိုလည်း ဦး ပြန်မသွားချင်သေး။ မမခင်နှင့်တကွ အဆောင်သူအားလုံးကို ရင်မဆိုင်ချင်သေး။ မော်လီအပြောအရတော့ မိန်းကလေးတစ်ယောက်မဆန်စွာ ရဲတင်းလွန်းလှတဲ့ ဦးကို မမခင်က အတော်စိတ်ဆိုးနေခဲ့သတဲ့။

"ကျွန်မလိပ်စာပေးလိုက်ပါ့မယ် ... ဦးလေး မလာနိုင်လည်း လူလွှတ်ယူနိုင်းပါ"

"အော် ... အော် ... မင်းက သားနဲ့ဆုံချင်သေးတာလား"

"ဘာမှမဆိုင်ဘူး ဦးလေး ... တခြားလူတစ်ယောက်ယောက်ကိုပြောတာ"

"ဒါပေမယ့် ... မင်း ခုလက်ရှိနေနေတဲ့ နေရပ်လိပ်စာကိုတော့ ငါကတစ်ဆင့် သားဆီရောက်အောင် မင်းပို့ချင်တယ်လေ"

ဦးကဲ့ လက်သီးတင်းတင်းဆုပ်ကာ ဘာဆက်ပြောရမည်မှန်းတောင်မသိ။ သူ့အိမ်ကိုလည်း ဘာကိစ္စလိုက်သွားရမှာလဲ ... ။ ဖွတ်ကြီးပင် လူလွှတ်ကာပို့ရင်လည်း သူတို့က "အတုတွေပါတို့ ... မပြည့်စုံပါ" တို့နှင့် ရမယ်ရှာကာ ချောက်ချနိုင်သည်။

"ဟား ဟား ဟား"

ဦး အကျပ်ရိုက်နေတာကို အဘိုးကြီးက အား





ရဝမ်းသာပုံစံနှင့် လှောင်ပြောင်ရယ်လိုက်သည်။

"ကဲ ... ကြိုက်သလိုလုပ်လေ ... မင်္ဂလာပွဲကြီး တစ်ခုဖြစ်လာအောင် ပိပိရိရိလုပ်နိုင်ခဲ့ပြီး ... အောင်အောင်မြင်မြင် ပြန်ဖျက်နိုင်ခဲ့တဲ့ မိန်းကလေးက ဒီလောက်တော့ စိစဉ်တတ်မှာပါပဲ ... ကဲ ... ငါသွားပြီ"

အဘိုးကြီးက စကားဆုံးသည်နှင့် အဟုဝပင် ကားပေါ်ပြန်လှည့်တက်ကာ မောင်းထွက်သွားတော့သည်။ ဦးမှာတော့ နေရာတင် စိတ်ရှုပ်ညစ်ညူးစွာ ကျန်ရစ်ဆဲ ... ခုနက မူးဝေထားတာတွေ ခုမှပြန်ပေါ်လာပြီး နှစ်ဆတိုးကာ နှိပ်စက်လာသလားလည်းထင်ရသည်။

ဒီအဘိုးကြီးဟာ ဘယ်လိုလူကြီးလဲ ... ။ အသည်းအသန်ဒေါသထွက် စိတ်ဆိုးနေရမည့်ကိစ္စကို သွေးအေးစွာ ရင်ဆိုင်နိုင်သတဲ့လေ။ မဟာအရှက်တော်တွေ ပြန်းပြန်းကွဲရတာတောင် ဒီလောက်ကြီး စိတ်မဆင်းရဲနိုင်သေးပါဘူးတဲ့။ ဒါဖြင့် တခြားဘယ်နည်းကများ သူတို့ကိုစိတ်ဆင်းရဲခြင်းတွေဖြစ်စေနိုင်မတဲ့လဲ။ ဦးဟာ ပြိုင်ဘက်မဟုတ်တဲ့သူတွေနှင့် တက်ပြိုင်မိပြီလား။

"ညီမလေးငယ့်" အတွက် လက်စားချေကို ချေယူမည်ဟု ဆုံးဖြတ်ထားတာတွေ မအောင်မြင်ဘူးလား။ အသည်းအသန်ကြီး နာကြည်းနေရသူကို မျက်နှာချင်းဆိုင်ကြီးတွေ့တာတောင် သူ့လှောင်ပြောင်သရော်ချင်းထဲပဲ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



က မြော်ပါရကာ ... ကွဲကွာနေသည့် ရိုးရိုးမိတ်ဆွေများလိုပဲ စကားစမြည်လက်ဆုံကျကာ ပြန်လည်ခွဲခွာကြရရော့တဲ့လား။

ဦးက လက်သီးလေးနှစ်ဖက် တင်းတင်းဆုပ်ကာ အံကြိတ်ထားမိသည်။

သုံးနှစ်ကျော်အကွက်ချ စီစဉ်ပြီးသည့်နောက်မှာ ... ဦးမှာသာ အားကိုးရာအဆောင်မှလည်း လွင့်စင်၊ အလုပ်ထဲလည်း ပြန်မသွားရဲသေး၊ ဆွေမျိုးတွေများ သတင်းကြားကြမလားဟု မျက်နှာချင်းလည်း မဆိုင်ဝံ့ ... ။ တစ်ဦးတည်းသာအထီးကျန် အူကြောင်ကြောင်ဖြစ်နေရကာ ခရီးပဲထွက်ရမလိုလို ... အိမ်ထဲပဲ ကုတ်နေရမလိုလို။

ကိုယ့်အောင်မြင်မှုအတွက်ဆိုပြီး ပျော်သလားလို့မေးရင်လည်း မပျော်ပေါင် ... စိတ်ထဲမှာ ကျေနပ်လှသည်ဟူလို့လည်းဖြစ်မသွား။ သူတို့သားအဖကတော့ တခဏတာအရှက်ကို ဖြေဖျောက်လိုက်ကြပြီးတဲ့အခါမှာ ဒီအတိုင်းအရင်ကအတိုင်း ပိုနေမြဲကျားနေမြဲတွေပါပဲတဲ့။

ဦးတော့ နိုင်ခဲ့သလိုလိုနဲ့ ရှုံးလိုက်တာနော်။

❀ ❀



## အခန်း(၂)

"ငယ့်"မှာ Leukaemia ရောဂါရနေပြီဆိုတာ သိလိုက်ရတော့ ဦးတို့တစ်အိမ်လုံး ချောက်ချားတုန်လှုပ်သွားကြသည်။ Leukaemia ဆိုတာက လူတစ်ယောက်ကို "သေစားသေစေ" ဟု အမိန့်ချမှတ်ခံလိုက်ရသလို သေဒဏ်ပေးခံရသည့် ရောဂါမျိုးပဲမဟုတ်လား။

ဦးတို့ညီအစ်မနှစ်ယောက်မှာ ဦးကို မွေးပြီးနှစ်နှစ်အကြာမှာ ငယ့်ကိုယ်ဝန်ကိုရလာခဲ့တော့ ဖေဖေရော မေမေပါ သားရှူးရှူးလိုက်ကြတာ ... ။ မွေးလာတော့ မိန်းကလေး ... ။ တကယ်ဆို မိသားစုတွေအတွင်းမှာ ဖြစ်တတ်ကြတာက အမျှော်လင့်ကြီးမျှော်လင့်ထားတာနဲ့ လွဲ



www.burmeseclassic.com

www.burmeseclassic.com



ချော်နေရင် စိတ်ပျက်သွားတတ်ကြပြီး ... ထိုကလေးမှာ ဘာမဆိုင်ညာမဆိုင် အပြစ်မရှိဘာမရှိနှင့် မိဘတို့ရဲ့စိတ်ဝင်စား ဂရုစိုက်ခံရခြင်းကနေ ကင်းဝေးသွားတတ်ကြတာမျိုး မဟုတ်လား။

ငယ့်အလှည့်ကျတော့ ပြောင်းပြန် ... ဖေဖေရော မေမေပါ စိတ်ပျက်လက်ပျက်ဖြစ်သွားကြပေမယ့် အဲဒီလို ဖြစ်သွားကြမိတာကိုပဲ ကိုယ့်ဘာသာကိုယ်တွေ အပြစ်ရှိသလို ပြန်ခံစားကြရကာ ... အဲဒီသမီးလေးကိုပဲ အသနားပိုကာ ပိုချစ်သွားကြရပါသတဲ့။ ဦးအဖို့ကလည်း မိဘနှစ်ပါးလုံး ငယ့်ကို ပိုကြမှန်းသိသိကြီးနှင့်ပင် မနာလိုမရှိခဲ့။ ဦးကိုယ်တိုင်ကလည်း "အစ်မကြီး အမိအရာ" ဆိုသလို သိပ်ချစ်ခဲ့ရတာကိုး ... ။

သားယောကျ်ားလေးလိုချင်ခဲ့သော မိဘနှစ်ပါးကြောင့် ငယ်ကတည်းက ယောကျ်ားလျာလေးလိုလို ... တကယ့်ယောကျ်ားလေးတစ်ယောက်လိုလိုနှင့် ခေါင်းတိမောင်းတိရှိခဲ့တဲ့ငယ်ဟာ မွေးကတည်းကနေ ဆယ့်ရှစ်ဆယ့်ကိုးအရွယ်အထိ ဖျားတာနာတာရယ်လို့တောင်မရှိခဲ့။ တကယ့်ခေါင်ခေါင်မြည်ကလေးမလေးတစ်ယောက်ဖြစ်ပါသည်။ ပြောရမယ်ဆိုရင် ဦးကသာ ဖျားလိုက်နာလိုက်၊ နှာစေးလိုက် ချောင်းဆိုးလိုက် ... တစ်ခုပြီးတစ်ခု မပြတ်တမ်းဖြစ်နေတတ်သူဖြစ်သည်။

အဲဒီလို ခေါင်ခေါင်မြည်ခဲ့တဲ့ ငယ်တစ်ယောက်





တက္ကသိုလ်တက်စအချိန် ပထမနှစ်သို့ရောက်ပါမှ ... ခဏခဏဖျား ... ဖျားလိုက်ရင်လည်း တငွေ့ငွေ့နဲ့ မပျောက်တော့တာမျိုးတွေ မကြာခဏဖြစ်ဖြစ်လာသည်။ ရိုးရိုးသာမန် "တုတ်ကွေး" ပုံစံပဲဆိုတော့ မဖျားမနာဘူးလို့ ထူးဆန်းတာကလွဲရင် ကာယကံရှင် ငယ်ကတောင်မှ ဂရုတစိုက်မရှိခဲ့ပါ။

ဒီနောက်မှာတော့ မကြာခဏ ဖျားလိုက်ကောင်းလိုက် အပြင်နှာခေါင်းသွေးလျှံတက်တာတို့၊ သွားဖုံးတွေ သွားတွေကြားက သွေးယိုတာတို့ပါ ဖြစ်လာသည်။ အဲဒီအထိလည်း ငယ်က "အချဉ်စာတတ်နည်းလို့ဖြစ်ရတာ" ဟု သူ့ဘာသာမှတ်ချက်ချကာ သံပုရာရည်သောက်လိုက်၊ ဇီးဖစ်စားလိုက် ... ။

တကယ်ဆို မေမေ့မောင်အရင်း ဦးလေးဖြစ်သူ၏ ဇနီးမှာ ပါရဂူဘွဲ့ရဆေးပညာဆိုင်ရာ သမားတော်တစ်ယောက်ဖြစ်နေပါလျက် ... သူနဲ့တိုင်ပင်ရကောင်းမှန်းလည်းမသိ။ အသေးအဖွဲ့ဟုသာ ထင်ခဲ့ကြသည်လေ။

ဖျားတိုင်း လည်ချောင်းတွေပါ တအားနာပြီး ဗိုက်ပါအောင့်လာတတ်ချိန်မှာတော့ ငယ်ဟာ ဖျိုးဖျိုးဖျတ်ဖျတ် သွက်သွက်လက်လက်ပုံစံထက် တရှောင်ရှောင် ဂီလာ နပုံပေါက်နေခဲ့ပါပြီ။ ပင်ကိုဖြူသော အသားမှာ ဖြူလျော်လျော် ဝါဆုတ်ဆုတ်ပုံပေါက်လာလျက် ... ကျော့ရှင်းရဲ့ မိမိန်းသည့်ခန္ဓာကိုယ်လေးက ... အရိုးပဒေသာပုံ ထွက်ချင်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

တကယ်ဆို ဖေဖေရော မေမေပါ ဘွဲ့ရပညာတတ် ... ဦးနှင့်ငယ်ဟာလည်း ခေတ်ပညာကိုယ်စီသင်ယူနေကြသော အသိဉာဏ်ရှိအသိုင်းအဝိုင်းမှဖြစ်ပါရက် ... ကျန်းမာရေးဗဟုသုတမှ ကွက်ပြီးနည်းနေခဲ့ကာ ကိုယ့်ကိုကိုယ် "ငါကျန်းမာတယ် ... ဒါအသေးအဖွဲလေးပဲ" ဟု ယူဆမိခဲ့ကြတာအများပင်ဖြစ်ပါသည်။

ဦးလေးတို့က အဲဒီအချိန်က မန္တလေးသို့မပြောင်းရသေး။ ဦးလေးမိန်းမ ဒေါက်တာဒေါ်ရီမာသာ သူ့ဖာသာသူ မရိပ်မိဘဲ အတင်းဝင်ပြီး မစစ်ဆေးမစုံစမ်းခဲ့ရင် ငယ်တစ်ယောက် ဆုံးသာသွားရော ဘာမှန်းတောင်သိလိုက်ကြရမှာမဟုတ်ပါ။

အန်တီရီမာက ငယ့်ကို ခေါင်းကနေ ခြေဖျားထိ တစ်ခုမကျန်စစ်ဆေးပြီး တစ်ကိုယ်လုံး Check up လုပ်လိုက်မှ အဖြေက ထွက်ပေါ်လာသည်။ "Acute Leukaemia" ပါဆိုမှ တစ်အိမ်လုံး ငယ်ထိပ်မြွေပေါက်ချလိုက်သလို ဒုက္ခတွင်းထဲကျရောက်ကြရပါတော့သည်။

ဗိုက် အောင့်အောင့်နေတတ်သည့် ငယ်က "Spleen" ခေါ် သရက်ရွက်ကြီးနေပြီး နောက်ပိုင်းမှာ ... အကျိတ်ဖုတွေပါ ပေါ်လာကာ ရောဂါအခြေအနေက လျင်မြန်စွာကြီးထွားလာခဲ့ပါသည်။ အချိန်ရှိသရွေ့ တခြားရောဂါပိုး (infection) တွေဝင်ကာ တစ်ခုမဟုတ်တစ်ခု အမြဲဖြစ်





နေတော့သည်။

"တခြား ဝင်ဝင်လာတဲ့ infection တွေကို သူ့ရောဂါအလိုက် အရင်ကုယူရမယ် ... ပြီးတော့ သွေးအားအရမ်းနည်းနေတာကိုလည်း သွေးသွင်းယူရမယ်၊ ဒါမှ ဆေးဒဏ်ခံနိုင်မယ် မမ ... ဆေးတွေက အရမ်းပြင်းတယ် ... တစ်မျိုးတည်းမဟုတ်ဘူး ... "Combination Chemotherapy" ပေါ့ ... အဲဒါမျိုးပေးရမှာ ... သဘောကတော့ ပုံမှန် normal stem cell တွေကို မထိခိုက်စေဘဲနဲ့ leukaemic clone cell တွေကို လိုက်သတ်ပစ်ရမယ်"

အန်တီရီမာကတော့ အတတ်နိုင်ဆုံးရှင်းပြရှာသား ... နဂိုတည်းက ကျန်းမာရေးဗဟုသုတနည်းခဲ့သည့် ဦးတို့မိသားစုအတွက်တော့ သိပ်နားမလည်ကြပါ။ အစိကကတော့ သေဒဏ်အချခံထားရသည့်သူတစ်ယောက်အတွက် အယူခံဝင်ကြည့်သလိုမျိုး ငယ့်အတွက် တတ်နိုင်သမျှကောင်းအောင်ကြိုးစားကြည့်ရဖို့ပဲလိုသည်။

ငယ်ငယ်တည်းက ယောကျ်ားလေးဆန်ခဲ့တဲ့ ငယ်ဟာ အလွန်တရာမှပင် သတ္တိကောင်းလှပါသည်။ သူ့ကိုယ်သူ သေဘေးနီးသော "Acute Leukaemia" ရောဂါသည်မှန်းသိပါရက် တခြားမိသားစုသုံးယောက်လောက်ပင် မျက်နှာမပျက် ... ။

"အန်တီရီမာရယ် ... အဲ့လို ဲ သွေးသွင်းလို့ ဆေး



www.burmeseclassic.com

www.burmeseclassic.com



သောက်လိုက်နဲ့ပဲ ငယ့်ကို တဖြည်းဖြည်းလက်လွှတ်လိုက်ရတော့မှာလားဟင်"

"ဒီလိုတော့လည်း မဟုတ်ပါဘူး၊ Bone marrow Transplant ဆိုတာရှိသေးတယ်လေ .. လူကောင်းတစ်ယောက်ဆီက အရိုးတွင်းချဉ်ဆီရည်ကိုယူပြီး အစားထိုးပြန်သွင်းပေးတဲ့နည်းပေါ့ ... အဲဒီနည်းကတော့ လေးဆယ်ငါးဆယ်ရာခိုင်နှုန်းလောက်က အသက်အကြာကြီး အရှည်ကြီးနေသွားလို့ရနိုင်တယ်"

"ဟင် ... ဒါဆို အဲလိုကုမယ်လေ ... အဲဒါမျိုးလုပ်မယ်လေ"

"လုပ်ချင်တိုင်းလုပ်လို့မရဘူး ... ဆေးတွေသောက်နေရင်းနဲ့ Remission ပြန်ရမှ ... Remission ရတယ်ဆိုတာက အလွယ်ကူဆုံးပြောရရင် ဒုက္ခပေးနေတဲ့ cell တွေ ငြိမ်ဝပ်ပြီး ... သေကုန်ပြီးတော့ cell က Level တစ်ခုကို ကျသွားတဲ့အခြေအနေ၊ နောက်ပြီးတော့ အသစ်လည်းထပ်မပွားတော့တဲ့အခြေအနေမျိုးပေါ့ ... အဲလိုပြန်ရမှ "ချဉ်ဆီ"ကို လဲလို့ရမယ်"

"ဟင် ... ဒါဖြင့် ဆေးတွေသောက်လို့မှ အဲလိုမျိုးပြန်မရရင်ကော"

"Alternative drug conbination ဆိုတာရှိပါသေးတယ် ... ဒါပေမယ့် ... အဲဒါက အောင်မြင်ခဲ





တယ် ... ထားပါ ... Remission ပြန်ရတယ်ပဲထား ... Marrow Transplant လုပ်ဖို့က ကိုယ့်ရဲ့ immume system ကိုချထားပြီးမှ လဲလို့ရတာ ... အဲလို ကိုယ့်ရဲ့ခံနိုင်ရည်စွမ်း ... တိုက်ထုတ်နိုင်စွမ်းတွေကို ချထားတဲ့အတွက်လည်း တခြားရောဂါပိုးတွေလိုမ့်ဝင်လာနိုင်သေးတယ် ... Acute Leukaema မှာ ... ယောကျ်ားလေးဆိုရင် ပိုဆိုးတယ် ... လူကြီးတွေဆိုလည်း ပိုဆိုးတယ် ... ငယ်က လူငယ်မိန်းကလေးဆိုတော့ ပိုအောင်မြင်နိုင်ပါတယ်"

ဦးတို့မှာ ဘာမှနားမလည်ကြပေမယ့် အဲဒီဘာမှန်းမသိသည့် "Remission" ဆိုတာကြီး ပြန်ရဖို့သာ သူများရှိခိုး ဆုတောင်း ခါတ်ဆင်ခါတ်ရိုက် ယတြာချေတာတွေ နင်းကန်လုပ်ကြရပါတော့သည်။

"ချဉ်ဆီအစားထိုး လဲလှယ်ရာမှာပေးတဲ့လူနဲ့ လက်ခံတဲ့လူနဲ့ Marrow ချင်းက Match ဖြစ်ဖို့လည်းလိုသေးတယ် ... Match ဖြစ်တာကို ထည့်တာတောင်မှ New marrow တွေကို ကိုယ့်ရဲ့ခန္ဓာကိုယ်က ပြန်ပြီးတိုက်ထုတ်နိုင်သေးတယ် ... ချဉ်ဆီအစားထိုးလဲလှယ်တာလုပ်ပြီးရင်လည်း နောက်ဆက်တွဲဖြစ်ပေါ်လာမယ့် ဆိုးကျိုးတွေက အများကြီးရှိနိုင်သေးတယ်"

ဘာပဲဖြစ်ဖြစ် ဒီတိုင်းကြီး ငုတ်တုတ်ထိုင်စောင့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး သေရတာနဲ့စာရင် ... ကြိုးစားယူကြည့်တာက အခွင့်အရေးပိုသာနိုင်တာမို့ ... အဲဒီ Bone marrow Transplant ဆိုတာကိုလုပ်ဖို့ ... အားလုံး ဆုံးဖြတ်ချက်ချလိုက်ကြသည်။

"Marrow ချင်း match ဖြစ်မဖြစ် ကိုယ့်မိသားစုထဲက လူတွေဆီက အရင်ဆုံး ပြန်ဖောက်ယူပြီးစစ်ဖို့နဲ့ Transplant လုပ်ဖို့က ဒီမှာမလုပ်နိုင်ဘူးလေ။ အမေရိကားတို့၊ အင်္ဂလန်တို့ သွားလုပ်မှရမယ် ... စင်္ကာပူမှာလည်း လုပ်ပေးနိုင်တယ်တဲ့"

စင်္ကာပူမှာသွားလုပ်မယ်ဆိုရင်တော့ ကိုယ့်တိုင်းပြည်နဲ့ ပိုနီးတဲ့နေရာမို့ ... စရိတ်စက ကုန်ကျစရိတ်တော့ ပိုသက်သာနိုင်သည်။ ဒါပေမယ့် ... လူခံမရှိ။ သွားမယ်ဆိုရင် ... ကိုယ့်ချဉ်ဆီ Type ကိုလည်း ဖောက်စစ်ခံကြရဦးမှာမို့ ပထမဦးဆုံး မိသားစုလေးယောက်လုံးသွားကြမှ ဖြစ်ပေမည်။ လေးယောက်လုံးကြီးနေထိုင်ဖို့ကိစ္စနှင့် ဆေးရုံကိစ္စအဝဝတို့က လူခံရှိမှဖြစ်မည်မဟုတ်လား။ ဒီတော့ ဦးတို့က ဖေဖေ့အစ်မကြီးမိသားစုရှိနေသည့် "အင်္ဂလန်" ကိုရွေးချယ်လိုက်သည်။

အင်္ဂလန်နိုင်ငံ London က Alexandra Avenue, Harrow မှာနေသည့် ဖေဖေ့အစ်မမိသားစုကလည်း အချိန်မရွေးလာခဲ့ကြဖို့ လှမ်းခေါ်ခဲ့သည်လေ။

"Marrow Type ချင်းမတူရင်လည်း ဘာမှအားငယ်ကြနဲ့နော် ... London ကဆေးရုံကြီးတွေမှာ "International computer data system" နဲ့ Marrow type တွေစာရင်းလုပ်ထားတာရှိလိမ့်မယ် ... အဆက်အသွယ်ရှိရင် ပိုက်ဆံကုန်ခံနိုင်ရင် အဆင်ပြေနိုင်ပါတယ်"

အန်တီရီမာက ဦးတို့ကို ပြောင်ဖြစ်ခဲ့သည်။ အဆက်အသွယ်ဆိုတာကတော့ သူများနိုင်ငံမှာရနိုင်ခဲတဲ့ အခွင့်အရေးမှန်း ဦးတို့ သဘောပေါက်ကြပါသည်။ ဒါပေမယ့် ပိုက်ဆံကိုတော့ ထင်တိုင်းသုံးပစ်မည်ဟု ဆုံးဖြတ်ထားကြပြီးသား ... ။

ဦးတို့မိသားစုမှာ လျှမ်းလျှမ်းတောက် မချမ်းသာကြပေမယ့် အဆင်မြင့်မြင့်နေနိုင်စားနိုင်သည့် အခြေအနေရှိပါသည်။ ဖေဖေက မြန်မာပြည်တွင်းမှာတင် ပြုလုပ်သည့် သနပ်ခါး၊ မိတ်ကပ်နှင့် ရေမွှေးလုပ်ငန်းရှင်တစ်ယောက်ဖြစ်သည်။ ငယ့်ကိစ္စဖြစ်လာတော့ ထိုလုပ်ငန်းကို အစောကြီးထဲက ရှယ်ယာပါချင်နေပြီး စိတ်ဝင်စားနေသည့် စိတ်ချရသော ဖေဖေ့သူငယ်ချင်းတစ်ယောက်ထံ "တစ်လတစ်လကို အမြတ်ဘယ်လောက်ပြန်ရှင်းပေး" ဟူသည့်ပုံစံနှင့် လွှဲအပ်ပစ်ခဲ့ကြသည်။

ဦးတို့နေထိုင်ရာ ပါရမီထဲမှ ခြံနှင့်အိမ်ကလေးကိုတော့ ချန်ထားလျက် ... ပါရမီတွင်းမှာပင် အခွန်အတွင်းဘက်ဆီမှ ခြံလွတ်တစ်ခြံကို ရောင်းပစ်လိုက်ကြ







www.burmeseclassic.com

www.burmeseclassic.com



သည်။ မေမေ့လက်ဝတ်လက်စားတွေလည်း ရောင်းထ
ရောင်းပြီး ... "ဘုရင့်နောင်ဖောင်ဖျက်ပုံစံ" နှင့် ဦး
လေးယောက် လန်ဒန်သို့ထွက်ခဲ့ကြပါသည်။

"ငယ့်အတွက် ပိုက်ဆံတွေအရမ်းကုန်ကျနေပြီ ...
တော်ကြာ ငယ်ကသေသွားပြီး မေမေတို့အားလုံး
ပြီး ဆင်းရဲပြီး ကျန်ရစ်ကြရင် ငယ် အသေဖြော
မှာတောင်မဟုတ်ဘူး ... မေမေတို့ ပြန်စဉ်းစားပြ
ပါဦး"

ငယ်က အထပ်ထပ်ပြောဆိုပေမယ့် "ပစ္စည်
သခါရ" ဆိုတဲ့ စကားကိုသာ လက်ခံနိုင်ပြီး "လူသခါရ
ဆိုတာကို ဘယ်နည်းနှင့်မှ လက်မခံနိုင်ကြတဲ့ ဦးတို့မိသာ
အတွက်ကတော့ လုံးဝ နောက်တွန့်ခြင်းမရှိခဲ့ပါ။

"ဖေဖေ့လုပ်ငန်းက စိတ်ချရတဲ့ မိတ်ဆွေကို အ
အပ်ခဲ့တာလေ ... သူလည်း အကျိုးရှိ၊ ကိုယ်လည်
အကျိုးရှိအောင်ပေါ့ ... ငယ်နေကောင်းပြီး ပြန်
ရင် ... ဖေဖေက အဲဒီလုပ်ငန်းကို ပြန်ယူ
အရင်အခြေအနေအတိုင်း ပြန်ရလာအောင် အ
မရွေးပြန်လုပ်ယူနိုင်တယ် ... ငယ် ပြန်ကော
လာဖို့သာ အဓိကပဲ"

ငယ်ကတည်းက တရှောင်ရှောင်ဖြစ်ခဲ့တဲ့
က ခုအခြေအနေမှာ လုံးဝပြောင်းပြန်ကြီးဖြစ်ကာ နေကော
လိုက်ရသည်။ အင်္ဂလန်ကိုရောက်တော့ ဆိုးရွားပြင်းထ





ရာသီဥတုကို ကျန်မိသားစုသုံးယောက်လုံး လိုမ့်ခံရပေမယ့်
ယူးဆန်းစွာ ဦးက ဘာမှမဖြစ် ... ။ ဖေဖေနှင့်မေမေဆို
တာလည်း တစ်သက်လုံးအလုပ်ပဲကြိုးစားနေကြသည့် လူ
လတ်ပိုင်းကျော်ကျော် လူကြီးပိုင်းဝင်စ ဒေါင်ဒေါင်မြည်
နှစ်ယောက်ဖြစ်ခဲ့ပါရက် ... ငယ် စတင်မကျန်းမာချိန်မှ
စကာ ယူပစ်လိုက်သလို ကျဆင်းသွားကြတာ အသက်ငါး
ဆယ်ကျော်ရှဲအရွယ်တွေနှင့် တကယ့်အဘိုးကြီး အဘွားကြီး
တွေဖြစ်နေကြတော့သည်။

ဦးတို့ အင်္ဂလန်ထွက်သွားကြပြီး မကြာခင်
ဦးလေးနှင့်အန်တီရီမာတို့က မန္တလေးသို့ပြောင်းရွှေ့ကြရသည်။
ဦးတို့မှာ အန်တီရီမာ၏ ဆက်သွယ်စီစဉ်ကူညီခဲ့မှုနှင့်ပင်
"Saint Thomas Hospital" ဆေးရုံကြီးမှာ ကုသခွင့်ရရှိခဲ့
ကြပါသည်။

မြန်မာနိုင်ငံမှာလည်း သမားတော်များနှင့်ကုသ
ခဲ့သည့်အတွက် ငယ့်အခြေအနေက တိုးတက်မှုရှိပါသည်။
Intensive Care သဘောမျိုးနှင့်ထားတာမို့ ရောဂါပိုး (in-
fection) ခဏခဏဝင်သည့်အဖြစ်မှလည်း လွတ်မြောက်ခဲ့
သည်။ ဒါပေမယ့် ကံဆိုးတာတစ်ခုက ဦးတို့သုံးယောက်
လုံး၏ Bone Marrow Typing နှင့် ငယ့် Type တို့
မကိုက်ညီခဲ့ပါ။ လန်ဒန်မှာ ဖေဖေ့အစ်မကြီးမိသားစုနှင့်
လည်း Type တူတာရှာမတွေ့။ မေမေကတော့ ရန်ကုန်
မှ တစ်ဆွေလုံးတစ်မျိုးလုံး အင်္ဂလန်သို့ တစ်လှည့်စီခေါ်ကာ



www.burmeseclassic.com

www.burmeseclassic.com



စစ်ကြည့်မည် တကဲကဲလုပ်နေသည်။ သို့သော် ဒီလိုရှာ သမ်းပြီး ငွေကုန်ကြေးကျခံတာထက် ... လန်ဒန်မှ လူ မျိုးခြားများထံမှ အကူအညီတောင်း စစ်ဆေးကြည့်ရတာ ကမှ ပိုပြီးအခွင့်ရှိသေးတာမို့ လက်လှမ်းမီသလောက် လိုက်စစ်ကြည့်ကြသည်။

အန်တီရီမာပြောလိုက်သလို Bone Marrow List ရှိသည့် Bank တစ်ခုခုမှ Computer data များကို ဖတ်ခွင့်ရဖို့အရေးကတော့ တကယ့်ကို မလွယ်ကူလှသည့် အလုပ်ပါ။ ကိုယ့်တိုင်းကိုယ့်ပြည်မှာဆိုရင်တော့ ဘယ်သူ တက်ပြီး ရှစ်ခိုးရခိုးရ ... ခုဟာကတော့ သူတို့စည်းကမ်း နှင့်သူတို့ဖြစ်နေသည်။ "Saint Thomas Hospital" ဆေးရုံ ကြီးမှာလည်း အကူအညီများစွာ ရရှိပါသည်။

ကုသိုလ်ကံဇာတာနိမ့်ကျနေဆဲမို့ မအောင်မြင် သေးခင် ကြားကာလမှာ မေမေ့ကိုပါ "နှလုံးရောဂါ" နှင့် ဆေးရုံတင်လိုက်ရသေးသည်။ ထိုအချိန်မှာပင် ဦးတို့ရဲ့ဘဏ္ဍာ ရေးအခြေအနေကလည်း ထိခိုက်လာပြီမို့ အစစအရာရာ ဦးဆောင်နိုင်သည့် ဖေဖေက လန်ဒန်မှာကျန်ရစ်ကာ ဦး မြန်မာနိုင်ငံသို့ပြန်ပြီး လုပ်ငန်းကို ဖေဖေ့သူငယ်ချင်း အပြီးရောင်းပစ်လိုက်ရန်နှင့် ပါရမီက ခြံနှင့်တိုက်ကိုပါ ရောင်း ပစ်တော့ဖို့ ရန်ကုန်သို့ ပြန်လာခဲ့လေသည်။

လုပ်ငန်းတစ်ခုလုံးရောင်းတာရော ... ခြံနှင့် တိုက်ကိုပါ ရောင်းဖို့အတွက်ပါ သမာသမတ်ရှိသော ဖေ





သူငယ်ချင်းနှင့် ကျန်မိတ်ဆွေ ဆွေမျိုးများကပါ ဝိုင်းဝန်း ကြမည်ဖြစ်သဖြင့် ... အသက်နှစ်ဆယ်ကျော်စအရွယ် မိန်း ကလေးငယ်တစ်ယောက်တည်း ဆောင်ရွက်ရမှာဖြစ်ပေမယ့် ဘာမှစိတ်မချစရာမရှိပါ။ လုပ်ငန်းကိုရောင်းပစ်ရတာရော၊ အိမ်နှင့်ခြံကိုပါ ရောင်းပစ်ရမှာကိုပါ အနည်းငယ်မျှတောင် စိတ်ဆင်းရဲခြင်းမရှိဘဲ ဦးမှာ တက်ကြွနေခဲ့သည်။

ငယ်က chemotherapy ကို Responce လုပ်ကာ Remission ရခဲ့သည်လေ။ သူများတကာတွေဆို Remission ပြန်ရဖို့တောင်ခဲယဉ်းလှတာ ... ငယ်က ပြန် ရခဲ့သည်ဆိုတော့ Bone Marrow Type ချင်းတူသည့်လူ ကို ဦးတို့က မဆုတ်မနစ်သော ဇွဲလုံ့လနှင့် ဆက်ရှာရုံပဲ ရှိသည်။

❀ ❀

"ငါပြန်ရောက်ပြီးတော့ အန်တီရီမာ့ဆီက သတင်း တစ်ခုရတယ် ... ရန်ကုန်ကမိသားစုတစ်စုလည်း စင်ကာပူမှာ အဲလိုပဲ Bone Marrow Transplant သွားလုပ်ခဲ့ကြတယ်တဲ့ ... သူတို့ကို မေးမြန်းဆက် [illegible]ည့်ပြီး အကို[illegible]ကြောင်း အဆက်အသွယ်



www.burmeseclassic.com

www.burmeseclassic.com



ရရင် ပိုအဆင်ပြေနိုင်မှာမို့ မသေချာလှတဲ့ အဲဒီသတင်း စကားလေးတစ်ခုကို လက်ကိုင်ထားပြီး အဲဒီမိသားစု ရဲ့လိပ်စာကိုရဖို့ ငါ ဘယ်လောက် နေ့နေ့ညည အ ပြင်းအထန်ကြိုးစားခဲ့ရတယ်ထင်သလဲ မော်လီရယ်"

"တွေ့ကောလား"

"တွေ့တယ်လေ၊ လိပ်စာစာရွက်လေးတစ်ခု လက် ထဲဆုပ်ကိုင်ပြီး ကိုယ်နဲ့ လုံးဝမသိကျွမ်းတဲ့ အိမ် တစ်အိမ်ကို ရောက်သွားခဲ့တဲ့ငါ ... ဘယ်သူတွေ နဲ့တွေ့ရတယ်ထင်သလဲ"

"ဘယ်သူနဲ့လဲ"

"ဦးမြတ်အောင်နဲ့ ... စစ်တည်နိုင်တို့သားအဖနဲ့ မော်လီ"

"ဟင်"

"ဟုတ်တယ် ... အရမ်းရက်စက်ပြီး လူမဆန် တဲ့ သားအဖပေါ့ ... လူမှုရေးစိတ်ဓာတ်လည် သိပ်ခေါင်းပါးကြတဲ့လူတွေလေ ... ငါ့မှာ အိမ် တောင်ခြေချခွင့်မရဘူး ... အိမ်ထဲကို ဘယ်သူ ဘာမှလှမ်းမမြင်နိုင်သာအောင် ခန်းဆီးတွေ အ ကြီးချပြီး မဲမှောင်မှုန်ကုတ်နေတဲ့အိမ်ထဲကနေ ငါ နေရာ ခြံဝထိ ထွက်လာတာ ဦးမြတ်အောင်ကြီး ငါက ငါ့နာမည်ကိုပြောပြလိုက်ပြီး ကျွန်မညီမ တစ်ယောက်ဟာ "Acute Leukaemia" ဖြစ်နေ





တယ်လို့ စကားစရုံရှိသေး ... ငါ့ကို ခွေးမောင်း သလို အော်ဟစ်မောင်းထုတ်တော့တာပါပဲ မော်လီ ရယ်"

"အို ... ရိုင်းလိုက်ကြတာ"

"ရိုင်းတာထက် လူမဆန်တာပါ ... ငါလေ တစ် ခါတည်း မျက်ရည်တွေကျလာပြီး ဘာတွေပြောလို့ ပြောမိမှန်းတောင်မသိပါဘူး ... သိသလောက်က တော့ သူတို့ရဲ့နည်းစံနစ်တွေကို တောင်းခံမိတာပါ၊ သူတို့အောင်မြင်လာကြတယ်လို့ထင်တာကိုး ... သူတို့ တစ်အိမ်လုံးဟာလည်း **Bone Marrow Typing** လုပ်လာခဲ့ကြပြီးသားတွေမို့ ... တူများသာတူခဲ့ရင် အင်္ဂလန်ခေါ်ပြီး လှူစေချင်တဲ့ဆန္ဒလည်းရှိတယ် ... ဒါပေမယ့် ခြံတံခါးတောင်မဖွင့်ပေးဘဲ အော်ပဲထုတ် တာပါပဲဟယ် ... နောက်မှပြန်သိရတာက သူတို့ မိသားစုထဲက ရောဂါဖြစ်တဲ့ကောင်မလေးက ဆေး ပေးပြီးကုတာမှာ **Remission** တောင်ပြန်မရခဲ့လို့ ရန်ကုန်ကို ဒီအတိုင်း အမြန်ပြန်သယ်လာခဲ့ရတာ တဲ့ ... ငါ ပထမတစ်ခါသွားတုန်းက အိမ်ထဲမှာ ကောင်မလေးရှိနေတုန်းပဲ ... မဆုံးသေးဘူးတဲ့"

"အင်း ... နောက်တော့ကော"

"ငါကလည်း ငါ့အပူနဲ့ငါပဲမဟုတ်လားဟယ် ... သူတို့ **Remission** ပြန်မရတာလည်း မသိပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ငါ့ညီမရတာပဲ တတွင်တွင်ပြောမိတယ်ထင်ပါရဲ့ … အဲဒီမှာ မနာလိုလုံးဆိုကြတာနေမှာပေါ့ … နောက်လုပ်ငန်းကတော့ အလွယ်တကူရောင်းလို့ရလိုက်ပေမယ့် … အိမ်နဲ့ခြံက လွယ်လွယ်ရောင်းမရလို့ ငါလန်ဒန်ကို မပြန်နိုင်သေးဘဲ ဒီမှာပဲရှိနေဆဲမှာ အန်တီရီမှာဆီက „ သတင်းတစ်ခုထပ်ရတယ်"

မော်လီက မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ပြုတ်ကျလာသည့် ဦးကို စိတ်မသက်သာစွာကြည့်ကာ လက်ကိုင်ပဝါလေး လှမ်းပေးလိုက်သည်။

"စက်ဘုက အန်တီရီမာ့မိတ်ဆွေ မြန်မာသမားတော်ကြီးတစ်ယောက် အလုပ်လုပ်နေတဲ့ဆေးရုံမှာ သူတို့က လာကြိုးစားသွားကြတာတဲ့လေ … အဲဒီကမှ စစ်တည်နိုင်ရဲ့ Bone Marrow Type Result ကို သိလိုက်ရတယ်တဲ့ … ငယ်နဲ့တူတယ်တဲ့ Match ဖြစ်နိုင်ပြီး စစ်တည်နိုင်ဟာ ငယ့်အတွက် Donor အလှူရှင် ကောင်းကောင်းဖြစ်လာနိုင်တယ်တဲ့"

"ဟယ်"

"ငါလေ … ငါ့မျက်နှာကို ဟိုးခြေဖဝါးအောက်ထိချပြီး အဲဒီအိမ်ကို ဒုတိယတစ်ခေါက်ပြန်သွားခဲ့ပါတယ် … ဦးမြတ်အောင်ကြီးရဲ့ခြေထောက်ကို ဖက်မတတ်ဘဲ … လူ့အသက်တစ်ချောင်းကိုစွမ်းမို့ ကူညီပါ ဦးလေးရယ်လို့ ရှုးလုလုတောင်းပန်ခဲ့ပါတယ်၊

ဒါပေမယ့် ငါကြားရတဲ့သတင်းကို သူကမဟုတ်ပါဘူးတဲ့ ငြင်းတယ် … ငါက ဟုတ်ဟုတ်မဟုတ်ဟုတ် ကျွန်မမိဘတွေ စိတ်ချမ်းသာရာရရုံလေးတင် စစ်တည်နိုင် အင်္ဂလန်ကို လိုက်ခဲ့ပေးပါလို့ ဒူတ်တောင်းဆိုပော့ … ငါတောင် စိတ်မချမ်းသာနိုင်တာ တခြားဘယ်သူ စိတ်ချမ်းသာသာမသာသာ ငါလုံးဝဂရုမစိုက်နိုင်ဘူးဆိုတဲ့ အရက်စက်ဆုံးစကားကို ပြောတော့တာပါပဲ …

ငါ အကျယ်ကြီးအော်ငိုလိုက်တယ် … ဒါပေမယ့် စစ်တည်နိုင်ရဲ့ "မကူညီနိုင်ဘူး" ဆိုတဲ့ ကျိုးအော်သံကြီးက ငါ့ငိုသံထက်တောင်မှ ပိုကျယ်ပါလိမ့်ဦးမယ်"

"သူတို့ ဘာကြောင့်များ အဲလောက်ထိရက်စက်နိုင်ကြပါလိမ့်နော် … တကယ်ဆို သူတို့က တခြားလူတွေထက်တောင် ပိုပြီးကိုယ်ချင်းစာနိုင်ရမှာပေါ့"

"သူတို့အိမ်မှာ ရှေ့ဆင့်နောက်ဆင့် တစ်ပတ်တည်းမှာ လူနှစ်ယောက်အပြိုင်ဆုံးထားကြတယ်လေ … သူတို့နှစ်ယောက် တကယ့်ကို ရူးသွပ်နေခဲ့တဲ့အချိန်မိုင်းပေါ့"

"ဟင် … ဘယ်သူဆုံးတာလဲ"

"ငါ့လိုပါပဲ … ကောင်မလေးဆုံးတော့ သူ့အမေလည်းဆုံးသွားတယ်"

www.burmeseclassic.com



ဦးရဲ့မေမေကတော့ ငယ်ဆုံးပြီး တစ်လနဲ့ဆယ့်သုံးရက်အကြာမှာ လိုက်ဆုံးခဲ့ခြင်းဖြစ်ပါသည်။ ဦးမှာတော့ သူများတစ်နိုင်ငံမှာ သွားဖြစ်တဲ့ ဒီအသုဘနှစ်ခုစလုံးကို မမီလိုက် ...။ ငယ်က Remission ရပြီးကာမှ Relapse ပြန်ရသွားကာ infection ပေါင်းစုံဝင်လာပြီး ဆုံးပါးရခြင်းဖြစ်သည်။ မေမေကတော့ နှလုံးရောဂါရော စိတ်ဒဏ်ရာပါ ပါမှာပေါ့။

မေမေ့ကိစ္စပြီးတာနဲ့ ချက်ချင်းပြန်ချလာတဲ့ ဖေဖေ့ကို လေယာဉ်ကွင်းမှာ သွားကြိုစဉ်က ဖေဖေ့သူငယ်ချင်းများနဲ့ ဆွေမျိုးများမပြောနဲ့ ဦး ကိုယ်တိုင်တောင်မှ ရုတ်တရက်မှာ မမှတ်မိပါ။

ပါးရိုးနားရိုးတွေကျနေသော လူပိန်မိန်ကိုင်းကိုင်းကြီးတစ်ယောက်ဟာ အသက်မရှိတော့သလို မျက်ဝန်းသေ မွဲခြောက်ခြောက်ကြီးများနှင့် ... မေမေဆုံးစဉ်က အုတ်နံရံနှင့် ခေါင်းနှင့် ပစ်တိုက်ထားသဖြင့် လေးချက်ချုပ်ထားရသော နဖူးကဒဏ်ရာကလည်း မကျက်သေး။ ဖေဖေ့ကြည့်ရတာ စိတ်ဝေဒနာသည်ကြီးတစ်ယောက်နှင့်ပဲတူနေသည်။

ဒီနောက်မှာတော့ စားချိန်အိပ်ချိန် မမှန်တော့တဲ့ဖေဖေ့ကိုလည်း တစ်နှစ်အတွင်းမှာပဲ ဦးက ထပ်မံပြီး လက်လွှတ်ဆုံးရှုံးလိုက်ရပါတော့သည်။ ဦးတစ်ယောက်တည်း တစ်ကောင်ကြွက်ဖြစ်ကျန်ရစ်သည်လေ။





"နင် နာမယ်ဆို နာသင့်ပါတယ်"

"ဟုတ်တယ် ... နာတယ် ... နောက်ပိုင်း သူတို့သတင်းကို မျက်ခြေပြတ်မခံဘဲ လိုက်စုံစမ်းနေတော့ အန်တီရီမှာဆီကရတဲ့ ဒုတိယသတင်းကလည်း မှားကြောင်းသိလာရတယ် ... စစ်တည်နိုင်ရဲ့ Bone Marrow Type ဟာ ဘာမှန်းဆိုတာ မရေရာပါဘူး၊ စင်္ကာပူက ဆရာဝန်ကြီးက မှားပြောခဲ့တာပါ ... ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ငါနာတယ် ... ငါ့ကို ဘဝတူချင်းမစာနာတာ ... ခွေးတစ်ကောင်လို မောင်းထုတ်တာ ... ငါ့စိတ်ဓာတ်တွေ ဟိုးအောက်ထိကျနေခဲ့တုန်းမှာ ထပ်ပြီး ပြားပြားချေပစ်ခဲ့တာတွေအတွက် ငါသိပ်နာတယ် ...

သူတို့ဟာ ငါနဲ့ ဘဝတူတွေပဲဆိုပြီး ငါက တောင် တစ်ပြန်စီး ကိုယ်ချင်းစာတွေးပြီး သနားမိ ရတာကသတ်သတ် ... နာတာကသတ်သတ်ပဲ ... ဒါကြောင့်မို့လည်း ငါ သူတို့ခြံရှေ့မှာ ကျိန်တွယ် ခဲ့တဲ့ "ဦးလေးတို့ တစ်သက်မှာ အကြီးအကျယ် နောင်တရစိတ်ဆင်းရဲစရာတွေ ဖြစ်လာရအောင် လုပ်ကိုလုပ်ပါ့မယ်" ဆိုတဲ့စကားကို ဖြစ်လာအောင်ကို ငါလုပ်တာ"

"ဒါပေမယ့်"



www.burmeseclassic.com

www.burmeseclassic.com



မော်လီက စကားကို ခဏရပ်ထားလိုက်သည်။

"ဒါပေမယ့် ဘာဖြစ်လဲ"

"နင့် နည်းကြီးက မဟုတ်သေးပါဘူးဟယ် ... အရင်ကအနာတွေနဲ့ ဘယ်လိုမှပတ်သက်ဆက်စပ်လို့ မရပါဘူး ... ဒီပြင်နည်းတစ်နည်းလောက် နင် သုံးခဲ့ဖို့ကောင်းတယ် ... ခုဟာကတော့"

"အသက်အစိတ်တောင် မပြည့်သေးတဲ့ တစ်ကောင် ကြွက်မိန်းကလေးတစ်ယောက်အနေနဲ့ တခြား ဘယ် နည်းလမ်းကို သုံးရဦးမလဲ မော်လီ ... ငါစဉ်း စားလို့မရတော့ဘူး၊ ငါ့ဆွေမျိုးတွေသိကြရင်တောင် တရားပြကြ ... နားချကြနဲ့ ငါထင်ရာမလုပ်ရ တော့မှာစိုးလွန်းလို့ တမင်သက်သက် သူတို့တွေကို ပါ အဆက်ဖြတ်ပစ်ပြီး ဆွေမဲ့မျိုးမဲ့ တစ်ကောင် ကြွက်လိုဘဝမျိုး ငါနေခဲ့တာ"

ခုတော့ သူ့နည်းလမ်းက သိပ်မအောင်မြင် တဲ့အပြင် ဟိုတစ်ဖက်က 'စစ်တည်နိုင်' ဆိုတဲ့ လူသား မဟာက ဘယ်လိုမှ ထိခိုက်မှုမရှိပါဘူးလို့ မော်လီတို့ သိ ကြရပြီးပြီ။ မော်လီ့အတွက်ကတော့ အဲဒီအချက်ကတော မှ ထပ်မံပြီး ထိပါးစော်ကားမှုကိုခံရတာဟု မြင်ပါသည် ကိုယ်နှင့် ချစ်သူဘဝရောက်ခဲ့ကြသည့် ယောကျ်ားသားတ ယောက်အတွက် ကိုယ်က ဖျက်လို့ ပျက်ရသည့်မင်္ဂလာ အပေါ် ဘယ်လိုမှ မခံစားရပါဆိုတာလောက် ကိုယ့်သိက္ခ





အလိပ်လိုက်ချပစ်တာမျိုး ရှိဦးမလား။

သို့ပေမယ့် မီးလောင်ရာလေပင့် မဖြစ်ချင် အမို့ ဒီတစ်ချက်ကိုတော့ မော်လီက နှုတ်ပိတ်ထားလိုက် ည်။

"စစ်တည်နိုင်က တစ်ဦးတည်းသောသားဆို"

"ဟုတ်တယ်"

"ဦးမြတ်အောင်ကလည်း မွေးစားအဖေဆိုတော့ ခု ဆုံးသွားတယ်ဆိုတဲ့ ညီမက ဘယ်ကလဲ"

"မသိဘူးလေ ... ဦးမြတ်အောင်ရဲ့သမီးရင်းဖြစ်မှာ ပေါ့ ... ငါ အရင်က လိုက်စုံစမ်းတုန်းက မိတ္တီ လာက အဖေ့အကြောင်းတောင် ဘာမှသိခဲ့တာမဟုတ် ဘူး ... အဲဒီသုံးယောက်ကို အရင်းပဲထင်နေတာ"

"ဒါဖြင့် စစ်တည်နိုင်နဲ့ အဲဒီကောင်မလေးက ဘာ မှမတော်ကြဘူးပေါ့နော် ... အဲဒါနဲ့တောင် ကောင် မလေးဆုံးသွားတာကို စစ်တည်နိုင်က အရူးတစ်ပိုင်း ဖြစ်ကျန်ရစ်ရသလား"

ဦးက မော်လီ့ကို ဖျတ်ခနဲလှည့်ကြည့်လိုက် ည်။ ပြီးမှ ခေါင်းတစ်ချက်ခါလိုက်ရင်း ...

"အဲဒါက ငါနဲ့မဆိုင်ပါဘူး ... သူ့ဘာသာသူ ဘယ် သူ့အတွက် ရူးရူးပေါ့ ... ငါစိတ်ဝင်စားတာက ငါ ဘာဆက်လုပ်ရမလဲ"

"ဘာလုပ်ချင်သေးလို့လဲ ... နောက်တစ်ကြိမ်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး လက်စားချေဖို့ကြိုးစားယူဦးမလို့လား ... ရမှာ
မဟုတ်တော့ဘူး ဦး ... ဦးဆိုတဲ့နာမည်ကြားရုံနဲ့
စစ်တည်နိုင်တို့သားအဖက လုံးဝ ဝေယျာမနိုလုပ်ပြီး
သားဖြစ်နေကြတော့မှာ ... နင့်အတွက် အခွင့်
အရေးက အရမ်းနည်းပါးသွားပြီ ... တစ်ယောက်
ဂိတ်ဘင်းရဲကျန်ဖို့ နောက်တစ်ယောက်ကို နင် စား
နဲ့ဝင်ခုတ်ပိုင်းမှပဲ ရတော့မယ် ... အဲဒါကလွဲရင်
ဘာမှမရှိနိုင်တော့ဘူး"

ဦးက နှုတ်ခမ်းလေးကိုက်ကာ ငြိမ်တွေနေ
ရင်းမှ ...

"အဲဒါတွေ ခဏထားလိုက်ပါ ... နင့်ကို ငါ
အတူ ဒီအိမ်မှာလာနေဖို့ကိစ္စကို မမခင်က ဘာပြော
သေးလဲ"

"သွားနေပေးလိုက်တဲ့ ... မမခင်က နင့်ကို စိတ်
သာဆိုးတာပါ ... ချစ်ခင်မှုကတော့ မလျော့ပါဘူး
ခု နင်ပြောပြတာတွေ သူ့ကို ပြန်ရှင်းပြလိုက်ရင်
ပိုလို့တောင်မှ ကရုဏာသက်သွားဦးမယ် ... ငါ
လာနေပေးတာက နေပေးလို့ရပါတယ် .. ဒါပေမယ့်
ဒီအိမ်ကို ငှားထားပြီး အဆောင်မှာပဲ ဆက်နေရင်
နင် ဝင်ငွေမရဘူးလား ... မမခင်ကို ငါပြောပေး
မယ်လေ"

"ငါ ... ငါ့အကြောင်းတွေကို လူစုမိတိုင်း ဖိုင်





ဖွဲ့ပြောကြမယ့်နေရာမျိုးမှာ မနေချင်တော့ဘူး"

"ဒါဖြင့် အလုပ်ပြန်ဆင်းဖို့ရော"

ဦးက ဖေဖေ လက်လွှဲရောင်းလိုက်သော အလှ
ကုန်လုပ်ငန်းရှင် ဖေဖေ့သူငယ်ချင်းဆီမှာ ပြန်ပြီးအလုပ်ဝင်
နေခဲ့ခြင်းဖြစ်သည်။

"ငါထင်တယ် ... သူတို့လည်း ငါ့အကြောင်းကို
အနေးနဲ့အမြန်တော့ သိကြမှာပဲ ... ငါ့ကို ဆူမှာ
ပဲ ... ငါ့အကြောင်းတွေကို တွတ်တွတ်,တွတ်တွတ်
နဲ့ပြောကြမှာပဲ"

"နင် အဲဒါတွေအားလုံးကို လိုက်ရှောင်ပြေးနေရရင်
ဘယ်နားသွားနေရတော့မလဲ ... ဒါဖြင့်ရင်လည်း
ဘာလို့ အစတည်းက ဒီလိုဖြစ်နိုင်တယ်လို့ ကြို
စဉ်းစားထားပြီးမှ မလုပ်ခဲ့တာလဲ"

မော်လီက အော်ပြောလိုက်ပြီးမှ ပြန်သနား
သွားမိသည့်အတွက် လေသံကို ပြန်လျှော့ချလိုက်သည်။ သူ့
အဖေရော အမေရောဟာ ဒီညီမတစ်ယောက်အတွက် စိတ်
ဒုက္ခပိပြီး သေဆုံးခဲ့ကြရတာ ... ။ ဦးမြတ်အောင်နဲ့စစ်
တည်နိုင်တို့ဟာလည်း တစ်ပတ်တည်းမှာ ရှေ့ဆင့်နောက်
ဆင့် ဆုံးကုန်ကြတဲ့ သားအမိနှစ်ယောက်အတွက် အရူး
တစ်ပိုင်းတွေဖြစ်ကုန်ကြတာဟု ပြောခဲ့သော ဦးကိုယ်နှိုင်
ကိုက တကယ့်အရူးမလေးတစ်ယောက်လို ရှေ့နောက်မတွေး
ဘဲ ထင်ရာလုပ်ခဲ့တဲ့သဘောဝါပဲ။

www.burmeseclassic.com

www.burmeseclassic.com



စိတ်မှာ ဒဏ်ရာရလွန်းလို့ ဦးကိုယ်တိုင်များ အတွေးအခေါ်တွေ မမှန်နိုင်တော့ဘဲ အနည်းငယ်ရူးသွပ်လို့များသွားခဲ့သလား ... ။

"နင် ခရီးထွက်မလို့ဆိုပြီး ခရီးလည်းမထွက်လိုက်ဘူး"

"အဲဒီနေ့က လက်မှတ်သွားဝယ်တာ အဘိုးကြီးကို ဂိတ်မှာဆုံလိုက်ရတော့ လုံးဝထွက်ချင်စိတ်မရှိတော့တာနဲ့ လက်မှတ်ပါ အဆုံးခံလိုက်တယ်ဟာ"

"ဒါဖြင့် သူတို့ရဲ့စိန်တွေရော"

"ပြန်ပို့လိုက်ပြီ"

ဦးက ပြောရင်း နှုတ်ခမ်းကိုက်ကာ ခေါင်းငုံ့ချလိုက်သည်။ အဲဒီနေ့ကများ ကိုယ့်မျက်နှာကိုယ် ဓားနဲ့သာ အပိုင်းပိုင်းလှီးပစ်လိုက်ချင်ပါရော။ တမင်တကာကြီးကို စစ်တည်နိုင်မရှိနိုင်မည့် သူ့အလုပ်သွားချိန်ကိုရွေးကာ သူ့တိုက်ခန်းသို့ သွားခဲ့ပြီး ... တံခါးက ဘဲလ်လည်းတီးလိုက်ရော မြန်းဆို တံခါးပွင့်ပြီး စစ်တည်နိုင်ကြီးက တံခါးဝမှာ ပေါ်လာပါရော ... ။

ဦးမှာ ရုတ်တရက်ကြီးမို့ ကြောင်အကာ ဘာလုပ်ရမည်မှန်းမသိ။ သူကလည်း တံခါးရွက်ကိုကိုင်ကာ တည်တည်ကြီးရပ်နေဆဲ ... သူ့နောက်ပါးမှ သူ့အဖေကြီး ဘွားခနဲပေါ်လာတာမို့ သူ့ကိုကျော်ပြီး အဖေကြီးလက်ထဲ ရတနာဘူးလေးကို ထိုးထည့်ကာ တိုက်ခန်းလှေခါးကျဉ်းလေးမှ ပြန်ဆင်းပြေးလာခဲ့ရပါသည်။

"ခြေချော်ကျမယ်" ဟု နောက်ကနေ လှမ်းအော်လိုက်သောအသံမှာ စစ်တည်နိုင်၏အသံမဟုတ်။ သူ့အဖေကြီး ဦးမြတ်အောင်၏အသံသာ ... ။ ဦးကတော့ ကိုယ်တိုင်က မေတ္တာတုံးနေမိလို့ မကောင်းတွေပဲ တွေးမိတာလားတော့မသိ။ "ခြေချော်ကျမယ်" ဟူသောအသံမှာ စေတနာသံထက် လှောင်ချင်ပြောင်ချင်ဟန်များ ပိုစွက်နေခဲ့သလားလို့ ... ။

ဦးမှာ ဘာမှလုပ်လို့မရတိုင်း 'တောက်'ကြီးပဲ တစ်လမ်းလုံးခေါက်ကာ ကျိတ်မနိုင်ခဲမရ အိမ်ပြန်ရောက်ခဲ့ရပါသည်။

"စု သူနေနေတာက နင်အရင်က နစ်ခေါက်ရောက်ခဲ့တယ်ဆိုတဲ့ အိမ်လား"

"မဟုတ်ဘူး ... အဲဒီအိမ်ကလေးကိုပိတ်ပြီး သူတို့သားအဖပျောက်သွားကြသေးတာ ... နောက်မှ စစ်တည်နိုင်တစ်ယောက်တည်း အဲဒီတိုက်ခန်းလေးကို ပြန်ရောက်လာပြီး ရန်ကုန်မှာ ပြန်ခြေချလှုပ်ရှားလာတာ"

မော်လီကတော့ ဖြစ်ပျက်ခဲ့သည့်အဖြစ်အပျက်အတွက် ရင်ထဲမှာ ထွေးထွေးရှုပ်ရှုပ်ရှိနေဆဲ ... ဦးအသိုင်းအဝိုင်းကြီး တွယ်တာညီတွယ်ခဲ့ပုံမပြတဲ့ စစ်တည်နိုင်တစ်ယောက် ဦးနှင့်လက်ထပ်ဖို့အထိ ဆုံးဖြတ်ချက်ချလာဖြစ်







www.burmeseclassic.com

www.burmeseclassic.com



အောင် ဦးတစ်ယောက် ဘယ်လိုများ လုံးပန်းယူခဲ့ပါလိမ့်။ မော်လီတို့လောက်တောင် လှုပ်ခတ်သွတ်လက်မှုမရှိခဲ့တဲ့ ဣန္ဒြေရှင်မိန်းကလေးတစ်ယောက်အတွက် အဲဒီအချက်က အတော်ကြီး ထူးဆန်းအံ့ဩကာ စဉ်းစားချင်ဖွယ်ဖြစ်ပါသည်။

❀ ❀



# အခန်း(၃)

ထိုအခန်းထဲကို ဝင်လိုက်ရင် ကိုယ့်ကို ဝိုင်း
းစိုက်ကြည့်ကြတော့မည့် သူငယ်မများ၏ အကြည့်ကို
စစ်တည်နိုင်' က ရင်မဆိုင်ချင်ပါ။ ထိုသူငယ်မများဟာ
ိုးအရင်ကတည်းက စစ်တည်နိုင်ရဲ့အပေါ်မှာ လိုအပ်တာ
က် စိတ်ဝင်စားမှုပိုနေကြသလိုပါပဲ။ ဒီကွန်ပျူတာခန်း
ဲက သူငယ်မများတင်မကပါဘူးလေ။ ဒီကုန်ပဒေသာ
ိုက်ကြီးကအရောင်းစာရေးမလေးတွေရော၊ Accountant
များရော ... အုပ်ချုပ်ရေးမှူးအစ်မကြီးပါ စစ်တည်နိုင်
ို စိတ်ဝင်တစားရှိကြတာ ကိုယ့်ကိုကိုယ် သိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြောရမယ်ဆိုရင် ... ဒီကုန်ပဒေသာတို့
ကြီး၏ပိုင်ရှင်ရဲ့ သားနှစ်ယောက်သည်လည်းပဲ လူပို
ရှယ်များ ... ။ မန်နေဂျာချုပ်သည်လည်း အသက်အရွ
ယ်ကြီးပြီဖြစ်ပေမယ့် ... မိန်းကလေးတွေကျနိုင်ဆဲ
ရည်နှင့် လူပျိုကြီး ... ။ တခြားလူပျိုမန်နေဂျာပေါ
များလည်း လက်ညှိုးထိုးမလွဲ။

သို့သော် သူ Section အလိုက် ခွဲထား
လုပ်ငန်းခွဲတစ်ခုမှ မန်နေဂျာပေါက်စ စစ်တည်နိုင်ကို
စိတ်ဝင်စားလိုသူများကြတာကတော့ ဘုရားပေးသည့်ဆု
သာ ဖြစ်ပေလိမ့်မည်။

အေးဆေးလိုသော စစ်တည်နိုင်အဖို့က
ထိုဆုကို မက်မောခြင်းမရှိတဲ့အပြင် စိတ်တောင်ရှုပ်ရ
ရပါသေးသည်။ ကိုယ့်ကို လူတွေက အကဲခပ်ဝိုင်းကြည့်
မျိုး ... ။ ကိုယ့်အကြောင်းကို ကိုယ့်ရှေ့တင် အုပ်
ဝိုင်းပြောနေကြတာမျိုးတွေကိုမှ ကိုယ်က ခံနိုင်ရည်မရှိ
မနှစ်မြို့တတ်တာပဲလေ။

ကိုယ်ဟာ နဂိုတည်းကမှ စင်ပေါ်က
တစ်ယောက်လို အနေရခက်လှတဲ့ကြားတည်း ... ခု
စင်ပေါ်မှာ ရောက်နေရရုံတင်မက မီးရောင်ကွက်ကွက်
ဝိုင်းလေးထိုးထားခံရတဲ့အဖြစ်မျိုးထိ ဖြစ်သွားရအောင်
တစ်စုံတစ်ယောက်က စေစားဆောင်ရွက်ခဲ့ချေပြီ။

"ဦး ... "





ပြန်မတွေးချင်ပေမယ့် ထိုမိန်းကလေးကို စစ်
တည်နိုင်က အမှတ်ရလို့တော့ နေတတ်ပါသည်။ သူမဟာ
စစ်တည်နိုင်ရဲ့ ချစ်သူရည်းစားတစ်ယောက် ဖြစ်ခဲ့ဖူးရုံမက
"အခါတော်ပေး" သီချင်းသံနှင့်တကွ လမ်းတစ်ဝက်လောက်
အထိအတူ လက်တွဲလျှောက်ခဲ့ဖူးသူဖြစ်သည်လေ။

ထင်သည့်အတိုင်းပင် ကွန်ပျူတာအခန်းထဲ
လှမ်းဝင်လိုက်တာနဲ့ ထမင်းဝိုင်းစုစားနေကြပြီဖြစ်သည့် မိန်း
ကလေးတစ်စုတို့၏ ခေါင်းများက ဝုန်းခနဲ စုဆိုင်သွားကြ
သည်။ လက်ထပ်ပွဲအပြီး ခရီးထွက်ကြဖို့ပါခွင့် ပိုယူထား
တာမို့ ဒီကနေ့ဟာ စစ်တည်နိုင်အတွက် အပြောင်းအလဲတွေ
ဖြစ်ပြီးမှ ပထမဆုံး ရုံးပြန်တက်သည့်နေ့ဖြစ်နေသည်မဟုတ်
လား။ စစ်တည်နိုင်က စိတ်ထဲကပဲ ကျွတ်ခနဲ တစ်ချက်
လုပ်လိုက်ကာ ထမင်းစားပွဲမှာမရှိဘဲ တစ်ယောက်တည်း
အလုပ်ကုန်းလုပ်နေဆဲဖြစ်သည့် ကောင်မလေးတစ်ယောက်
ထံ ရွေးချယ်လျှောက်သွားပြီး ...

"မနက်ဖြန် ကျွန်တော်တို့ Section မှာ စာရင်းစစ်
ဝင်မလို့ ... အဲဒါ ဈေးနှုန်းအသစ်လေးတွေပြင်
ကပ်ဖို့စာရင်းလေး ... ဒီနေ့အပြီးရိုက်ပေးနိုင်မလား
လို့ ... ညနေကျမှရလည်း ဖြစ်ပါတယ်"

"ဟုတ် ... ဟုတ်ကဲ့ ... ကိုစစ်တည်နိုင်"

နေရင်းထိုင်ရင်း ခေါင်းငုံ့ချတော့မလိုပို
သူ့အပြစ်ရှိလို့ပဲ ကြောက်နေသလိုလို ... မရှော[illegible]



www.burmeseclassic.com

www.burmeseclassic.com



တတ်သလိုလိုဖြစ်နေတဲ့ ကောင်မလေးကို စစ်တည်နိုင်က ထူးဆန်းစွာ တစ်ချက်စိုက်ကြည့်လိုက်ချိန်မှာ မလုံမလဲနှင့် အိုးမလုံအုံပွင့်ဖြစ်လာသည့် ကောင်မလေးက ...

"ဟို ... ဟို ... ကိုစစ်တည်နိုင် ... ပပက "မိသားစု" ကပါ"

"ဗျာ"

"ဟိုတစ်နေ့က ခြိပ္ပဲကို ပပလည်းရောက်ပါတယ်၊ အဲဒါ ... ဟို ... ကြုံရင် စိတ်မကောင်းပါဘူးလို့ တောင်းပန်ဖို့ပါပဲ ... အဲဒါ ... ခုမှကြုံလို့"

စစ်တည်နိုင်က သက်ပြင်းမောတစ်ချက်ကို မှုတ်ထုတ်လိုက်မိသည်။ ကိုယ်တော့ စကားဝိုင်းကို ရှောင်ဖယ်ကာ တစ်ယောက်တည်းသမားကို ရွေးချယ်မိကာမှ လူရွေးကတော့ ကောင်းကောင်းကြီးမှားခဲ့ပြီ။

"ခင်ဗျားအပြစ် ဘာရှိလို့တောင်းပန်ရမှာလဲ"

စစ်တည်နိုင်က ဘုတောလိုက်သည်။

"ဟို ... မဦးဟာ ပပတို့ရဲ့အဆောင်ကမို့ ... ဟို ဒါပေမယ့် .. ကိုစစ်တည်နိုင်နဲ့ မဦးတို့ရဲ့ဇာတ်လမ်းကို ပပ အရင်က လုံးဝမသိခဲ့ရိုးအမှန်ပါ"

"အဲဒါနဲ့ပဲ ခင်ဗျားမှာ အပြစ်တွေပိနေရောလား"

"ဟို ... အဲလိုတော့မဟုတ်ဘူးပေါ့ ... ဒါပေမယ့် ပပကလည်း အဲဒီပွဲကိုလာမိတော့ ကိုစစ်တည်နိုင်များ ပပကို စိတ်ဆိုး"



"ဟာ ... ဘာဆိုင်လဲ ... ခင်ဗျားကို ကျွန်တော် သိတောင်မသိဘူး ... အဲဒီကိစ္စက ထားလိုက်ပါ၊ ခုလုပ်ငန်းခွင်အချိန်ကြီးအတွင်းမှာ သိပ်အရေးမကြီးလှတဲ့ ကိုယ်ရေးကိုယ်တာတွေနဲ့ လုပ်ငန်းကို မထိနိုက်ကြစေကြးပေါ့ ဟုတ်လား ... ကဲ ... ဒီစာရင်းတွေက ဘယ်တော့လောက်ရနိုင်မလဲ"

"အဲဒီစာရင်းတွေကိုပဲ ခုချက်ချင်းဦးစားပေးပြီး ရိုက်လိုက်ပါ့မယ် ... ပြီးတာနဲ့ ပို့ခိုင်းလိုက်ပါ့မယ်"

အခန်းထဲက ပြန်ထွက်လာချိန်မှာ "အရမ်းခံစားနေရသေးတယ်" ... "အေး ... စကားတောင် အစပ်မခံနိုင်ဘူး" ဟူသော အသံများက တိုးကျိုးကျိုး ပွစိပွစိနှင့် နောက်မှကပ်ပါလာကြလေသည်။

"အရမ်းခံစားနေရသေးတယ်" တဲ့။ ဘာကိုကြည့်ပြီး အဲဒီလိုများ ဆုံးဖြတ်ထည့်လိုက်ကြပါလိမ့်။ ရှက်နေရဆဲဖြစ်တာကို ဆိုလိုချင်တာလား ... ဒါမှမဟုတ် "အသည်းကွဲမင်းသားကြီး" လို့ သတ်မှတ်လိုက်ကြတာလား။

စစ်တည်နိုင်က "တဟင်းဟင်း" အသံထွက်အောင် ခပ်မဲ့မဲ့ရယ်မိကာ ကိုယ့်အခန်းထဲပြန်ရောက်လာခဲ့လေသည်။

"စစ်တည် ... ထမင်းသွားစားတာလား"

"အော် ... ကျော်ဗလ ... ထမင်းမစားနိုင်သေးဘူးကွ ... မနက်ဖြန် ငါတို့ဌာနစာရင်းစစ်ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဝိုင်းကူရမလဲ ... ငါအားနေတယ်"

"ရပါတယ် ... မင်းဆာပြီဆိုလာလေ ... သွ
လိုက်ကြမယ်"

ကျော်ဇလကား စစ်တည်နိုင်လိုပင် ရန်ကု
မြို့ပေါ်မှာ တစ်ယောက်တည်းသမားဖြစ်ပါသည်။ Y.M.C
မှာ အဆောင်နေကာ မနက်ည လမ်းဘေးဆိုင်များကိုသ
အဖော်ပြု လုပ်ကျွေးနေရသူဖြစ်သည်။ စစ်တည်နိုင်က
ညဘက် သိပ်အပြင်မထွက်ချင်တာနှင့် ညစာတစ်နပ်ထေ
ချိုင့်ဆွဲစားနေသေးသည်။

စားနေကျ ကုန်ပဒေသာတိုက်အနီးက ဆေ
ချစ်ညွန့် မြန်မာထမင်းဆိုင်ထဲသို့ အဝင်မှာပင် ခင်မင်
ပြီဖြစ်သော စားပွဲထိုးလေးက ...

"ဟာ ... အစ်ကို ... နောက်ဆို အစ်ကိုက
မင်းချိုင့်ပါလာတော့မှာမို့ မင်းတို့ဆိုင်ကို လာအ
မပေးနိုင်တော့ဘူးဆို"

စစ်တည်နိုင်က မျက်နှာပျက်သွားပြန်က
"မင်းကို ဘယ်သူက ပြောလို့လဲ" ဟု ပြန်မေးလိုက်သည
စားပွဲထိုးလေးက ကျော်ဇလကို လက်ညှိုးညွှန်ကာ "ဒီအ
ကိုပြောတာပဲ" ဟူသော စကား သိပ်မဆုံးချင်သေးခင်မှ
ကျော်ဇလက လက်ကားယားခြေကားယားနှင့် ...

"ထမင်းချိုင့်ယူတာထက် မင်းတို့ဆိုင်မှာဝယ်စားထ
က ပိုကိုက်လို့ပေါ့ကွ ... ဒီဆိုင်လက်ရာကို





နိုင်တာလည်းပါတာပေါ့"

စားပွဲထိုးလေးထွက်သွားပြီးပြီးချင်းပင် ကျော်
ဇလက အားနာသောမျက်နှာထားနှင့် ...

"ဆောရီးကွာ ... စစ်တည်"

"ရပါတယ်ကွာ ... ထားလိုက်ပါ"

"ထားလိုက်ပါ" ဆိုတာတောင် မထားနိုင်
သေးသည့် ကျော်ဇလက စစ်တည်နိုင်ကို "နောင်ဆိုရင်
တော့ အိမ်ရှင်မလက်ရာနဲ့ ထမင်းချိုင့်တစ်လုံးဆွဲပြီး ရုံး
ရောက်လာတော့မယ်ပဲထင်ခဲ့တာကိုးကွ" ဟု ဆက်ပြောနေ
ပြန်သည်။

"အေးပါကွာ ... မင်းကိုလည်း ငါက ဘာမှမပြော
ပါဘူး"

"ပြောတော့ပြောသင့်တယ်"

"ဘာ"

"တစ်ယောက်ယောက်ကို တစ်ခုခု ရင်ဖွင့်လိုက်မှ
မင်းခံစားချက်တွေ သက်သာမှာပေါ့ ... နို့မို့ဆို
ရင်တော့ တစ်ယောက်တည်းပဲ မျိုသိပ်ထားရလေ
အဲဒီခံစားချက်က အရှိန်အဟုန်မြင့်လာလေနဲ့ ဘယ်
တော့မှ မပြီးတော့ဘူး ... မင်း ငါ့ကိုယုံရင် ...
ရင်ဖွင့်နိုင်တယ် သူငယ်ချင်း"

"ဟာ ... လာပြန်ပြီတစ်ယောက်"

"ဘယ်တစ်ယောက်က ငါ့ထက်အရင်ဦးပြီး ပြောခဲ့



www.burmeseclassic.com

www.burmeseclassic.com



လို့လဲ ... ရတယ်လေ ... မင်းကြိုက်တဲ့လူတ
ယောက်ယောက်ကို ရွေးလိုက်ပေါ့ ... အဓိကသ
ရင်ဖွင့်လိုက်ရရင် မင်းစိတ်တွေ ပေါ့သွားဖို့ပဲ"

"ထားလိုက်စမ်းပါ အဲဒါတွေ ... ဒီမှာ ... မင်
ကွန်ပျူတာ Section က ပပဆိုတဲ့ကောင်မလေး
အပျိုလေးပဲလားလို့ လိုက်စုံစမ်းသင့်တယ်"

"ဘာလုပ်ဖို့လဲ"

"အပျိုဆိုရင် မင်းနဲ့လက်ထပ်ပေးလိုက်ဖို့လေ ...
စိတ်တူကိုယ်တူ သဘောညီမျှသူတွေပဲ ... နေရ
ထိုင်ရင်း အလုပ်မရှိ အလုပ်ရှာတွေ"

ကျော်ဇလက ခုမှ သဘောပေါက်သွား
"ဟဲဟဲ" ရယ်နေရင်း ... "မင်း သူ့စေတနာကို
လေးစားသင့်ပါတယ်" ဟု ကိုယ့်ဘက် ကိုယ်ယက်သ
စကားကိုဆိုသည်။ စစ်တည်နိုင်က ကျော်ဇလကိုကြည့်
စဉ်းစားနေမိသည်။ ကိုယ့်ပတ်ဝန်းကျင်က လူမှန်သ
တော့ ကိုယ့်ကို သနားစရာသတ္တဝါတစ်ကောင်အဖြစ်
မြင်နေကြတဲ့ပုံပါပဲ။ သူတို့ရဲ့မျက်လုံးအကြည့်များက
မွန်းနေသည့် ကြွက်စုတ်တစ်ကောင်ကိုကြည့်တတ်ကြသ
အကြည့်မျိုးထက် နည်းနည်းပဲသာသည်လေ။

ကျော်ဇလဆိုတာက ကျောင်းတုန်းထဲက
ရင်းတနှီးကြီးမဟုတ်ဘဲ သိရုံလောက်သိခဲ့ကြပြီး အလု
ရောက်မှ ရင်းရင်းနှီးနှီးပေါင်းဖြစ်ကြတာဆိုတော့ စစ်



နိုင်ဆိုတဲ့ လူတစ်ယောက်ရဲ့အတွင်းသဘောကိုလည်း ဂဃ
နဏမသိနိုင် ...။ ပြီးကျတော့ အဲလိုအတွင်းသဘောမျိုး
ဖြစ်ပေါ်လာစေတဲ့ အတိတ်ကာလရဲ့ ရိုက်ခတ်မှုတွေကိုလည်း
မသိနိုင် ...။

"ရင်ဖွင့်ပါဆိုလည်း ဖွင့်ရုံပေါ့ကွာ ... ဒါပေမယ့်
ဘယ်သူမှ ယုံကြမှာမဟုတ်တဲ့ ယုံတမ်းစကားတစ်ခု
ကို ငါက အဟုတ်လုပ်ပြောပြနေတယ်လို့ပဲ ထင်
ကြမှာပဲ ... ငါ ဘာမှမခံစားရဘူးကွ"

"ဟင်"

"မင်း မယုံဘူးမဟုတ်လား ... ငါပြောသားပဲ"

"နည်းနည်းလေးလောက်ဖြစ်ဖြစ်တော့ ခံစားရမှာပါ
ကွာ"

"မင်းပုံစံက ငါ ဘယ်လိုမှ ပြောလို့ရမယ့်ပုံမပေါ်
ပါဘူး ... နည်းနည်းဖြစ်ဖြစ် ခံကိုခံစားရမယ်ဆို
ရင်တော့ ... ရုတ်တရက် ရှက်သွားတယ်ကွာ ...
ပြီးတော့ မခံချင်ဖြစ်တယ်ကွာ ... ပြီးတော့ ဒေါ
သလည်း နည်းနည်းထွက်တယ်ကွာ"

"နည်းနည်းပဲလား"

"အေး ... နည်းနည်းပဲ ... ဒေါသထွက်တယ်
ဆိုတာလည်း ငါ့ကို လုပ်စရာလားဆိုတဲ့သဘောနဲ့
ထွက်တာနော် ... အားလုံးမျှော်လင့်ထားကြသလို
အသည်းကြီးကွဲပြီး ကျန်နေမယ်တော့မထင်နဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအတွက် ဖြေသိမ့်ပေးချင်နေကြတယ်ဆိုရင်တော့ ငါကပဲ ပြန်ပြီးအားနာရလိမ့်မယ်"

ကျော်ဗလက ရုပ်ရှင်ထဲက စုံထောက်အိုက်တင်နှင့် မျက်နှာကို ခပ်လွှဲလွှဲ ပေစောင်းစောင်းထားကာ မျက်လုံးလေးများကို မှေးကျဉ်းပြီး စစ်တည်နိုင်ကို စိုက်ကြည့်နေသည်။

"ဟိတ်ကောင် ... ရိုးရိုးကြည့်လည်းရပါတယ်ကွာ၊ တော်ကြာ မင်းပဲ အုံးလွဲပြီး မျက်ကြောကိုက်နေဦးမယ် ... ဒီတိုင်း တည့်တည့်ပဲ အကဲခပ်စမ်းပါ"

"ကောင်မလေးက မင်းရည်းစားဆို"

"ဟုတ်တယ်လေ ... ဟင်း ဟင်း ... မင်းမေးမှာ ငါသိပါတယ် ... အင်း ... ဘယ်လိုပြောရမလဲ၊ ဦးနဲ့ငါ လွန်ခဲ့တဲ့ တစ်နှစ်နီးပါးက စ,သိခဲ့တယ်၊ လွန်ခဲ့တဲ့ ငါးလလောက်ကစပြီး ချစ်သူတွေဖြစ်ခဲ့ကြတယ် ... စသိကတည်းက သူ့ပုံစံကို ငါ သဘောကျတယ် ... ငါ တစ်နေ့ အိမ်ထောင်ပြုဖြစ်ခဲ့ရင် ငါနဲ့လက်ထပ်မယ့်မိန်းကလေးဟာ ဒီလိုကောင်မလေးမျိုးပဲလို့ ဆိုတဲ့အတွေးမျိုး ရှိခဲ့တယ် ... ခင်မင်မှုဟာ သုံးလေးလလောက်ကြာလာတာနဲ့ ... ဒီလို ငါသဘောကျတယ်ဆိုတဲ့ ကောင်မလေးမျိုး ထပ်မတွေ့ရတော့မှာ ... ငါလက်ထပ်ဖြစ်တဲ့ မိန်းမလေးကို ဦးလောက် ငါသဘောမကျမိတော့ဘဲဖြ





မှာမျိုးတွေ ငါ စိုးရိမ်လာတယ်လေ ...

အဲဒီတော့ ငါ သူ့ကိုဖွင့်ပြောပြီး propose လုပ်လိုက်တယ် ... ပြောကတည်းက ငါ လက်ထပ်ဖို့အတွက် သဘောကျတဲ့မိန်းကလေးဆိုလို့ ဦးတစ်ယောက်တည်းပဲရှိခဲ့တဲ့အတွက် ငါ့ကို လက်ထပ်ဖို့စဉ်းစားပေးပါလို့ပဲ ငါပြောခဲ့တယ်လေ"

ကျော်ဗလမျက်နှာက ခပ်ရှုံ့ရှုံ့ဖြစ်သွားလေသည်။

"သူက နှစ်လလောက်နေတော့ ငါ့ကိုအဖြေပေးတယ်၊ ငါ့ကို သူလက်ထပ်ပါမယ်တဲ့"

"ဟင် ... မင်းတို့ဟာက ဘယ်မှာလဲအချစ်"

"မသိဘူးလေ"

"မနိပ်ပါဘူးကွာ ... အဲဒါကြောင့် ဒီလိုတွေဖြစ်ကုန်တာပေါ့"

စစ်တည်နိုင်က ပခုံးတစ်ချက်သာ တွန့်ပြလိုက်သည်။ အဲဒါကြောင့် ဒီလိုတွေဖြစ်ကုန်တာတော့မဖြစ်နိုင်ပါဘူး။ ကြားခံလူတစ်ယောက်ရဲ့ မိတ်ဆက်ပေးမှုနှင့် ချင်းချင်းသိကျွမ်းလာခဲ့ရသော ဦးဟာ စတင်လာကတည်းက ရည်မှန်းချက်ပန်းတိုင်တစ်ခုကို ဆုတ်ကိုင်လာခဲ့ပြီးသားဖြစ်မှာပါ။ သူ သုံးသွားခဲ့တဲ့နည်းက ကောင်းလွန်းလို့ စစ်တည်နိုင်တစ်ယောက်လည်း ဘာဆိုဘာမှ မရိပ်မိလိုက်ဘဲ အလိုက်သင့်မျောပါသွားခဲ့ရတာဖြစ်မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



မလှုပ်တလှုပ် မထုံတက်တေးနှင့် မြိုစိစိနိုင်
သော မိန်းကလေးဟာ ကိုယ့်ရဲ့လက်ထပ်ခွင့်ကို အရရှ
ယူမည့်သူလို့ ဘယ်ယောက်ျားလေးတစ်ယောက်က ထင်
မှာတဲ့လဲ ...။ "ရေလာမြောင်းပေး" အတင်းကြီးလုံးကျ
နေတတ်ကြသောမိန်းကလေးမျိုးတွေကိုသာ အထင်တသေ
နှင့် ချောင်ရှုးချင်ကြသောယောက်ျားများဟာ မမျှော်လင့်
ဘဲ ကျော့ခိုင်းထားသလိုလိုနှင့် တိုက်ပွဲဆင်နေတတ်ကြတ
မျိုးကိုမှတော့ အငိုက်မိသွားတတ်ကြသည်လေ။

ချစ်သူရည်းစားရယ်လို့ လေးငါးလဖြစ်ခဲ့ကြ
သည့်အချိန်တွင်းမှာလည်း မြို့ထဲ ဘာညာ ဟိုသွားဒီသွာ
လမ်းဖြတ်အကူးလောက်မှတင်သာ ဖေးမရုံကူညီရုံသက်သ
လက်ကလေးကိုင်တွဲပေးဖူးတာလောက်သာ အလွန်ဆုံးဖြ
တဲ့ သူတို့နှစ်ယောက်ဟာ မရိုးသားစိတ်နဲ့ လက်ဖျားချင်
အသားချင်းမထိခဲ့ကြဘူးတာဟာလည်း ဘေးလူတွေအတွ
တော့ ယုံတမ်းသက်သက်ဖြစ်ချင်ဖြစ်နေမည်။

သူမကတော့ ကိုယ့်အကြိုနှင့်ကိုယ်နေမှာပေ
စစ်တည်နိုင်ကတော့ ကိုယ့်ချစ်သူအဖြစ် သတ်မှတ်ထား
သားမိန်းကလေးနှင့် သာယာသောစိတ်ရှိခဲ့ပေမယ့် တမင်
အနေတည်လှတဲ့သူမလေးကြောင့်ပဲ "ကိုယ် တစ်နေ့မှာ လ
ထပ်ပြီး ယူကိုယူမယ့်မိန်းကလေး" ဆိုတဲ့ တန်ဖိုးထားမှ
ကိုသာ ရှေ့တန်းတင်ပေးခဲ့ပါသည်။

"ကိုယ့်ကိုတကယ်ချစ်ရဲ့လားဟင်" ဟု ထ





ခါမှ မမေးဖြစ်ခဲ့ခြင်းသည်လည်း "ကိုနိုင်ကရော" ဟူသော
တန်ပြန်မေးခွန်းကို ကြိုတင်ရှောင်ရှားထားချင်၍သာဖြစ်ပါ
လိမ့်မည်။

"ဒါဖြင့် မင်းတို့က တစ်ယောက်နဲ့တစ်ယောက် ဦး
နှောက်ကို ဦးစားပေးပြီး ရွေးချယ်ခဲ့ကြတာပေါ့"

"အင်း ... ပြောရမယ်ဆိုရင် အဲဒီသဘောပဲပေါ့"

"ကောင်မလေးက ဒီလောက်လှတာကွာ"

"လက်ထပ်ဖြစ်ခဲ့ရင်တော့ တစ်မျိုးပေါ့ ... နောက်
ပိုင်း စိတ်ပြောင်းဖို့ရှိတာပေါ့ ... ကိုယ်က ယောက်ျား
လေးပဲ"

"လေးငါးလ ချစ်သူရည်းစားဖြစ်ခဲ့ကြတာပဲ ...
မင်းစိတ်က ခိုင်လှချည်လား"

စစ်တည်နိုင်က ကျော်ဇလကို ခပ်ပြုံးပြုံးစိုက်
ကြည့်နေလိုက်သည်။

"လူကြားကောင်းအောင်ပြောနေတာတွေတော့ မဟုတ်
ပါဘူးနော်"

"ဟာ ... မင်း ငါ့ကို ခုထိမယုံသေးဘူးကိုး ...
အသည်းကွဲရတယ်ဆိုတာ ဒီလိုပြုံးပြုံးလေး အေး
အေးဆေးမနေနိုင်ဘူးကွ ... ဟန်ဆောင်ပြုံးထားရ
ရင်တောင် လုံးလုံးမပီပြင်နိုင်ဘူး ... သိပ်ခံရခက်
တာကိုယ့်လူ ... ဒီလိုရက်ပိုင်းအတွင်းမှာ ပြန်တည်
ငြိမ်ဖို့မပြောနဲ့ ... နှစ်နဲ့ချီတာတောင် စဉ်းစားလိုက်

www.burmeseclassic.com



ရင် အောင့်တောင့်တောင့်ရှိနေသေးတယ်"

"အမလေး ... တယ်ဆိုပါလား ... မင်းကို ဘယ်သူသင်ပေးထားသလဲ"

"ကိုယ်တွေ့ပဲ ကျော်ဇလ"

"ဘာ ... ဘယ်လို ... ဘယ်လို"

"မယုံမရှိနဲ့ ... ကိုယ်တွေ့တွေပြောနေတာ"

"ဟာ ... ဒါဖြင့် ဒါ Second Time ပေါ့"

"မဟုတ်ဘူး ... ခုဖြစ်တာက အသည်းကွဲတာ မဟုတ်ပါဘူးဆိုကွာ ... ငါ သေချာခွဲသိတာပေါ့ ကွ ... ချစ်ဖူးလို့ အသည်းကွဲဖူးတဲ့ လူတစ်ယောက် ဟာ ... မချစ်လို့ အသည်းမကွဲရတာကိုတော့ ရေ ရေရာရာ ခွဲခြားနိုင်ပါသေးတယ် ... မင်းတို့လို လူတွေဆိုရင်တောင် ဘာမှန်းမသိဘဲ ဇဝေဇဝါဖြစ် ချင်ဖြစ်နေဦးမယ် ... ငါကတော့ လုံးဝသေချာ တယ်"

ကျော်ဇလက စစ်တည်နိုင်ကို သနားစရာ သတ္တဝါတစ်ကောင်အလား ကြည့်နေရင်း ... အထူးအဆန်း သတ္တဝါကောင်လိုမျိုး ... သူ့အကြည့်က ပြောင်းလဲလာ သည်။

"ဒါဖြင့် ပထမတစ်ယောက်ကကော ဘယ်လိုဘယ် ပုံကွဲသွားသလဲ"

"သူ ဆုံးသွားတယ်"





"ဟာ"

မျက်နှာကို လက်ကိုင်ပဝါတစ်ထည်နှင့်ပွတ် သုတ်နေရင်း ... စစ်တည်နိုင်က "ညီမလေး" မျက်နှာ ကို ပြန်မြင်ယောင်နေမိသည်။ ညီမလေးခမျာ 'ဆယ့်ရှစ်နှစ်' မြောက်မွေးနေ့ပွဲကိုတောင် ကျင်းပခွင့်မရလိုက်ရှာ ... ။

❀ ❀

"စစ်တည်နိုင်ရေ ... ဘော့စ်က ယူနဲ့ တို့နဲ့ နှစ် ယောက် သွားလိုက်ကြပါတဲ့ ... ယူ အိုကေရဲ့ လား"

"အိုကေပါတယ် မမွန် ... ခု အလုပ်မရှိသေးပါ ဘူး ... ဘယ်ကိုလဲ"

"ကုန်တိုက်မှာ ပစ္စည်းအပ်ကုန် လာတင်ထားတဲ့ ကုမ္ပဏီတစ်ခုကို ငွေသွားချေပေးဖို့ရယ် ... ကွန် တင်နာတစ်လုံး ရောက်နေတယ်ဆိုတာ သွားစစ် ကြည့်ပေးဖို့ရယ်တဲ့ ... အဆင်ပြေတယ်ဆို ... ပြေမှပြေတယ်ပြော ... ယူ မပြေရင် တို့က တခြား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ခေါ်သွားဖို့ ဝန်မလေးဘူး”

စစ်တည်နိုင်က အုပ်ချုပ်ရေးမှူး မမွန်ကို နားမလည်စွာကြည့်လိုက်မိသည်။ ခါတိုင်းလည်း ဒီလိုပဲ တွဲဖက်သွားနေကျဟာကို ဒီနေ့မှ ထပ်ခါထပ်ခါ “အဆင်ပြေရဲ့လား” ချည်းပဲ စွတ်မေးနေရတယ်လို့ ... ဘာသဘောလဲ။

“ဘာမပြေစရာရှိလို့လဲ မမွန်ရဲ့”

“သိဘူးလေ ... ယူက တခြားလူတွေနဲ့ တူတာမှမဟုတ်ဘဲ”

“ချုံပေါက်နေလို့လား”

စစ်တည်နိုင်က ရွှံ့မေးလိုက်တော့ မမွန်က သူ့ကိုယ်လုံးလုလုကြီးကို လှုပ်ခါရယ်မောနေရင်းက ...

“ဟုတ်ပ ... ချုံတောင်ပေါက်နေပြီလားမသိ ... စမ်းကြည့်ရဦးမယ် ... တို့ဆိုလိုတာက ယူတို့တွေရဲ့ အကွဲအပြဲကိစ္စမှာ မိန်းကလေးကိစ္စပါရင်တော့ တို့က ခုလို ပူပူနွေးနွေးအချိန်မျိုးကြီးမှာ အလကားနေရင်း တရားခံဝင်မဖြစ်ချင်ပေါ်”

“ဟာ ... မဆိုင်တာ ... လာ သွားစို့ ... ဆရာက ကားယူသွားတဲ့လား”

“ယူသွားပါတဲ့”

လမ်းရောက်တော့ ထုံးစံအတိုင်း ခုတလော ခေတ်စားနေသည့် အကြောင်းအရာက စကားဝိုင်းထဲရောက်



လာပြန်သည်။

“ပြန်ချော့ပြီးပြီလား”

“ဟာ ... မမွန်ကလည်း”

“ဟဲ့ ... အကောင်းမေးနေတာ ... ဘယ်လောက်စိတ်ဆိုးသွားမှန်းမှ မသိတာ ... အမြန်သွားချော့လိုက်လေ ... ပြီးတာနဲ့ ချက်ချင်းပြန်လက်ထပ်လိုက် ... ဒါမှ အေးဘီကစကားသံတွေ တိတ်သွားမှာ ... အချိန်ဆွဲမနေနဲ့”

စစ်တည်နိုင်က ရယ်ချင်လာသည်။ လူဆိုတာတွေဟာ ဘုမသိဘမသိနဲ့ ဝင်ရှုပ်ရမယ်ဆိုရင် သိပ်ပါသနာကြီးတတ်ကြတာပါပဲလား ... ရယ်ချင်စရာတောင်ကောင်းသည်။

“ပြီးစီးလုပ်မနေနဲ့ ကိုယ်တော်ရေ ... ယူတို့တွေကို မြို့ထဲမှာတစ်ခါ ... Wedding တုန်းကတစ်ခါ နှစ်ခါပဲတွေ့ဖူးပါတယ် ... ဒါပေမယ့် မိန်းကလေးချင်း တို့က သိပါတယ် ... ကောင်မလေးက ယူ့ကို အတော်ချစ်ပုံပါပဲ ... ယူသွားချော့ရင်ရမှာပါ”

ဒီတစ်ခါမှာတော့ စစ်တည်နိုင်က တဝါးဝါး တဟားဟားသာ ရယ်ချလိုက်တော့သည်။

“ဟဲ့ ... ရယ်ပြန်ပြီ ... ကြားထားရတဲ့သတင်းတွေနဲ့တော့ တခြားစီဖြစ်နေပြီ”

“ဘာလဲ ... သတင်းတွေက ဂွင်နက်တော်အတော်

www.burmeseclassic.com

www.burmeseclassic.com



ဆွေးနေသတဲ့လား"

"အေးလေ ... မဟုတ်တာတွေ ... ဒီပုံအတိုင်း ဆို ယူက ဘာမှလည်းမစားရတဲ့ပုံပါလား ... ယောကျ်ားတွေများ အံ့စရာတော် ... တစ်ဖက်က မိန်းကလေးတော့ ခုလောက်ရှိ သိပ်စိတ်ဆင်းရဲနေ လောက်ပြီ ... ယူကတော့ တဝါးဝါးတဟားဟား"

"မမွန်ကလည်းဗျာ ... သူလုပ်တဲ့ဇာတ်လမ်းမဟုတ် ဘူးလား"

"ဟဲ့ ... အချစ်ကြီးရင် အမျက်ကြီးသတဲ့"

"အဲဒါ အရယ်ရဆုံးပဲ ... အဲဒီလိုပြောလေ ရယ်ချင် လေပဲ"

"ဘာလဲ ... ယူက ယူ့ကို ဟိုကမချစ်ပါဘူးလို့ စွပ်စွဲချင်တာလား"

ခါတိုင်းကြားဖူးနေကျအသည်းကွဲဇာတ်လမ်း စကားသံမျိုးမဟုတ်ဘဲ ... ဒီတစ်ခါမှာတော့ ကိုယ်က လှဆိုးဇာတ်လမ်းမျိုး ကွဲပြားသည့်အမြင်မို့ ... စစ်တည် နိုင်က အတော်ကြီးသဘောကျနေမိသည်။ အကြောင်းအရာ လေး ကွဲပြားသွားတော့ အမျင်းပြေတာပေါ့ ... မဟုတ် ဘူးလား။

"ပြီးသနာက ဘယ်လောက်ကြီးလို့လဲ စစ်တည်နိုင် ယူကလည်း စတယ်ကိုင်မနေစမ်းပါနဲ့ ... မိန်း ကလေးဘဝဆိုတာ သိပ်သနားစရာကောင်းတယ်နော်





ချစ်တဲ့ကြိုက်တဲ့အဆင့်ရောက်အောင်ကိုပဲ ယောကျ်ား လေးက လာပြောအောင်စောင့်ရ ... ချစ်ပြီးကြိုက် ပြီးရင်လည်း ရည်းစားပြတ်ကြီးမဖြစ်ချင်လို့ သည်း ခံရ ... လက်ထပ်ပြီးရင်လည်း တစ်ခုလပ်ယောကျ်ား ထက် တစ်ခုလပ်မိန်းမက ပိုဆိုးလို့ မကွဲမကွာချင် တာနဲ့ပဲ, အလျှော့ပေးအလိုလိုက်ကြရ"

"ဟား ... မမွန်ပြောပုံအရဆို ... ငါတို့အဖြစ်က ဆိုးလှချည့်လို့ ... တစ်ကမ္ဘာလုံးက မိန်းမမုန်းသမျှ ဝိုင်းဖွဲ့စုပြီး ထိုင်ငိုကြရမလိုတောင်ဖြစ်နေပြီ"

"မလျှောင်ပါနဲ့ဟဲ့"

"လှောင်တာမဟုတ်ပါဘူး ... ကျွန်တော်လည်း မွန့် စကားအရဆိုရင်တော့ တကယ်ကို လူယုတ်မာကြီး လုံးလုံးဖြစ်နေပြီ"

"အမယ် ... ယူ့ကို အဲဒီလို မစွပ်စွဲပါဘူးနော်"

"ဘာထူးလဲ ... အဲဒီသဘောပဲကျနေတာပဲဟာ"

"ဘာပဲဖြစ်ဖြစ် သွားချော့လိုက်ပါဟယ်"

ချော့ဖို့ကိုတော့ စိတ်လည်းမပါပါ ... စိတ် ပါရင်တောင် ချော့လို့ရမယ့်ကိစ္စမျိုးလည်း ဟုတ်မှမရ။ ဘာ ကိစ္စမှန်းလည်း ကိုယ်ကမသိ ...။ နှစ်ရှည်စီမံကိန်းတစ်ခု ချပြီး စံနစ်တကျ အကောင်အထည်ဖော်သွားမှန်းသာ သိ လိုက်တာ ... အဲလိုခံလိုက်ရဖို့အတွက် ကိုယ့်အပြစ်က ဘာလဲ ကိုယ်မသိ ...။ သိချင်စိတ်လည်းမရှိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဟဲ့ ... စစ်တည်နိုင်ရေ ... ကားရပ် ရပ်"

"ဘာဖြစ်တာလဲ မမွန်"

"ဟိုမှာ ... ဟိုမှာ ... ဟော ... ဟိုဖက်လှည့် သွားပြီ ... ဒါပေမယ့် မြင်သွားတယ် ... ဒုက္ခပါပဲ ... တရားခံမဖြစ်ချင်ပါဘူးဆိုမှ ... တည့်တည့်ကြီးကိုတိုးတော့တာပဲ ... နေဦး ... တို့သွားရမယ့်နေရာနားလည်း ရောက်နေပါပြီ ... တို့ဆင်းသွားပြီး လိုက်ရှင်းပြလိုက်မယ် ... ယူက ဟိုနေရာထိ ကားဆက်မောင်းသွားလိုက် ... အိုကေပြီဆိုရင် လှမ်းခေါ်လိုက်မယ်"

"ဟာ ... မဟုတ်တာ ... မမွန်ရာ ... ပေါက်ကရတွေမလုပ်ချင်ပါနဲ့"

"တို့က အကောင်းဝင်ညှိပေးမှာ"

"ညှိစရာကိုမလိုပါဘူး"

"တို့ကို ယူနဲ့လုပ်ဖော်ကိုင်ဖက်တစ်ဌာနတည်းဆိုတာ သူ မှတ်မိမှာမဟုတ်ဘူး ... ပြဿနာဖြစ်ထားကြတာ ဘာမှမကြာသေးဘူး ... နောက်တစ်ယောက်တွဲနေပြီလို့ အထင်မှားသွားလိမ့်မယ်"

"မှား ... မှားဗျာ"

"အို ... ယူသာအမှားခံချင်ခံ ... တို့ကတော့ မခံနိုင်ဘူး"



စစ်တည်နိုင်က တမင်ပင် ကားကို ဖွတ်မောင်းထွက်လိုက်သည်။ ကားတံခါးဖွင့်ကာ ဆင်းချသွားဖို့ဟန်ပြင်နေပြီဖြစ်သည့် မမမွန်က ကားအရှိန်ကြောင့် ကြောက်အားလန့်အားနှင့် ခြေထောက်ကို ပြန်တင်ကာ ကားတံခါးပါ ခဲ့ပိတ်လိုက်ရပြီး ... မကျေမနပ်နှင့် အော်ကြီးဟစ်ကျယ်ဖြစ်နေတော့သည်။

"ယူ့ရဲ့စိတ်ဓာတ်က အလွန်တရာမှကို ရက်စက်ပြတ်သားနေပါလားဟင်"

စစ်တည်နိုင်က ခေါင်းကိုသာ ခါယမ်းကာ နောက်ကြည့်မှန်မှတစ်ဆင့် ဦးကို ပြန်ကြည့်လိုက်သည်။ ကားအရှိန်က မြှင့်လိုက်တာမို့ အတော်ကြီးတော့ ဝေးကွာသွားပါပြီ။ မမမွန်ပြောသလို "မြင်သွားသည်" ဆိုတာတော့ ဟုတ်မည်ထင်ပါရဲ့။ ဦးရဲ့အကြည့်တွေ တစ်မျိုးလေးဖြစ်သွားတာကို စစ်တည်နိုင်လည်း ရိပ်မိလိုက်သည်။

စစ်တည်နိုင်တို့ သွားကြရမည့်နေရာက ရှေ့က လမ်းချိုးကွေ့ထိပ်တင်ဆိုတော့ ကွေ့ချလိုက်တာနဲ့ ဦးနဲ့ စစ်တည်နိုင်တို့ တစ်ယောက်မြင်ကွင်းထဲက တစ်ယောက် ပျောက်သွားကြပြီ။ ဒီနေ့ သူ့အလုပ်မသွားရဘူးလား ...။ အားလေ ... ကိုယ်နဲ့မဆိုင်ပါဘူး ...။ ကိုယ်နဲ့ဆိုင်တာက ကိုယ့်အလုပ်ကိစ္စသာပင်။

"ဆင်းလေ မမွန် ... ရောက်ပြီ"

"သိတယ် ... ဆင်းမယ် ... ဆရာကြမလုပ်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



စစ်တည်နိုင်က ပြုံးလိုက်တော့ မမွန်က မျက်စောင်းကြီးတစ်ချပ်လွှတ်လိုက်ကာ ...

"သနားပါတယ်ဟယ် ... မျက်နှာလေးကိုပျက်ပြီး တော့ သမင်လည်ပြန်နဲ့ ခေါင်းကိုစောင်းနေတာပဲ"

"အဲဒီလောက်တော့ မပိုပါနဲ့ဗျာ ... ကျွန်တော်လည်း တွေ့လိုက်ပါတယ် ... ဖျတ်ခနဲ တစ်ချက်ကြည့် သွားရုံပါပဲ"

"ဒါပေမယ့် ယူက အတင်းကြီး ကားမောင်းထွက် တော့ သူဖြစ်သွားပုံကိုမြင်ရဲ့လား ... ကားမောင်း နေတဲ့လူထက် ဘေးလူက ပိုသိတယ်"

"ကျွန်တော်လည်း နောက်ကြည့်မှန်ကတစ်ဆင့် လှမ်း ကြည့်လိုက်ပါတယ်"

"ဟော ... တွေ့လား ... ခိုးတော့ဖြင့်ကြည့်ပြီး တော့ ... အဲဒီလို ခိုးကြောင်ခိုးဝှက်လုပ်မယ့်အစား ပေါ်တင်သွားရင်ဆိုင်လိုက်ပါလား"

"ကဲ ... ကဲ ... မမွန်နဲ့ကျွန်တော် ပြိုင်မငြင်း နိုင်ပါဘူး ... အလုပ်ကိစ္စပဲလုပ်ကြစို့"

အစားအသောက်ပစ္စည်းကုမ္ပဏီမှ သက်ဆိုင် ရာ တာဝန်ခံနှင့်တွေ့ပြီး မမွန်တစ်ယောက် အလုပ်မျှ စကားများနေချိန်မှာ စစ်တည်နိုင်က ခါတိုင်းလို အတ ဝင်မရှင်းပေးဖြစ်ဘဲ အချောင်ခို နောက်ဆုတ်လက်ပိုက် သာ ထိုင်နေလိုက်သည်။





မမွန်ပြောသလို မင်္ဂလာပွဲကို ဖျက်ချသွား တဲ့သတို့သမီးကို ကိုယ်ကလိုက်ချော့ဖြေရှင်းရမှာသည် ဝတ္တ ရားတဲ့လား။ နေပါစေတော့ ... စစ်တည်နိုင်ကတော့ အဲဒီ အတွေးကို ခေါင်းထဲတောင်ရောက်မလာမိပါ။ စိတ်ဆိုးနေ တုန်းလားဆိုရင်တော့လည်း "မဆိုးတော့ပါဘူးလေ"ဟု ဖြေ ရမှာဖြစ်ပေမယ့် မဆိုးတော့တိုင်း ပြန်ဆက်ဖို့ဆိုတာတော့ လည်း မဟုတ်သေးပါဘူး။

လုံးလုံးကြီး စိတ်ပျက်စိတ်ကုန်သွားတာမျိုး ဟုလည်း ပြောမရနိုင်ပါ။ လူသာမန်တို့ နားလည်နိုင်ခဲ့သော ခံစားချက်ဖြစ်သည့် ... တကယ့်ကို စိတ်ရှင်းလင်းရှင်း ခံစားချက်ကင်းတာမျိုးဖြစ်သည်။ ပြောရမယ်ဆို ဦးနဲ့ကိုယ် ဟာ ဘယ်တုန်းကမှ သိမထားဘူးကြသည့် တစိမ်းသက် သက်အသွင်တွေလိုမျိုးပေါ့။ ကိုယ်ကလည်း မဖြေရှင်းချင်။ သူ လာဖြေရှင်းမှာကိုလည်း မကြားချင်။ ကျော်ဖလကတော့ ထိုခံစားချက်ဟာ အရက်ခွဲခံလိုက်ရသည့် ယောကျ်ားတစ် ယောက်ရဲ့မာနကို မြစ်ဖျားခံပြီး ပေါ်ပေါက်လာခြင်းပါတဲ့။

သူမကတော့ နဂိုတည်းကိုက စိတ်ဆိုးနာ ကြည်းခြင်းနှင့် စခဲ့သည့်ပုံစံမို့ ခုချိန်မှာ ဆက်လက်နာ ကြည်းနေတာမျိုးဖြစ်ဖြစ် ... ဒါမှမဟုတ် သူ့ကိုယ်သူ အသာကြီးအောင်မြင်နိုင်လိုက်သူအဖြစ် ကျေနပ်နေတာမျိုး ဖြစ်ဖြစ် တစ်ခုခုသောခံစားချက်နှင့် ရှိနေမှာပေါ့။ ဒါပေ မယ့် ကိုယ်နှင့်အပ်ကူကျနေနိုင်သော ဆန္ဒတစ်ခုကတော့



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်မှာ သူမဟာလည်း ကိုယ့်ကို လုံးလုံးမျက်နှာချင်းဆိုင် ချင်လိမ့်မည်မဟုတ်။

ဒါကိုများ မမမွန်ကြီးက တားမရဆီးမရသွား ရှင်းပြပါဦးမည်တဲ့။ ဘယ်လောက် ဂွတီးဂွကျနိုင်ကာ အော လိုက်မည့်အဖြစ်မျိုးကြီးလဲ။ စစ်တည်နိုင်သာ ဆုံးဖြတ်ချ မြန်မြန်နဲ့ ကားကိုမောင်းထွက်မလာနိုင်ခဲ့ဘူးဆိုရင်တော့ "ဒေါ်ပါချင်" ကြီးကြောင့် စစ်တည်နိုင်လည်း ဒုက္ခရောက် ဦးလည်း ကသိကအောက်တွေဖြစ်ရတော့မည်။

ခု စစ်တည်နိုင်တို့ရောက်ရှိနေသော ကုမ္ပ တိုက်ခန်းဟာ ဦး လမ်းလျှောက်လာသည့်ဘက်နှင့် လ တစ်ကြောတည်းရှိပြီး မြေညီထပ်ရုံးခန်းကနေ လမ်းမ ကဖြတ်လျှောက်သွားမည့်သူကို မြင်သာထင်သာရှိနိုင်ပေမ စစ်တည်နိုင်က ဒါကိုတော့ သိပ်မပူပန်တော့ပါ။

ဦးဟာ ဒီရှေ့က မဖြတ်တော့ဘဲ ... ထွက်သွားတော့မှာ မုချပါပဲ။ ဒီရုံးခန်းကို သူမက သိ သည်ပဲလေ။ စစ်တည်နိုင်နှင့် တစ်ခါရောက်ဖူးထားကြသည် ဒီတော့ မတွေ့ချင်သည့်သူဟာ လှမ်းတွေ့ရန်လွယ်သည့် ရုံးခန်းရှေ့က လမ်းကို ရွေးချယ်တော့မှာကိုမဟုတ်။ ဒီလ မပေါ်မှ မဖြတ်ဘဲ လမ်းသွယ်တစ်ခုထဲက ဝင်ကွေ့လျှော ပြီး ဒီရုံးခန်းဧရိယာကိုလွန်မှ ပြန်ထွက်လျှောက်တာမျိုးလု နိုင်သည်။

ဟောဗျာ ... ။





ကိုယ့်စိတ်ကူးနှင့်ကိုယ် လမ်းကြောတောင်တွက် နေဆဲ ... အလုပ်ထဲ စိတ်မဝင်စားဘဲ အပြင်ဖက်ပဲရောက် နေသည့် မျက်လုံးများက ထီးကလေးတစ်ချောင်းနှင့် လမ်း ဆက်လျှောက်လာဆဲ ဦးကို လှမ်းမြင်လိုက်ရသည်။ အင်း "ဘာဖြစ်လဲ ... ခပ်တည်တည်ပဲ ကွေ့ရှောင်လျှောက်နေ ရာမလိုပါဘူး ... ကိုယ့်လမ်းကိုယ်သွားနေတာပဲ ... ဘယ်သူမှ ဂရုစိုက်စရာမလိုပါဘူး" ဆိုတဲ့ ခံယူချက်မျိုးနှင့် ထင်ပါရဲ့။

ဟော ... ဒီလမ်းချိုးကွေ့နားရောက်ခါနီးမှ လမ်းမကြီးတစ်ဖက်ကမ်း ပလက်ဖောင်းဆီသို့ ကူးသွားပြီ။ နည်းနည်းတော့ ဂရုစိုက်သည့်သဘောပေါ့။ ဒီဖက်ကမ်းက တော့ ပေါ်တင်ကြီး မလျှောက်ချင်သည့်သဘောပေါ့။ မှာင် ဘာလဲ ... သူ့ကိုယ်သူ တစ်ဖက်ကမ်းက ကားတွေနှင့် ကွယ်ပစ်လိုက်သလိုပဲ ... အဲ ... ထီးကိုလည်း နည်းနည်း နိုက်ချလိုက်သလိုပဲ။

စစ်တည်နိုင်က "ဘာသဘောပါလိမ့်" ဟု မသိမသာ ဆက်အကဲခပ်နေချိန်မှာ ... ဦးက ကားနှင့် ထီးကို အကာအကွယ်ယူကာ လုံလုပြီဟု အထင်နှင့် ခန္ဓာ ကိုယ်လေးကိုပါ နည်းနည်း ငုံ့ကွေးလျှောက်ပြီး အနားက ရှန်လုံအအေးဆိုင်လေးတစ်ခုထဲ ပြေးဝင်လိုက်သည်။

စစ်တည်နိုင်မှာ ဖါးစပ်အဟောင်းသားပင်ဟ သွားမိကာ ... လမ်းမဘက် လှည့်ကြည့်နေမိရာမှ အတွင်း



www.burmeseclassic.com

www.burmeseclassic.com



ဘက် အလုပ်စားပွဲရှိရာသို့ အမြန်ပြန်ပြီး မျက်နှာလှည့်
လိုက်ရပါသည်။ ထိုမှန်လုံအအေးဆိုင်နှင့် ဒီရုံးခန်းတို့ဟာ
လမ်းတစ်ဖက်ကမ်းစီမှာရှိကြသော အဆောက်အဦးနှစ်ခုဖြစ်
ပြီး မှန်တွေအသီးသီးတပ်ကာထားကြပေမယ့် မှန်အကြည်
များဖြစ်ကြတာရယ် ... နေရာတွေက သူ့ဟာနှင့်သူ အ
လျှဦးသင့်ပြီး တန်းတန်းမတ်မတ်ကျနေကြတာရယ်တို့ကြောင့်
အဆောက်အဦးတွေထဲကလူများကို တစ်ဖက်နှင့်တစ်ဖက်
အတော်အသင့် ထင်ထင်ရှားရှား လှမ်းမြင်နိုင်သည်။ အထူး
သဖြင့် အအေးဆိုင်ထဲမှ လူက ရုံးခန်းထဲမှလူများကို မို
မြင်နိုင်သည်။ ရုံးခန်းထဲမှ လှမ်းကြည့်ရင်တော့ အလင်း
ရောင်ပြန်ထိုးနေမှုကြောင့် အအေးဆိုင်ထဲကိုလှမ်းတော့မြင်
နိုင်ပေမယ့် အနည်းငယ် ဝိုးတိုးဝါးတား ... ။

စစ်တည်နိုင်နှင့်သူမတို့ ဒီရုံးခန်းကို ရောက်
ကြစဉ်က စစ်တည်နိုင်ရဲ့အလုပ်ကိစ္စတွေမှာ ရှုပ်သလိုဖြ
မှာစိုးသည့်အတွက် သူမကို ဒီအအေးဆိုင်လေးထဲ ထိုင်စော
နေဖို့ ကိုယ်ပဲပြထားပေးခဲ့ဖူးတာလေ။ ဒါကြောင့် စစ်တည်
နိုင်က သေချာသည်။ ဦးဟာ အအေးဆိုင်ထဲမှနေ၍ ရုံးခန်
ထဲသို့ လှမ်းကြည့်နေပါပြီ။ ကိုယ်လှည့်ကြည့်တာကို သူ
က သဲကွဲစွာ ပိုမြင်နိုင်မှာမို့ စစ်တည်နိုင်မှာ ကျောပေးထာ
ရက်က လှုပ်ကိုမလှုပ်ရဲ။

ဘာဖြစ်တာလဲ ... ။ စစ်တည်နိုင်ကို ဦ
ဟာ ဒီလိုလာကြည့်နေစရာလား။ "လွမ်းလို့" ဟုဆေ





ယောင်၍မှ မတွေးနိုင်ပေါင်။ ကိုယ့်အတွေး လူသိရင် လူ
ဟားခံရချင်စရာကြီးဖြစ်ကုန်ဦးမည်။ မမွန်ပြောသလို
မင်္ဂလာပွဲပျက်အပြီးမှာ မိန်းကလေးနောက်တစ်ယောက်နှင့်
ချက်ချင်းကြီး တွဲမြင်ရတာမို့ သိချင်ခြင်းလား။

သိချင်စရာဘာရှိလဲ။ ဦးဟာ စစ်တည်နိုင်ကို
တစ်စုံတစ်ရာ နာကြည်းချက်ကြောင့် လက်စားချေချင်တာ
ကလွဲရင် "စိတ်ဝင်စားမှုအစစ်အမှန်" ဆိုတာ ဘယ်တုန်း
ကရှိခဲ့လို့လဲ။ သူမဆန္ဒပြည့်ပြီးတာနဲ့ ကျောခိုင်းလှည့်ထွက်
သွားခဲ့တာပဲမဟုတ်လား။

"ကဲ ... ပြန်ကြစို့ စစ်တည်နိုင်ရေ ... ယူ့တော့
တို့က ဒီနေ့အတွက် တကယ့်ကို အောချုပါရဲ့ ...
ဒီမှာ အာပေါက်တော့မယ် သူက တစ်ခွန်းမှကို
ဝင်မပြောဘူး ... ယူ့ကို ဆော့စ်က ကားမောင်း
ရုံထည့်ပေးလိုက်တယ်ထင်လို့လား"

"မမွန်ရေ လုံးဝဆောရီးဗျာ ... ကျွန်တော် ဒီနေ့
စိတ်ကိုမပါလို့"

"ဘယ်ပါမလဲ ... ဦးနဲ့တွေ့လိုက်ရတာကိုး ...
အိုက်တင်ခံတုန်းကတော့ သူပဲခံပြီး ... ပြီးမှ စိတ်ညို
လေနေတယ်"

စစ်တည်နိုင်က အဖြေမရှိသည့်မေးခွန်းတစ်ခု
တို ကိုယ့်ဘာသာပဲ အထပ်ထပ်မေးကြည့်နေမိဆဲမို့ စကား
ပိုင်မပြောတော့ဘဲ မျက်နှာတည်တည်နှင့်သာ ငြိမ်နေမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ စစ်တည်နိုင် ငြိမ်နေတော့ မမမွန်ကလည်း ထပ်မပြောတော့။ ကုမ္ပဏီရုံးခန်းလေးရဲ့အပြင်သို့ရောက်တာနှင့် မလှမ်းမကမ်းလေးမှာ နေရာရ ရပ်ထားရသောကားဆီသို့ လမ်းလျှောက်လာကြစဉ် မရည်ရွယ်သော မျက်ဝန်းများက အအေးဆိုင်လေးရှိရာသို့ ဝေ့ဝဲသွားမိရသေးသည်။

အအေးဆိုင်ထဲမှာ ဦးရှိနေဆဲ … စစ်တည်နိုင်တို့ကို မကြည့်သလိုလိုနှင့် အကဲခပ်နေဆဲ …။ ကဲ ဘာသဘောများလဲ မရွှေဦးရယ်။

"စစ်တည်နိုင်ရေ မပူဘူးလား … ဟိုမှာ မှန်လုံအိမ်ကလေးနဲ့ … Aircon အအေးဆိုင်ထင်တယ်၊ ဝင်သောက်ကြရအောင် … တို့တိုက်ပါ့မယ်"

"ဟာ … တော်ပြီ တော်ပြီ … မသောက်ဘူး မသောက်ဘူး"

"ဒီလောက်လည်း အလန့်တကြားကြီးငြင်းထုတ်စရာမလို … အို … ဟယ် … ဟိုမှာ … ဟိုဟာ"

မမမွန်လည်း ဦးကို လှမ်းမြင်သွားပြီ။

"ဒီတစ်ခါတော့ ဆိုင်းနေလို့ မဖြစ်တော့ဘူး … ချက်ချင်းသွားရှင်းပြမှ"

"ဟာ … မမွန် … လာစမ်းပါဗျာ"

"ယူ့ ဒီတစ်ခါတော့ တို့ကိုမတားနဲ့ … မရဘူး"

"မမွန် … ပြီးမှရှင်းပြမယ်ဗျာ … လာပါ"

"ဟိုမှာ ဒီအထိတောင်လိုက်လာပြီး တည်တည်ကြီး





လာထိုင်ကြည့်နေတာ … သိပ်သနားဖို့ကောင်းတယ်၊ တို့ မိန်းမဆိုးကြီးအဖြစ်မခံနိုင်ပါဘူး"

စစ်တည်နိုင်က ကားမောင်းသူဘက်ခြမ်းက နေ ကားထဲဝင်ထိုင်တော့မလိုလုပ်နေရာက ကားကို ကျော်သွားပြီး လမ်းဖြတ်ကူးဖို့ဟန်ပြင်လုဆဲ … မမမွန်နောက်ကို ပြေးလိုက်ကာ မမမွန်ရဲ့လက်ကို လှမ်းဆွဲလိုက်သည်။

"ဟဲ့ … ဒါဘာလုပ်တာလဲ … ပိုဆိုးကုန်တော့မှာပဲ … လွှတ် လွှတ်"

"ကန်တော့ဗျာ မမွန် … လွှတ်တော့မလွှတ်နိုင်ဘူး"

မလွှတ်တဲ့ပြင် စစ်တည်နိုင်က ကားရှိရာသို့သာ အတင်းပြန်ဆွဲခေါ်ခဲ့ပါသည်။ မမမွန်ကတော့ နောက်နှမ်လှည့်ကြည့် လှည့်ကြည့်နှင့် …

"ဟဲ့ … ငါသေချင်တယ် … သူလည်း လှမ်းကြည့်နေတယ် … တခြားလူတွေလည်း ကြည့်ကုန်ကြပြီ"

"ကုန်တိုက်ပြန်ရောက်မှ ကြိုက်တာလုပ်ဗျာ"

"ယူ့ အဲဒီလို မာနကြီးနေတော့ ပိုဆိုးမှာပေါ့ … သွားရှင်းပြလိုက်ရင် တစ်ချက်တည်းပြီးမှာ … ခုတော့ တို့ကို လက်ဆွဲတဲ့တစ်မှု ထပ်တိုးတော့မှာပေါ့ … တို့နဲ့ယူ့ သူ့အတွက် ငြင်းခုန်နေကြတာ သူသိမှာမဟုတ်ဘူး … တို့ စိတ်လုပ်ပြီးထွက်သွား

www.burmeseclassic.com

www.burmeseclassic.com



လို့ ယူက အတင်းလိုက်ချော့ရတယ်လို့တောင် ထင် ချင်ထင်နေမှာ ... လုံးဝမကောင်းဘူး"

စစ်တည်နိုင်ကတော့ ဘာမှပြောမနေတော့ဘဲ ကားနားထိပဲ ပြန်ဆွဲခေါ်လာလိုက်သည်။

"ကဲ ... လွှတ်ပါတော့ ... ဟိုမှာထွက်သွားပြီး ဒုက္ခ ... ရှင်းလို့မလွယ်နိုင်တော့ဘူး"

"ရှင်းကိုမရှင်းချင်ပါဘူးဗျာ"

စစ်တည်နိုင်က မမမွန်လက်ကို ဆုပ်ကိုင်ထား ရာက လွှတ်ပေးလိုက်လျှင် မမမွန်က တောက်တစ်ချက် နှင့်အတူ သူ့လက်ကောက်ဝတ်သူ ပွတ်သပ်နေကာ ...

"ယူ့ကိုတော့ တို့သတ်ချင်တယ်"

"သတ်ဗျာ ... ဘာလို့ နောက်ကလိုက်ကြည့်နေမှန်း စဉ်းစားလို့ကို မထွက်လို့ ခေါင်းရှုပ်နေတာနဲ့အတော် ပဲ ... ခေါင်းဖြတ်သတ်လိုက်"

"ဗုဒ္ဓေါ့ရေ ... ဒီလောက်လွယ်ကူတာကို စဉ်းစား လို့မရဘူးတဲ့ ... ယူ့ကိုမပြတ်နိုင်လို့ပေါ့ ... မိန်း ကလေးတစ်ယောက်နဲ့ အတူတွဲပြီး မမြင်နိုင်လို့ပေါ့။ ယူ့ဆီက ဘာအခွင့်အရေးတစ်ခုခုများ ရဦးမလဲလို့ ပေါ့ ... ခုတော့ သွားပြီ ... ဘာမှဖြစ်မလာနိုင် တော့ဘူး ... လုံးလုံးကို အထင်လွဲသွားပြီ"

"အားလုံးမှားတယ် ... တလွဲတွေချည်းပဲ"

စစ်တည်နိုင်က ကိုယ့်ဘာသာကိုယ်ပြောကာ





ကားထဲ ဝင်ထိုင်ချလိုက်သည်။ တစ်ဖက်တံခါးဖွင့်ကာ ဝုန်း ခနဲ ဝင်ထိုင်ချပြီး ဂျိုင်းခနဲ တမင်ဆောင့်ပိတ်လိုက်သော ကားတံခါးသံမှာ စစ်တည်နိုင်က အသိဉာဏ်တစ်ခုပွင့်သွား ရပေသည်။

သူမ ဘာများထပ်လုပ်ချင်သေးလို့လဲ။

ခါတိုင်းမြင်နေကျ မထုံတက်တေးရုပ်ကလေး နဲ့ အနည်းငယ်ကွဲလွဲစွာ တည်ချင်သလိုလို ... တင်းချင် သလိုလိုဖြစ်နေတဲ့ရုပ်ဟာ စစ်တည်နိုင်ကို ထပ်မံအရှက်ခွဲ စိတ်ဆင်းရဲအောင် ထပ်ကြိုးစားကြည့်မလို့များလား။ ဘာ တဲ့ ... "စစ်တည်နိုင်တို့ရဲ့တစ်သက်တာမှာ အကြီးအကျယ် နောင်တရ စိတ်ဆင်းရဲစရာတွေဖြစ်လာရအောင် လုပ်ကို လုပ်ပါ့မယ်" လို့ သစ္စာများတောင် ဆိုထားသတဲ့။

ဟင်း ဟင်း ... တော်တော်ရယ်ရတဲ့ကောင် မလေးပဲ ... ။ နောက်တစ်ခါ ထပ်ခံရအောင် ကိုယ်တို့ က သစ်သားတုံးကြီးတွေမို့လို့လား။

❀ ❀



www.burmeseclassic.com

www.burmeseclassic.com



မော်လီက နေးတုံ့နေသော ဦးရဲ့လက်ကလေးကို ဆောင့်ဆွဲပြီး ‘မိသားစု’ အဆောင်အိမ်ကလေးထဲသို့ လှမ်းဝင်လိုက်သည်။ ဧည့်ခန်းထဲလှမ်းဝင်လိုက်တာနဲ့ ဧည့်ခန်းထဲထွက်ကာ ထိုင်စောင့်နေသော မမခင်က ဦးကို ဆေးငေါ့ မျက်စောင်းရှယ်လိုက်ကာ . . .

“လာခဲ့မရှေဦး”

ဦးက မမခင်နားသို့ ပြေးကပ်သွားလိုက်သည်။

“မမခင်ရယ် . . . ဦး သတိရလိုက်တာ . . . ညဖက်ညဖက်ဆို ပိုဆိုးတယ် . . . မမခင်ပြောပြောစတတ်တဲ့ တောက်တိုမယ်ရဇာတ်ရှမ်းပုံပမာတွေ ထိုင်နားမထောင်ရတာကြာလှပြီ”

“တော်ပါအေ . . . တွေ့မှ သေအောင်လွမ်းမနေပါနဲ့၊ ပေါ်ဖြင့်မလာဘဲနဲ့”

“မော်လီက မမခင်စိတ်တိုနေတယ်လို့ ပြောလို့ပါ”

“စိတ်တိုတယ်ဆိုရင် အမြန်ပြေးလာခဲ့ရမှာပေါ့အေ့”

“မသိဘူးလေ . . . စိတ်ပြေတဲ့အထိ စောင့်ရမယ်မှတ်တာပေါ့”

“အပိုတွေပြောမနေနဲ့ . . . ဒီကို ပြန်ပြောင်းလာခဲ့မှာလား”

ဦးက တောင်းပန်ပြုံးလေးသာ ပြုံးပြလိုက်သည်။ ဟိုးအရင်တည်းက မဖြစ်နိုင်လွန်းလို့သာ အဆောင်နေခဲ့ရတာ . . . ဦးက လူတွေအများကြီးနှင့် အသားကျနေ





တတ်ခဲ့သူတစ်ယောက်မဟုတ်ပေ။ ခုဆို ပိုလို့တောင်စိတ်ညစ်စရာကောင်းဦးမည်ဟု ဦး ထင်သည်။

ဒီအဆောင်က ‘ပပ’ ဆိုတဲ့ကောင်မလေးတစ်ယောက်ဟာ စစ်တည်နိုင်တို့ရဲ့ ကုန်တိုက်မှာ အလုပ်လုပ်သတဲ့ . . . ။ သူမလေးရဲ့ခံယူချက်နဲ့ ဝါဒဖြန့်မှုများအရ အချို့သောအဆောင်သူမိန်းကလေးများဟာ ဘာမဆိုင်ညာမဆိုင်နှင့် စစ်တည်နိုင်ကိုပဲ ပုံအပ်သနား ကရုဏာသက်ကြကာ . . . ဦးကိုတော့ မိန်းမရိုင်းကြီးအဖြစ် အထင်သေးအတင်းဆိုချင်ကြသည်တဲ့။

ထားလိုက်ပါတော့လေ . . . ဦးကတော့ ပပကိုလည်း အပြစ်မမြင်လို . . . ။ လူဆိုတာ ကိုယ်ကြုံတွေ့နေရတဲ့ဘဝပေးအခြေအနေတွေအရ . . . တစ်ယောက်နဲ့တစ်ယောက် ခံယူချက်ချင်း၊ ဆန္ဒချင်း၊ သဘောထားခြင်း ဘယ်လိုမှမတူနိုင်တာ ကိုယ်ကသဘောပေါက်ပြီးသားပဲ။ မတူညီသည့် အခြေအနေများမှ ဖြစ်ပေါ်လာသော မတူညီသည့် ခံယူချက်အချို့မှာ “သူမှန်တယ် . . . ငါမှန်တယ်” ဟု ဘယ်လိုမှ ငြင်းမရတာမျိုးတွေရှိနေတတ်တာပဲလေ။

“မော်လီက ငါ့ကို နင့်အကြောင်း တချို့ရှင်းပြတယ် ဦး . . . ဘာပဲဖြစ်ဖြစ် . . . အသက်ကြီးတဲ့အစ်မကြီး အမိအရာနေရာကနေ ပြောရမယ်ဆိုရင်တော့ ညည်းမှားလိုက်တာ ဦးရယ် . . . မိုက်လိုက်တာအေ၊ လုပ်ရဲလိုက်တာ”



www.burmeseclassic.com

www.burmeseclassic.com



အပြစ်တင်စကားပေမယ့် ... ကရုဏာသံစွက်သော ဆုံးမစကားမှာ ဦး မျက်ရည်လည်လာမိသည်။

"ခုမှတော့ ထားလိုက်ပါတော့ ... လာ ... လာ ငါ မုန့်တီတွေပြင်ထားတယ် ... စားလိုက်ကြရအောင်"

မုန့်တီစားနေဆဲ မမခင်က အတိတ်ကာလကို ပြန်လွမ်းလာသယောင်ယောင် ဖြစ်လာပြန်ကာ ...

"ဒါဖြင့်ရင် ဦးက ပြန်မပြောင်းလာနိုင်ဘူးပေါ့နော်၊ မမခင်မှာ ဦးကိုလည်း ဆုံးရှုံးရ ... မော်လီ့လည်း လက်လွှတ်ရပေါ့ ... ဟုတ်လား"

"မော်လီကတော့ ပြောင်းချင်တယ် မမခင်ရေ ... ဒါ ရှင်းရှင်းပဲပြောတာ ... ဒါပေမယ့် ဦးက မပြောင်းချင်ပါဘူးဆိုတော့လည်း *အတင်းမပြောချင်ပါဘူး၊* မော်လီ ပြန်ပြောင်းလာချင်တာက ဒီအဆောင်မှာဆို ဟေးဟေးဝါးဝါးနဲ့ မော်လီ ပိုပျော်တာလည်းပါတယ် ... ဟိုမှာကတော့ နှစ်ယောက်တည်းဆိုတော့ ပျင်းခြောက်ခြောက်ကြီးမဟုတ်လား ... ပြီးတော့ မော်လီက မနက်မနက်ဆို အလုပ်ထွက်သွားတော့ ဦးတစ်ယောက်တည်း ကျန်ရစ်တာကိုလည်း မကြိုက်နိုင်ပါဘူး ... တစ်ယောက်တည်း အချိန်တွေပိုနေတော့ ဟိုတွေးဒီတွေးနဲ့ ဒီပြဿနာတွေထဲကပဲ ရုန်းမထွက်နိုင်တော့ဘူး"





"ဟုတ်တာပေါ့"

"သူက ဟိုအလှကုန်လုပ်ငန်းကလည်း အပြီးထွက်လိုက်ပြီလေ ... အလုပ်ရှင်ကိုယ်တိုင်က အိမ်တိုင်ယာရောက်လာချော့ခေါ်တာတောင် ပြန်မလုပ်ဘူး၊ သိပ်ပြီးတော့ စိတ်နောက်ကိုယ်ပါ စိတ်ကိုအလိုလိုက်လွန်းတာပဲ ... အဲဒါ မမခင်လည်း ကြည့်ပြောဦး"

"ဟုတ်တယ် ... ငါပြောစရာရှိလို့ကို ခေါ်ယူလိုက်တာ ... ပြောရမယ်"

"အလုပ်လေးဘာလေးရှိနေရင် လူပိုတည်ငြိမ်နိုင်တာပေါ့ ... အလှကုန်လုပ်ငန်းမှာ ပြန်မလုပ်ချင်ရင်လည်း တခြားအလုပ်အသစ်တစ်ခုခုမှာ ဝင်လိုက်ရင်ကောင်းမယ် ... မမခင်လည်း အသိရှိရင်ပြောပါဦး ... အလုပ်လေးဘာလေး တစ်နေရာရာလောက်ပေါ်ရင် သူ့ကို သွင်းလိုက်ချင်လို့"

"သူက အမေကြီးကျနေတာပဲ"

ဦးက ခပ်တိုးတိုးဝင်ပြောတော့ မမခင်က "ဟဲ့ မော်လီပြောနေတာတွေ အားလုံးအမှန်တွေချည်းပဲ" ဟု ထောက်ခံသည်။ ခုမှ အတိုင်အဖောက်ညီနေလိုက်ကြတာနော် ... ဟိုးအရင်ကဆို မမခင်က မော်လီ့ကို ဆုံးမချင်လို့ ဦးနဲ့ လာတိုင်ပင်ရတာမျိုးပဲ ရှိခဲ့ဖူးပါသည်။

"ပြောရတာ အာပေါက်ပါတယ် မမခင်ရယ် ... ပြန်မပြော နားမထောင်အစားထဲကပါ ... ပြော

www.burmeseclassic.com



သာပြောနေရ ... သူ့ပုံစံက ထင်ရာလုပ်ဦးမှာ
ဆိုတာ သိသာနေတာပဲ"

"အဲဒါ မမခင်ပြောမလို့ ... ဟိုတစ်နေ့က မမခ
မြို့ထဲသွားရင်း ဦးကိုတွေ့တယ် ... ပထမတော့
လှမ်းတွေ့လိုက်ကတည်းက ခေါ်ဖို့ပဲ ... ဒါပေမယ့်
ဦးပုံစံက တစ်မျိုးမို့ ဘယ်လိုပါလိမ့်ဆိုပြီး ဆက်
ကြည့်ပဲကြည့်နေလိုက်တယ်"

ဦးပုံစံက ပြုံးပြုံးပြာပြာလေးဖြစ်သွားပါသည်
ဦး မြို့ထဲထွက်ဖြစ်တာ စစ်တည်နိုင်တို့အိမ်သို့ ရှာနာ
သွားပြန်မေးစဉ်က တစ်ရက်ရယ်၊ ဟိုတစ်နေ့က တစ်ခါရ
စုစုပေါင်းမှ နှစ်ရက်ပဲရှိသေးတာ။ မမခင်ပြောပုံအရ ဒုတိ
အကြိမ်ကို ပိုပြီးဆိုလိုချင်တာထင်ပါရဲ့။

"မမခင်က ဘယ်နေရာက လှမ်းတွေ့လိုက်တာ
ခေါ်လိုက်ရောပေါ့"

"ငါက ( ... ) လမ်းထိပ်က တိုက်ကြီးရဲ့ညာ
ခြမ်း ဒုတိယထပ်က ... ဝရန်တာ ခဏထွက်
လှမ်းမြင်လိုက်ရတော့ ဆက်ကြည့်နေတာနဲ့
ပူမှာ ခေါင်းပူခြေပူမိပြီး အဆောင်ပြန်ရောက်
ခေါင်းကိုက်လိုက်တာအေ ... ဒါတောင် အဲဒီသူ
ချင်းအိမ်မှာထဲက ပါရာစီတမော့တစ်လုံး တော
သောက်လာခဲ့တာ"

ဦးက သက်ပြင်းလေးပဲ ချိတ်ချလိုက်ပါ



သည်။ (---) လမ်းထိပ်ကတိုက်ကြီးရဲ့ ညာဖက်ခြမ်း
ဒုတိယထပ်ဆိုကတည်းက ဆေးရောင်စုံမြင်ကွင်းကျယ် ရုပ်
ရှင်ကားတစ်ခုကို အပေါ်ထပ် DC နေရာက ကြည့်ရသလို
တကယ့်ကို အချက်အချာကျပြီး View ကကောင်းနေတော့
မှာပေါ့။

မမခင်အဖို့ ဦးကိုလည်း မြင်ပေမည်။ ပြီး
ကျတော့ ရှန်းရင်းဆန်ခတ်ဖြစ်ချင်တိုင်းဖြစ်နေကြတဲ့ လူ
နှစ်ဦးကိုလည်း မြင်ပေမည်။ ဦးက မျက်နှာလေးတွေတောင်
နီရဲကာ ခပ်တင်းတင်းဖြစ်လာရပါတော့သည်။

"အဲဒီတစ်ယောက်က မွန်မွန်တဲ့ ... မမခင်နဲ့
တက္ကသိုလ်တုန်းက မေဂျာတူပြီး တန်းခွဲမတူကြဘူး၊
ဒါပေမယ့် ခင်ပါတယ် ... အတန်းတူပေမယ့် မမ
ခင်ထက်တော့ အသက်ငယ်တယ် ... နောက်ပိုင်း
တော့ အတွေ့အကြုံနည်းတယ်ပေါ့ ... မမခင်က
B.A ပြီးတော့ B.Ed ဆက်တက်လိုက်သေးတယ် ...
သူကတော့ နိုင်ငံခြားထွက်ဖြစ်တယ်လို့ သတင်းရ
လိုက်တာပဲ"

"ဦး အဲဒီ မွန်မွန်အကြောင်း မသိချင်ပါဘူး မမ
ခင်ရယ်"

မမခင်က "ဒါဖြင့် ဘာလို့ ကုန်းကွနေအောင်
ဆိုက်ချောင်းရသလဲ" ဟု မေးချင်လာမိသည်။ အိမ်ထောင်
ပြုဖြစ်ပေမယ့် အဆောင်ဖွင့်ဖြစ်ပြီး သမီးတွေအများကြီး

www.burmeseclassic.com

www.burmeseclassic.com



ရထားသလိုဖြစ်နေသည့် မမခင်မှာ မိန်းကလေးများ၏ သ
ဘောသဘာဝနှင့်ပတ်သက်ရင် ကြွယ်ဝသော အတွေ့အကြုံ
များကို–ပိုင်ဆိုင်နေပါပြီ။

"မမခင် ... မော်လီကိုလည်း ပြောပြဦး ...
ဘာတွေလဲ"

မမခင်က ဦးရဲ့မြို့ထဲက နေ့ရက်တစ်ရက်
အကြောင်းကို ဖောက်သည်ပြန်ချလိုက်သည်။

"ဟဲ့ ... နင်က ဘာလို့ လိုက်ချောင်းရတာလဲ"

ဦးမှာ အဖြေမရှိပါ။

"ဟိုက မသိနိုင်ဘူးလို့ နင်ထင်နေသလားဟင် ...
စစ်တည်နိုင်က အနေအေးတာနော် ... မအ
လည်လည်ဝယ်ဝယ်ရှိတဲ့ဘက်တောင် ရောက်
တယ်"

"စစ်တည်နိုင် မသိတောင် မွန်မွန်ကတော့ သေ
ပေါက်သိမှာပဲ ... မွန်မွန်နဲ့ ဦးနဲ့ မြင်ဖူးတွေ
ကြပြီးသားဆိုရင် ပြောတာပါ"

"သူ ... ဦးကို သိလား မသိလား ဦး မသိ
ဘူး"

ဦးမှာ မင်္ဂလာပွဲနေ့က ကိုယ့်အကြံနှင့်ကိုယ်
မိတ်ဆက်ပေးခြင်းခံရပေမယ့် ... မွန်မွန်ကို မမှတ်မိ
မမခင်ကလည်း မင်္ဂလာပွဲနေ့က မွန်မွန်ကို ပရိသတ်
မှာ သတိမထားလိုက်မိပါ။ ဒါပေမယ့် မြို့ထဲက မြင်ကွ





ဆို မမခင် မကြိုက် ... အထူးသဖြင့် ခိုးကြောင်ခိုးဝှက်
လိုက်ချောင်းရသည့် မိန်းကလေးရဲ့အဖြစ်ကို ပိုမကြိုက်။

"ဦးက ပြန်ဆက်သွယ်ဖို့ ဆန္ဒရှိလို့လား"

"ဟင့်အင်း ... ဟင့်အင်း"

"မြန်မြန်ကြီးငြင်းမပစ်နဲ့ ... သေချာစဉ်းစားပြီးမှ
ဖြေနော်"

"မရှိပါဘူး မမခင်ရယ် ... သူနဲ့ဦးဟာ အကြောင်း
တစ်စုံတစ်ရာကြောင့်သာ ပတ်သက်ခဲ့ရတာ"

"ဟဲ့ ... ဒါဆိုရင် နောက်ထပ်အစီအစဉ်တစ်ခု
ထပ်ဆွဲမလို့မဟုတ်လား ... ငါသိတယ် ... ဒါ
တော့ နင်ငြင်းမယ်မကြံနဲ့"

မော်လီက ဖိုးရုံးဖတ်ဖတ်ဝင်ပြောရာ မမခင်
မျက်နှာထားတင်းတင်းနှင့် ...

"သံသရာကို မရှည်ပါစေနဲ့တော့ ဦး ... ပြုသူအသစ်
ဖြစ်သူအဟောင်းတဲ့ ... ကိုယ်က တစ်ခါလည်း
မိုက်ပြီးပြီ ... ဘာမှထပ်မလုပ်သင့်တော့ဘူး ...
သင်ပုန်းချေလိုက်တော့"

"မမခင်ရယ် ... ဦး တစ်စုံတစ်ရာ အကြံအစည်
နဲ့ လိုက်တာလည်းမဟုတ်ပါဘူး ... တကယ်ပါ၊
သူ့ကို မုန်းသလိုလိုကြီးတော့ ဆက်ရှိနေတုန်းပဲ ...
ဒါပေမယ့် ... တစ်ခါနာကြည်းတာကို နှစ်ခါသုံး
ခါ လက်စားချေလို့ရရဲ့လားဆိုတာ ဦး စဉ်းစားနေ



www.burmeseclassic.com

www.burmeseclassic.com



တုန်းပါပဲ"

"ဒါဆိုဘာလဲ ... ဘာအကြောင်းမှ မရှိဘူးလား"

ဦးက အကဲခပ်နေကြသော နှစ်ယောက်နှင့် ရင်မဆိုင်မိစေရန် မျက်နှာလွှဲနေလိုက်သည်။ ဦးကိုယ်ဦးတောင် မသိပါဘူးဆို ... ဘယ်လိုဖြေပေးရမလဲ။ ရုတ်တရက်တွေ့လိုက်ရတော့ ... ရုတ်တရက် စိတ်ကူးထဲပေါ်လာသလိုသာ ထ,လုပ်လိုက်ခြင်းဖြစ်ပြီး "ကောင်းပါ့မလား" တို့ "ဘာကြောင့်လုပ်ရမှာလဲ" တို့ ဆိုတာ အဲဒီအချိန်က ခေါင်းထဲမှာ လုံးဝကို ပေါ်မလာခဲ့တာတွေပါ။

လုပ်ပြီးသွားမှ ညစ်ညူးဒေါသထွက်လာမိသော စိတ်နှင့်အတူ "ငါအရူးလား" ဟု ပြန်တွေးမိကာ ကိုယ့်ကိုကိုယ်လည်း မကျေမနပ်နိုင်ဖြစ်နေဆဲ။

မမခင်နှင့်မော်လီတို့ကတော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်မိကြပါသည်။

"ဦး ... အဲဒီတစ်ယောက်ကို မချစ်ခဲ့တာတော့ သေချာတယ်နော်"

"အို ... မမခင် ... သူ့ကိုမြင်လိုက်ရတာနဲ့ ... ငယ့်မျက်နှာပဲ တစ်ချိန်လုံး ပြန်ပြန်မြင်နေတာ ဘယ်လိုလုပ်ပြီး ချစ်စိတ်ဝင်မိတော့မှာလဲ ... အဝေးကြီးပဲ"

"ခုထိ မုန်းသေးတယ်နော်"

"မုန်းနေတုန်းပဲ ... တစ်ခုခု ပြန်လုပ်လိုက်ချ





မယ့် ... ငယ်နဲ့မေမေနဲ့ကမှ ပြန်ရှင်မလာတာ"

"သူ့အဖေကြီးဆိုတဲ့ တစ်ယောက်ကိုကော"

"အို ... ပိုဆိုးသေးတယ် ... သူနဲ့ကမှ ဒက်ထိကြီးဆုံပြီး စကားပါ ရင်ဆိုင်ပြောခဲ့ရတာလေ ... ရှယ်တူချင်းသာဆို နေရာတင် တစ်ခုခုလုပ်ခဲ့ချင်တာ"

"ဒါဖြင့်ရင် ခုနေ အဘိုးကြီးနဲ့မြို့ထဲမှာ ဆုံဖြစ်ကြရင်ကော ဦး အဲဒီလိုပဲ နောက်ကနေ တိတ်တိတ်လိုက်ချောင်းကြည့်နေမလား"

ဦး နှုတ်ပိတ်သွားသည်။ ခဏကြာမှ ...

"ဆုံပြီးပြီပဲ ... အဝေးပြေးကားဂိတ်မှာလေ ... စကားတောင် အပြိုင်ပြောဖြစ်ခဲ့ကြသေးတယ်"

"မဟုတ်ဘူး ... မမခင်မေးတာက အဘိုးကြီး အဲဒီတိုက်ခန်းနေရာမှာ ဘာများသွားလုပ်မှာပါလိမ့်လို့ ဦးနောက်ကနေ လိုက်ချောင်းမိမလား ... ဆိုကြပါစို့ ... အဘိုးကြီးမောင်းတဲ့ကားပေါ်မှာ မွှန်မွှန်လည်း ထိုင်လိုက်လာတယ်ပဲထားလိုက်လေ"

"ဟာ ... မမခင်က ဒါ ဦးကို သက်သက်ချောင်ထဲတွန်းပို့တာပဲ"

"ဟဲ့ ... ငါက အစစအရာရာ အကောင်းကြီးပဲဖြစ်စေချင်လို့ မေးရတာ"

ဦးက ကိုယ့်လက်ညှိုးလေးနှစ်ချောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘာသာ အချင်းချင်း သည်းကြီးမည်းကြီးဆိတ်ဖွဲ့နေ
လျက် ... စကားသံမထွက်။ အကြာကြီးနေမှ ...

"အဲဒီနေ့က အဲဒီကိစ္စဖြစ်ပြီးပြီးချင်း ဦးကိုယ်ဦး အရူး
လားလို့ပြန်မေးမိပါတယ် မမခင်ရယ် ... ဦးသိ
ကအဖြေကို အတင်းကြီးလိုက်ပြီး နင်းမထုတ်ပါနဲ့
နော် ... လောကကြီးမှာ ရည်ရွယ်ချက်အဓိပ္ပါယ်
တိတိကျကျမရှိဘဲ လူတွေလုပ်ဖြစ်နေကြတဲ့ အလု
တွေက အများကြီးပဲမဟုတ်လား"

"ဒါဖြင့်ရင် နောက်တစ်ခါကျ စစ်တည်နိုင်ကို ပြ
ထဲမှာ ရင်ဆိုင်တွေ့ရင်ကော ... နင်လိုက်ချောင်
ဦးမှာပဲလား ဦး"

"မချောင်းဖြစ်တော့ဘူးထင်တယ် မော်လီ"

"မိန်းကလေးတစ်ယောက်ယောက်နဲ့ တွဲရက်ဆိုရ
ကော"

"ဘာဆိုင်လဲ"

"အဲဒီ မမွန်မွန်ဆိုတဲ့ တစ်ယောက်နဲ့ပဲ တွဲရက်သာ
ဆိုရင်ကော"

"မသိဘူးဟာ ... မသိဘူး ... ဒါ ဘယ်လောက်
များ အရေးကြီးလို့လဲ"

"ကြီးတာပေါ့ ... ငါရှင်းရှင်းပဲပြောရရင် ... နင်
နဲ့ တခြားယောကျ်ားလေးတစ်ယောက်ယောက်နဲ့ တွဲ
သွားတာမြင်ရင် စစ်တည်နိုင်က နင့်လိုပဲ နောက်





ကလိုက်ချောင်းလိမ့်မယ်လို့ နင်ထင်သလား"

ဦး မျက်နှာလေးရဲတွတ်သွားသည်။

"မော်လီရယ် ... အဲလောက်ကြီးတော့ မပြောပါနဲ့"

"မဟုတ်ဘူး မမခင် ... မော်လီက အပြစ်မြင်
တတ်တဲ့ဉာဏ်ရှိပေမယ့် ... ကိုယ့်သူငယ်ချင်းအတွက်
ဆိုတဲ့စိတ်တော့ အမြဲ ရှေ့တန်းတင်ထားပါတယ်၊
မော်လီကို စိတ်ဆိုးချင်လည်းဆိုး အရေးမကြီးဘူး"

ဦးမျက်နှာကလေး ရဲတွတ်သွားရာက တဖြည်း
ဖြည်း အရောင်ပြန်ဖျော့ပြီး တည်ငြိမ်လာပြီဆိုတာနဲ့ မမခင်
က ဦးပခုံးလေးကို တစ်ချက်နှစ်ချက် ပုတ်ပြီး ချော့သလို
အားပေးသလိုလုပ်လိုက်ကာ စားပြီးသွားသည့်
ထမင်းပန်းကန်များကို လိုက်ကောက်သိမ်းနေလိုက်တော့သည်။

ခါတိုင်းဆိုရင်တော့ ကိုယ်စားပြီးသားပန်းကန်
ကို မမခင်ကြီး သိမ်းနေရတာကို ဦးတို့က ဒီအတိုင်းကြီး
ထိုင်ကြည့်နေတယ်နဲ့ ဘယ်ဆက်ထိုင်ကြည့်နေပါ့မလဲ။ ခုတစ်ချီတော့
ဦးရော မော်လီပါ လစ်လျူရှုထားလိုက်ကြသည်။ မမခင်
တစ်ယောက် ပန်းကန်ထပ်ကြီးကိုကိုင်ပြီး မီးဖိုချောင်ဘက်
ဝင်သွားတာနဲ့ ဦးနှင့် မော်လီတို့ ဖျတ်ခနဲမျက်နှာချင်းဆိုင်
လိုက်မိကြကာ ...

"ဦး ... ငါက စေတနာနဲ့ပြောချင်တာ"

"ငါသိတယ် ... နင်က ငါ့ထက်လည်း အပေါင်း
အသင်းများပြီး ပိုလည်ဝယ်တယ် ... လှုပ်လျှောက်

www.burmeseclassic.com



တော့ နင့်အကူအညီနဲ့ပဲ ရှေ့ဆက်ရမှာပဲ"

"ဘာ ... ဘာကိုလဲ ... ဘာတွေရှေ့ဆက်ရ
သေးလို့လဲ"

"နင်ပြောတာ ငါအရမ်းစိတ်ဝင်စားသွားပြန်ပြီ ...
ငါနဲ့ တစ်ယောက်ယောက်နဲ့ကို တွဲမြင်ရင် စစ်တ
နိုင် ဘယ်လိုနေလိမ့်မလဲ"

မော်လီက မျက်လုံးလေးပြူးသွားရကာ ...
"သူ ဘယ်လိုနေနေ ... ပြီးပြတ်ကြပါပြီဆိုမှ ကို
အပူ ဘာပါသလဲ"

"ဟင့်အင်း ... ငါသိချင်တယ် ... ငါတော
သူ့ကို လိုက်ချောင်းမိသေးတာ"

"နင်က လုံးဝ ချစ်စိတ်မပါခဲ့ဘူးလည်း ပြောသေ
လိုက်လည်းချောင်းသေး"

"အေး ... ငါတောင် အဲလိုမျိုး ဘာကြောင့်ရ
မသိဖြစ်မိသေးတာ ... သူကော ဘယ်လိုနေမ
ငါသိချင်တာပေါ့ ... သူ ငါ့ကို ချစ်မချစ် ယ
ချင်တယ်လို့ ပြောတာမဟုတ်ဘူးနော် ... တ
တစ်ယောက်နဲ့ တွဲမြင်ရရင် ငါ့လိုပဲ တစ်ခုခု
ခြားလာမလားလို့ သိချင်တာ"

"ထူးခြားတယ်ဆိုရင်ကော"

"ခုတော့ မသိသေးဘူး ... အဲဒီအချက်ပေါ်မှာ အ
ခံပြီး တစ်ခုခုဆက်လုပ်ရမလား ... မလုပ်





လား ... ငါ ဘာမှမသိဘူး ... ထူးခြားမှုရှိလား
မရှိလား ... ဒါလေးပဲ သိထားချင်တာ"

"နင့်ဟာက ဘာလဲဟာ"

ဦးက မော်လီ့ပါးကလေးကို လက်ဖဝါးလေး
င့် အသာတွန်းထည့်လိုက်ကာ "နင် ငါ့ကို အဲဒီလိုကြီး
ကြည့်နဲ့" ဟု ပြောလိုက်သည်။ မော်လီကတော့ ထင်ရာ
င်းချင်တတ်သော မိန်းကလေးရဲ့ အတွင်းသဘောကို ရှင်း
င်းကြီး မြင်ကြည့်နေချင်မိသည်။

"ဘာတွေဆက်ပြောနေကြတာလဲဟေ့"

"အော် ... မမခင် ... မော်လီက ဦးကိုပြောနေ
တာ ... နင် ဒီတိုင်းကြီးတော့မနေနဲ့လို့ ... မြန်မြန်
အိမ်ထောင်ပြုလို့"

"ဟဲ့ ... ပြုချင်တိုင်းပြုလို့ရမလား"

"သူ့အဖေသူငယ်ချင်း အလှကုန်လုပ်ငန်းရှင်မှာ သား
ကလေးတစ်ယောက်ရှိတာလေ ... သူ့ထက်နည်း
နည်းငယ်နေတာကလွဲရင် အိုကေပဲ"

မမခင်ကတော့ "မော်လီတို့ကတော့ လုပ်
ဘာ့မယ်" ဟုဆိုကာ ... ပါးစပ်ထဲ တွေ့ရာလျှောက်
ပြောလိုက်သော မော်လီ့အပြောင်စကားကို "တဟင်းဟင်း"
ယ်နေလေသည်။ မော်လီက ဘာရယ်မဟုတ် ... ဦး့ကို
လှမ်းကြည့်လိုက်မိသည်တွင် မျက်လုံးလေးတွေ တလက်
ဖြာကာ စိတ်ဝင်စားတက်ကြွပြီး အကြံကောင်းရသွား



www.burmeseclassic.com

www.burmeseclassic.com



ဟာန်ရှိသည့် ဦးပုံစံကြောင့် ဟိုက်ခနဲတောင် အသံထွက်ပြီး အော်လိုက်ချင်သလိုလိုဖြစ်သွားရပါတော့သည်။

ပါးစပ်ထဲထွက်ရာ လျှောက်ပြောလိုက်သည့် စကားထဲမှာပင် "မထင်တိုင်းကျဲ"လေးအတွက် ထင်တိုင်းကျဲချင်စရာအကွက်ကောင်းတွေ့သွားပြန်ပြီ ထင်ပါရဲ့။ စိတ်ညစ်မိပါသည်။

❀ ❀

# အခန်း(၄)

တနလ်ာနှင့်သောကြာသည် ... စစ်တည်နိုင်အတွက် အော့(ဖ်)ရသော အလုပ်ပိတ်ရက်များဖြစ်ပါသည်။ အရင်အချိန်တုန်းကတော့ ဦးရဲ့အလုပ်က စနေ၊ တနင်္ဂနွေ အလုပ်ပိတ်ရက် ... စစ်တည်နိုင်က တနလ်ာနှင့်သောကြာ အလုပ်ပိတ်ရက်ဆိုတော့ ဆုံဖြစ်ကြဖို့အရေးဟာ ဝေလာဝေးလို့သာနေခဲ့သည်။

ခုတော့ ဦးက အလကားနေအလကား ... အလုပ်မရှိ အားလပ်နေသည့်သူ ...။ စစ်တည်နိုင်ကို ချောင့်ဖမ်းဖို့ဆိုရင် ဘယ်နေ့မျိုးမှာမဆို စီစဉ်နိုင်သည့်သူ။ သူ့အလုပ်အားရက်တွေဆိုရင် တချို့သော တနလ်ာတွေမှာ

www.burmeseclassic.com

www.burmeseclassic.com



စစ်တည်နိုင်က မနက်ပိုင်း ရေကူးကန်သို့သွားတတ်သည်။ ပြီးတာနဲ့ တစ်နေကုန် အိမ်မှာနေပြီး ညနေခင်းကျ အားကစားရုံတစ်ခုသို့သွားကာ ကစားတတ်သည်။

သောကြာနေ့မနက်စောစောပိုင်းကတော့ ပုံမှန်အနေနှင့် ဘုရားတက်တတ်လေသည်။ သူပြောဖူးသောစကားများအရဆိုရင်တော့ သောကြာမနက်တိုင်း ရွှေတိဂုံဘုရားရဲ့ တနင်္ဂနွေထောင့်မှာ အမြဲပုတီးစိပ်တတ်လေ့ရှိသတဲ့။

"ရေကူးကန်နဲ့ အားကစားရုံက ပုံမှန်သွားချင်လည်း သွားတယ် ... ပျက်ချင်လည်းပျက်နေတတ်တာပဲ တဲ့ ... ဘုရားကတော့ ဘယ်တော့မှ မပျက်တမ်း အမြဲသွားတတ်တယ်ဆိုတော့ ... ငါက စောရှင်စောပစေ ... ဘုရားကိုပဲ ရွေးလိုက်တယ်"

မော်လီက ခေါင်းတညိတ်ညိတ်နှင့် ...

"နေပါဦး ... စစ်တည်နိုင်ဆိုတော့ ဘာနေ့သားလဲ"

"မသိဘူး"

"ကောင်းရောပဲ ... ကိုယ်နဲ့ယှူတော့မယ့်အထိ ဖြစ်ခဲ့တာတောင် ဘာနေ့သားမှန်းမသိဘူးတဲ့"

"တကယ်ယူမှာမှမဟုတ်ဘဲ ... မသိတော့ ဘာဖြစ်လဲ ... ငါဘာနေ့သမီးလဲဆိုတာလည်း သူသိမှာမဟုတ်ပါဘူး"

"အေး ... ထားပါ ... ဘာပဲဖြစ်ဖြစ် စစ်တည်နိုင်ဆိုတော့ အင်္ဂါနဲ့စနေနဲ့တွေပဲ ... ဘာကိစ္စ တနင်္ဂနွေထောင့်မှာ စိပ်ရတာလဲ ... နေဦး ... နင့်နာမည်က● "ဦး"မို့လို့ နင့်အတွက် စိပ်ပေးတာလား"

ဦးက ရုတ်တရက် တစ်မျိုးလေးဖြစ်သွားရပြီးမှ ... အဲလိုဖြစ်သွားမိတာကိုပဲ ကိုယ့်ဘာသာ ဒေါသပြန်ထွက်မိသွားသည်။

"ငါနဲ့မတွေ့ခင်တည်းက သူစိပ်နေတာ ...' ငါ့အတွက်ဖြစ်ရဦးမလား ... ပြီးတော့ ငါက ဦး ဆိုပေမယ့် ... တနင်္လာသမီးပဲ ... နေ့သင့်နံသင့်မှမဟုတ်တာ ... သူလည်း နေ့သင့်နံသင့်ဟုတ်ချင်မှဟုတ်မှာပေါ့"

"အေးလေ ... ဟုတ်တာပဲ ... ခု နင်ဘာလုပ်မှာလဲ"

"စိုးစိုးကို မနက် ခြောက်နာရီအရောက် လာခဲ့ဖို့ ချိန်းထားတယ် ... စိုးစိုးရောက်လာတာနဲ့ ဘုရားသွားမယ်လေ"

စိုးစိုးမှာ ဦးရဲ့အရင်အလုပ်ရှင် ... ဖေဖေ့သူငယ်ချင်း၏သားကလေး ဖြစ်ပါသည်။ မော်လီကတော့ သူ ဘာရယ်မဟုတ် လွတ်ခနဲထွက်သွားမိတာကနေ အကြံရသွားတာကို နည်းနည်းမှ ကျေနပ်သည့်ပုံမရ။ ပြီးကျတော့ ... ဒီသောကြာနေ့တစ်ရက် အလုပ်ကခွင့်ယူထားရတာရယ် ... စိုးစိုးကိုစောင့်ရင်း လုပ်စရာရှိတာလုပ်ရင်းနှင့် မနက် ငါးနာရီလောက်ကတည်းက အိပ်ရာထထား







www.burmeseclassic.com

www.burmeseclassic.com



ကြရတာရယ်တို့ကိုပါ တစ်စက်မှ မကြည်လင်လှပေ။

ခဏကြာတော့ စိုးစိုးရောက်လာသည်။

"မမဦးက ဘုရားလိုက်ပို့ပေးဖို့ အကူအညီတောင်းထားတယ်ဆိုလို့ မေမေက နှင်းဆီပန်းတွေ ညကတည်းက၀ယ်ထားပြီး ထည့်ပေးလိုက်တယ် ... ဖေဖေ့ကိုတောင် ဒီနေ့ဘာနေ့လဲ ... ဘာအထိမ်းအမှတ်ရှိသလဲနဲ့ မေးနေသေးတယ်"

အဲဒီမိသားစုကတော့ ဦးအပေါ်မှာ တကယ်ပဲကောင်းကြရှာပါသည်။ ဦးကိုယ်တိုင်က တမင် ခပ်စိမ်းစိမ်းပဲနေခဲ့တာမို့ အကူအညီပေးချင်လို့မှ မပေးခဲ့ကြရသည့် ထိုမိသားစုမှာ ဒီလိုမျိုး တစ်ခါတလေလောက် အကူအညီလေးတောင်းမိတာကိုပဲ ဝမ်းသာနေကြသည့်ပုံပါ။

မော်လီက ကြည်လင်သည့်ရုပ်ရည်လေးနှင့်ရှိသော စိုးစိုးကိုပဲကြည့်နေမိသည်။ စိုးစိုးဟာ ခုမှ ဒုတိယနှစ်ကျောင်းသားကလေး ... ။ သို့သော် သေးသေးသွယ်သွယ်နှင့် အရွယ်မှန်းရခက်သည့် ဦးက နထွားကြီးလိုဖြစ်နေသော စိုးစိုးနှင့်ယှဉ်လျှင် ကွာလှသည်ဟု ပြော၍တော့ မရပါ။ ဦးက စိုးစိုးကို အသုံးချတော့မှာကို ဖွင့်ပြောခဲ့ခြင်း ရှိမရှိတော့ မော်လီမသိ။

သို့သော် ကိုယ်က လွတ်ခနဲထွက်ထားမိသည့် အကွက်ကို ဖမ်းယူထားတာမို့ ကိုယ့်ပယောဂမကင်းသလို ဖြစ်နေသည့် ဒီအစီအစဉ်မှာ စိုးစိုးသိအောင်တော့ ဖွင့်ပြော



ထားသင့်သည်ဟု မော်လီကထင်သည်။ မော်လီနှင့်စိုးစိုးတို့မှာလည်း ဦးကိုကြားခံကာ သိပြီးသားလူတွေမို့ သိပ်ကြီးခင်တာ မခင်တာကို မော်လီက ထည့်တွက်မနေတော့ဘဲ

"ဟဲ့ ... စိုးစိုး ... နင့်မှာ ရည်းစားရှိသလား"

"ဘာလုပ်ဖို့လဲ ... မမော်လီက မမော်လီမှာ ညီမရှိလို့လား"

"ငါ အကောင်းမေးနေတာ"

"ကျွန်တော်လိုက်နေတဲ့ကောင်မလေးတော့ရှိတယ်၊ ဘာဖြစ်လို့လဲ"

"နင့်ကောင်မလေးက ဒီမနက် ဒီအချိန်တော့ ဘုရားတက်မလာနိုင်ပါဘူးနော် ... သေချာရဲ့လား"

စိုးစိုးက မော်လီစကားကြောင့် ကားမောင်းနေရင်းက ဝါးလုံးကွဲရယ်ချလိုက်ကာ ...

"ဘာလို့လဲ ... ကျွန်တော့်ကို ကျွန်တော့်အစ်မကြီးနှစ်ယောက်နဲ့ ကောင်မလေးက အထင်မှားသွားမှာစိုးရိမ်လို့လား"

"ဟုတ်တယ်လေ"

"မမှားနိုင်ပါဘူး ... ဘာဆိုင်လဲ"

"မှားနိုင်တယ် ... မှားကိုမှားအောင်လုပ်ရမှာ"

"ဗျာ ... ဟား ဟား ဟား ... ဘာကြီးလဲ ... ထူးဆန်းလိုက်တာ"

ဦးမှာ ငြိမ်မနေသာတော့တာမို့ စိုးစိုးကို မျက်

www.burmeseclassic.com

www.burmeseclassic.com



နှာငယ်ကလေးနှင့် တောင်းပန်သလိုလိုကြည့်လိုက်ကာ ...

"ဦးဦးတို့ ဒေါ်ဒေါ်တို့တော့ ပြန်မသိစေချင်ဘူး စိုးစိုး ရယ် ... မမဦးက စိုးစိုးကို တမင်အကူအညီတောင်း ချင်လို့ခေါ်လိုက်တာ ... မမဦးမှာကလည်း ရင်း ရင်းနှီးနှီးယောကျ်ားလေးထဲကဆိုလို့ စိုးစိုးပဲရှိတာ မဟုတ်လား"

"ဟာ ... အတည်ကြီးတွေပြောနေကြတာလား ... ဒုက္ခပဲ ... ခေါင်းပေါက်ခံရမယ့်ကိန်းမျိုးလား ... မမဦးအတွက်လား ... မမော်လီအတွက်လား ... ဘာလုပ်ရမှာမျိုးလဲ ... ကျွန်တော်တော့ ဘာမှသိ မလုပ်တတ်ဘူးနော်"

"တနင်္ဂနွေထောင့်မှာ ဘုရားအတူလိုက်ရှိခိုးပြီး အတူသပ္ပါယ်ရုံပါပဲ ... မမဦးအတွက် လုပ်ပေး မှာပါ ... ခေါင်းပေါက်မယ့်ကိစ္စမျိုးလည်းမဟု ပါဘူး"

စိုးစိုးကရယ်ချင်နေသေးသော မျက်နှာပေး မျက်နှာပိုးလေးသတ်လိုက်ရင်းက ...

"လွန်ခဲ့တဲ့တစ်ပတ်လောက်ကတောင် အိမ်မှာ ဦးအကြောင်း ဖေဖေတို့ပြောနေကြသေးတယ် ... မမဦး မင်္ဂလာပွဲလုပ်ဖို့ဟာ ပျက်သွားလို့ဆိုလာ မေမေက အဲဒါကြောင့် စိတ်ညစ်ပြီး အလုပ်ပါထွ တာနဲ့တူတယ်ဆိုလို့ ဖေဖေကတောင် မင်္ဂလာပွဲတက



ရှိရင် ငါတို့အရင်ဆုံးသိမှာပေါ့ ... မဖြစ်နိုင်ပါဘူး တဲ့ ... ပြန်ပြောနေသေးတယ် ... အဲဒီကိစ္စနဲ့ဆိုင် သလား"

"အင်း ... ဆိုပါတော့ကွယ် ... ဒါပေမယ့် ဦးဦး တို့ကိုတော့ ပြန်ပြောမနေပါနဲ့ ... အဲဒီကတိ မမ ဦးကိုပေးစမ်းပါ စိုးစိုးရယ်"

"ပေးပါတယ် ... ကျွန်တော်လည်း လူငယ်ပဲဟာ၊ ဒီလောက်တော့ သိတတ်ပါသေးတယ် ... မမော် လီ ... ကျွန်တော့်တော့ အဲဒီလူကို ပြထားဦးနော်၊ တော်ကြာ ဘာမသိဘာမသိနဲ့ လူချင်းဝင်တိုက်မိရင် တောင် မသိဘဲဖြစ်နေလို့ တစ်ပန်းရှုံးနေဦးမယ်"

ဘုရားရောက်တော့ စစ်တည်နိုင်က ရောက် နှင့်နေပါပြီ။ တနင်္ဂနွေထောင့်ရှိ ဗြိုဟ်တိုင်နှင့်တည့်တည့် တခြားဘုရားဖူးများနှင့်တော့ ခပ်ခွာခွာ ဟိုးနောက်နား ချကျတစ်နေရာမှာ ပုတီးထိုင်စိပ်နေလေပြီ။

"ဟိုနားက အကျီအပြာနဲ့ ကချင်ပုဆိုးနဲ့တစ်ယောက် ပေါ့"

"ဟာ ... ဘယ်ဆိုးလို့လဲ ... ရုပ်ကလည်းကြည့် ကောင်း ... ဘုရားတရားကလည်း ကိုင်းရှိုင်းသေး တယ် ... ကြည့်ရတာ အကျင့်လေးတစ်ခုပဲမကောင်း တာမျိုးလား"

"တည်တည်နေစမ်းပါ စိုးစိုးရယ် ... သူက ခြောက်

www.burmeseclassic.com



နာရီခွဲလောက်ဆို ပုတီးပတ်ပြည့်တတ်တယ်ပြောတယ် တို့ ဟိုးအရှေ့ဆုံးနားက ဆီမီးထွန်းတဲ့နေရာလောက် နဲ့ကပ်ပြီး ထိုင်ရှိခိုးနေကြရအောင်"

"ကုသိုလ်တော့ ရမှာမဟုတ်ဘူး ... ဘုရားရှိခိုး စိတ်ရောက်မှာမှမဟုတ်တာ ... ကျွန်တော်တော့ မျက်လုံးလေးကို မှေးမှေးလေးထားပြီး ချောင်းကြည့် နေမှာပဲ"

ပြောမရမည့် စိုးစိုးကိုလည်း တားမြစ်မနေ တော့ပါ။ မော်လီက မလှမ်းမကမ်း ... ကိုယ်ကပဲလှမ်း မြင်နိုင်ပြီး ကိုယ့်ကို မမြင်သာနိုင်မည့်နေရာမျိုးမှာ သွား ရပ်နေသည်။ ဦးတို့ ထိုင်ချလိုက်ကြပြီး ဘာမှမကြာခင်မှာ ပင် စိုးစိုးတစ်ယောက် တလှုပ်လှုပ်တရွရွဖြစ်လာတာ ဦးက မျက်စိမှိတ်ထားပေမယ့် သိနေရသည်။ ကြည့်ရတာ စစ်တည်နိုင်တစ်ယောက် ပုတီးပတ်ပြည့်သွားပြီး ရေသပ္ပါယ် ဖို့ ထ,လာပြီထင်ပါရဲ့။

စိုးစိုးက နံဘေးကအပြာရိပ်တစ်ခုဖြတ်သွား လျှင်ပင် အမြန်ဆုံးဦးချကာ ထိုလူကို လိုက်ကြည့်နေလိုက် သည်။ ထိုသူ့ပုံစံကြည့်ရတာ လူကောင်းတစ်ယောက်လို ပါပဲ။ ဘာများအဆင်မပြေဖြစ်ကြပါလိမ့်။ ကိုယ်နှင့်အထ မှားစေချင်သည်ဆိုတော့ မမဦးကပဲ စိတ်ဆိုးနေတာမျိုးလား စိုးစိုးကတော့ ကျသာကျညီရသည်။ ခေတ်လူငယ်ပီပီ ... ဒီလိုမဟုတ်မဟပ်ခေတ်လမ်းထွင်ထားပြီးမှ ပြန်ရှင်းလို့



အောင် ရှုပ်ကုန်မှာမျိုးကို လုံးလုံးမကြိုက်။ စကတည်းက ကြိုက်ရှင်းရှင်း ... ကြိုက်ရှင်းရှင်း။ ရှင်းရှင်းသာဖြစ် စေလိုပါသည်။

ဟော ... ကိုယ်တို့ကို ဟိုလူမြင်သွားပြီ .. စိုးစိုးက အမြန်ပင် မျက်နှာလွှဲလိုက်၏။ စစ်တည်နိုင်မှာ တစ်ချိန်လုံး ကုသိုလ်ရေးထဲပဲ အာရုံနှစ်ထားတာမို့ ဘေးဘီ ကိုမကြည့်မိခဲ့ပါ။ ရေသပ္ပါယ်တာ ခွက်ရေစေ့သွားတော့မှ ပင် အလှူငွေထည့်ဖို့ရာ ရေထမ်းသမားကြီးကို ဟိုဟိုဒီဒီ လိုက်ရှာဆဲ ... ဦးတို့နှစ်ယောက်ကို မြင်လိုက်ရခြင်းဖြစ် သည်။ ရုတ်တရက်မှာ အံ့ဩစိတ်နှင့် မျက်ခုံးတောင်ပင့် တက်သွားရပေမယ့် ဦးနံဘေးမှ ကောင်ကလေးရဲ့မျက်နှာ ကိုမြင်လိုက်ရတော့ စစ်တည်နိုင်က သိပ်မအံ့ဩချင်တော့ ပါ။

ဘုရားရှိခိုးနေသည့် ဦးကို ထိုင်စောင့်ပေးနေ သည့် ကောင်ကလေး၏မျက်နှာမှာ ရိုးသားဖြူစင်ခြင်း ... (အထူးသဖြင့် ဦးအပေါ်မှာ တကယ့်ကို ဖြူစင်နေခြင်း) နှင့် ကလေးဆန်ခြင်းတို့က အပြည့်ပင် ... ။ ထိုင်သာ စောင့်ပေးနေရတာ အတော်ကြီးလည်း ပျင်းနေပုံနှင့် တ လှုပ်လှုပ်တရွရွ ... ။ ကြည့်ရတာ မနက်စောစော ဘုရား လာချင်လို့ အသိမိတ်ဆွေတစ်ယောက်ယောက်ရဲ့သားကလေး တစ်ယောက်ကို အကူအညီတောင်းလာသည် ထင်ပါရဲ့။

ထို့ထက်မှာကား စစ်တည်နိုင်က ဦးရဲ့အကျင့်

www.burmeseclassic.com

www.burmeseclassic.com



စရိုက်နှင့်သိက္ခာကို ယုံကြည်သည်။ ဦးဟာ စစ်တည်နိုင်ကို ချိုးကာမှချိုးချသွားရော ဣန္ဒြေသိက္ခာနှင့်တော့ ပြည့်စုံခဲ့တဲ့မိန်းကလေးမျိုးပဲ။ စစ်တည်နိုင်နှင့် မကြိုက်ခင်ကလည်း ကိုယ်က **'propose'** လုပ်ဖို့ လိုက်စုံစမ်းကြည့်စဉ်က ချစ်သူရည်းစားမရှိကြောင်း အတိအကျပင် သိထားရတာ ... စစ်တည်နိုင်နှင့် ပြတ်စဲကြပြီး ဘာမှမကြာသေးခင်အချိန်ပိုင်းလေးအတွင်း နောက်တစ်ယောက် ခေါက်ခနဲ ကောက်ထားဖြစ်လိမ့်မည်ဟုတော့ စစ်တည်နိုင်က လုံးလုံးမှကို မထင်မိပါချေတကား။

ပြတ်စဲကြပြီးမှ ချစ်သူရည်းစားဘဝကထက်တောင် အမှတ်မထင်တွေ ပိုပိုဆုံဖြစ်နေတာကိုသာ စစ်တည်နိုင်က အံ့သြချင်မိပါသည်။ အင်း ... ဘုရားရှစ်ခိုးနေတာတောင် မျက်မှောင်လေးချီထားလျက် ... မျက်နှာလေးက မရှင်းမလင်း ...။ သောကစွက်လျက်ရှိတာကိုတော့ ပတ်သက်ခဲ့ဖူးသည့်လူတစ်ယောက်အနေနှင့် စစ်တည်နိုင်က ကရုဏာတစ်ချက် သက်လိုက်မိရပါသည်။

တစ်ချက်ဆိုမှ တစ်ချက်တည်း လှမ်းကြည့်လိုက်ပြီး သည့်နောက်မှာတော့ စစ်တည်နိုင်က ရေထမ်းပေးသည့်လူကြီးကို အလှူငွေလှမ်းပေးလိုက်ပြီး ထိုနေရာမှ ထွက်ခဲ့ပါတော့သည်။ အင်း ... ဦးဆိုတော့ တနင်္ဂနွေသမီးထင်ပါရဲ့ ... တိုက်ဆိုင်လိုက်တာ။

စစ်တည်နိုင်ထွက်သွားပြီး မကြာခင်မှာပင် ဦး





က ဘုရားရှိခိုးလို့ပြီးပါသည်။ ဦးချကန်တော့လိုက်သည်ဆိုရင်ပဲ တစ်ချိန်လုံး လှမ်းရှုနေသည့် စိုးစိုးက ...

"ထွက်သွားပြီဗျ ... မြင်တော့သွားတယ် ... တစ်ချက်ကြည့်သွားတယ်"

ဦးက မတ်တပ်ထရပ်ပြီး မော်လီ့ကို လှမ်းခေါ်လိုက်သည်။

"ကြည့်တော့ကြည့်သွားတယ် ဦး"

"ဟုတ်တယ် ... ဒါပေမယ့် တစ်ချက်တည်းပဲ .. ပြီးတော့ ဘာမှလည်းမဖြစ်ဘူးဗျ ... အေးဆေးပဲ ထွက်သွားတာပဲ"

ဦးက မော်လီ့ကိုကြည့်လိုက်သည်။ မော်လီက ဦးကို အရမ်းအားနာသွားမိတာကြောင့် ... စိုးစိုးလို ဟန်မဆောင်ပန်မဆောင်ကြီးမဟုတ်ဘဲ ...

"ငါက နည်းနည်းလှမ်းလို့ မျက်နှာထားတော့ သေချာမကြည့်နိုင်ဘူးပေါ့"

"ကျွန်တော် မြင်လိုက်တာပဲဟာ ... လူသိချင်းဆိုတဲ့မျက်နှာထားတော့ ပေါ်ပါတယ် ... အော် မဦးပါလားဆိုတဲ့မျက်နှာထားမျိုးပေါ့ ... ကျွန်တော့်ကိုကြည့်ပုံကလည်း လုံးဝ အေးအေးဆေးဆေးပဲ"

စိုးစိုးမှာ ကိုယ့်ဘာသာပြောနေရင်း ...သူတို့နှစ်ယောက် လက်ထပ်ဖြစ်ဖို့လောက်အထိ တစ်ခုတစ်ခု ပတ်သက်ခဲ့ကြတယ်ဆိုတာ ဟုတ်မှဟုတ်ပါလေစဟုတောင်



www.burmeseclassic.com

www.burmeseclassic.com



ဇဝေဇဝါဖြစ်လာရသည်။ ဦးရဲ့မျက်နှာလေးကတော့ ပြင်မရအောင် ခပ်ပျက်ပျက်ဖြစ်နေရှာသည်။

"တစ်နေရာရာကများ ပုန်းကွယ်ပြီး ကြည့်နေမလားပဲ"

မော်လီက အားနာသနားရလွန်းတာမို့ ... ကိုယ့်စကားကို ကိုယ်တိုင်တောင် မယုံကြည်ဘဲ ဦးကို လှမ်းနှစ်သိမ့်လိုက်သည်။

"မဖြစ်နိုင်ပါဘူး ... လာ ပြန်ကြစို့"

မော်လီ့မှာ တကယ်တမ်း ဘုရားပေါ်မှာ စစ်တည်နိုင်တစ်ယောက် ဆက်ရှိနေသေးရင်တောင် ရိပ်မိကာမှရိပ်မိရော ... စစ်တည်နိုင်ရဲ့အရိပ်အယောင်ကလေးကို နည်းနည်းလောက်ဖြစ်ဖြစ် တွေ့လိုက်ရရင်ပဲ ကြားတည်းကဝင်ပြီး မျက်နှာပူနေရတာတွေ သက်သာလိုသက်သာငြားခေါင်းတလည်လည် မျက်စိတလည်လည်နှင့် အတင်းကြီးကို လိုက်ရှာကြည့်မိနေပါတော့သည်။

ဒီလောက်ထိ ပြတ်သား သံယောဇဉ်ကင်းနိုင်မည်ဟု မော်လီတို့တောင် မထင်ထားမိတာအမှန်ပါ။ ဦးလိုတော့ လိုက်မချောင်းနိုင်ဘူးဟု ကြိုတင်တွက်ဆမိပြီးဖြစ်သော်လည်း အနည်းဆုံးတော့ သေချာကြီး အကဲခပ်ကြည့်သွားတာမျိုး ... အံ့အားတသင့်နှင့် မယုံကြည်နိုင်အောင်ဖြစ်သွားတာမျိုး ... ဒါကြောင့်များ ငါနဲ့လက်ထပ်ပွဲကို ဖျက်လေသလားဟု အထင်လွဲစိတ်ဆိုးတာမျိုးတွေထဲက တစ်





ခုခုတော့ လာလိမ့်မည်ဟုပဲ ထင်ထားမိတာလေ။

ခုတော့ အံ့ဩစရာကောင်းလောက်အောင်ကို သူစိမ်းဆန်နေနိုင်တော့သည်။ "နင့်ဘာသာနင် ဘယ်ကောင်နဲ့ပဲတွဲတွဲ ... ငါက အရေးမစိုက်ပါဘူး" ဟု ဖွင့်ပြောသွားတာထက်တောင်မှ ပိုဆိုးနေသေးတော့သည်လေ။

"နေပါဦး ... အဲဒီလူရဲ့အသက်က ကျွန်တော့်ထက်တော့ သုံးလေးနှစ် အသာလေးကြီးမယ့်ပုံပါနော်၊ မမော်လီ"

"အင်း ... ကြီးတာပေါ့ ... ဘာလို့လဲ"

"သူထွန်းတဲ့ဖယောင်းတိုင်က ဆယ့်ရှစ်တိုင်ပဲဗျ ... ပြီးတော့ ရေကလည်း ဆယ့်ရှစ်ဖလားပဲလောင်းတာ"

"အော် ... အေး ... ငါလည်း ရေခွက်တွေလိုက်ရေနေမိသေးတယ် ... ဟုတ်တယ် ဟုတ်တယ်"

"ကျွန်တော်တောင် နှစ်ဆယ်ရှိပြီ"

"အော် ... သူ့အမိဋ္ဌာန်နဲ့သူဖြစ်မှာပေါ့ဟယ်"

မော်လီက ဘယ်သူနှင့်မှ စကားမပြောတော့ဘဲ ရှေ့ကနေ စိုက်စိုက်စိုက်စိုက်နှင့် သွားနေသော ဦးကိုမေးငေါ့ထိုးပြလိုက်ကာ "အဲဒီလူအကြောင်းတွေ ဆက်မပြောနဲ့တော့" ဟု စိုးစိုးကို တီးတိုးသတိပေးလိုက်သည်။ တစ်ချိန်လုံး အားရပါးရ အာဖွာနေသည့် စိုးစိုးလည်း ခုမှတိခနဲ ပိတ်ကျသွားတော့၏။

အပြန်လမ်းတစ်လျှောက်မှာ စကားသိပ်မပြော



www.burmeseclassic.com

www.burmeseclassic.com



ဘော့သည့် မော်လီတို့နှစ်ယောက်ကို ဦးကပဲ ဦးဆောင်ကာ တိတ်တိတ်ဆိတ်ဆိတ်ကြီးဖြစ်မနေရအောင် စကားစရှာပြီး တစ်လမ်းလုံး ပြောလာရသဖြင့် အိမ်ကိုပြန်ရောက်တော့ ဦးမှာ ပင်ပန်းချိနွဲ့ကာ အားအင်ပြတ်သလိုကြီးဖြစ်လို့နေပြီ။

ဆက်ဆော့ချင်တာကိုး ... ။ အဓိပ္ပါယ်မရှိ တာတွေကို သိပ်လုပ်ချင်တာကိုး ... ။ အခြေအနေကို ကြိုတွက်နိုင်ရမည်ဖြစ်ပါရက် မသိစိတ်ကနေ ကိုယ့်ကိုကိုယ် သိပ်အထင်ကြီးချင်မိသေးတာကိုး ... ခံလေ ... ခံ ... ခံပေါ့။ ခင်မင်ရသည့် လူနှစ်ယောက်ရှေ့မှာ ဒီမျက်နှာကြီး ကို ဒီခေါင်းထက်မှာပဲကပ်ပြီး မျက်နှာပြောင်တိုက်ကာခံ လိုက်ပေါ့။ နည်းတောင်နည်းသေးသည်။

ကိုယ်ရူးတိုင်း သူကရူးပါ့မလား "ဦးကိုလက် လွှတ်ရပေမယ့် ခံစားလို့လည်းမနေရပါဘူး" ဆိုတာ သူ့ အဖေကြီးနှုတ်ဖျားကိုက ထွက်ထားပြီးသားပဲဟာ ... နည်း နည်းပါးပါးများ ဦးနှောက်လေးသုံးပြီး အရင်စဉ်းစားခဲ့ကြည့် ဖို့ကောင်းတာပေါ့။

ဦးမှာ ဝမ်းနည်းစိတ်တွေ လှိုက်လှိုက်တက် လာရပြီးချိန်မှာ ကိုယ့်အခြေအနေကို ကိုယ်ပြန်လန့်လာမိ ပါသည်။

❀ ❀





ကိုယ့်ရှေ့မှာ ဖျတ်ခနဲလာရပ်လိုက်သော လူ ရိပ်ကို မော်ကြည့်မိလိုက်စဉ်မှာ ဦးမြတ်အောင်က မျက်ခုံး တစ်ဖက်ပင့်တင်ပြီး အံ့ဩသွားရလေသည်။

"ကလေးမ"

ဦးမြတ်အောင်က နှုတ်ဆက်သလို ခေါ်လိုက် သမယ့် ဦးက ပြုံးလည်းမပြုံး တည်လည်းမတည်သော မျက်နှာလေးနှင့် ဦးမြတ်အောင်ကို စိုက်ကြည့်၍နေလေသည်။

"ကလေးမ ဘယ်လဲ ... ပြည်တွင်းခရီးစဉ်ပဲလား"

လေဆိပ်အဆောက်အဦး၏ ပြည်တွင်းခရီးစဉ် အဆောင်မှာ တွေ့ကြတာဆိုတော့ ဦးမြတ်အောင်က မေး နေကျမေးခွန်းတစ်ခုကို မေးလိုက်ပြန်သည်။ ဦးထံမှ စကား သံပြန်ထွက်မလာပြန်ပါ။ နားနားနေနေ ထိုင်စောင့်နေနိုင် ဖို့ရာ စီစဉ်ပေးထားသည့် ခုံတန်းများမှာ ထိုင်နေသည့် ဦး မြတ်အောင်ရဲ့ဘေး မနီးမဝေးမှာသာ ဝင်ထိုင်ချလိုက်သည်။

ဒီတစ်ခါမှာတော့ နှစ်ကြိမ်တိုင်တိုင် စကား ပြန်မရထားသည့် ဦးမြတ်အောင်က ဒီသူငယ်မ စပြောတော့ မှပဲ ကိုယ်လည်း စကားပြန်ဆက်တော့မည်ဟုပဲ သဘော ထားလိုက်ကာ ကိုယ့်ကို တစိုက်မတ်မတ်ကြည့်နေသည့် ဦးကိုပဲ ပြန်အကဲခပ်ကြည့်ပေးနေလိုက်သည်။

ဦးမှာ အလုပ်ကိစ္စနှင့် မန္တလေးသို့သွားရန်ရှိ သော မော်လီ့ကို လိုက်ပို့ပေးပြီး ပြန်မည်အပြုမှာ ဦးမြတ် အောင်ကြီးနှင့် ဆုံလိုက်ရ၍သာ လက်လွှတ်မခံလိုက်ဘဲ ပတ်

www.burmeseclassic.com

www.burmeseclassic.com



သက်မှတစ်ခုခုလုပ်ဖြစ်လိုက်ဖို့ရည်ရွယ်ပြီး အနားကိုသာ ... လာလိုက်ရတာ ... ကိုယ်ဘာလုပ်ချင်မှန်းဘာလုပ်ရ... မှန်း ကိုယ်တောင်မသိသေးပါ။

သူတို့သားအဖကို ငယ်ကိစ္စကြောင့် တူး... ခါးခါးမှန်းရတာမှန်သည်။ သို့သော် ကိုယ့်ဘက်ကလ... တစ်ခါပြန်ချိုးသားပြီးပြီမို့ အနည်းငယ် စိတ်သက်သာ... ရနေချိန်မှာ ထပ်မံမပတ်သက်ဘဲ နေလိုက်ရတော့မည်... ခုတော့ နေသင့်သလိုမနေနိုင်အောင်ကို စစ်တည်နိုင်နဲ့ ... ဆုံဖြစ်ပျက်ထားသော အကြောင်းအရာများက ဦးစိတ်... တဆစ်ဆစ် လာဆွနေသည်။

ဒီအတိုင်းကြီး မနေလိုက်နိုင်ပါ။ ဦးဟာ ... သားအဖနှစ်ယောက်နှင့်တော့ ပတ်ကိုပတ်သက်နေရဦး... ဟု ကိုယ့်ဘာသာပြန်ပြီး ခိုင်းစေအမိန့်ပေးထားပြီးဖြစ်... ပါပြီ။

တကယ်ပါ ... ခု သူ့ဒီလောက်ကြီး ... ကားပြီးနေလိုက်သလိုမျိုး ဦးကိုယ်တိုင်က ကိစ္စတွေ... မှာ နေလိုက်တော့ဖို့ ဆုံးဖြတ်ထားပြီးသားပါ။ ဒါပေ... ကိုယ်ကိုယ်တိုင် ဆုံးဖြတ်ထားပြီးသားအရာတစ်ခုကို တ... လူကူ လက်ခံကျင့်သုံးနေချိန်မှာကျတော့ ဦးက တ... ပြန်ပြီး ငြိမ်ငြိမ်လေးမနေလိုက်နိုင်ပြန်တော့။ လူ့သ... လူ့မနောဟာ ထူးခြားဆန်းကြယ်သလောက် အတွေး... နက်နဲလှပါဘိတော့သည်။





"ကျွန်မက သူငယ်ချင်းကို လိုက်ပို့တာ ... ဦးလေး ကရော"

အကြာကြီးစိုက်ကြည့်နေပြီးမှ ထွက်လာသည့် ...တစ်ခွန်းကြောင့် ဦးမြတ်အောင်က ပြုံးချင်စိတ်ကို ...ကာ ...

"ငါ ခုပဲ ကော့သောင်းကရောက်တာ ... အဲဒါ လေဆိပ်က တက္ကစီငှားပြီးပဲ သားဆီကိုသွားရမလား၊ ဒါမှမဟုတ် သားကိုပဲ လှမ်းခေါ်ပြီး လာကြိုခိုင်း ရမလားဆိုတာ မသေချာသေးလို့ ... မောလည်း မောတာနဲ့ ခဏထိုင်နေတာ"

"ဦးလေးက ရန်ကုန်မှာပဲမဟုတ်ဘူးလား ... ဘယ် လိုလုပ် ကော့သောင်းကို ပြန်ရောက်သွားတာလဲ"

"တစ်ပတ်အတွင်းပြန်သွားပြီး ပြန်လာတာလေ ... ဟိုမှာ စီစဉ်စရာရှိတာတွေ သွားစီစဉ်တာ ... ရန် ကုန်မှာ အကြာကြီးနေဖို့ဆုံးဖြတ်လိုက်ပြီမို့လို့"

"ဘာဖြစ်လို့လဲ"

ဦးမြတ်အောင်က တဟဲဟဲရယ်လိုက်ကာ ... ...ဒီအပ်တယ်ထင်လို့" ဟု မတင်မကျအဖြေကို ပေးလိုက် ...သည်။ ကောင်မလေးမျက်မှောင်ကုတ်သွားတာမြင်တော့ စိတ် ...တာ ဆက်ပြီး ကျိတ်ရယ်လိုက်မိပါသေးသည်။

တကယ်ဆို ဒီကောင်မလေးနဲ့ ဦးမြတ်အောင် ...ရဲ့ အခြေအနေကိုက ဒီလိုပဲ လမ်းသွားရင်းတွေ့ဆုံရင်



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်ကြရမည့် အခြေအနေမျိုးလား "မဟုတ်ပါဘူး" ဟု ဦးမြတ်အောင်က ဘာ့ ထင်သည်။ အမုန်းအမျက်တရား တွေနဲ့ တွေ့လိုက်တိုင်း ချာခနဲကျောခိုင်းမသွားကြဘူးဆို... တောင် အရင်တွေ့သည့်သူက ခပ်ဝေးဝေးကနေ ကွေ့ရှော... သွားကြရမယ့်အခြေ ခနေမျိုးပဲမဟုတ်လား။

အထူးသဖြင့်ကတော့ လောလောလတ်လတ်... အပြစ်လုပ်ထားတဲ့ ဒီကလေးမကသာ အရင်ကွေ့ရှောင်သွား... ရမှာပေါ့။ ခုတော့ တန်းတန်းမတ်မတ်ကြီး တမင်လာ... ရောက်နှုတ်ဆက်စကားတွေဆိုနေတာမို့ ဦးမြတ်အောင်မှာ ... ဆန်းလှသော စိတ်အသိနှင့်အတူ "သတိတော့ထားရမယ်... ထင်တယ်" ဟုပါ တစ်ခါတည်း ဆုံးဖြတ်ထားမိပြီးသား... ဖြစ်နေရပါတော့သည်။

အဝေးပြေးကားဂိတ်မှာ တစ်ခါတွေ့ဆုံစကား... ပြောခဲ့ကြဖူးပြီးသားဖြစ်ပေမယ့် ... ထိုစဉ်က ဒီလို ... မင်ကြီး လာခေါ်နှုတ်ဆက်ခဲ့တာမဟုတ်သလို ... ဒီ... မျိုး အလာပသလာပစကားမျိုးတွေကို အေးအေးဆေးဆေး... ပြောနိုင်ခဲ့တာမှမဟုတ်ဘဲ။

ထိုစဉ်က နာကြည်းမှုတွေ ဖွက်နေဆဲရန်... နှင့်ဝေါ်ဝေါ် ထေ့သံငေါ့သံတွေပါနေသည့်စကားတို့မှာ ... အေးအေးလေးလာနှုတ်ဆက်နေသည့် စကားတို့ထက် ... ပြန်လောက် အပြစ်ကင်းသည်ဟု ဦးမြတ်အောင်က ... သည်လေ။ ခုဟာကတော့ တစ်စုံတစ်ရာသော အကြံအ...





နှင့် ပြန်လည်ချဉ်းကပ်လာခြင်းမျိုးမဟုတ်ပါဘူးလို့ ဘယ်သူကပြောနိုင်မှာလဲ။

"ဦးလေးက ကျောင်းသောင်းမှာ ဘယ်နားမှာနေတာလဲ"

"ပိတောက်ရွှေဝါမှာလေ"

အဖြေစကားကို ခေါင်းသာတညိတ်ညိတ်လုပ်နေတာ ... ဘာမှသိပုံလည်းမရ။ ဦးမြတ်အောင်က စိတ်ရှုပ်ရှုပ်ထားပြီး စောင့်ပေးနေရာကနေ လူကြီးပီပီ စိတ်ရှည်ချင်ဖြစ်လာရတော့သည်။

"ဒီမှာ ကလေးမ ... သားကို ဘာပြောပေးရမလဲ"

"သားကို ... စစ်တည်နိုင်ကိုလား ..., ဟင် ... ဟင့်အင်း ... ဘာမှပြောစရာမရှိပါဘူး ... ဘာလဲ ဦးလေးက ကျွန်မ လာနှုတ်ဆက်တာကို မကြိုက်လို့လား ... နှုတ်ဆက်ခွင့်မရှိဘူးလို့ထင်လို့လား"

ကိုယ်က သူ့ကိုစောင့်ကြည့်နေရာက နေရင်းထိုင်ရင်း ကိုယ်တောင် တရားခံပြန်ဖြစ်ဦးတော့မည့်အပေါက်ရှိ ဦးမြတ်အောင်က ချောင်းတစ်ချက်ဟန့်ကာ အားယူလိုက်ပြီးမှ ...

"နှုတ်ဆက်ခွင့်ရှိမရှိဆိုတာကတော့ ကလေးမပဲ ဆုံးဖြတ်ပါလေ ... ဦးလေးတို့ကတော့ လူကြီးပဲ ... ကိုယ့်ကို လူငယ်က အရင်စပြီး ဂါရဝတရားနဲ့လာ နှုတ်ဆက်တာကို လက်မခံနိုင်လောက်အောင်သိတော့



www.burmeseclassic.com

www.burmeseclassic.com



မရှိင်းပျတတ်ပါဘူး … သားကို ဘာပြောပေးရဦး မလဲလို့မေးတာကတော့ အကြောင်းရှိတယ်"

"ဘာအကြောင်းလဲဟင်"

"ပုံမှန်အတိုင်းဆို ကလေးမဟာ ဦးလေးကို လာနှုတ်ဆက်မယ်လို့ကို မထင်ဘူး … ကလေးမမှာ တစ်ခုခု အကြောင်းအရာ ခိုင်ခိုင်လုံလုံတစ်ခုရှိရမယ်၊ အဲဒါဟာလည်း သားနဲ့ပဲပတ်သက်စရာအကြောင်း ရှိတယ်လေ"

ဦးက နှုတ်ခမ်းလေးကိုကိုက်ကာ စဉ်းစားနေလိုက်သည်။ သူ့သားသည်ကား လူစိမ်းကား … အဘိုးကြီးကတော့ လူလည်ကြီးပင်တည်း။ ဒီကြားတည်းမှာ ဦးကိုယ်တိုင်ကတော့ "မလည်ရှုပ်" တစ်ယောက်သက်သက်သာဖြစ်သည်ထင်သည်။

"မင်းကို သားအကြောင်း ဦးလေး ပြောပြစရာတွေရှိတယ် … မင်း အချိန်ရမယ်ဆိုရင်ပေါ့"

"ကျွန်မ အချိန်ရပါတယ်"

ဦးက အဘိုးကြီး၏ ခရီးဆောင်အိတ်တစ်လုံးကို ဝိုင်းကူဆွဲပေးကာ ဦးတို့နှစ်ယောက် လေဆိပ် အိုအေစစ်စားသောက်ဆိုင်သို့ ထွက်လာခဲ့ကြသည်။ လမ်းမှာပင် ဦးမြတ်အောင်က စကားကိုစ,ပြောလာသည်။

"စစ်တည်နိုင်ဟာ မိန်းကလေးတွေနဲ့ပတ်သက်လာရင် ကံကိုဆိုးတယ်"





"ရှင်"

"ဟုတ်တယ် … မင်းနဲ့ မတွေ့ကြရခင် ဟိုးလေးငါးနှစ်လောက်ကတည်းက သားမှာ ချစ်သူမိန်းကလေးတစ်ယောက် ရှိခဲ့တယ် … အဲဒါလည်း တခြားလူမဟုတ်ဘူး … ဦးလေးရဲ့သမီးပဲ "အေးမြတ်အောင်" လို့ခေါ်တယ် … စစ်တည်နိုင်ကို သူ့အဖေဆီက တောင်းယူပြီး ခေါ်မွေးစားခဲ့ကတည်းက သားနဲ့သမီးကို အချိန်တန်ရင် နေရာချထားဖို့ လူကြီးတွေက စီစဉ်ပြီးသား … ကြီးလာကြတော့ လူကြီးတွေ စီစဉ်စရာမလိုဘဲ သူတို့ချင်း နှစ်သက်ကြတယ် …

လူကြီးတွေအနေနဲ့ကလည်း သမီးလေးအ သက်က ငယ်နေသေးလို့ နည်းနည်း ထိန်းထိန်းသိမ်းသိမ်းရှိခဲ့တာကလွဲရင် အချိန်တန်ရင် ပေးစားမှာပဲ … ဒါပေမယ့် အချိန်တန်တဲ့ဆီကို မရောက်လိုက်ဘူး … အေးမြတ်အောင်ကလေးဟာ အသက်ဆယ့်ရှစ်နှစ်တောင် မပြည့်သေးဘူး Leukaemia ရောဂါနဲ့ ဆုံးသွားခဲ့တယ်ကွယ့်"

ဦးက အဘိုးကြီးကို အကဲခပ်ကြည့်နေသည်။ …သ်နှင့်မေမေတို့ရဲ့အကြောင်းတွေကို ပြန်တွေးလိုက်တိုင်း …ရှုးချင်လာခဲ့မိသလိုမျိုး ခုလည်း အဘိုးကြီး၏ မျက်နှာ …မှိုင်းမှုန်လာကာ နဖူးကြောကြီးနှင့် မေးရိုးကြီးတို့သည်း



www.burmeseclassic.com

www.burmeseclassic.com



တင်းလျက်သားရှိနေသည်။

တကယ်ဆို ... ဦးတို့တွေဟာ ဘဝတူတွေ
မှ တကယ့်ကို တသားတည်းကျတဲ့ ဘဝတူတွေပါ။ ဦး
တို့တွေဟာ တစ်ယောက်နဲ့တစ်ယောက် နာကြည်းမုန်းမျက်
နေကြဖို့ မရှိဘူးနော် ... ။ တစ်ယောက်ကိုတစ်ယောက်
သဘောပေါက် စာနာနားလည်ပြီး အချင်းချင်း ဖေးမကူ
ညီနေကြဖို့ပဲ ရှိပါတယ်။

"သားကို ဦးလေးက အိမ်ထောင်ပြုစေချင်တယ် ... သားဘဝကြီး စုတ်ပြတ်သပ် လေလွင့်သွားပြီး အဖတ်ဆယ်မရမှာမျိုးတွေ မဖြစ်စေချင်ဘူး ... ဒါပေမယ့် ဦးလေးကိုယ်တိုင်တောင် တစ်နှစ်လောက် ဒုက္ခရောက်သွားခဲ့သေးတာဆိုတော့ ... သားကိုလည်း တစ်နှစ်လောက် မျက်ခြေပြတ်လွှတ်ထားခဲ့ရတယ်၊ ကိုယ်တိုင်က ထူမတ်နိုင်ပြီဆိုမှ သားကို သတိ ဖို့ စ,စီစဉ်ရတယ် ... ဒါပေမယ့် သားက လူတော် တစ်ယောက်ပါ ... သူပြန်ပြီး တည်ဆောက်နိုင်ခဲ့ ပြီးပြီ ... သူ့စိတ်ကို သူက သိပ်နိုင်တယ်"

ဒါပေမယ့် သူပြန်တည်ဆောက်လိုက်တဲ့ဘဝ ထဲမှာ အသည်းနှလုံးတစ်ခုတော့ ပါမလာနိုင်ခဲ့ဘူးထင်ပါရဲ့ ဦးလေးရယ် ... ။ သူ့စိတ် သူနိုင်ပြီး ပြန်ရှင်သန်လာခဲ့ တဲ့လူတစ်ယောက်ဟာ အင်္ဂါစုံအောင်တော့ ပါမလာတော့ ပါဘူး။ အသည်းနှလုံးအစား ဦးနှောက်တို့ကသာ အားအင် အပြည့်နဲ့ များပြားကြီးထွားပြီး ပါလာခဲ့ဟန်တူပါရဲ့။





"ကလေးမကို သူတွေ့တော့ သူ သိပ်သဘောကျတယ်၊ သူလက်ထပ်မယ့်မိန်းကလေးဟာ ဒီလိုမိန်းကလေး မျိုးပဲလို့ ဦးလေးကို လှမ်းအကြောင်းကြားခဲ့တယ်၊ ဦးလေးလည်း သားအတွက် ဝမ်းသာပေးခဲ့ပါတယ်၊ ဒါပေမယ့်"

ဒီနေရာမှာတော့ ဦးက အပြစ်ရှိသူကြီးတစ် ယောက်လို ငြိမ်မနေချင်တာမို့ စကားကို ဝင်ဖြတ်ကာပြော လိုက်သည်။

"ဦးလေးသားက အေးမြတ်အောင်ကလေးကိုတော့ မမေ့နိုင်သေးဘူးနော် ... အပတ်စဉ် ရွှေတိဂုံဘုရား တက်ပြီး တနင်္ဂနွေထောင့်မှာ ပုတီးစိပ် ... ရေ သပ္ပါယ်ပေးနေဆဲပဲ"

"ဒါက ဦးလေး ရန်ကုန်မှာရှိရင် ဦးလေး အမြဲ လုပ်နေကျဝတ္တရားလေ ... ဦးလေး ကော့သောင်း ပြန်နေရင် သားလုပ်ထားပေးဖို့ ဦးလေးပဲမှာထား တာ"

"အေးမြတ်အောင်က ရောဂါဖြစ်နေတဲ့ အခြေအနေ ကနေ Remission ပြန်မရခဲ့ဘူးဆိုတာ ဟုတ်သလား ဟင်"

"ကလေးမ ဘယ်လိုသိထားတာလဲ ... ဘာဆိုဘာမှ မအောင်မြင်တာလေ ... သူ့ကိုကုဖို့ စာအုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ကြသေးတယ် ... ရန်ကုန်က ထွက်တော့ လေယာဉ်ပေါ်ကို သူကိုယ်တိုင် **လမ်းလျှောက်တက်**နိုင်တာ ... ဟိုလည်းရောက်ရော လေးငါးရက်အတွင်း ရုတ်တရက် ဆိုးဝါးသွားတာ ... ဘာမှ မလုပ်ကြရသေးခင် ဒီအတိုင်းကြီးပဲ ပက်လက်ပြန်သယ်လာခဲ့ကြရတယ် ... မျက်လှည့်ပြလိုက်သလိုပဲ ... ဒီလည်းရောက်ရော ဆုံးတာပဲ ... စသိတဲ့အချိန်နဲ့ဆို တစ်လကျော်ကျော်လောက်ပဲ ကွာ**လိုက်တယ်**"

ဒါဖြင့် ကြားထားရတဲ့သတင်းတွေ အကုန်**မှားခဲ့တာပေါ့။ သူတို့အဖြစ်က ကိုယ့်ထက်တောင် နည်းနည်းပိုဆိုး**နေသေးသည်။

"ဦးလေးလည်း ဘဝမှာ သိပ်ကံမကောင်းဘူးလို့ ပြောလို့ရပါတယ် ... သမီးဆုံးတယ် ... ဇနီးဆုံးတယ် ... သားကိုပဲကြည့်နေခဲ့တာ ... သားလေး အခြေကျပြီလို့ ထင်တဲ့ကိစ္စကျတော့လည်း ကပ်ပျက်သွားပြန်တယ် ... ဦးလေး ဘဝမှာ အရာရာဟာ **Suprise** ဖြစ်ရပ်မျိုးချည်းပဲ"

ဦးက မျက်နှာကို ဘယ်နားသွားထားရမှန်းမသိအောင် ဖြစ်သွားရသည်။ တဖြည်းဖြည်း တစိမ့်စိမ့်နှင့်ပဲလား ... ရုတ်တရက်ပဲ ဖြစ်ပေါ်သွားခဲ့တာလားမသေချာလိုက်ဘဲ ဦးဟာ ဦးမြတ်အောင်ကြီးကို ငေးကြည့်





နေမိရင်းကပင် ရင်ထဲက နာကြည်းချက်တွေ၊ လက်စားချေလိုမှုတွေ ပျောက်ပျက်လျော့ပါးကုန်ခဲ့ပြီ။ သူတို့ဟာ ကိုယ့်လောက်တောင်မှ ကံမပေါ်ခဲ့သူများဖြစ်သည်လေ။

"ဦးလေးသိတယ် ... ဦးလေးဖြစ်စေချင်တဲ့ဘဝမျိုးကို သားလေး ပြန်ရောက်အောင် နောက်ထပ် **နှစ်**နဲ့ချီပြီးပြန်စောင့်ရဦးမယ်"

"ဒါကတော့ ဦးလေးထင်နေတာလည်း ဖြစ်နိုင်ပါတယ်"

"မဟုတ်ဘူး ... ကိုယ့်သားအကြောင်း ကိုယ်သိတယ်"

"သူ့စိတ်ထဲမှာ အေးမြတ်အောင်ရှိနေသရွေ့ သူ့ဘဝကြီးက ရှင်သန်နေနိုင်ဦးမှာပဲ ဦးလေး"

ဦးမြတ်အောင်က ဦးကို စူးစမ်းသလိုအကြည့်နှင့်ကြည့်သည်။

"ဦးလေးဆိုလိုတာက မရှိတော့တဲ့လူကို တမ်းတနေဖို့ မဟုတ်ဘူး ... အကျိုးမရှိတဲ့အလုပ်ကိုလုပ်နေတတ်တဲ့သူတွေထဲမှာ ငါ့သားလေးမပါပါဘူးကွယ် ... သူဟာ သိပ်လက်တွေ့ကျပါတယ်"

"ဟုတ်မယ် ... ဟုတ်မယ် ... ဒီတစ်ခါတော့ ဦးလေးထင်တာလည်း မှန်ချင်မှန်နေမှာပဲ ... ကျွန်မသူ့ကို မြို့ထဲမှာ မိန်းမတစ်ယောက်နဲ့ တွေ့ခဲ့တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ဦးမြတ်အောင်ကြီး မျက်မှောင်ကုပ်သွားသည်။

"မိန်းမတစ်ယောက်က စိတ်လှုပ်ပြီး သူ့ကို ချစ်
ထားခဲ့ချိန်မှာ သူက ချော့မော့တဲ့မျက်နှာနဲ့ အဲဒီ
မိန်းမကို ကားဆီပြန်ရောက်အောင်လက်ဆွဲပြီး ခေါ်
တယ်ဆိုရင် ဦးလေးသားဟာ ဦးလေးဖြစ်စေချင်တဲ့
ဦးလေးစိတ်ချတဲ့အဆင့်ကို ပြန်ရောက်ပြီလား"

"အဲဒါ ဘယ်တုန်းကလဲ"

"မကြာသေးပါဘူး ... အလွန်ဆုံးဆယ်ရက်ပဲ"

ဦးမြတ်အောင်က ဦးကို စူးစူးစိုက်စိုက်ကြည့်
ကြည့်နေရင်း ... ခေါင်းကိုလည်း ဖြေးညင်းစွာ ယမ်းခါ
လို့နေသည်။ ထိုအချိန်မှာ ဦးရဲ့စိတ်ထဲကို ဦးမြတ်အောင်
က ဝင်ကြည့်ချင်နေသလိုမျိုး ... ဦးကလည်း ခါယမ်းနေ
သော ဦးမြတ်အောင်ကြီးရဲ့ခေါင်းထဲက အတွေးများကို သိ
ချင်နေသည်။

"ဦးလေး ... ကျွန်မကို ဒီအကြောင်းတွေ ပြော
တဲ့အတွက် ကျေးဇူးတင်ပါတယ် ... ဒါတွေ
ကျွန်မ စောစောစီးစီး ကြိုသိခဲ့ရတယ်ဆိုရင်တော့
ပိုကောင်းမှာပဲ ... ဒါပေမယ့် သိပ်တော့လည်း
မထူးလှပါဘူးလေ ... ခုလို သိလိုက်ရတော့လည်း
ဦးလေးအပေါ်မှာ ကျွန်မ ခံစားနေရတဲ့ခံစားချက်
အနည်းနဲ့အများတော့ လျော့ပါးခဲ့ပါတယ်"

"စစ်တည်နိုင်ရဲ့အပေါ်မှာရော"





"အတူတူပဲပေါ့လေ"

"ကျုပ်လည်း ဝမ်းသာပါတယ် ... အာဃာတ
တရားဆိုတာ သိပ်မှုပြင်းတယ်ကလေးမ ... သူ
များကို မလောင်ခင် ကိုယ့်ကိုကိုယ် အရင်လောင်
မြိုက်တတ်တာမျိုး"

ကိုယ်ကိုယ်ဟိုင်ကတော့ ကျွမ်းပြီးပြာကျနေ
ပြီထားလိုက်ပါတော့ ဦးလေးရယ်။

"ကလေးမပြောတဲ့ မိန်းကလေးတစ်ယောက်ဆိုတာ
ကိုတော့ စုံစမ်းကြည့်ရဦးမယ်"

"ကျွန်မတော့ နာမည်မပါချင်ဘူးနော် ဦးလေး ...
ဒါ အဖေနဲ့ သားကိစ္စပါ"

ဦးမြတ်အောင်က ပြုံးသည်။

"ကလေးမကို ဦးလေး သဘောကျတယ်လို့ ပြော
ခဲ့ဖူးတယ်နော် ... ဟုတ်တယ် ... မင်းဟာ အတော်
သဘောကျဖို့ကောင်းတယ် ... မင်းကို ဆုံးရှုံးရတာ
ဦးလေး အများကြီးစိတ်မကောင်းဖြစ်မိပါတယ် ...
အော် ... ဒါနဲ့ မင်းကိုမေးပြီးသားမေးခွန်းတစ်ခု
ကိုပဲ' ဦးလေးက နောက်တစ်ကြိမ်အဖြစ် ပြန်မေး
ပါရစေဦး"

ဦးမြတ်အောင်က မှန်းလျှင်လျှောင်ပြီး ...
လျှင်နှစ်သိမ့်အားပေးပြုံးဟု အဓိပ္ပါယ်အမျိုးမျိုးထွက်နိုင်
သာအပြုံးတစ်ခုနှင့်အတူ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း ... ဦးလေးသားရဲ့အပေါ်မှာရော တ
မေတ္တာရှိခဲ့ဖူးသလား"

ဦးက ဘာမှပြန်မပြောဘဲ တုံဏှိဘာဝေ
နေလိုက်သည်။ ဒီကလေးမဟာ သူ မဖြေချင်သည့်မေး
မျိုးဆိုရင် ဘယ်လိုမေးမေး ဖြေမှာမဟုတ်တာကို ဦးမြ
အောင်က တွေ့ကြုံသိရှိပြီးသားပဲ။

ဒါပေမယ့် ... ပထမတစ်ခါ မေးတုန်း
တော့ အချိန်မဆိုင်းဘဲ ချက်ချင်းဆိုသလို သွက်သွက်
လက်ကြီးပဲ ခေါင်းခါယမ်းပြခဲ့သည်လေ။ ဦးမြတ်အောင်
တော့ ကိုယ့်ဘာသာကိုယ် အဖြေထုတ်ယူရမည်ဆိုလျှ
ဓနိလေးသူတစ်ယောက်တော့ဖြင့် မဟုတ်ချေ။

✿ ✿

"ဟာ ... ဖေဖေ ... ဘယ်တုန်းကရောက်တာ
"ငါရောက်တာကြာပြီကွ ... အောက်ထပ်ကအ
က ... မင်းရုံးကပြန်မရောက်ခင် ပစ္စည်းတွေ
ပြီး ဝင်နားပါဆိုလို့ ပစ္စည်းပဲထားပြီး မြို့ထဲလျှေ
သွားနေတာ ... မိတ္တီလာ ကားဂိတ်တောင်
ခဲ့သေးတယ် ... ကော့သောင်းကပါလာတဲ့





တွေ မင်းအဖေဆီ ကားနဲ့ထည့်ပေးလိုက်တာ"
"ဖေဖေက သော့မပါလာဘူးလား"
"အေးကွာ ... မင်းပေးထားတဲ့အိမ်သော့ ကော့
သောင်းအိမ်မှာပဲ မေ့ကျန်ခဲ့တယ်"

စစ်တည်နိုင်က ကိုယ့်တိုက်ခန်းထဲက ထွက်
ာ အောက်ထပ်သို့ ဆင်းပြီး ဖေဖေ့အထုပ်အပိုးများကို
ျားသယ်လိုက်သည်။ ဖေဖေကလည်း အောက်ထပ်ထိလိုက်
ာပြီး အောက်ထပ်က လူများကို ပုစွန်ခြောက်တစ်ထုပ်၊
ရှင်းယိုတစ်ထုပ် လက်ဆောင်ပေးနေလေသည်။

အကြောင်းမကြား ဘာမကြား ရုတ်တရက်
ောက်လာပြန်ခြင်းကိုတော့ စစ်တည်နိုင်က ဘယ်လိုမှ
ဆန်းမနေတော့ ... ။ ဖေဖေဟာ အဲဒီလိုပဲ အမြဲ စိတ်
းတိုင်းကိုယ်ပါနေကျမဟုတ်လား။ ခုနောက်ပိုင်း လေယာဉ်
ိုင်းကလည်း မြန်မာ့လေကြောင်းတစ်ခုတည်းမဟုတ်တော့
Yangon Airway ကပါ အဆင်ပြေလွယ်ကူလာသဖြင့်
ဖေမှာ ထင်တိုင်းကြဲခွင့်အပြည့်ရနေသည်လေ ... သို့
တ် ပြန်သွားတာ ဘာမှမကြာသေးဘဲ ပြန်ရောက်လာ
ကိုတော့ နည်းနည်းလေးလောက် အံ့သြချင်သည်။

"ဟား ဟား ... ဒီအတိုင်းမထားဘူး ... အိမ်
ထောင်ကိုချမှာ ... အဲဒီတော့ မြန်လက်ဖွဲ့ဖို့ပြင်
ထား ... အရင်တစ်ခါထက် အထုပ်ကြီးပစေ...
ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



စစ်တည်နိုင်က အပေါ်သို့ပြန်ရောက်နေပါပြီ။ ဒါပေမယ့် ရယ်ရင်းပြောရင်း အောက်ထပ်ခန်းထဲမှထွက်လာပြီး လှေခါးတက်လာသည့် ဖေဖေ့စကားသံများကို အတိုင်းသားကြားနေရသည်။ ဖေဖေဟာ ဘာတွေလျှောက်ပြောနေပြန်ပြီလဲမသိပါ။ စစ်တည်နိုင်မှာ မကြားနိုင် မပြောနိုင်လောက်အောင်မဟုတ်ပေမယ့် … အဲဒီအကြောင်းကြီးကို စကားကြီးတစ်ခုလုပ်ပြီး ပြောပြောနေကြမှာကိုတော့ မကြိုက်နိုင်တော့ပါ။ ပြီးပြီပဲ … ထားခဲ့တော့ပေါ့။

"ဖေဖေကလည်း ဘာတွေပြောနေပြန်တာလဲ"

"မင်းအကြောင်းလေ … မသိပါဘူးကွာ … သူတို့ညှိခန်းထဲမှာ ပန်းစက္ကူနဲ့ထုတ်ထားတဲ့အထုပ်ကြီးတစ်ထုပ်တင်ထားတာတွေ့လို့ စကားစရှာပြီး စပ်စုမိကာမှ မင်းပြန်ပို့ထားတဲ့အထုပ်ကြီးဖြစ်နေတယ်၊ ဟား ဟား ဟား"

စစ်တည်နိုင်က ရယ်နေနိုင်သော အဖေလုပ်သူကိုကြည့်ကာ ကိုယ်တိုင်လည်း ပြုံးယောင်သန်းချင်လာသည်။ အဲဒီတုန်းကဆိုရင် … သူရော ဖေဖေရော … သူငယ်ချင်းမိတ်ဆွေတချို့၏ အကူအညီကိုယူကာ လက်ဖွဲ့လက်ဆောင်ထုပ်တွေကို မျက်နှာပူပူနှင့် တစ်အိမ်တက်ဆင်း ပြန်လိုက်ပေးလိုက်ရတာ … ။

"အချိန်ကာလ" ဆိုတာ ပြောင်းလဲမှုတို့အတွက် အမိက ဆေးစားနိုင်ရှာ တန်ခိုးရှင်တစ်ပါးပါပဲ။ အဲဒီအချိန်





က ဒေါသသင့်ခဲ့တဲ့အကြောင်းအရာဟာ ခုချိန်မှာ ရယ်စရာ ပြောစရာအဖြစ် အသာလေး ကူးပြောင်းရောက်ရှိခဲ့ပြီ။

"ငါက ရယ်လိုက်တော့မှ သူတို့လည်း ရယ်နိုင်ပြုံးနိုင်ကြတာပါ … သူတို့ကပြောတယ်လေ … အထုပ်မဖြေသေးဘူးတဲ့ … ပြန်ပို့ခွင့်ရအောင်လုပ်ကြဦးတဲ့ … အဲဒါကြောင့် ငါက နောက်ပစ်ခဲ့တာ"

"သူတို့ကတော့ ဘယ်လိုသားအဖပါလိမ့်လို့ ထင်မှာပဲ"

"သနားပါတယ်ကွာ … အထုပ်ကို မဖြေသေးဘဲထားပြီး ဒီအတိုင်းပြန်လက်ဖွဲ့မှာတဲ့ … သူတို့ခများတော်ကြာ ပန်းစက္ကူက နွမ်းပြီး ဟောင်းသွားရင် အားနာနေကြဦးမယ် … သူတို့ ပန်းစက္ကူဖိုးလည်း ထပ်မကုန်အောင် … အားလည်းနာမနေရအောင် ငါတို့က မြန်မြန်အလိုက်သိတတ်မှဖြစ်မှာပေါ့ကွ"

"ဖေဖေကလည်း ပန်းစက္ကူဖိုးတစ်ဆယ်နှစ်ဆယ်အရေးအတွက် ကျွန်တော်တို့ကပဲ သေပြေးရှင်ပြေး နောက်ထပ်မင်္ဂလာထပ်ဆောင်ကြရဦးမလား"

"မင်းမကူညီရင်တော့ ငါပဲဆောင်မှဖြစ်တော့မယ် သားရာ … ကတိပျက်လို့တော့ မဖြစ်ဘူး … လူဆိုတာ ကတိတစ်လုံးနဲ့နေရတာမျိုးကွ"

ဖေဖေဟာ အဲဒီလိုပဲ အရွှန်းပြောင်တတ်ပြော်ကာ သဘောမနောကောင်းသော လူကြီးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။ မိတ္တီလာက အဖေကတော့ အနေတည်ပြီး ဘာသာတရားကိုင်းရှိုင်းလေးစားတတ်သည့် လူရိုးကြီးဖြစ်၏။ ပျော်သောပြောင်သော ဖေဖေ့ကို လူရိုးကြီးအဖေကပဲ အမြဲလိုက်ထိန်းနေခဲ့ရတာ ... ညီမလေးနှင့်ဒေါ်ဒေါ်မေမေ တို့ရဲ့ ကိစ္စပြီးလို့ တစ်နှစ်လောက်အထိ မူလ ပင်ကိုသဘာဝ နှင့် ဆန့်ကျင်ဘက်ဖြစ်သွားပြီး ရန်လိုတတ်သော၊ ဒေါသ ကြီးသော၊ လူတိုင်းကိုအရွဲ့တိုက်တတ်သွားသော၊ ကိုယ်ချင်း မစာတရားထက် သူ့စိတ်ဆောင်ရာတစ်ခုကိုသာ ဦးစားပေး တတ်သလိုဖြစ်သွားသော ဖေဖေ့ကို နဂိုမူလပုံမှန်သို့ပြန်ရောက် အောင် ပဲ့ကိုင်ထိန်းမတ်တရားပြခဲ့သူမှာလည်း မိတ္တီလာမှ အဖေပင်ဖြစ်ပါသည်။

"ဖေဖေတွေ့ထားရင် ဆောင်ချင်ဆောင်လေ ... ကျွန်တော်တော့ အေးအေးဆေးဆေးပဲနေတော့မယ်"

"အေး ... တွေ့တော့တွေ့ထားတာပဲကွာ ... ဝ ဖို့တော့မဟုတ်ဘူး ... မင်းဖို့ပဲ"

"ဟား ... မလုပ်နဲ့ မလုပ်နဲ့ ... ကျွန်တော် အိမ်ထောင်ရေးကံကို ပါမလာဘူး"

"ဒီလို တစ်ထစ်ချပြောလို့လည်း ဘယ်ရမလဲ အေးပါ ... ထားလိုက်ပါဦး ... ဒီမှာသား ... ငါ မင်းတို့ကုန်တိုက်ကိုတောင် ဒီနေ့ရောက်ခဲ့သေး တယ်"

"ဟာ ဖေဖေကလည်း ... ကျွန်တော့်ကို ခေါ်





လိုက်ရောပေါ့"

"မင်းအလုပ်ချိန်ကြီး ... ငါက မနှောက်ယှက်ချင် ပါဘူးကွာ ... ပြီးတော့ မင်းအကြောင်းလည်း နည်းနည်းပါးပါး စုံစမ်းချင်လို့ လာကြည့်တာ ... မင်းကိုခေါ်နေရဦးမလား"

"ဟား ဟား ... ထူးဆန်းလိုက်တာ .. ကျွန်တော့် အကြောင်းများ ဖေဖေက အထူးအထွေလုပ်ပြီး တ ခြားလူတွေဆီမှာ စုံစမ်းနေရဦးမယ်လို့"

"စုံစမ်းသင့် စုံစမ်းရမယ်ကွ ... ဥပမာ ... လွန် ခဲ့တဲ့ဆယ်ရက်အတွင်းက မြို့ထဲမှာ မင်းလက်ဆွဲပြီး ကားဆီချော့ခေါ်ခဲ့တဲ့ မိန်းကလေးတစ်ယောက်ဟာ ဘယ်သူလဲဆိုတာ ဖေဖေ မသိသေးဘူးလေကွာ"

"ဟာ ... ဖေဖေ ... ဖေဖေ"

စစ်တည်နိုင်တစ်ယောက် ပြုံးပြုံးပျာပျာနှင့် အံ့သြသွားတာကို ဦးမြတ်အောင်က အင်မတန်မှ အားရ သဘောကျစွာ ရယ်မောနေလေသည်။

"အဲဒီကတည်းက ဖေဖေ ရန်ကုန်ပြန်ရောက်နေတာ လား ... ဟာ မဟုတ်သေးပါဘူး ... အဲဒီနေ့ လောက်ကမှ ကော့သောင်းကို ပြန်တာပါ ... ဒါ ဖြင့် တစ်ယောက်ယောက်တော့ ဖေဖေ့ကို သတင်း ပို့ပြီ ... ဘယ်သူလဲ ... ကျော်ဇလလား"

"အို ... မင်းသူငယ်ချင်းနဲ့ ငါမတွေ့ရသေးပါဘူး" ဒါ



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မမွန်ကိုယ်တိုင်ပေါ့"

"ဘယ်သူလဲ ... ဖေဖေလည်း သူ့ကိုမသိပါလား"

"အဲဒါ ကျွန်တော် လက်ဆွဲခေါ်တယ်ဆိုတဲ့အစ်မ..."

စစ်တည်နိုင်က အဲဒီနေ့ကအဖြစ်အပျက်ကို ... ရေရာရာ တစ်လုံးချင်း ပြန်ရှင်းပြလိုက်သည်။ ဦးအကြော... တွေ ပါပါလာတော့ ဖေဖေ့မျက်နှာလည်း အကဲခပ်ရ... သည်။ ပွဲဖျက်တဲ့ကိစ္စတုန်းကဆိုရင် ဖေဖေဟာ ရုတ်တ... မှာ ဦးကို သတ်ပစ်ချင်လောက်အောင်ကို ဒေါသကြီးခဲ့... မဟုတ်လား။ ဒါပေမယ့် ခုချိန်မှာတော့ ဖေဖေဟာ အ... မျက် နှာထောင်နိုင်ပေပြီ။

အပြုံးကမပျက်တဲ့အပြင် ပိုလို့တောင် ... ပလာကာ ပြောင်နောက်နောက်လုပ်ချင်သော ရုပ်သွင်... မျိုးတောင် ဖေဖေ့မျက်နှာထက်မှာ ပေါ်ပေါက်လာသ... လို့ပါ။

"ကျော်ဇလလည်းမဟုတ် ... မမွန်လည်းမဟု... ရင် ဘယ်သူလဲ"

"မင်းက ဘာ့ကြောင့် ကုန်တိုက်ကလူတွေကိုပဲ ... စွဲနေရတာလဲ"

"ဖေဖေပဲ ကုန်တိုက်မှာ လာစုံစမ်းခဲ့တယ်ဆို ... ပြီးတော့ မမွန် ပြန်ပြောပြထားလို့ ကုန်တို... လူတွေပဲ ဒီကိစ္စကို သိထားကြတာပဲ"

"ဟ ... မင်းက အဓိကမျက်မြင်သက်သေကို...





ထည့်မတွက်ဘူး"

ဘယ်သူများ မြင်သွားပါလိမ့်။ စစ်တည်နိုင် မှာ ထိုကိစ္စက ဒီလောက်ကြီးအရေးမကြီးလှပေမယ့် ရန်ကုန် မှာ အမြဲမရှိသော ဖေဖေ့ကို သတင်းဦးပေးနိုင်သူကိုတော့ စိတ်ဝင်စားပါသည်။ ဘယ်သူပါလိမ့်။ ဖေဖေ့မိတ်ဆွေတွေ ထဲကလား။

"ဟား ဟား ဟား ... တစ်ယောက်ပြီးတစ်ယောက် ၊ မင်းထင်တဲ့သူတွေ လျှောက်ပြောကြည့်စမ်း .. တစ် ယောက်မှမမှန်စေရဘူး ... ဟား ဟား"

သားလုပ်သူကို ပယောဂဖွက်ပြီး ဖေဖေပျော် နေတာမြင်တော့ စစ်တည်နိုင်လည်း အလိုလို ရွှင်ပျလာ ကာ ... မှားမည့်တူတူ တမင်ကိုရွှဲပြီး ...

"အဓိကမျက်မြင်သက်သေဆိုတော့ ... ဖေဖေ့ကို ပြန်ပြောတာ ဦးပဲဖြစ်မယ်ဗျာ ... ကဲ"

"ဟား ဟား ... ငါ့ရှုံးပြီဟေ့ ... တစ်ခွန်းတည်း နဲ့ကို ဒက်ထိကြီးမှန်တော့တာပဲ ... ဟား ဟား မင်းဘယ်လိုလုပ်ပြီး မှန်းနိုင်သလဲ"

"ဗျာ ... ဦးဟုတ်လား ... ဟုတ်ရဲ့လား"

"မင်းပဲပြောပြီး ... မင်းပဲ မယုံဘူးလား"

"ထူးဆန်းလို့ပါ ... တမင်သာရွှဲပြောလိုက်တာ ... လုံးဝထင်မထားဘူး"

"နေဦး ... မင်း ဒီထက်ထူးဆန်းအံ့သြရမှာတွေ



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးတယ် ... ဒီမှာသား ... ကောင်မလေး
မင်းကိုချစ်နေတယ်ကွ"

"ဘယ်သူ ... ဦးက ... ဟား ဟား ... မ
နိုင်လိုက်တာ မေမေရာ ... ဒီတစ်ခါတော့ ဘ
တော့မှမလွဲဘူးဆိုတဲ့ "မလွဲ ဦးမြတ်အောင်"
လုံးလုံးကြီးကို လွဲတော့တာပဲ ... ဟား ဟား"

"ဟော့ကောင်"

သူ့ကိုပြောင်တော့ မေမေက ခံချင်ပုံမရ။
ရှုံးရှားရှားဖြစ်လာကာ ... "မင်းက ငါ့လိုမျက်နှာ
ဆိုင်စကားပြောပြီး စုံစမ်းကြည့်ပြီးပြီလား" ဟု အသံကျ
ကြီးနှင့် မေးသည်။

"တစ်နှစ်နီးပါး မျက်နှာချင်းဆိုင်စကားပြောလာ
တာ မေမေ"

"အသုံးမကျတဲ့တစ်နှစ်ကို ထည့်မတွက်နဲ့ကွ ...
ငါပြောတာက ဟိုကိစ္စဖြစ်ပြီးမှ စကားပြောပြီး
ပြီလားလို့ ဆိုလို့တာ"

"ပြောစရာအကြောင်းမှ မရှိတာ"

"အေး ... ဒီလိုဆိုရင် 'မလွဲမြတ်အောင်' ဆို
ငါ့နာမည်ကို အလွယ်တကူနဲ့ လာမထိခိုက်နဲ့ ...
ဒါပဲ"

မေမေတို့ သင်္ဘောစီးပွားရေးလုပ်ငန်းမှာ
ကိုယ်သင်္ဘောကို လုပ်ငန်းရှင်တစ်ယောက်ရဲ့ ပစ္စည်းအ





ကုန်အပြည့်နှင့် ချာတာရရှိရေးကိစ္စ ... ရန်ကုန်ဆိပ်ကမ်းမှာ ချောမောလွယ်ကူစွာကပ်နိုင်ရေးကိစ္စ ... ရာသီဥတုအခြေအနေ ... မြိတ်–ကော့သောင်းတစ်ဝိုက်ရှိ ကျွန်းစုများမှ ရေကြောင်းအခြေအနေတို့ကို တိကျသေချာလွန်းလှတဲ့အတွက် မေမေ့ကို အဲဒီစီးပွားရေးလောကက "မလွဲမြတ်အောင်" ဟု ဝိသေသပြုထားကြသည်လေ။

"မလွဲမြတ်အောင်ဆိုတာ စီးပွားရေးလောကအတွက်
နာမည်တစ်ခုပဲဖြစ်လိမ့်မယ် မေမေရဲ့"

"ငါ ဒီနေ့ပဲ ကောင်မလေးနဲ့ စကားပြောလာတယ်
လေ ... မင်းနဲ့ မမွန်ဆိုတဲ့မိန်းကလေးနဲ့အကြောင်း
ကို မင်းကို စိတ်ဝင်စားမှုမရှိရင် သူ ဘာမှလိုက်
ချောင်းနေစရာမလိုသလို ... ငါ့ကိုလည်း ပြန်ပြော
ဖို့ မလိုဘူးကွ"

"ဒါလေးတစ်ခုနဲ့တော့ မဆုံးဖြတ်နိုင်ပါဘူး"

"ဒါပေမယ့် ငါကမေးလိုက်တယ်လေ ... မင်း
ငါ့သားကို မေတ္တာရှိခဲ့ဖူးသေးလားလို့"

"ဒီတော့ သူက ရှိပါတယ်ဦးလေး ... ကျွန်မ သူ့
ကိုအရမ်းချစ်ပါတယ်လို့ဖြေသလား ... ဟား ဟား"

စစ်တည်နိုင်က မေမေ့ကို ဆက်ပြောင်ဆက်
ရွဲ့လိုက်ပြန်သည်။

"ဘာမှမဖြေဘူးကွ"

"ဒါများ မေမေရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟ … အဲဒါပွိုင့်ကွ … မရှိရင်မရှိဘူး
မှာပေါ့ … အရင်တစ်ခါတုန်းက ဒေါသနဲ့
ဆူနေတုန်းမှာ မရှိဘူးလို့ သူဖြေခဲ့ဖူးတယ်လေ
ခုဟာက အဖြေမပေးတာ … ကဲ ဘယ်လော
စဉ်းစားစရာကောင်းသလဲ"

စစ်တည်နိုင်တောင် တွေဝေ ငြိမ်သက်
ရသည်။

"မင်းစုံစမ်းချင်ရင် အလွယ်ကလေးပဲငါ့သား"

ဦးမြတ်အောင်က ညှော်ခန်းတစ်နေရာမှာ
တစ်ထုပ်တည်း ဝေါင်းစင်းစင်းကြောင်တက်တက်ကျ
နေဆဲဖြစ်သည့် လက်ဖွဲ့ထုပ်တစ်ထုပ်ကို မေးငေါ့ပြ
ကာ ဆိုသည်။ ထိုလက်ဖွဲ့ထုပ်မှာ ဦး နေထိုင်ခဲ့ရာအ
မှ အဆောင်ပိုင်ရှင်နှင့်အဆောင်သူများအားလုံး စုပေါင်း
ပိုင်းလက်ဖွဲ့ထားကြသောအထုပ်ဖြစ်သလို … ဦးသ
ရရှိခဲ့သော တစ်ထုပ်တည်းသောလက်ဖွဲ့ထုပ်လည်းဖြစ်

သူက သူ့အကြံနှင့်သူ … သူ့ဘက်က
သူ့ကိုမှ မဖိတ်ခဲ့တော့ … စစ်တည်နိုင်တို့လည်း
ထုပ်ပြန်ပို့ရခြင်းကိစ္စမှာ အလုပ်ရှုပ် နည်းနည်းသ
တာပေါ့လေ။ အဲဒီအထုပ်ကိုတော့ ဘယ်လိုနည်းနဲ့ပို့
မှန်းမသိ၍ ခုထိ သောင်တင်ကျန်ရစ်ဆဲဖြစ်သည်။
အဆောင်ကို သွားပို့လိုက်ရင်တော့ရတာပေါ့။ ဒါ
ကိုယ်တိုင်လည်း လုံးဝမသွားချင်သလို … သူ



တွေကို အကူအညီတောင်းတော့လည်း တစ်ကောင်မှ လျော
လျော့လှုလှုမရှိ။ တွန့်ဆုတ်လိမ်ကောက်ကာ မသွားချင်
ကြသူချည်း။

ဟာ … ဟုတ်ပြီ။

"မင်း စုံစမ်းကြည့်တော့မယ်ပေါ့ ဟုတ်လား"

"လွဲပြန်ပြီ ဖေဖေရာ … အဲဒီအထုပ်ပြန်ပို့ဖို့ ခုမှ
စဉ်းစားလို့ရသွားလို့ပါ … အလုပ်ထဲမှာ အဲဒီအ
ဆောင်က ကောင်မလေးတစ်ယောက်ရှိတယ် …
သူ့ပေးလိုက်ရင်ပြီးနေတာပဲ … ကျွတ် … အဲဒီ
အကြံကို ဘာလို့စောစောစီးစီးမရရတာလဲ … ခု
လောက်ဆို သူတို့က သူတို့ပေးထားတာကြီးကို …
ကျန်တော်က ငြိမ်တုပ်ပြီး သုံးနေပြီလို့ ထင်နေ
ကြလောက်ပြီ"

"မဆိုးပါဘူး … အဲဒီကောင်မလေးကတစ်ဆင့် စုံ
စမ်းရင်လည်းဖြစ်တာပဲ"

"ဟာ .. ဘာလုပ်ဖို့လဲ ဖေဖေ .. မသိချင်ပါဘူး"

"မဟုတ်သေးဘူးလေ … သူက မင်းကိုချစ်တယ်
လေ … စိတ်ဝင်စားစရာမကောင်းဘူးလား …
ချစ်ရက်နဲ့ ရင်နာနာနဲ့ ဆုံးဖြတ်ခဲ့ရတာမျိုးလေ"

"ကိုယ်တိုင်ပဲ ဓာတ်လမ်း ဓာတ်ညွှန်းနဲ့ဒါရိုက်တာ
လုပ်ပြီး ဓာတ်ကားတစ်ကားလောက်ရိုက်ပါတော့
ဖေဖေရာ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းသားက မင်းလုပ်မှာလား ... ဟား ဟား

"ဟင့်အင်း ... မင်းသမီးအတွက်ကိုသာ ဖေဖေ
စကားပြောလို့အဆင်ပြေတယ်ဆိုရင် အဲဒီကောင်မလေး
ကို ရွေးချင်ရွေးလိုက်ပေါ့ ... သူက ဇာတ်လမ်း
တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ကောင်းကောင်းကြီး
နိုင်တာပဲဟာ ... ဒီမှာ ဖေဖေ ... ဘာအတွက်
မသိပေမယ့် ... သူ အခဲမကျေသေးဘူးနော် ...
လွယ်လွယ်နဲ့ လျှော့ဦးမှာမဟုတ်ဘူး ...
ဖေဖေပဲ ပထမတစ်ခါ သူနဲ့တွေ့တုန်း
ကျွန်တော်တို့ ဘာမှမထိခိုက်ပါဘူးလို့ သူ့ကို
ပြောထားတာပဲ ... သူက တော့နပ်လိမ့်မယ်
လို့လား ... သူ့ဉာဏ်လေး တစ်ထွာတစ်မိုက်
ထပ်ကြိုးစားဦးမှာပဲ ... ခု အဲဒါ ဖေဖေ့ကို
တိုက်ကွက်စဆင်လိုက်တာ"

"သူ့ဉာဏ်က ဆိုးတော့မဆိုးပါဘူးကွာ ... အ
အကြိမ်က မင်း ဘာမှန်းတောင်သိလိုက်လို့လား"

"အဲဒါကြောင့်ပဲ ဒုတိယတစ်ကြိမ်ထပ်ဖြစ်မလာအော
ပိုဂရုစိုက်နေရမှာပေါ့ ... ချစ်တယ်ဆိုတာ ယုံကြ
ချင်စရာတစ်စက်မှမရှိဘူး ... ဖေဖေပြောတဲ့အ
မကျတဲ့ တစ်နှစ်နီးပါးဟာ မိန်းကလေးတစ်ယော
ကိုယ့်အပေါ် ချစ်မချစ် သေချာနိုင်ခဲ့ဖို့တော့ လုံလော
ပါတယ် ဖေဖေရာ"



"မင်း ဘာဖြစ်လို့ မင်းကိုမချစ်ဘူးလို့ထင်တဲ့ မိန်းကလေးတစ်ယောက်ကို လက်ထပ်ရသလဲ"

"ဒါကတော့ ကျွန်တော်ကလည်း အလားတူပဲဟာ"

"ဒါပေမယ့် ... ဒီတစ်ချီ မင်းပြန်စဉ်းစားရင်တော့ မင်းဘက်တော့ မသိဘူး ... သူ့ဘက်ကတော့ မင်းကိုချစ်နေတဲ့မိန်းကလေးမျိုးကို မင်းရမယ်"

"ဟင်း ဟင်း ... တော်ပါပြီဖေဖေရာ"

"လူတစ်ယောက်ကို ကိုယ်ကမချစ်ခဲ့ဘူးလို့ထင်ပြီး လွန်ကာမှ ချစ်နေမိတာမျိုးလဲရှိတတ်ပါတယ်ကွာ"

"ကျွန်တော်လား ... လုံးဝမဖြစ်နိုင်ဘူး"

"မင်းကိုမပြောပါဘူး ... ကလေးမကိုပြောတာပါ"

"သူ့တော့ ကျွန်တော် တကယ်လေးစားသွားပြီ ... ဖေဖေ ပစ်ကျပါသွားအောင် သူဘယ်လိုလုပ်လိုက်နိုင်သလဲမသိဘူး ... တော်တော့ကို တော်တယ်ဗျာ"

ဦးမြတ်အောင်က စစ်တည်နိုင်ကို စိုက်ကြည့်နေသည်။ မိန်းကလေးနှင့်ပတ်သက်လာရင် ကံဆိုးတတ်သော ဒီသားတစ်ယောက်ကိုတော့ သူကိုယ်တိုင်ကလည်း တောကျ ... မိန်းကလေးဘက်ကလည်း မြတ်နိုးချစ်ခင်သည့်သူတစ်ယောက်ယောက်နှင့် အတည်တကျ အခြေကျစေချင်လှပြီ။

ခုချိန်မှာတော့ (အရင်က ဘာဖြစ်ခဲ့ဖြစ်ခဲ့)

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုမိန်းကလေးမျိုးအဖြစ် ဦးမြတ်အောင်က 'ဦး' ကိုသာ ပြန်မြင်နေသည်။ ဟုတ်ပါတယ် "မလွဲမြတ်အောင်"ဟာ စီးပွားရေးတစ်ခုတည်းသာ ကျွမ်းကျင်တဲ့သူမဟုတ်ပါဘူး လူငယ်တွေရဲ့ အချစ်ရေးမှာလည်း ကိုယ်တိုင်က လူငယ်လေးတစ်ယောက်လို ဝင်ဆန့် တွေးခေါ်နိုင်ပါသေးတယ်လေ။

"ကောင်မလေးက အခု အဲဒီအဆောင်မှာပဲလား ... ဘယ်မှာနေနေလဲမသိဘူး"

"ဘယ်သိပါ့မလဲဗျာ ... ဖေဖေ ... ဖေဖေ ... ကျွန်တော် တောင်းပန်ပါရဲ့နော် ... ဘာမှဝင်မလုပ်ပါနဲ့နော် ဖေဖေ ... အဲဒီကိစ္စနဲ့ပတ်သက်လာရင် ဘာဆိုဘာမှကို မလုပ်ပါနဲ့ ဖေဖေရာ"

"ဟ ... ငါ ရန်ကုန်ကို အမြန်ဆုံးပြန်လာပြီး ဒီမှာကြာဦးမယ်လို့ ဆုံးဖြတ်လိုက်တာ ... မင်းအတွက် ငါလိုအပ်တယ်ထင်လို့ကို ပြန်လာခဲ့တာကွ"

"ဟုတ်ပါတယ် ... တခြားကိစ္စတွေမှာ လိုအပ်ပါတယ်"

"ဘာကိစ္စဖြစ်ဖြစ်ပေါ့ကွ ... မင်းက အဖေ့ထက် သားတစ်လမကြီးစမ်းပါနဲ့"

စစ်တည်နိုင်က မျက်နှာကြီး ရှုံ့မဲ့ကာ ဘာမှ ဆက်မပြောလိုက်တော့ပေ။ ဒီပုံအတိုင်းဆို ဒီအဖေကြီး အ လယ်ထားကာ စစ်တည်နိုင်နှင့်ဦးတို့ ပညာပြိုင်ကြရတော့



ည်ထင်သည်။ အေးအေးလေးနေချင်သူကိုမှ ဒုက္ခအမျိုးမျိုး လာပေးသော အဲဒီကောင်မလေးကိုပဲ စစ်တည်နိုင်က တ်ချင်နေမိတော့သည်။

❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

အိမ်ရှေ့မှကြားရသည့် ကားသံဆူဆူကြော

မမခင်က အိမ်ပြင်ဘက်သို့ လှမ်းထွက်ခဲ့သည်။ များသေ

အားဖြင့် ဒီလိုဆူဆူညံညံကြီးရောက်လာရင် အဆောင်နေ

မိန်းကလေးမျိုးဖြစ်တတ်သည်လေ။ ပြီးရင်တော့ အငှားယ

ကပြန်ထွက်သွားတာနဲ့ ဆိတ်ဆိတ်ငြိမ်ပြီးကျန်ရစ်ကာ အ

ဆို အဆောင်ထဲဝင်ဖို့အရေးတောင် ကြောက်ရွံ့ဆုတ်ဆိုင်း

တတ်ကြတာမျိုးမို့ ... အဲဒီလိုကလေးမလေးများအတွ

ရောက်ရောက်ချင်း စိတ်ကျေနပ် စိတ်တိုင်းကျသွားကြ

ရန် မမခင်က လမ်းပေါ်ထိ ထွက်ကြိုမိတတ်တာ အ

လိုပဲဖြစ်နေပါပြီ။





"ဟာ ... မမခင်ကြီး ... အတော်ပဲ ... ဒီမှာ နည်းနည်းလောက်ကူပါဦး ... ဟင်း ဟင်း"

"ဟင် ... မွန်မွန်"

အငှားကားဆရာ ကူညီသယ်ချပေးနေသော အထုပ်ကြီးတစ်ခုနှင့်အတူ အလုပ်ရှုပ်နေသော မွန်မွန်က မမခင်ကိုမြင်ပြီး လှမ်းခေါ်လိုက်သည်။ မမခင်လည်း ပထမတော့ အံ့ဩသွားရပေမယ့် ... မွန်မွန်ကိုမြင်လိုက်ရကာမှ ဆက်စပ်ပြီး ဦးမျက်နှာကိုပါ မြင်ယောင်လိုက်တာမို့ တွေဝေမနေတော့ဘဲ ချက်ချင်းပင် မွန်မွန့်ကို ဝိုင်းကူလိုက်သည်။

အငှားကားပြန်ထွက်သွားပြီး နှစ်ယောက်လုံး ဧည့်ခန်းထဲရောက်ကြတော့မှ ...

"ဘယ်လိုဖြစ်တာလဲ မွန်မွန် ... မတွေ့တာတောင် ကြာကြပြီ ... ပြန်တွေ့တော့လည်း ... "

"ရုတ်ရုတ်နဲ့သဲသဲပေါ့ ဟုတ်လား မမခင် ... မွန်မွန်က ကျောင်းတုန်းကလိုပဲလို့ပြောပါဦး"

"ဟုတ်ပါရဲ့ ... တကယ် ကျောင်းတုန်းကအတိုင်းပါပဲ ... ခု ဘယ်လိုလဲ ... အိမ်ထောင်တွေဘာတွေကျပြီလား ... ဘယ်မှာအလုပ်လုပ်နေလဲ"

မမခင်က တမင်ပင်သွေးတိုးစမ်းကာ မေးကြည့်လိုက်သည်။ မွန်မွန်နှင့် စစ်တည်နိုင်တို့ရဲ့အခြေအနေကို မမခင်က ဦးအတွက် သိချင်နေသည်လေ။

"အမလေး ... မွန့်တစ်သက်လုံး သူများအလုပ်



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ချည်းပဲ ရှုပ်နေရတာ ... အိမ်ထောင်မပြုချင်သေးပါဘူး ... ခုလည်း သူများကိစ္စနဲ့လာရတာပဲ၊ အလုပ်ကတော့ (--) ကုန်ပဒေသာတိုက်သိတယ်မဟုတ်လား"

"အော် ... နာမည်ကြီးပဲ ... ဒီအဆောင်က က[illegible]တစ်ယောက်တောင် အဲဒီမှာ ဘာဆိုလား"

"ဟုတ်တယ် ... ပပဖြစ်လိမ့်မယ် ... သူက ကွန်ပျူတာဌာနကလေ ... မွန်က အုပ်ချုပ်ရေးမှူး"

စစ်တည်နိုင်က အဲဒီမှာ မန်နေဂျာဆိုတာ မမခင်က သိပြီးဖြစ်ပါသည်။

"သူများကိစ္စနဲ့လာတယ်ဆိုတာ ဘာလဲမွန်မွန်ရဲ့"

"ဒီမှာလေ ... ဒီအထုပ်ကြီးကို မမခင် မမှတ်မိဘူးလား"

မမခင်က အထုပ်ကြီးကို ဖဝေဖဝါကြည့်ရင်း "ဟင့်အင်း" ဟု ဖြေလိုက်သည်။ အဆောင်မှအားလုံးစုပြီး သံကိုင်းများပါသော ပလတ်စတစ်အပွင့်တစ်ထပ် ဘီရိုတစ်လုံးကို လက်ဖွဲ့စဉ်က ... အဆောင်သူလေးများသာ သွားရောက်ဝယ်ခြမ်း စီစဉ်ခဲ့ကြပြီး မမခင်က ပိုက်ဆံထည့်လိုက်ရုံမျှ ဘာမှမသိလိုက်ပါ။ ဦးတို့ကို လက်ဖွဲ့ဖြစ်ပြီး ပွဲပျက်သွားတော့လည်း 'ကိုယ် လက်ဖွဲ့ခဲ့ပါလား' ဆိုတဲ့ကိစ္စဟာ ခေါင်းထဲမှာတောင်မရှိ။

မွန်မွန်ကတော့ မမခင်ကြီး မမှတ်မိတာကိုပဲ





ကျုံ့နေသည်။ စစ်တည်နိုင်တစ်ယောက် ရုံးသို့ ဒီအထုပ်ကြီးကိုသယ်လာပြီး ပပမှတစ်ဆင့် လက်ဆင့်ကမ်းဖို့စီမံနေတာကို သိလိုက်ရတော့ မွန်မွန်က တမင်ပင် "မိသားစုအဆောင်က မမခင်နှင့်ခင်ပါသည်" ဆိုပြီး တောင်းယူတာဝန်ခံလိုက်ခြင်းဖြစ်ပါသည်။

မမခင်တစ်ယောက် "မိသားစု" ဟု အဆောင်လေးတစ်ခုဖွင့်ထားတာသိပေမယ့် ကိုယ့်အလုပ်နှင့်ကိုယ်ဖြစ်တာရယ် ... ကွဲကွာသွားကြတာ ကြာလှပြီမို့ ကိစ္စမရှိဘဲရောက်ဖြစ်တော့တာရယ်နှင့် အဆက်ပြတ်နေကြတာ ... ဦးဟာ အဲဒီအဆောင်ကဆိုတာလည်း မသိခဲ့ပါ။ ခုတော့ ဒီနေ့မှ စစ်တည်နိုင်ဆီက သိရပြီး ကိုယ့်ကိစ္စလည်းပေါ်ပြီမို့ အဆင်သင့်ပင်ဖြစ်သွားရသည်။

မွန်မွန်က ဦးနှင့်တွေ့ချင်နေသည်။ ကိုယ့်ကို အထင်လွဲတော့မည်ဟု တစ်ထစ်ချထင်ကာ ဖြေရှင်းပြချင်နေသည်။ မိန်းကလေးအချင်းချင်း ကိုယ်ချင်းစာကာ ဒါမျိုးကိစ္စနှင့်တော့ လုံးလုံးကို အထင်လွဲမခံနိုင်ပါပေ။

"အထုပ်ကြီးကို မမှတ်မိရင် စစ်တည်နိုင်ဆိုတာရော မမခင်သိသလား ... မွန်တို့ကုန်တိုက်က မန်နေဂျာပဲ"

မမခင်ကြီး ခပ်မတ်မတ်ဖြစ်သွားကာ "အင်း" ဟု မရေမရာဖြေသည်။

"ဒီအထုပ်က အဲဒီ စစ်တည်နိုင်နဲ့ ဦးတို့ရုံမင်္ဂလာပွဲ

www.burmeseclassic.com



တုန်းက မမခင်တို့အဆောင်က စုဖွဲ့ကြတယ်ဆိုတဲ့ အထုပ်လေ ... ပွဲပျက်ပြီးမှ ပြန်ပေးချင်တာကြာပြီ ... အဆက်အစပ်မရှိလို့ ... ဒီနေ့မှ မွန်မွန်နဲ့စကားစပ်မိကြပြီး မွန်က မွန်နဲ့သိတယ်ဆိုပြီး တာဝန်ခံသယ်လာပေးတာလေ ... ဒီအထုပ်ကြီးလည်း ပြန်ပို့ပေးရင်း ... ပြီးတော့ မွန် အဲဒီ ဦးနဲ့တွေ့ချင်တယ် မမခင်"

"ဘာလုပ်မလို့ပါလိမ့်" ဟု မမခင်က ထိတ်ခနဲဖြစ်သွားမိသည်။

"ဦးက ဒီမှာမနေဘူး ... သူ့မှာ အိမ်တစ်လုံးသပ်သပ်ရှိတယ် ... သူ့ပွဲကိစ္စပြီးကတည်းက အဲဒီ သူ့အိမ်မှာ သူပြန်ပြောင်းနေတယ်"

"လိပ်စာတော့ မမခင်ဆီမှာ ရှိမှာပေါ့နော်"

"ရှိပါတယ် ... နေပါဦး ... ဘာကိစ္စများလဲ ... သူလည်း ဒီကိုတစ်ခါတလေလာတတ်ပါတယ် ... မမခင်ကတစ်ဆင့်မှာခဲ့ရင်လည်း ရပါတယ်"

"အင်း ... ဟုတ်တယ် ... မမခင်ပဲပြောခဲ့ရမှာပဲ၊ ဒီလို မမခင်ရေ ... စစ်တည်နိုင်နဲ့ ဦးတို့ကိစ္စကို မွန်တို့မိတ်ဆွေတွေအားလုံးက စိတ်မကောင်းကြဘူးပေါ့ ... ဖြစ်နိုင်ရင် ပြန်ပြေလည်စေချင်ကြတယ်၊ မွန်ဆို စစ်တည်နိုင်ကို တကယ်ခင်တော့ ပြေလည်ဖို့ချည်းပဲ တိုက်တွန်းနေတာ ... အဲဒီမှာမှ ပြဿနာ





ကပေါ်ချင်တော့ တစ်နေ့မှာ မွန်နဲ့ စစ်တည်နိုင်နဲ့ အလုပ်ကိစ္စနဲ့ (--) လမ်းကိုသွားကြရတုန်း ဦးနဲ့ ဆုံကြတယ်လေ ... တကယ့်ပြဿနာပါပဲ"

"မမခင်သိပါတယ်"

"ဟင် ... ဦးက ပြန်ပြောပြထားသလား ... ဘာတဲ့လဲ ... သူ အထင်လွဲမှာပေါ့နော်"

"ဦးပြန်ပြောတာမဟုတ်ပါဘူး ... မမခင်က (-) လမ်းထိပ်က တိုက်ပေါ်ကနေမြင်တာပါ ... တိုက်တိုက်ဆိုင်ဆိုင်ပဲ မမခင်ကလည်း အဲဒီရောက်နေတာလေ ... အဲဒါ မွန်မွန်လည်းသိမှာပေါ့ ... တို့တွေ ကျောင်းတုန်းကတွဲတဲ့ ခင်ခင်မြင့်တို့တိုက်ခန်းလေးကွယ်"

"ဟင် ... မြင်လိုက်တော့ မမခင် ဘယ်လိုနေသလဲဟင်"

"အင်း ... ဘယ်လိုပါလိမ့်လို့ပေါ့ကွယ်"

"ပြဿနာပဲ ... စိတ်ညစ်စရာကြီး ... မမခင်တောင် ဒီလိုထင်ရင် ဦးလည်း ကောင်းကောင်းအထင်လွဲမှာပဲ ... အမှန်က အဖြစ်အပျက်ကဒီလိုပါ"

မွန်မွန်ရှင်းပြတာကို နားထောင်ရင်း မမခင်က စစ်တည်နိုင်အပေါ် ဒေါသတွေ တလိပ်လိပ်ထွက်လာမိသည်။ မမခင်က မော်လိုထံမှလည်း ဘုရားသွားစဉ်က အကြောင်းကို ပြန်ကြားထားပြီးပြီလေ။ စိမ်းလွန်းလွန်းသော



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားသားတစ်ယောက်ကိုမှ ကိုယ့်ညီမလိုဖြစ်နေသ
'ဦး' က သံယောဇဉ်မပြတ်နိုင်မှန်းကိုလည်း သိလိုက်ရ
ဆိုတော့ ဦးအတွက် ဘာလုပ်ပေးရပါ့မလဲဆိုတာပဲ မမခ
ရဲ့ခေါင်းထဲမှာရှိသည်။

ဒါကြောင့်လည်း ဦးက မွန်မွန်တို့ကို တ
လိုက်ချောင်းပါသည်ဆိုတာကို စကားပြန်ဖော်ကာ ပြော
မနေတော့။

"မမခင်က ဦးကို မမခင်နဲ့ မွန်မွန်နဲ့ခင်ကြတာ
ပြောပြပါတယ် ... ဒါပေမယ့် ... ဦးက မွန်
အကြောင်းကို မသိချင်ပါဘူးတဲ့ကွယ် ... ဒီလော
ပဲပြောပါတယ် ... အထင်လွဲတဲ့သဘောတော့
ပါဘူး"

"ဟင် ... ပြတ်သားလိုက်ကြတာ ... မွန်တို့
ယောကျ်ားကလည်းပြတ်ပြတ် ... မိန်းမကလည်
ပြတ်ပြတ်တွေနဲ့ ကြုံနေကြရပြီ ထင်ပါရဲ့"

"ဒါပေမယ့် ... မမခင်ကတော့ ဦးကို နား
တယ် ... ဘယ်လိုလုပ်ရမှန်းမသိလို့သာ ...
နိုင်ရင် နှစ်ဖက်လုံးနဲ့ခင်ရင် ကြားဝင်ချင်တာ"

"ဟာ ... အဲဒီအတိုင်းပဲ ... မွန်လည်း အဲ
ဆန္ဒရှိတာ ... အဲဒါ အခု ကျော်ဇလကတစ်
သူ့အဘိုးကြီး ရန်ကုန်ပြန်ရောက်နေတာသိလို့
အော် ... ကျော်ဇလဆိုတာ ကုန်တိုက်က မ





ဂျာတစ်ယောက်ပဲလေ ... စစ်တည်နိုင်က ကျော်ဇလ
ကိုတော့ အဲဒါမျိုးကိစ္စတွေ ဖွင့်ပြောလေ့ရှိတယ် ...
အဲဒါ ... စစ်တည်နိုင်ရဲ့အဘိုးကြီးက စစ်တည်နိုင်
ကို အိမ်ထောင်ချပေးချင်လို့တဲ့ ... ဖြစ်နိုင်ရင် ဦး
နဲ့ပဲ ပြန်ပြီးအဆင်ပြေစေချင်လို့တဲ့"

"အော် ... ဝမ်းသာစရာပဲ"

"ဟုတ်တယ် ... ဒီလိုဆို မွန်မွန်တို့ ဂိုဏ်းတစ်ဂိုဏ်း
တောင် ဖွဲ့ရမလိုဖြစ်နေပြီ ... စစ်တည်နိုင်နဲ့ ဦး
ပြန်လည်အဆင်ပြေစေရေးဂိုဏ်းကြီးလေ"

"မမခင်က တကယ်စိတ်ပါတာ ... ကလေးတွေ
လိုပဲ ဂိုဏ်းဖွဲ့မယ်ဆိုရင်တောင် ဝင်ပါဖို့အဆင်သင့်ပဲ၊
ဒါပေမယ့် မွန်မွန်တို့ဘက်က ယောကျ်ားလေးရဲ့စိတ်
ဓာတ်က ဒီလောက်ကြီးပြတ်သားစိမ်းကားနေတာ
မိန်းကလေးဘက်က နစ်နာလှပါတယ်ကွယ် ...
သူက ဦးကို တကယ်ချစ်ခဲ့တယ်မထင်ပါဘူး"

"အို ... မမခင်ကလည်း မမခင်တို့ဘက်က မိန်း
ကလေးကရော ဘယ်လောက်ပျော့ပျောင်းစိတ်ပါလို့
လဲ ... သူကလည်း တင်းတင်းပဲဟာ ... ဒီလိုပဲ
ကြည့်ကျက်လုပ်ကြရမှာပေါ့ ... သူတို့ချင်းက လက်
ထပ်ဖြစ်ပါပြီဆိုတဲ့အထိတောင်ရောက်ခဲ့ကြတာ သံ
ယောဇဉ်ကတော့ ရှိပြီးသားပဲဖြစ်မှာပဲ ... အချစ်
ဆိုတာကတော့ သံသယတွေ အမုန်းတွေ ဖယ်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီးတဲ့နောက်မှာ အလိုလိုပေါ်လာပါလိမ့်မယ် ... မပူပါနဲ့ ... ဖြစ်မှာပါ"

မွန်မွန်ကတော့ ကျော်ဗလထံမှ စစ်တည်နိုင်ရဲ့ ခံစားချက်အကြောင်းအရာ အတိအကျကိုရော ... ဦးရဲ့ နောက်ကြောင်းရာဇဝင်ကိုပါ ဘာတစ်ခုမှ သိမထားသူမို့ ဒီကိစ္စကို လွယ်လွယ်ကလေးပင်ထင်ကာ တစ်ယောက်တည်း တက်ကြွလို့နေသည်။

သူ ဒီလောက်စိတ်ပါတက်ကြွနေတာကြီးကို မမခင်ကလည်း မဟန့်တားချင်။ လွယ်မည်မထင်ပေမယ့် ဖြစ်ခဲ့ရင်လည်းကောင်းတာပေါ့ဟုသာ သဘောထားရပေမည်။ ဘာပဲဖြစ်ဖြစ် မွန်မွန်နဲ့ဆုံဖြစ်တော့ စစ်တည်နိုင်ရဲ့အဖေကြီးက ဦးကို လိုလားနေကြောင်း တစ်ချက်လောက်တော့သိရတာပေါ့။ ပြီးကျတော့ ဦးအတွက် မွန်မွန့်ထံမှ ဖြေရှင်းချက်ကိုလည်းရသည်လေ။

မမခင်က ဦးကို ကံကောင်းစေချင်သည်။ ဒါပေမယ့် ဒီကိစ္စတွေနဲ့ပတ်သက်လို့ အကြောင်းအရာသစ်တစ်ခုကိုသိရတိုင်း ... စိတ်ထင်ရာတစ်ခုခုကို ထ,ထလုပ်ပစ်လိုက်တတ်သည့် ဦးကိုလည်း လန့်သည်။

ဒီလက်ဖွဲ့ထုပ်ကြီးကိုတော့ အဆောင်သူလေးများကို ပိုက်ဆံပြန်အမ်းပြီး မမခင်ပဲ သိမ်းဆည်းထားရမည့်ပုံပေါ်လေသည်။

✿ ✿





"ကိုစစ်တည်နိုင် ... ခုန လူတစ်ယောက် အထုပ်ကြီးတစ်ထုပ်နဲ့ စာတစ်စောင်နဲ့ လာပေးသွားတယ်၊ ကိုစစ်တည်တို့သားအဖ ဘုရားသွားနေကြတယ်ဆိုပြီး ကျွန်တော်တို့ပဲ လက်ခံထားလိုက်တယ်"

စစ်တည်နိုင်က အောက်ထပ်ခန်းမှ လှမ်းပေးသော မြွေအရေခွံအိတ် အနီ၊ အစိမ်း၊ အဝါစင်းကျားအိတ်ကြီးတစ်အိတ်နှင့် စာတစ်စောင်ကို လက်ခံယူလိုက်ကာ "ဘာကြီးပါလိမ့်" ဟု တွေးနေမိသည်။ ဖေဖေကတော့ အပေါ်ထပ်သို့ အရင်တက်သွားနှင့်ပြီး သော့ဖွင့်ကာ စောင့်စားနေလေပြီ။

စစ်တည်နိုင်က ကိုယ့်အခန်းထဲ ကိုယ်ပြန်ရောက်ရောက်ချင်း စာကိုဖွင့်မဖတ်မိသေးဘဲ မြွေအရေခွံအိတ် ...စ်ကို အရင်ဆွဲဖွင့်ကြည့်လိုက်သည်။

"ဟင် ... ဖေဖေ ... ဒါ ဒါ"

ဦးမြတ်အောင်က အတွင်းဘက်မှာ အဝတ်အ...းလဲနေရာက စစ်တည်နိုင်၏အသံကြောင့် အပြင်ခန်းသို့ ...ွန်ထွက်လာကာ ...

"ဘာလဲ သား"

"ဒါ ဟိုအဆောင်ကို ကျွန်တော်ပြန်ပို့လိုက်တဲ့ လက်ဖွဲ့ထုပ်ထင်တယ်"

"ဟုတ်ရဲ့လား ... သေချာသလား"

"အဲဒီတုန်းကတော့ ပန်းစက္ကူ (Wrapping Paper)



www.burmeseclassic.com

www.burmeseclassic.com



နဲ့ထုပ်ထားတာဆိုတော့ အထဲမှာဘာပါသလဲ မသိ
ဘူးပေါ့ ... ဒါပေမယ့် ဟုတ်ပါတယ် ... အဲ
ကြီးပါပဲ"

အပြင်က ပန်းစက္ကူပြန်ပါမလာတော့
ပုံပန်းအရွယ်အစားအရ ဒီပလတ်စတစ်ဘီရိုဟာ အဲဒီ
ဖွဲ့ထုပ်ထဲကပဲဆိုတာ သေချာသည်။ စစ်တည်နိုင်က
အိတ်ထဲမှစာကို ကမန်းကတန်း ဖွင့်ဖတ်ကြည့်လိုက်

"လက်ဖွဲ့ရတဲ့ပစ္စည်းတစ်ခုကို သုံးပြီးမှပြန်ပို့ပေး
တော့ မကောင်းပါဘူး"

"ဟာ ... ဖေဖေ ဒါဟိုကောင်မလေးလက်ချ

"ပြစမ်းပါဦး"

ဦးမြတ်အောင်က စာကို ယူဖတ်ကြည့်
ကာ ...

"နာမည်တွေဘာတွေမှ ရေးမထားဘဲကွ"

"ဒါပေမယ့် ... သူမှသူပဲ ဖေဖေ ... ကျွန်
သိတယ် ... ဟာ ... ဒါဘာသဘောလဲဗျာ
သုံးမှမသုံးရသေးတာ ... Packing တောင်မ
ရသေးဘူးလေ ... ခုမှ သူတို့ဘာသာဖောက်
ပြီး ပြန်ပို့တာကတော့ ဘယ်အလုပ်ဟုတ်မလဲ"

ဦးမြတ်အောင်က "တဟဲဟဲ" ရယ်မော
သည်။

"ဟာ ... ဖေဖေ ... ဖေဖေ ဒီကိစ္စကို သိ





မဟုတ်လား"

"စွပ်စွပ်စွဲစွဲကွာ ... မသိရပါလား"

"ဒါပေမယ့် ဖေဖေကရယ်နေတယ်"

"ရယ်တာပဲကွာ ... သဘောကျစရာတွေ့ရင် ရယ်
မိမှာပေါ့ကွ"

"သုံးပြီးမှပြန်ပို့တာလည်းမဟုတ်ဘူး ... အကယ်၍
ဟုတ်ခဲ့တယ်ဆိုရင်တောင် သူ့ဆီပြန်ပို့တာမှမဟုတ်
ဘဲ ... အဆောင်က မူလပိုင်ရှင်တွေဆီသာ ပို့တာ
ပဲ ... သူနဲ့ဘာဆိုင်သလဲ ဖေဖေ"

"ငါဘယ်သိမလဲကွ"

"ဒါ တမင်သက်သက် ကျွန်တော့်ကိုလုပ်တာ ...
ဒီကိစ္စ မမွန်ကို ခုချက်ချင်းဖုန်းဆက်ပြီး မေးကြည့်
ရမယ်"

စစ်တည်နိုင်မှာ အပြင်ကပြန်လာသည့် အဝတ်
အစားတောင်မှ မလဲနိုင်သေးပါ။ ချက်ချင်းပင် မွန်မွန့်ဆီ
ဖုန်းကောက်လှည့်လေတော့သည်။

"မမွန်လား ... ကျွန်တော်ပါ စစ်တည်နိုင်"

"ဘာလဲဟေ့ ... တို့ အလုပ်သွားတော့မလို့"

"အော် ... ဟုတ်သားပဲ ... ဒီနေ့ ကျွန်တော်သာ
အော့ဖ်ရတာ မမွန်ရဲ့ အားရက်မှမဟုတ်ဘဲ ...
ဆောရီး မမွန် ... ဒါပေမယ့် ငါးမိနစ်လောက်ပဲ
အချိန်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ငါးမိနစ်ဆိုရင်တော့ဖြစ်တယ်လေ"

"မိသားစုအဆောင်ကို ကျွန်တော်ပြန်ပို့မယ့်လက်ဆွဲ ထုပ်ကြီးကို မမွန် မိသားစုကိုပဲ သွားပို့လိုက်တာ မဟုတ်လား"

"ဟုတ်တယ်လေ ... ဘာလဲ ... တို့က ကြား ဖြတ်ယူထားတယ်ထင်လို့လား"

"ဟာ ... မဟုတ်တာ ... အဲဒါကြီးက ခု ကျွန် တော့်ဆီပြန်ရောက်လာပြန်ပြီ"

မမွန်က ရုတ်တရက် စကားသံ ခဏတိတ် သွားပြီးမှ ...

"ဘာလဲ ... ပြန်လက်ဖွဲ့လိုက်တာလား"

"ဟာ ပေါက်ကရ ... ဘာလို့လက်ဖွဲ့ရမှာလဲ ... ဒီမှာ အခု အဲဒါကို သုံးပြီးသားကြီးလို့ လာစွပ် နေတယ် ... အဲဒါ ကျွန်တော်သိချင်တာက မမွန် အထုပ်ကိုသွားပြန်ပေးတုန်းက Wrapping Paper နဲ့ထုပ်ရက်ပဲနော်"

"အဲ ... မသိဘူးလေ ... မသေချာဘူး"

"ဟာဗျာ"

"ယူပေးတဲ့အတိုင်းပဲလေ"

"ဒါဖြင့် ထုပ်ရက်ပေါ့"

"ဟာ ... သိပြီ ... ဟုတ်ပြီ ဟုတ်ပြီ ... အ မှတ်မိတယ် ... တက္ကစီကားပေါ်တင်ပြီး ယူသွား





တုန်းကလေ ... ထောင့်တစ်ထောင့်ကနေ စက္ကူက ကွာကျပြီး လန်နေစုတ်နေလို့လေ ... ဘာနဲ့ငြိသွား မှန်းမသိပါဘူး ... အဲဒါ သပ်သပ်ရပ်ရပ်ဖြစ်သွား အောင် တို့က စက္ကူအားလုံးဆုတ်ပြီး လွှင့်ပစ်လိုက် ပြီး အထဲကဟာပဲ သွားပေးလိုက်တယ်လေ ... အမိကက အထဲကဟာပဲမဟုတ်လား"

"ဟာ ... သွားပါပြီ မမွန်ရာ ... ပန်းစက္ကူပြန် ပါမလာဘူးဆိုတော့ သူက သုံးပြီးသားလို့စွပ်စွဲတာ ပေါ့"

"ဘယ်သူကလဲ"

"ဦးက အခု ဦးပဲ ကျွန်တော့်ဆီ ပြန်ပို့လိုက်တာ"

"ကိုယ်မှ မသုံးရသေးတာ"

"ဒါပေမယ့် **ပန်းစက္ကူမပါလာဘူးဆိုတော့** သုံးတာ မသုံးတာ **နောက်ထား** ... ဘာများ လက်ဖွဲ့ပါ လိမ့်လို့ စပ်စပ်စုစုဖောက်ကြည့်ထားရာတော့ကျတာ ပေါ့ဗျ ... ဒုက္ခပါပဲ"

"ကိုယ်မှမဟုတ်တာ ရှင်းပြလိုက်ပေါ့ကွယ်"

"ဘယ်သူ့ သွားရှင်းပြရမှာလဲ"

"စွပ်စွဲတဲ့လူကိုပေါ့ ... ဦးကို ယူရှင်းပြရမှာပေါ့၊ ဒါမှပြေလည်မှာ"

"မဖြစ်နိုင်တာတွေ ပြောပြန်ပြီ"

"ဖြစ်နိုင်ပါတယ် ... ဦးနဲ့ အိမ်လိပ်စာနဲ့ ဖုန်းနံပါတ်



www.burmeseclassic.com

www.burmeseclassic.com



သိချင်ရင် တို့ ပြောနိုင်တယ်လေ ... ဖုန်းလေး တစ်ချက်ကောက်ဆက်ပြီး အကျိုးအကြောင်းပြော လိုက်ပေါ့"

"မပြောချင်ပါဘူး ... ပတ်ပတ်သက်သက် ရှုပ်ရှုပ် ယှက်ယှက်နဲ့ ... ဒီလိုလုပ် ... မမွန်ပဲ ပြန်ရှင်းပြ ပြီး ပြန်ပို့ပေး"

"အို ... တို့နဲ့ ဦးနဲ့မှမသိဘဲ"

"အဲဒီအဆောင်ပိုင်ရှင်နဲ့ ခင်တယ်ဆို"

"အေးလေ ... ဒါပေမယ့် စွပ်စွဲတာက ဦးပဲဥစ္စာ၊ မမခင်မှမဟုတ်တာ"

"အဲဒါကိုပဲ ပြောနေတာ ... သူက ဘာကိစ္စဝင် စွပ်စွဲရတာတဲ့လဲ"

"ဒီလိုလုပ်ပါလား ... အဲဒါမျိုး နောက်တစ်လုံး အစားပြန်ဝယ်ပေးလိုက်"

"မဟုတ်တာပဲ ... ဒါကြီးတစ်လုံး အိမ်မှာသောင် တင်နေမှာကျတော့ ဘယ်လိုလုပ်မလဲ ... အသုံး လည်းမလိုဘူး ... အဲဒီပစ္စည်းဖြစ်လို့ကို ယူမထား ချင်ဘူး"

"ဒါဖြင့်လည်း ရှင်းပြဖို့သာလုပ်ပေတော့ပေါ့ ... ကဲ ... တို့တော့အချိန်မရတော့ဘူး ... ဖယ်ရီ မမီရင် ဒုက္ခသိပ်ရောက်တာ ... ဒါပဲနော်"

မမွန် ဖုန်းချသွားတော့ စစ်တည်နိုင်က ဖုန်း





ကေ ကုလားထိုင်မှာ ငူငူကြီးထိုင်ကာ ကျန်ရစ်သည်။ မြတ်အောင်ကလည်း အပြုံးမျက်နှာနှင့် ရှေ့တည့်တည့် သာစိုက်ကြည့်နေလေသည်။

"ဘယ်လိုလုပ်ရမလဲ ဖေဖေ ... မဟုတ်တမ်းတရား စွပ်စွဲတာလည်း မခံချင်ဘူး ... အဲဒါကြီးလည်း မျက်စေ့ရှေ့မှာ ကြည့်မနေချင်ဘူး ... ဒီပြဿနာ ဖြစ်လာအောင် လုပ်ခဲ့တဲ့လူကလည်း ခုတော့ ခေါင်း ရှောင်နေပြီ"

"အေး ... ငါလည်းခေါင်းရှောင်မယ်ကွာ ... မပါ ဘူး"

"ဖေဖေနဲ့ စကားပြောဖူးဆိုဖူးတာပဲ ... ဖေပဲ ဦးကို ရှင်းပြပြောဆိုပြီး ပြန်ပေးပေးပါ" ဟု ဖေအပေါ် ပုံချပြီး ထွက်ပေါက်ရှာဖို့ စဉ်းစားထားသည့် တည်နိုင်တစ်ယောက် ဟာခနဲ အော်မြည်ကာ အတော် ာ်ခေတ်ကျသွားမိတော့သည်။

ထိုနေ့တစ်နေ့လုံးပင် စစ်တည်နိုင်မှာ စား း သွားသွား နေနေ တစ်ချိန်လုံး အဲဒီအထုပ်ကြီးနှင့် တို့ဆီပဲ စိတ်ရောက်ကာ ဘာမှကို မယ်မယ်ရရလည်း ုပ်ဖြစ်တော့ ... တစ်နေကုန် အကြံထုတ်နေတာသာ ည်။ ဖေဖေဦးမြတ်အောင်က သူ့အလုပ်ကိစ္စနှင့် ဆိုင် န်းသို့ထွက်သွားရသဖြင့် တစ်ယောက်တည်းလိုဖြစ်နေတော့ ်းစားတွေးတောချိန်တွေ ပိုများနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အနေအေးအေးလေးနှင့် ကိုယ်နှင့်မဆိုင်သော ကိစ္စတွေမှာ လုံးဝ ဝင်မပါတတ်ဘူးဟု ထင်ထားမိသော ဦးဟာ ဒီလိုတွေလည်း လုပ်တတ်သတဲ့လား။ ခုချိန်မှာ စစ်တည်နိုင်နှင့် ဦးတို့ရဲ့ဇာတ်လမ်းဟာ ပြီးခဲ့ကြပြီမို့ နှ ယောက်သားဟာ တစိမ်းတွေပဲဆိုကြပါစို့။ ဦးဟာ တစိမ် ယောကျ်ားလေးတစ်ယောက်ဆီကို ဘာမဆိုင်ညာမဆိုင် တစ်စောင်နှင့်အတူ ဝင်ပြီး Challenge လုပ်ဏာ စိန်ခေ လိုက်တတ်သူမျိုးတဲ့လား။

မသိခဲ့ပါ။ မထင်ခဲ့ပါ။ ဒါကြောင့်လည်း ထေ က "မင်းရဲ့အသုံးမကျတဲ့တစ်နှစ်အကြောင်း ထည့်ပြော နေစမ်းပါနဲ့" ဟုပြောခဲ့တာကိုး။ ဒီလို မိန်းကလေးမျိုး နေမည်ဆိုရင်တော့ စစ်တည်နိုင်က ဟိုးအစောကြီးတည်း စဉ်းစားမိခဲ့မှာတောင်မဟုတ်ပါ။ အေးဆေးချင်သော တည်နိုင်ဟာ သမရိုးကျ အေးအေးဆေးဆေးဘဝတစ် လျှောက်လှမ်းသွားဖို့ရာအတွက် အေးဆေးမြဲစိနေတတ်သ ထင်ခဲ့သော ကောင်မလေးမျိုးကို သဘောတကျရွေးချ မိတာမဟုတ်လား။

ခုတော့ ကိုယ့်ဆီကို တမင်သက်သက် အ တစ်ခုနှင့် ချဉ်းကပ်ခဲ့တဲ့ ဒီကောင်မလေးဟာ ပင်ကိုယ် အေးဆေးတတ်သူတစ်ယောက်မှ ဟုတ်ခဲ့ပါရဲ့လား။

❀ ❀





ညဖက် ခုနစ်နာရီလောက်မှာ တီခနဲ တံခါး ဘဲလ်သံကြားရလျှင် ... ဒါ ထမင်းချိုင့်လာပို့သော ထမင်း ဆိုင်မှလူဖြစ်တတ်ပေသည်။

စစ်တည်နိုင်က တံခါးထ,ဖွင့်ပေးလိုက်ပြီး အ ဆင်သင့်ချထားသည့် ချိုင့်လွတ်တစ်ခုကို လှမ်းပေးလိုက် ကာ ဆိုင်ကကောင်လေး၏လက်ထဲမှ ... ငါးဆင့်ချိုင့် စတီးထမင်းချိုင့်ကို ထွက်ယူလိုက်သည်။

"အစ်ကိုမှာထားလို့ ... အသီးအရွက်ကို အကြော် ရော ... အသုပ်ပါ နှစ်မျိုးထည့်ပေးထားတယ်"

"အေးကွာ ... လိုတာပိုတာကို တွက်ထားလိုက် ပါလို့ ... ပြီးမှ ရှင်းမယ်လို့ပြောလိုက်ပါ"

"ဟုတ်ကဲ့ ... ကျွန်တော့်အဒေါ်ကပြောတယ် ... အဖေကြီးပြန်မယ့်ရက်ကိုလည်း ကြိုပြောပါတဲ့ ... အဲဒီအခါကျရင် ထမင်းချိုင့်ကိုလည်း ချိုင့်အသေးနဲ့ ပြန်လဲပေးပါတဲ့"

"အေး အေး ... ခုလောလောဆယ်တော့ ပြန်ဖို့ မရှိသေးပါဘူး"

ထမင်းဆိုင်ကကောင်လေး ပြန်ထွက်သွားတော့ စစ်တည်နိုင်က ချိုင့်ကို နောက်ဖေးထိသယ်လာခဲ့ရင်း ... "ဖေဖေ ထမင်းစားတော့မလား" ဟု တစ်ခါတည်းမေး မေးလိုက်သည်။

"အေးကွ ... ခုနတည်းက ဆာတာတောရှိနေတာ၊





www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတည်းစားလိုက်ကြတာပေါ့"

"ဒါဆို ခဏလေးနော် ... ဟင်းရည်ကတော့ ပြန်နွေးလိုက်မှကောင်းမယ် ... ဂက်စ်မီးဖိုနဲ့ဆိုတော့ မကြာပါဘူး"

ရန်ကုန်မှာလာနေရင် ဖေဖေ အစားအသောက်ဒုက္ခရောက်လှတာ စစ်တည်နိုင်ကသိသည်။ ဒေါ်ဒေါ်မေမေရှိတုန်းကဆိုရင် ... တော်ရုံ မြန်မာထမင်းဆိုင်ရှုံးအောင် အချက်ကောင်းသူတစ်ယောက်ဖြစ်ခဲ့ကာ ... ကျောင်းမှာဆိုလည်း ဖေဖေနှင့်အတူလာနေသော ဖေဖေ့ညီမဝမ်းကွဲတစ်ယောက်မှာ ဒေါ်ဒေါ်မေမေ့လက်ရာထက် ညံ့သူမဟုတ်ပေ။

ခုလို ချိုင့်ဆွဲထမင်းဟင်းကို မနည်းမျိုချရမည်မှန်းသိရက် စစ်တည်နိုင်က ဘာမှမတတ်နိုင်ခဲ့။ ကိုယ်တစ်ယောက်တည်းဆိုရင်တော့ အသားတစ်မျိုး အရည်တစ်မျိုးနေစဉ်ဆိုလည်း အရေးမကြီး။ ဖေဖေရောက်နေတော့ အသီးအရွက်နှစ်မျိုး ထပ်ထည့်နိုင်းရကာ ... တို့စရာလေး၊ ငါးပိရည်၊ ငံပြာရည်လေးအပြင် ထမင်းကိုလည်း အရင်ကထက် ဆန်ကောင်းကောင်း အရောအနှောကင်းကင်းလေးသပ်သပ်လုပ်ပေးပါဟု သွားပြောထားရသည်။

စစ်တည်နိုင်က သူများတကာအိမ်တွေလို ထမင်းကိုတောင် ကိုယ့်အိမ်ကိုယ်ချက်နိုင်တာမဟုတ်ပေ။ ကိုယ့်ချည်းဆိုရင်တော့ ချိုင့်ဖွင့်ပြီး ချိုင့်နှင့်ပဲစားလိုက်တာပါပဲ။





တစ်ခါတလေ ဟင်းရည်တောင် နွေးမနေတော့။ ဖေဖေနှင့်ဆိုတော့ ချိုင့်ထဲကဟင်းတွေကို ပန်းကန်ထဲပြောင်းတာတို့၊ ထမင်းကို အုပ်ထဲပြောင်းထည့်တာတို့ လုပ်ရသည်။

"ဟာ"

ထမင်းတွေကို ချိုင့်ထဲမှ အုပ်ထဲသို့ ပြောင်းရောက်သွန်ချလိုက်စဉ် ထမင်းများကြားမှ ပလတ်စတစ်အိတ်နှင့်ထုတ်ထားသော စာရွက်ဖြူလေးတစ်ခုပါ ထမင်းအုပ်ထဲသို့ကျလာသည်။

ဘာလဲဟ ...။ မီးဘေးဒုက္ခသည်များကို ထမင်းထုပ်ပို့ရသည့်အခါများမှာ ထမင်းထုပ်ထဲမှာ ပိုက်ဆံတွေဘာတွေ ထည့်လှူကြတာမျိုးလိုကျနေတာပဲ။ စစ်တည်နိုင်က ပလတ်စတစ်အိတ်ကလေးကိုဖွင့်ကာ အထဲမှ စာရွက်ဖြူကလေးကို ထုတ်ယူလိုက်သည်။

"တနင်္ဂနွေသမီးတစ်ယောက်အတွက် ခံစားနေရတဲ့ သောကတွေကို ဝေမျှပြီး ယူလိုက်ချင်ပါတယ် ... တနင်္ဂနွေသမီးအတွက် ရွှေတိဂုံဘုရားက တနင်္ဂနွေထောင့်မှာ ကုသိုလ်အတူပြုပေးချင်ပါတယ် ... ဒါပေမယ့် ကျွန်မကတော့ တနင်္ဂနွေသမီးတစ်ယောက် မဟုတ်ခဲ့ပါဘူး"

ဟာ ... ဘာတွေလဲ။ လက်နှိပ်စက်နှင့်ရိုက်ထားသော စာတစ်ရွက်မှာ စစ်တည်နိုင်၏အတိတ်ကာလကို သိအကျသိနေခဲ့သည့်အရိပ်သဏ္ဌာန်တွေ ထင်ဟပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူလဲ။ စစ်တည်နိုင်မှာ ရုတ်တရက် … ခုလောလော ဆယ်အချိန်တွေအတွက် ကိုယ့်စိတ်ထဲမှာ မတင်မကျရောက် ရှိနေသည့် ဦးကိုသာ အရင်ဆုံး မျက်စိထဲပြေးမြင်သည်။

ဒါပေမယ့် ဦးဟာ ညီမလေး အေးမြတ်အောင် အကြောင်း အတိအကျသိခဲ့သူမှမဟုတ်တာ။ ပြီးတော့ ဦး ဆိုတော့ သူလည်း တနင်္ဂနွေသမီးပဲဖြစ်နေမှာပေါ့။ တနင် နွေထောင့်မှာ ဘုရားရှိခိုးနေတာ ကိုယ်ကိုယ်တိုင်မြင်ခဲ့ရတာ ပဲ။ ဒါပေမယ့် ဦး မဟုတ်ရင်လည်း ဘယ်သူရှိသလဲ။

စာမှာ လက်ရေးနှင့်ရေးမထားဘဲ လက်နှိ စက်ကို သုံးထားကတည်းက စစ်တည်နိုင်က သူ့လက်ရေ ကို သိနိုင်သည်ဟု ယူဆထားသူတစ်ယောက်ယောက်သ ဖြစ်ပေလိမ့်မည်။ ဘယ်သူလဲကွာ … ဟိုအထုပ်တစ်ထု တောင် ပြန်မပို့နိုင်သေးလို့ စိတ်ရှုပ်နေရတဲ့ကြားတည်း — နောက်ထပ်အရှုပ်တစ်ခုက တစ်မျောင့် … ။

"သားရေ … ရပြီဆိုရင် စားရအောင်ကွာ — ဆာပြီကွ"

စစ်တည်နိုင်က ဂက်စ်မီးဖိုကိုပိတ် … ပွ ပွက်ဆူနေပြီဖြစ်သော ဟင်းရည်ချိုင့်ကို ပန်းကန်လုံးတ ထဲအမြန်ပြောင်းထည့်လိုက်ကာ … မီးဖိုခန်းထဲဝင်လာ ဖြစ်သည့် ဖေဖေ့အတွက် စားပွဲမှ ကုလားထိုင်တစ်လုံ ဆွဲထုတ်ထားပေးလိုက်သည်။ ဖေဖေက ဘေစင်မှာ လ အရင်ဆေးပြီးမှ ဝင်ထိုင်လိုက်ရင်း …



"မင်းမျက်နှာက တစ်မျိုးပါလား"

အစကတော့ ဖေဖေ့ဆီမှရဦးမည့် အပြောင် အနှောက်ကို မခံချင်၍ ဒီစာကိစ္စကို မပြောဘဲထားဦးမလို့ ပါ။ ခုတော့ ဖေဖေကိုယ်တိုင်က ရိပ်မိကာ မေးနေပြီမို့ "ထမင်းချိုင့်ထဲမှာ ဘယ်ကမိန်းမတစ်ယောက်ရေးလိုက်မှန်း မသိတဲ့ စာတစ်စောင်ပါလာတယ်" ဟု ဘာမှအရေးမကြီး သလိုပုံစံနှင့်ပြောလိုက်သည်။ ဖေဖေ စိတ်မကောင်းမှာစိုး လို့ စာကိုတော့ ပြဖို့စိတ်မကူး … ။ ဖေဖေကလည်း တောင်းယူမကြည့်ဘဲ "တဟားဟား" သာရယ်လိုက်ကာ

"တယ်စွံပါလားကွ"

စစ်တည်နိုင်မှာ ငယ်စဉ်ကတည်းက အိမ် သို့ ဖုန်းတဂွမ်ဂွမ်ဆက်တတ်သော … အကြောင်းမရှိ အ ကြောင်းရှာပြီး အိမ်သို့လာချင်တတ်သော ရေလာမြောင်း ပေး မိန်းမချောဖျက်ချင်သည့် မိန်းကလေးများစွာရှိခဲ့ဖူးပါ သည်။ သို့သော် ကိုယ်တိုင်က အနေတည်လှကာ ရိုင်းပြ မှုမပါစေဘဲ လုံးဝ စိတ်မဝင်စားကြောင်း အထင်းသားပြ ထားခဲ့တာရယ် … ညီမလေးနှင့် ထိပ်တိုက်တိုးကုန်ကြ တာရယ် … ခုနောက်ပိုင်းကျတော့ ကိုယ်က နည်းနည်း အသက်ကြီးလာကာ လုပ်ငန်းခွင်ထဲရောက်သွားပြီမို့ … အဲဒီလိုမိန်းကလေးများရဲ့ပစ်မှတ်စက်ကွင်းမှ လွတ်သွားတာ ရယ်တို့နှင့် ဒါမျိုးမကြုံရတော့တာတောင် ကြာပါပြီ။

"ဘယ်သူများပါလိမ့် … ငါ့စိတ်ထင်တော့ ထမင်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကများလား"

"ဆိုင်ရှင်အဒေါ်ကြီးမှာ သားတွေချည်းပဲ ... သမီးလေးတစ်ယောက်ရှိတာ ခုမှဆယ်နှစ်သမီးရယ်"

"ထမင်းချိုင့်ထဲ ထည့်လိုက်နိုင်လို့ပြောတာပါ ... ဒါဖြင့် ဆိုင်က အလုပ်သမားကောင်မလေးတွေရော"

"စာက လက်နှိပ်စက်နဲ့ ရိုက်ထားတာ ... အလုပ်သမားမိန်းကလေးတွေ ပုံစံကြည့်ရတာလဲ လက်နှိပ်စက်ကို အလွယ်တကူသုံးနိုင်မယ့်ပုံ မပါပါဘူး ... ပြီးတော့ စာအရေးအသားပုံစံက ဆိုင်ရှင်အဒေါ်ကြီး တောကခေါ်ထားတဲ့ ကောင်မလေးတွေရေးတတ်မယ့် ပုံမျိုးနဲ့ မတူဘူး ဖေဖေ"

"မင်းကြည့်ရတာ ဘယ်သူမှန်းမသိဘူးသာပြောနေ တာ ... တစ်ယောက်ယောက်ကို စိတ်ကူးထဲမှန်းပြီး အတိအကျ စွပ်စွဲချင်နေပုံပဲ"

စင်တည်နိုင်က ဘာမှပြန်မပြောလိုက်ဘဲ ထမင်းကိုသာ ငုံ့စားနေလိုက်သည်။ မစွပ်စွဲချင်ပါဘူး ... စွပ်စွဲလို့လည်းမရနိုင်တဲ့ အခြေအနေပါ။

"မင်းစုံစမ်းချင်ရင်တော့ လွယ်တယ်လေ ... မင်း ထမင်းချိုင့်ယူတဲ့ဆိုင်ကို သိတဲ့တစ်ယောက်ယောက်က ဆိုင်ကကောင်မလေးတွေကို ပိုက်ဆံပေးခိုင်းတာဖြစ် မှာပေါ့ ... မေးကြည့်လိုက်ရုံပဲ"

"မစုံစမ်းချင်ပါဘူး"



သို့သော် စင်တည်နိုင်က စကားအဆုံးမှာတော့ "ဖေဖေ ... ဖေဖေနဲ့ ဦးနဲ့ စကားပြောဖြစ်ကြတယ်ဆိုတုန်းက ညီမလေးအကြောင်းများ ထည့်ပြောဖြစ်ကြသေးလား" ဟု မေးလိုက်မိသည်။

"ပြောတာပေါ့ ... ဖေဖေက သမီးလေးအကြောင်းကိုပြောလိုက်လို့ သူကတောင်မှ အဲဒီအကြောင်းတွေကို သိလိုက်ရမှ ငါတို့အပေါ် ခံစားနေရတဲ့ နာကြည်းချက်တွေ လျော့ပါးကုန်ပါတယ်လို့တောင် ပြောသေးတယ် ... ဘာလဲ ... မင်းက ခု ဒီတစ်ကိစ္စကို ဦးလုပ်လိုက်တာလို့ ထင်လို့လား"

"မထင်ပါဘူး ... မထင်ပါဘူး"

"မထင်ပါဘူး၊ ဆိုတယ် နည်းနည်းတော့ထင်ပုံပဲ၊ ပြစမ်းပါဦး ... အဲဒီစာဆိုတာကို"

ဦးမြတ်အောင်က စာကိုဖတ်ပြီးသည်နှင့် ထုံးစံအတိုင်း တဟဲဟဲ ရယ်နေပြန်သည်။

"ဖေဖေက အမြဲပဲရယ်နေတာပဲ"

"အမြဲရယ်နေတဲ့သူဟာ သောကကင်းတာပေါ့ကွ ... စာ ဘယ်သူလာထည့်ခိုင်းသလဲဆိုတာ ထမင်းဆိုင်မှာစုံစမ်းလို့ရသလို ... ဦး ဘာနေသမီးလဲဆိုတာကိုလည်း မင်းစုံစမ်းနိုင်တာပဲ ... မင်းပြောသလို မှန်မှန်ဆိုတာကတစ်ဆင့် စုံစမ်းလေ ... လွယ်လွယ်လေးပဲ"

www.burmeseclassic.com



"ဟာ ... မလိုပါဘူး ... တော်ပါပြီဖေဖေရာ .. ဒီကိစ္စက ဒီလောက်ကြီးလည်းအရေးမကြီးပါဘူး .. အဲဒီစာကို ဟောဒီလိုလုံးပြီး အမှိုက်ပုံးထဲပစ်ထည့်လိုက်ရင် ဒီကိစ္စက ပြီးသွားပြီ ... ရှင်းနေတာပဲ"

စစ်တည်နိုင်က ပြောပြောဆိုဆို စက္ကူလုံးကို လွှင့်ပစ်လိုက်ကာ စားပြီးသားပန်းကန်များနှင့် ထမင်းချိုင့်တို့ကို ဘေစင်မှာ ထဆေးနေလိုက်သည်။ "ရှင်းနေတာပဲ" ဟုပြောလိုက်ပေမယ့် စုံစမ်းလို့ရနိုင်သည့်လမ်းကြောင်းကြီး တစ်ခုက ပေါ်တင်ကြီးပွင့်နေကြောင်းကို ခံစားသိရှိနေရသောအခါ ဒီကိစ္စကို စိတ်ထဲမှာ တနုံ့နုံ့နှင့် ဆက်မတွေးမိဘဲကို မနေနိုင်ပါ။

"အရေးမကြီးပါဘူး" ဟု ပြောမိတာသည်လည်း တခြား ဘယ်သူဖြစ်နေဖြစ်နေသော အရေးမကြီးတာပါ ... ဦးတော့ဖြင့် ဖြစ်မနေစေချင်။ ကိုယ်လက်ထပ်ဖို့အထိ သဘောကျထားမိခဲ့သည့် ကောင်မလေးတစ်ယောက်မှာ ဒီလို ကိုယ်လုံးဝသဘောမကျနိုင်မည့် ကလေးလိုလိုဘာရုတ်ကျကျအကျင့်ဆိုးမျိုးတွေ ရှိမနေစေချင်တာ ကိုယ့်ရဲ့ဆန္ဒအမှန်ပဲဖြစ်ပါသည်။

✿ ✿



"စစ်တည်နိုင်ရေ ... အောက်ထပ်က ယူ့ Section ရဲ့ အရောင်းကောင်တာတွေနားမှာ ဦးရောက်နေတယ်"

"ဗျာ ... ကျွန်တော့်ဆီလာတာလား"

"မဟုတ်ပါဘူး ... ပစ္စည်းလာဝယ်တာပါ ... ကောင်မလေးတွေကတော့ ယူ့ရဲ့ ဦးမှန်း သိကုန်ကြလို့ ကြွက်စီကြွက်စီတွေဖြစ်နေကြလေရဲ့"

စစ်တည်နိုင်က ခေါင်းကို တစ်ချက်ကုပ်ဖွ ...ိုက်မိပါသည်။ ဦးတစ်ယောက်ကလည်း သူ့ကို သိနေ ...ိုင်ကာ စကားတင်းဆိုနိုင်သည့် ဒီလိုအသိုင်းအဝိုင်းထဲ ဘာ ...ကြောင့်များ၊ ရောက်လာရပါလိမ့်။ အင်း ... ဆိုင်တော့ ...ဆိုင်ပါဘူး ... ။ စစ်တည်နိုင်နှင့် သူမတို့ မယူဖြစ်ကြ ...တာနှင့်ပဲ စစ်တည်နိုင် အလုပ်လုပ်သော ကုန်ပဒေသာတိုက် ...မှာ သူမက ဈေးမဝယ်ရတော့ဘူးတဲ့လား။

ဟုတ်သားပဲ ... အဲဒီလိုတွက်ကြည့်မိတော့ ...လည်း ဦးရဲ့လုပ်ရပ်က အမှားမရှိလှပါဘူး ... ဒီနေရာ ...ဟာ အများနှင့်ဆိုင်သည့် ကုန်တိုက်တစ်ခုပဲ။ စစ်တည်နိုင် ...ိုင်သည့် ကုန်တိုက်ဆိုလည်း တစ်မျိုးပေါ့။ ခုဟာကတော့ ...သာမန်ဈေးဝယ်သူတစ်ယောက်အနေနှင့်တွက်ရင် ပစ္စည်းမှန် ...ဈေးမှန် ပစ္စည်းပေါင်းစုံကို တစ်နေရာတည်းမှာ ရနိုင်တာ ...ရယ် ... လမ်းကြောင်းသင့်ပြီး သွားလာရလွယ်ကူသော ...နေရာမှာ ဖြစ်နေတာရယ် ... သူမ လိုချင်သည့်ပစ္စည်း ...ကလည်း ဒီဆိုင်မှာရှိနေမည်ဆိုရင်ရယ် ... သူမက ဘာကို

www.burmeseclassic.com



များမှနေ ငဲ့နေရဦးမည်လဲ။

သို့သော် ခက်နေတာက သူမဟာ သာ
ဈေးဝယ်သူတစ်ဦးထက် နည်းနည်းထူးခြားနေသည်။
တိုက်က ကောင်မလေးတိုင်း စိတ်ဝင်တစားနှင့် သ
ကရုဏာသက်နေကြသော စစ်တည်နိုင်နှင့် ဇာတ်လ
ဖူးသည့်မိန်းကလေးတစ်ယောက်ဖြစ်နေသည်လေ။

ဒီတော့လည်း ကုန်တိုက်က အရောင်းစာ
မလေးများဟာ နာမည်ကြီးမင်းသမီးတစ်ယောက် ဈေး
ဝယ်သည့်နှယ် ပွစိပွစိ ကြွက်စီစီတွေဖြစ်ကုန်ကြတော့
ပေါ့။ ဟာ ... နေပါဦး ... ။ ဒီတစ်လအတွက်
တည်နိုင်ကိုင်ရသော ဌာနဟာ ယောကျ်ားလေးပစ္စည်း
ရောင်းသည့်အထပ်ပဲ။ ဦးနှင့်ဘာဆိုင်သလဲ။ တစ်ယော
တည်း တစ်ကောင်ကြွက်သမား ဦးဟာ ယောကျ်ား
ပစ္စည်းဝယ်ဖို့ ဘာများလိုအပ်မှာတဲ့လဲ။

ဒါဖြင့်ရင် တမင်လာတာလား။ ဒီလို
လည်းမဟုတ်နိုင်ပြန်။ စစ်တည်နိုင် ဒီတစ်လအတွက်
ယောကျ်ားလေးနှင့်ပတ်သက်သော အသုံးအဆောင်ပစ္စ
များချည်း ရောင်းသောဌာနခွဲကို ကိုင်ရမည်မှန်း သူ
ဘယ်လိုလုပ်ပြီးသိနေနိုင်မှာတဲ့လဲ။

စစ်တည်နိုင်မှာ လုပ်လက်စအလုပ်ကို
ဆက်မလုပ်နိုင်တော့လောက်အောင် နေရင်းထိုင်ရင်း
တွေရှုပ်နေမိတော့သည်။





"သူတစ်ယောက်တည်းပဲလား မမွန်"

"ဟင် ... ဘယ်သူ့ကိုပြောတာလဲ"

"ဦးလေ ... မမွန်ပဲ ဦးရောက်နေတယ်ဆို"

"အော် ... မသိပါဘူး ... စကားစက အကြာ ကြီးပြတ်ပြီးမှ ပြန်မေးတော့ ဘာလဲလို့ ... တစ်ယောက်တည်းမဟုတ်ဘူး ... သူ့သူငယ်ချင်းတစ်ယောက်လည်းပါတယ် ... ပုဆိုးတွေကြည့်နေကြတာ ... ပွဲကြီးပွဲကောင်းပေါ့ ... ပုဆိုးကောင်တာမှာက ယူ့အသည်းစွဲကလေးရှိနေတယ်မဟုတ်လား"

"ဟာ ... မမွန်ကလည်း စကားကောင်းပြောစမ်းပါ"

"ဆောရီး ... ဆောရီး ... ယူ့အသည်းစွဲကလေး မဟုတ်ပေါင် ... ယူ့ကိုမှ တန်းတန်းစွဲ ကြည်ညိုအားကိုးချင်နေတဲ့ ကလေးမလေးပါ"

စစ်တည်နိုင်က ကျွတ်ခနဲအော်မြည်လိုက်သည်။ မမွန်ရဲ့စကားဟာ ကြားမကောင်းပေမယ့် မှန်သင့်သလောက်လည်းမှန်ပါရဲ့ ... ။ အဲဒီ ပုဆိုးကောင်တာက ကလေးမလေးဟာ ကျောင်းပိတ်ရက်မှာ သူဦးလေးဆိုင်မှာ လုပ်အားပေးအလုပ်သင် လာလုပ်နေသည့် ဆိုင့်ရှင့်တူမလေးဖြစ်ပြီး ... စစ်တည်နိုင်သာဆွတ်ရင်တော့ အချိန်မရွေးညွှတ်ချည်ပုံရှိပါသည်။ ဒီတော့လည်း "ဦး" ဆိုတာကို နာမည်ကြားရုံနှင့် လည်ပင်းညှစ်ချင်နေသည့် မနူးမနပ် မြီးကောင်ပေါက်အရွယ်လေးပီပီ ခုလောက်ဆို ကြွက်စီကြွက်စီကနေ



www.burmeseclassic.com

www.burmeseclassic.com



ဝုန်းဝုန်းဒိုင်းဒိုင်း ဆောင့်ဆောင့်အောင့်အောင့်တွေတောင် ဖြ
နေနိုင်လောက်ပြီ။

အင်း ... ဦးကလည်း တိုက်တိုက်ဆိုင်ဆိုင်
အဲဒီကလေးမလေးရဲ့ကောင်တာမှာမှ ပုဆိုးသွားဝယ်မိနေသည်
လို့ ... ။ အေးလေ ... ဒါကတော့ သူလည်း ဘယ်
လုပ်ကြိုသိနိုင်ပါ့မလဲ။

စစ်တည်နိုင်မှာ "မမွန် အောက်ခဏဆင်းပြီး
နည်းနည်းပါးပါး အခြေအနေလေး အကဲခပ်ပြီး ထိန်းထိန်း
သိမ်းသိမ်းလေးလုပ်ပေးပါလား" ဟု ပြောရကောင်းနိုး ...
မကောင်းနိုးနှင့် ချီတုံချတုံ အခါခါဖြစ်နေမိသည်။

ပြောလိုက်ရင် အောက်မှာက ဘာမှမဖြစ်ဘဲ
အေးအေးဆေးဆေး ဒီအတိုင်းပဲပြီးသွားပါက မမွန်ရဲ့အမြင်
မှာ စစ်တည်နိုင်က သည်းလှသည်ဟု ထင်ဦးမည်။ မပြော
ဘဲထားတုန်း ပြဿနာတက်ပြီဆိုလည်း နာမည်မကြီးချင်
ဘဲ အေးအေးဆေးဆေးပဲ နေချင်ကာမှ နာမည်ကထွက်
ဦးမည်။ ဆိုင်ရှင်တူမကလေးမှာ တခြား သာမန်အရောင်
စာရေးမလေးတွေလို "အလုပ်မပြုတ်ရေး" ကို ငဲ့နေ
မည့်သူလည်းမဟုတ်ပြန်ရာ တစ်ခုခုဆိုတာနဲ့ ထ,ဝုန်းဒိုင်း
ကျဲမှာကလည်း သေချာသလောက်ပင်။

"ဟော့ ... စစ်တည်နိုင် ... ယူ ဟိုအထုပ်ကြီး
ပြန်ပေးချင်နေတဲ့ကိစ္စ ... ခုတစ်ခါတည်း အောက်
ဆင်းညှိကြည့်လိုက်ပါလား"





"မဖြစ်သေးပါဘူး"

"ယူ့ဟာလေ တစ်မျိုးပဲ ... တစ်ခါတစ်ခါကျ တို့
က ရင်းနှီးမှုကို အခွင့်ကောင်းယူပြီး ဆွဲဆက်ဆောင့်
ပစ်လိုက်ချင်တာ"

စစ်တည်နိုင်က တစ်လက်စတည်းအနေနှင့်
(သည်းတယ်လို့လည်း ထင်ချင်ထင်ပစေတော့) မမွန်ကို
အောက်ခဏဆင်းနေပေးဖို့ ... အဆင်ပြေရင် အထုပ်ကြီး
ကိစ္စကို မမွန်ပဲ ညှိလာပေးဖို့တွေကို အကူအညီတောင်းဖို့
ဟန်ပြင်လိုက်စဉ်မှာပင် ... အပေါ်ထပ်နှင့်အောက်ထပ်
သက်ဆိုင်ရာဌာနစိတ်နှင့် သက်ဆိုင်ရာမန်နေဂျာတို့၏ စား
ပွဲပေါ်တို့ကို ဆက်သွယ်ထားသော အိမ်တွင်းစကားပြောစက်
(intercon) ကလေးပွင့်လာကာ ...

"မန်နေဂျာ ... သမီး ကောင်တာမှာ မိန်းမတစ်
ယောက် အလစ်သုတ်ဖို့ ကြံစည်မှုဖြစ်လို့"

စစ်တည်နိုင်ရဲ့ ခေါင်းထဲမှာ ဒိန်းခနဲပင်ဖြစ်
သွားရသည်။ စွာစူးစူးအသံကလေးမှာ စိတ်တက်ကြွမှုကြောင့်
ပိုကျယ်နေကာ မမှားနိုင်စရာ။ ဆိုင်ရှင်တူမရဲ့ အသံကလေး
ပါ။

"မမွန်ရေ ... လိုက်ခဲ့ပါဦး ... မိန်းမတစ်ယောက်
တဲ့"

အပေါ်ထပ်မှ ဆင်းလာခဲ့သည့် လှေကားထစ်
တွေတစ်လျှောက် 'ဘုရား' တ,လာမိပေမယ့် အောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့ ထင်သည့်အတိုင်း ဦးပဲဖြစ်နေပါသည်။ ထူးဆန်းသည်မှာ ခါတိုင်း သူခိုးမိရင် သူ့အသံ အကျယ်ဆုံးဖြစ်သည့် မမွန်က နှုတ်ပိတ်ပိတ်နှင့် အေးအေးဆေးဆေး သက်တောင့်သက်သာ ... ။ ဦးကလည်း ဒီလိုပြဿနာကြီးနှင့်ကြုံတုန်း စစ်တည်နိုင်ကိုတွေ့လိုက်ရပေမယ့် ရှက်ရွံ့ထိတ်လန့်ပုံလည်းမပြ၊ အံ့ဩပုံလည်းမရှိ။

"အော် ... ကိုနိုင် ဒီမှာလုပ်ပါဦး"

စကားမပြောဖြစ်ကြတာ ကြာပြီဖြစ်ပေမယ့် ဦးအသံက စိမ်းမနေ။ "ကိုနိုင်" ဟု ဆက်လက်သုံးနှုန်းခေါ်ဝေါ်နေဆဲဖြစ်တာကိုပါ သတိပြုလိုက်မိတာမို့ ကိုယ်ကလည်း အေးအေးဆေးဆေးပင်။

"ဘယ်လိုဖြစ်တာလဲ ဦး"

"ဦးနဲ့မော်လီနဲ့ ပုဆိုးလာဝယ်ကြတာလေ ... နှစ်ထည်ဝယ်မလို့ တစ်ထည်ပြီးတစ်ထည် ထုတ်ကြည့်ပြီး တစ်ထည်ကိုကြိုက်လို့ ခဏယူထားတယ် ... ပြီးမှ နောက်တစ်ထည်အတွက် ဆက်ကြည့်နေကြတာ ... နောက်တစ်ထည်လည်း ရွေးလို့ရရောဒါယူမယ်ဆိုပြီး အဲဒီစာတစ်ထည်ပဲ လှမ်းပေးလိုက်မိတယ် .. ပထမရွေးထားတဲ့တစ်ထည်ကို ကောင်တာပေါ်တင်ထားမိရာက ဦးရဲ့ပိုက်ဆံအိတ်မှတ်လို့ ချိုင်းကြားထဲကို သတိမထားဘဲ ကောက်ညှပ်လိုက်မိတာ"

သားမှ မျက်နှာပျက် ဒေါသထွက်ချင်ပုံပေါက်





သည့် မော်လီက ကောင်တာပေါ်က "သူ့ပိုက်ဆံအိတ်ကိုဆိုးတွေနဲ့ရောပြီး ပျောက်သွားမှာစိုးလို့ မော်လီကကောက်ိုင်ထားလိုက်မိတာ" ဟုဝင်ပြောကာ သူ့လက်ထဲမှ ပုဆိုးစ်ထည်ခေါက်ထားသည့် ပုံစံအရွယ်အစားအတိုင်းဖြစ်သောက်ဆံအိတ်အညိုရောင်လေးတစ်လုံးကို ထောင်ပြသည်။

"အဲဒါ ... ဒီနားက ကောင်မလေးတစ်ယောက်က ဘောက်ချာသွားဖြတ်ပေးတယ် ... ဒီကောင်တာကညီမလေးကတော့ မယူတဲ့ပုဆိုးတွေကို လှည့်သိမ်းပြီး ပြန်လှည့်လှည့်လာချင်း ဦးချိုင်းထဲမှာ ညှပ်ထားမိတဲ့ပုဆိုးကို ခိုးပါတယ်ဆိုပြီး စွပ်စွဲတော့တာပဲ ... ဘယ်လိုလုပ်ရမလဲ ကိုနိုင် ... ရော်ပေးရမှာ ဟား၊ ရဲစခန်းသွားရမှာလား"

အရောင်းစာရေးမလေးတွေအားလုံးနီးပါး စစ်ည်နိုင်ကို ဝိုင်းကြည့်နေကြသည်။ ဈေးဝယ်အချို့ကတော့ျးဝယ်သူအချင်းချင်း ရိုင်းပင်းချင်ကြပုံနှင့် "မှားတာဖြစ်င်ပါတယ် ... ခိုးချင်ရင် ချိုင်းထဲမှာ ပေါ်ပေါ်တင်တင်ပြီး ညှပ်ထားပါ့မလား" တို့ ... "အစတည်းက နှစ်ည်ယူမယ်ပြောထားတာပဲ ... ကိုယ်ယူမယ့်ပစ္စည်း ကိုယ်ကာက်ယူထားတာ ဘာဖြစ်လဲ ... ဘောက်ချာသွားဖွင့်တဲ့တစ်ယောက်ကို နှစ်ထည်ယူမယ်ဆိုတာ သေချာပြောပြီးား" တို့ ... တစ်ယောက်တစ်ပေါက် ဝင်ပြောနေကြည်။



www.burmeseclassic.com

www.burmeseclassic.com



ဘောက်ချာသွားဖွင့်သည့်ကောင်မလေးကလည်း "ဟုတ်တယ် ... ပုဆိုးတွေ စစ်ရွေးရွေးချင်းတုန်းက ပြောတော့ပြောပြီးသားပါ" ဟု ဝန်ခံပေမယ့် သူ့ ဘော ချာဖွင့်လာသည်မှာ တစ်ထည်စာတည်း။ စစ်တည်နိုင် မမွန်ကိုသာ မေးငေါ့ပြပြီး "လုပ်လိုက်ပါ" ဟုပြောလို သည်။ မမွန်က စစ်တည်နိုင်ကို ခပ်ပေပေ တစ်ချက်ကြ လိုက်ရင်းက ...

"ကျွန်မတို့ညီမလေး ဆန္ဒဈေးသွားတာဖြစ်ပါလိ မယ် ... ကဲ ... ဘောက်ချာဖွင့်တဲ့တစ်ယောက် ပိုလာတဲ့ပိုက်ဆံနဲ့ နောက်ထပ်တစ်ထည်စာ ထပ်ဖွင့်ပေးလိုက်လေ ... အော် ... ပိုက်ဆံ နှစ်ထည်စာ အတိအကျပေးထားတာလား ... ကြည့်တော့ ... ဒါဖြင့် ညီမရေ ပုဆိုးတွေ အိတ်တစ်လုံးနဲ့ထည့်ပေးလိုက်ပါ"

ဆိုင်ရှင့်တူမလေးနှင့် ဘေးနားကတစ်ယော ကတော့ ကျေနပ်လှပုံမရ။ "မတော်တဆ သတိမထား လုပ်လိုက်တာမဟုတ်ပါဘူး ... လှစ်ခနဲကောက်လိုက် ပါ ... အံ့စကတော့ သူ့ပိုက်ဆံအိတ်ပဲမှတ်လို့ ... နော မှ သေချာကြည့်လိုက်တော့ ပုဆိုးဖြစ်နေတာ" ဟု တပွင့်လေသံတွေနှင့် စောဒကတက်နေကြသေးသည်။

မမွန်က ပုဆိုးနှစ်ထည်ကို ဦးထံလှမ်း လိုက်ကာ ...





"မဦးရေ ... ရောက်တုန်း အပေါ်ကရုံးခန်းထဲလိုက် ပြီး တစ်ခုခုစားပါဦး"

ဟုပါ ဖိတ်ခေါ်လိုက်သည်။

စစ်တည်နိုင်မှာ မမွန်ဝင်ပြီး ဖြေရှင်းပေးလိုက် ပုံကို သဘောကျ ကျေးဇူးတင်မိပေမယ့် ကိုယ့်အခန်းထဲ ဖိတ်ခေါ်လိုက်တော့ မျက်မှောင်ကုတ်သွားမိရသည်။ ဦး ကတော့ မမွန်ကို အတော်ကြီး ကျေးဇူးတင်နေသည့်အလား မငြင်းမဆန်ဘဲ မိန်းကလေးသုံးယောက်သား အပေါ်ထပ် သို့ ကျော့နေအောင် တက်သွားကြတော့သည်။

စစ်တည်နိုင်မှာလည်း အရောင်းစာရေးကလေး မလေးများ၏ မျက်စေ့ရှေ့မှောက်မှာ အကြာကြီးရပ်မနေ နိုင်ပါ။ မမွန်ကိုသာ စိတ်ထဲက ကျိတ်ကျိန်ဆဲနေရင်း အ ပေါ်ထပ်သို့ လိုက်ခဲ့ရတော့သည်။

အပေါ်ထပ်ရောက်တော့ ဘာမှမကျယ်လှသည့် ကိုယ့်ရုံးခန်းလေးထဲမှာ ဟိုလိုလို သည်လိုလိုနှင့် တမင် အလုပ်တွေရှာလုပ်နေရင်း ... ဟိုအထုပ်ကြီးအကြောင်း ဖြေရှင်းနေသော မမွန်ရဲ့စကားသံများကို ကြားနေရသည်။ "သူကိုယ်တိုင်ပဲ အဆောင်ကိုလာပြန်ပို့ပေးပါဦးမည်" ဟု ပါ တစ်လက်စတည်း တာဝန်တွေယူနေပြန်တော့ စိတ် ထဲက ကျိန်ဆဲမိတာကိုပဲ မမွန်အပေါ် ပြန်ပြီးအားနာမိသ လိုလိုပါ။

ခဏကြာတော့ "ပြန်မယ်ကိုနိုင်" ဟု နှုတ်



www.burmeseclassic.com

www.burmeseclassic.com



ဆက်သံကြောင့် စိတ်ထဲ အတော်ကြီးပေါ့ပါးသွားရချိန်မှာ ရုံးခန်းမှန်တံခါးအပြင်ဖက်သို့အရောက် ဦးသူငယ်ချင်းမော်လီ၏ ဒေါသအသံ တချို့တဝက်က အသံမလုံလှသော ရုံးခန်းလေးထဲသို့ ဝင်ရောက်လို့လာသည်။

"နင် ဒီတစ်ခါတော့ တကယ်ရဲလွန်းတယ်ဦး ... ငါ နင့်ကိုသိပ်စိတ်ညစ်တယ်"

ဘာကိုဆိုလိုပါလိမ့် ... ။ စစ်တည်နိုင်နှင့် မျက်နှာတစ်ချက်မှ မပျက်ဘဲ ဆက်ဆံသွားနိုင်ခြင်းကိုဆိုလိုတာလား ... ။ ဟုတ်ပါရဲ့ ... အဲဒါကိုတော့ စစ်တည်နိုင်လည်း နည်းနည်းတော့ အံ့ဩမိသည်။

"ကဲ ... ရော့ ... ဆရာရေ"

"ဟင် ... ဘာလဲ"

"ပုဆိုးလေ"

"ဘယ်ကပုဆိုးလဲ ... ဘာလုပ်ဖို့လဲ"

"ဦးချန်ထားရစ်ခဲ့တာလေ ... သူက ငယ်ငယ်တည်းက သိပ်အစွဲအလမ်းကြီးတယ်တဲ့ ... အလုပ်တစ်ခု လုပ်လို့ ထစ်ငေါ့သွားရင် မရရအောင် လုပ်ပြီး… အစကနေပြီး ပြန်ဖျက်ပစ်တတ်တယ်တဲ့ ... … လည်း သူ့အလုပ်ရှင် ဦးလေးကို ကန်တော့ဖို့ ပုဆိုး… ဝယ်တာ ပြဿနာဖြစ်ပြီးမှ ရလာတဲ့ပုဆိုးကြီး… မပေးချင်တော့ဘူးတဲ့ ... သူက အယူလည်းသီးတ… တယ်ဆိုလားပဲ ... လုံးဝမလိုချင်တော့ဘူးဆို… ချန်ထားရစ်ခဲ့တာ ... ပြောမရဘူး"

"ဟာ ... အဲဒါ ကျွန်တော်က ဘာလုပ်ရမှာလဲ၊ ရှုပ်လိုက်တာကွာ"

"တို့က အိမ်မှာ မောင်မရှိ အစ်ကိုမရှိ ... အဖေကလည်းဆုံးပြီ ... ကြောင်တောင် အိမ်မှာအထီးမရှိဘူး ... ယူပဲ ဒီပုဆိုးကို ယူသွားပေတော့"

"ဟ ... ဘာဆိုင်လဲ ... သူများဥစ္စာကြီး ... ဘာလိုင်းကြီးကွာ ... ကဲ ... ပေး ပိုင်ရှင်မရှိရင် ကောင်တာထဲ သွားပြန်ထည့်လိုက်မယ်"

"အို ... ဒီလိုလုပ်လို့ဘယ်ရမလဲ ... ပစ္စည်းအထွက်နဲ့ ငွေအဝင်နဲ့ သူ့ဘာသူ စာရင်းကကိုက်ပြီးသား ... သွားထည့်ထားရင် လကုန်လို့ စာရင်းစစ်ရင် ဒုက္ခရောက်လိမ့်မယ်"

"ဟာကွာ"

"ဒီလောက်ဖြစ်မနေပါနဲ့ ... ယူ့ကို ဝတ်ပါလို့လည်း ဘယ်သူကမှ မပြောသေးပါဘူး ... ယူ့အဖေကြီးလည်းရှိသားပဲ"

"သူလည်း ဘာဆိုင်လို့ဝတ်ရမှာလဲ"

"မသိတော့ဘူး စစ်တည်နိုင်ရေ ... ဒါဖြင့်လည်း ဟိုအထုပ်ကြီး ပြန်ပေးရင်းနဲ့မှ ပေးရအောင် ဒီနေ့တော့ ယူ့အိမ်ပဲ ခဏသယ်သွားလိုက်"

"မမွှန်အိမ်ပဲ သယ်သွားလိုက်ဗျာ"







www.burmeseclassic.com

www.burmeseclassic.com



"အို ... အပျိုတန်မဲ့နဲ့ ... ဘယ်ကပုဆိုးကြီး
ပါလာတာလဲလို့ အိမ်ကအမေက တို့ကို မသ
ဖြစ်နေမှာပေါ့ ... ယူကွာ ဒီလောက်တော့
အဖြစ်မသည်းစမ်းပါနဲ့ကွာ"

စစ်တည်နိုင်မှာ ဘာမှထပ်ပြောလို့မ
တော့ပါ။ ဦး သူငယ်ချင်း မော်လီပြောသလိုပဲ ...
နှင့်ကို သိပ်စိတ်ညစ်တယ်" ဟုသာ အော်ပြောလိုက်
ပါတော့သည်။ မလွယ်ပါလား မရွှေဦးရေ ... ။
ပြတ်ဖြစ်ချင်ပေမယ့် ရေစက်က မကုန်နိုင်ဘဲရှိနေဆဲ။
တလည်းသီးတတ်သေးသတဲ့။ ဘယ်တုန်းကမှ မကြ
ခဲ့မိပါ။ တကယ်သာဆိုရင်တော့ တော်တော်စိတ်ပျက်
ကောင်းမည့် ကောင်မလေးပဲဖြစ်လေသည်။

စစ်တည်နိုင်အဖို့ ပုံဆိုးပြီး လဲသေလိုက်
စရာကား ... အိမ်လည်းပြန်ရောက်ရော လက်ထဲပါ
သည့်ပုဆိုးထုပ်ကို ဖေဖေက လှမ်းယူကြည့်ပြီး တန်း
စွဲနှစ်သက်သဘောတွေကျနေပါတော့သည်။ ဦးနှင့် ဖြ
သမျှကို အားလုံးရှင်းပြကာ "ဆင်တူမရရအောင်
ရှာဝယ်ပေးပါမည်" ဟု ဘယ်လိုပင်ပြောပြော ... ဘ
မှမရဘဲ ... တစ်ခါတည်း ကိစ္စပြီးဖြစ်အောင် ဖ
ဆွဲခွဲကာ ... အဝတ်လျှော်စက် (Washing Mach
ထဲသို့ ပုဆိုးကို ပစ်ထည့်ကာ လှည့်ပစ်လိုက်တော့သ

"စိတ်ပိန်ရပါတယ် ဖေဖေရာ ... သည်း





ပါပဲ"

"ဟော့ ... ဘာမှစိတ်ပိန်စရာမရှိဘူး ... ပိုက်ဆံ
ပြန်ပေးလိုက် ... ခုနစတစ်ကာကို ငါဖြုတ်တုန်း
က တွေ့လိုက်တယ် ... ထောင့်နှစ်ရာ့ငါးဆယ်တဲ့"

ကျွတ် ... မပတ်သက်လိုတော့ပါဘူးဆိုမှ

"ဖေဖေနဲ့ကြုံရင် ဖေဖေပဲ ပိုက်ဆံပြန်ပေးလိုက်ဗျာ"

"အေးပါ ... ငါနဲ့ကြုံရင် ငါပေးမှာပေါ့ ... ဒါ
ပေမယ့် ငါပေးပြီးပြီလို့ မင်းကိုပြန်မပြောရခင် မင်း
နဲ့ကြုံခဲ့ရင်တော့ မသိချင်ယောင်ဆောင်မနေနဲ့ကွာ၊ အား
နာစရာကြီး"

စစ်တည်နိုင်မှာ ကံကြမ္မာကိုမယုံရဲ။ ကိုယ်နှင့်
ရင်ကြုံချင်ကြုံနေမှာဟု တွေးလိုက်မိတော့ မျက်နှာ
ရှုံ့မဲ့သွားရလေသည်။ အရမ်းရှုပ်တဲ့ကောင်မလေးပဲကွာ၊
ျက်စရာကောင်းလောက်အောင်ကို ရှုပ်တီးရှုပ်ရှက်နေ
သူတစ်ယောက်ပါပဲ။

✿ ✿

မှ



www.burmeseclassic.com

www.burmeseclassic.com



တနင်္လာနေ့ မနက်မှာ ရေကူးကန်သို့သွား
ရေအရင်ကူးခဲ့ပြီးမှ ဒီအိမ်သစ်တက် အလှူပွဲသို့လာခဲ့သ
စစ်တည်နိုင် အလှူအိမ်ရောက်တော့ အလှူမှာ လူစဲစပြ
ကောင်းတာပေါ့ ... အေးအေးဆေးဆေးရှိတာပေါ့။

သို့သော် တစ်ဘက်က တစ်မျိုးလှည့်တွေ
တော့ မကောင်းပြန်။ စစ်တည်နိုင်တို့တိုက်ခန်း၏ မြေ
ထပ်နှင့် ပထမထပ်တွဲရက်သို့ ပြောင်းလာကြသော အိ
သစ်များနှင့် စစ်တည်နိုင်တို့မှာ အိမ်သစ်တက်ပွဲလာဖိတ်
ကလွဲပြီး တစ်ခါမှ မြင်ဖူးကြုံဖူးကြသူများမဟုတ်ကြ
တစ်တိုက်တည်းနေ အခြားတိုက်ခန်းများမှ ကိုယ်နှင့်
မှန်းတန်းနေ ... သိနေကြသော လူအများ ပြန်သွား
ပြီးချိန်မှ ရောက်ခဲ့သည့် စစ်တည်နိုင်အတွက် မျက်နှာ
မရှိတော့ဘဲ အူကြောင်ကြောင်ဖြစ်နေတာက ဆိုးသည်

မေမေက "မင်း ဆက်ဆက်သွားလိုက်
အသေအချာကြီးလာဖိတ်ထားတာ ပျက်ကွက်လို့မကော
ဘူး" ဟုပြောကာ သူ့အလုပ်သို့ သူထွက်သွားခဲ့ပြီ။
မသွားတာလည်း မှန်ပါသည်။ စစ်တည်နိုင်ကသာ
ခန်းမှာ အမြဲတမ်းအခြေချနေသူဖြစ်ပြီး မေမေက
တစ်ခါမှသာ ရှိတတ်သူမဟုတ်လား။

"ဟို ... ကျွန်တော်က သုံးထပ်ညာဘက်
တဲ့အိမ်ကပါ"

ဝင်သွားရကတည်းက မိတ်ဆက်ပြော



မှာ ခပ်ကြောင်ကြောင်နိုင်လှပါဘိတော့သည်။ သို့သော် အိမ်
ရှင်များက အထူးပင်ဖော်ရွေကြကာ ...

"အော် ... ဟုတ်ကဲ့ ... နောက်ကျတယ်နော ...
လာတောင်မလာတော့ဘူးလားလို့ ... ခဏကြာမှ
တစ်တိုက်လုံးကို ချိုင့်တွေနဲ့လိုက်ပို့ဖို့တောင် စီစဉ်
ထားတာ ... လာပါ လာပါ ... ဘုရားလည်းဖူးရ
အောင် ... အပေါ်ထပ်ကြွလိုက်ပါလား"

စစ်တည်နိုင်မှာ ကိုယ့်ကို 'တိတ္တိ' ဟု ထင်
ချင်လည်း ထင်ပစေတော့ ... ။ မြန်မြန်စား မြန်မြန်
ပြီး ... မြန်မြန်ပြန်ရရင် ကိစ္စက မြန်မြန်အေးတာမို့ ...
"ရပါတယ် ... အောက်မှာပဲ အေးအေးလူလူထိုင်ပါတော့
မယ်" ဟု ဖွတ်ငြင်းကာ လမ်းမဘက် ကျောပေးထားသည့်
စားပွဲတစ်ခုမှာ အမြန်ဆုံးဝင်ထိုင်ချလိုက်သည်။

ပြီးတာနဲ့ အိမ်ရှင်များလာချသော ကြာဇံချက်
ပုပ္ပကို 'တဗျုးဗျုး' နှင့်မှုတ်ကာ မြန်မြန်ပြီးအောင် ဆက်
တိုက်သောက်နေတော့သည်။

"ဟဲ့ ... ထပ်ထည့်မပေးကြဦး"

"အာ ... တော်ပါပြီခင်ဗျ ... ပြည့်စုံပါပြီ"

"ဘယ်ဟုတ်မလဲ ... သောက်ပါ ... အားမနာ
ပါနဲ့ ... ကြိုက်တယ်ထင်တယ်"

မြန်မြန်ပြီးအောင် ဆက်တိုက်မှုတ်သောက်ကာ
မှ အရမ်းကြိုက်တယ်ထင်ပြီး အပြည့်ကြီး လာထပ်ဖြည့်

www.burmeseclassic.com



သွားပြန်သည်။ ဒီတစ်ခါတော့ သိပ်မမြန်ရဲတော့ပါ။ တော်ကြာ တတိယပန်းကန်ဆက်နေရဦးမည်။ ဖြည်းဖြည်းသောက်နေရင်း ကိုယ့်ထက်တောင်နောက်ကျသေးသည့်သူများ နှစ်စုခန့်ရောက်လာကာ အိမ်အပေါ်ထပ် ခေါ်,ခေါ်တင်သွားကြသည်ကို ကျောပေးထားရက် … လှည့်မကြည့်ဘဲ သိနေရသည်။

ဘုရားသိပ်ဖူးစေချင်တယ်ထင်ပါရဲ့။ ဒီပန်းကန်ပြီးရင် တက်ဖူးရင်ကောင်းမလား … ။ အာ … တော်ပါပြီ။ အိမ်သစ်တက်ပွဲနှင့် ဘုရားအနေကဇာတင်ပွဲ တချို့မှာ လူပုဂ္ဂိုလ်တစ်ယောက်ကို ငှားထားတတ်ကြကာ … ထိုသူမှာ သံနေသံထားနှင့် ဘုရားဖြစ်စဉ်တွေ တရားဓာတ်ထုပ်တွေကို လာသမျှလူကို ထိုင်ပြောနေတတ်သည်။ ခုလည်းရှိသည်ထင်ပါရဲ့။ အသံကြားနေရသည်။ ကိုယ့်မှာလည်း ကိုယ့်ကိစ္စနှင့်ကိုယ်ဖြစ်ရာ ထို ဘုန်းကြီးမဟုတ် … သာသနာပြုပုဂ္ဂိုလ်မဟုတ်သောသူများထံမှာ တရားထိုင်နာနေစရာ အချိန်မရှိပေ။

စစ်တည်နိုင်မှာ နောက်တစ်ပန်းကန်ကို ခပ်ဖြည်းဖြည်းဆွဲပြီး သောက်နေရင်း ကိုယ့်ရှေ့ ဘယ်ဇာန်းကရောက်နေမှန်းမသိသည့် လူတချို့ ထပြန်ကြသည်နှင့် ရောယောင်ကာ ထိုင်ရာမှ ထရပ်လိုက်သည်။

"ပြန်တော့မလား … လာဖိတ်တုန်းက အဖေကြီးတစ်ယောက်ပါ တွေ့ပါတယ် … ပါမလာတော့





ချိုင့်နဲ့ထည့်ပေးလိုက်ပါရစေ"

"ဟာ … နေပါစေ … ဖေဖေက အလုပ်သွားပါပြီ … မိုးချုပ်မှပြန်ရောက်မှာမို့ပါ"

"အော် … ဒါဖြင့် ဒီကလည်း အလုပ်သွားရတော့မှာပေါ့ … သားအဖတွေ ဘာအလုပ်တွေများ လုပ်ကြလဲ"

"ကျွန်တော်က ဒီနေ့ အော့ဖ်ရပါတယ် … (--) ကုန်တိုက်က မန်နေဂျာပါ … ဖေဖေကတော့ မြိတ်–ကော့သောင်း–ရန်ကုန် ကိုယ်ပိုင်သင်္ဘောပြေးဆွဲတဲ့ လုပ်ငန်းလုပ်ပါတယ်"

"အော် … သားက အဖေ့အလုပ်ထဲ တစ်ခါတည်းဝင်လုပ်လိုက် ပြီးရော"

"ဟုတ်ကဲ့ … ကျွန်တော်က ဘာမှလည်းနားမလည်ဘူး … ဝါသနာလည်းမပါလို့ပါ"

မနည်းကြီး စကားဖြတ်ရကာ ချိုင့်ထည့်မ
းလိုက်ဖို့အရေးကိုလည်း ထပ်ခါထပ်ခါပြောရပြီး အိမ်
ရှဖိနပ်ချွတ်သို့ထွက်တော့ စစ်တည်နိုင်မှာ ဟီးချွဲသာ
အာ်လိုက်ချင်ပါတော့သည်။ ဖိနပ်များသွားပြီလေ။ အသစ်
ဟတ်စီးတာ နှစ်ပတ်ကျော်သာရှိသေးသော စစ်တည်နိုင်၏
င်ခြောက်ကောင်ဖိနပ်မှာ အစအနမျှ မမြင်ရဘဲ ဘာတံ
ိပ်မှန်းတောင် သေချာမမြင်ရတော့သည့်ဖိနပ်ခပ်မွဲမွဲတစ်ရံ
ာ အခန့်သားကျန်ရစ်နေ၏။

"ဟင် ... ဘာလဲ ... ဖိနပ်မှားသွားပြီလား ... ရှာတွေ့လား"

"မတွေ့ဘူးခင်ဗျ"

"ဟဲ့ ... ဒီမှာလာကူရှာပေးကြဦး ... တတိယ ထပ်က ညွှန်သည်ရဲ့ဖိနပ်ပျောက်နေပြီ ... ဘာ တံဆိပ်လည်းမသိဘူး"

"ဆင့်ခြောက်ကောင်ခင်ဗျ ... နံပါတ်တစ်ဆယ်"

စစ်တည်နိုင်မှာ သူများဖိနပ်ကို စီးရရင် ခြေ ထောက်မှာ အဖတ်ကြီးတစ်ဖတ်ပဲလာကပ်နေသလိုလို ... ချေးတွေ ခြေဆီတွေပဲ နင်းကန်ထွက်ချင်လာသလိုလို ... ခြေထောက်ယားချင်လာသလိုလို .. Allergic ဖြစ်တတ်တာ မို့ မျက်စိရှေ့မှာ မြင်နေရသော မွဲတဲတဲကိုတော့ လုံးဝ ဖို့ စိတ်ကူးမရှိပါ။ မတွေ့ရင် ခြေဗလာနှင့် အိမ်ပေါ်တက် သွားရုံရှိသည်။

"မတွေ့ရင် နေပါစေတော့"

"ဘယ်ဟုတ်မလဲ ... နေပါဦး ... ဒီကြွပ်ကြွပ် အိတ်ထဲမှာ ရှာပေးမယ်"

သူများတွေများ အမြော်အမြင်ကြီးစွာ ကြွပ် ကြွပ်အိတ်ဆောင်လာပြီး ဖိနပ်သုံးလေးရန်ကို ကြွပ်ကြွပ် အိတ်ထဲထည့်ကာ စုချည်ထားကြသည်။

"ဟာ ... ဒီအိတ်ထဲမှာ ဆင်ခြောက်ကောင်နံပါတ် တစ်ဆယ်တွေ့တယ်"



"အဲဒါ ဦးရဲဦးတို့အိတ်"

စစ်တည်နိုင်မှာ တစ်ချက်လှမ်းကြည့်လိုက်ရုံ နှင့် အိတ်ထဲကဖိနပ်မှာ ကိုယ့်ဖိနပ်ဆိုတာသိပါသည်။ ဒါ ပေမယ့် ဒီအိမ်လာသည့်ညွှန်သည်တစ်ယောက်ဟာ မမှား နိုင်သည့် ဒီဖိနပ်နှစ်ရံကို တမင်ကြီး မှားထားကြောင်း ကိုယ်က စွပ်စွဲသလိုဖြစ်နေမှာစိုးတာမို့ နှုတ်ပိတ်ကာသာ နေဆဲ ... အရိပ်လိုကြည့်နေသော အိမ်ရှင်က ရိပ်မိသွား ကာ ...

"ဟုတ်တယ်မှတ်လား ... ဒီဖိနပ်ပဲမဟုတ်လား၊ ရတယ် ... ရတယ် ... ဦးရဲဦးတို့က ပြောရမယ့် လူတွေမဟုတ်ဘူး ... ပြန်ယူစီးလိုက်ပါ"

"ဟာ ... သူက သူ့ဟာပဲဆိုရင် အားနာစရာကြီး၊ ရပါတယ်"

"ဒါဖြင့် ခေါ်မေးပေးမယ်"

စစ်တည်နိုင် ဘယ်လိုမှမတားလိုက်နိုင်ခင်မှာ အိမ်ရှင်မိသားစုထဲမှ တစ်ယောက်က အပေါ်ထပ်သို့ပြေး တက်သွားပြီး မိသားစုတစ်စုကို ခေါ်ချလာသည်။

"ဦးရဲဦး ... ဒါ ခင်ဗျားဖိနပ်လား"

"ဟာ ... ဘာလဲ ... ဆင်ခြောက်ကောင်ကြီး မဟုတ်ပါဘူး ... ကျွန်တော့်ဖိနပ်က စောင်းကော်"

"ဒါဖြင့် ဟိုဟာလား"

"ဟာ ... ကျွန်တော့်ဖိနပ်က ဒီလောက်တော့လည်း

www.burmeseclassic.com



မစုတ်ပါဘူး … စောင်းကောက်အသစ်ကြီးရှိသေးတယ် … မှားမှာစိုးလို့ မိန်းမကို တမင် ကြွပ်ကြွပ်အိတ်တောင် ယူလာခိုင်းတာ"

ရှိသမျှလူအားလုံး ဦးရဲဦးကို ဝိုင်းရယ်လိုက်ကြသည်။

"ခင်ဗျားက မမှားချင်ပေမယ့် မရတော့ဘူး … ခင်ဗျားအိတ်ထဲမှာ ဒီဆင်ခြောက်ကောင်က ရောက်နေပြီး … အပြင်မှာတော့ ဟိုအစုတ်တစ်ရံပဲကျန်တယ် … ဒီဆင်ခြောက်ကောင်ကလည်း ဟိုခြေသည်ရဲ့ဖိနပ်တဲ့"

ဦးရဲဦးက စစ်တည်နိုင်ကိုကြည့်လိုက်ပြီးမှ … နောက်ကျောဘက်သို့ ရုတ်တရက်လှည့်ကြည့်လိုက်သည်။ လူတွေအားလုံး ဦးရဲဦးကြည့်ရာကို လိုက်ကြည့်မိကြသည်တွင် … စစ်တည်နိုင်ကလည်း ဦးရဲဦး၏ နောက်ကျောဘက်မှာ ကွယ်ရပ်နေသည့် ဦးကို ခုမှ ဘွားခနဲတွေ့လိုက်ရလေသည်။ ဦးကတော့ ကြိုမြင်ပြီးပုံနှင့် "ကိုနိုင်" ဟု မပွင့်တပွင့် နှုတ်ဆက်သည်။

"သမီး … ဘယ်လိုဖြစ်တာလဲ … ဦးဦး ဖိနပ်ချွတ်လိုက်တော့ သမီးပဲကောက်ပြီး အိတ်ထဲထည့်သိမ်းပေးလိုက်တာ မဟုတ်ဘူးလား"

ဦးမှာ ရှုံ့တွနေသော ဦးရဲဦးကိုကြည့်ကာ ရယ်ချင်စိတ်ကို အတင်းထိန်းချုပ်နေရပုံနှင့် …





"ဟုတ် … သမီးပဲထည့်တာပါပဲ … ဒါပေမယ့် ဒေါ်ဒေါ့ဖိနပ်နဲ့ သမီးဖိနပ်တို့ကို အရင်ထည့်နေမိတာနဲ့ ဦးဦးဖိနပ်အလှည့်ကျတော့ ဦးဦးက ချွတ်ပြီး အိမ်ပေါ်တက်သွားပြီလေ … ဦးဦးဖိနပ်လို့ထင်တဲ့ တစ်ရံကိုတော့ သမီးက ကောက်ထည့်လိုက်တာပဲ"

"သေလိုက်ပါတော့ကွာ"

ကျန်နေသော အစုတ်တစ်ရံကိုကြည့်ကာ သူ့နဖူးသူရိုက်လိုက်သော ဦးရဲဦးကို အားလုံးက ဝိုင်းရယ်လိုက်မိကြသည်။ စစ်တည်နိုင်မှာ ရယ်သာရယ်နေရ … ကိုယ်တောင် လုံးဝ မတို့မထိချင်သော အစုတ်ကို ဝတ်ရတော့မည့် ဦးရဲဦးကို ကိုယ်ချင်းစာနေမိသည်။ ဦးဟာ တော်တော် နမော်နမဲ့နိုင်တဲ့ကောင်မလေးပါလား။ စသိစက … တော်တော်တိကျချက်ချာပြီး ဒီလိုမိန်းကလေးသာ ကိုယ့်ရဲ့အိမ်ရှင်မကလေးဖြစ်လာခဲ့ရင် ကိုယ့်အိမ်နှင့် မီးဖိုချောင်ဟာ အတော်ကြီးလုံမည်ဟု အမှတ်ပေးခဲ့မိတာ … ခုတော့ လွှဲပြီ။

သုံးယောက်သား အတူလာကြပြီး အတူတစ်နေရာတည်း ဖုချွတ်ကြတာကို စက္ကန့်ပိုင်းလေးအတွင်းမှာ မှားစရာလား။ ပြီးတော့ကျ စစ်တည်နိုင်၏ ဖိနပ်မှာ မှားမှာစိုးသည့်အတွက် တမင်တကာကို သံပန်းတံခါး ချောင်ထဲမှာကပ်ဖွက်ချွတ်ထားခဲ့တာ … လိုက်နှိုက်ပြီး မှားစရာလား။ သူ့ဦးလေးလုပ်သူ ခုပဲချွတ်သွားသော ဖိနပ်မှာ အား



www.burmeseclassic.com

www.burmeseclassic.com



က သံပန်းတံခါးတစ်ခုကိုဖြတ်ကျော်ပြီး အထဲချောင်ထဲသို့ ဝင်သွားပါ့မလား။ စဉ်းစားဉာဏ်လေးတစ်ခု နည်းနည်း သုံးလိုက်ရင်တောင် ဒီလောက်သိသိသာသာကြီးဖြစ်နေမယ့် ဟာကို ... ။ ကြည့်ရတာ ပြီးပြီးရော ကောက်လုပ်လိုက်သည့်သဘော အများကြီးပါမည်ထင်သည်။

"ကဲ ... မတတ်နိုင်ဘူး ... အစုတ်ကျန်တော့လည်း အစုတ်ပေါ့"

ဦးရဲဦးနှင့် သူ့မိန်းမဖြစ်ဟန်တူသူတို့ အထဲ ပြန်ဝင်သွားကြသော်အခါ ဖိနပ်ချွတ်ကွက်လပ်မှာ ဦးက ရပ်လျက်သား ကျန်ရစ်သည်။

"ဆောရီးပဲ ကိုနိုင်"

"ရပါတယ် ကိုယ်က ကိုယ့်ဖိနပ်ကိုယ်ပြန်ရတာပဲ"

"အဲဒါ ဦးရဲ့အလုပ်ရှင်လင်မယားလေ ... ဒီအိမ်က သူတို့နဲ့ခင်တာ ... ဦးကို အဖော်လိုက်ပေးဖို့ခေါ်တော့ ကိုနိုင့်အိမ်အောက်ထပ်ဆိုတာ ဦး ချက်ချင်းသိပါတယ်။ ဒါပေမယ့် ဆုံလိမ့်မယ်လို့တော့မထင်ဘူး"

ဆုံတော့ရော ဘာဖြစ်သေးလဲ။ ဘာမှမဖြစ်ပါဘူး။

စစ်တည်နိုင်မှာ ဖိနပ်စီးပြီး အမြန်ဆုံးထွက်ချင်လှပါပြီ။ ဦးအပေါ် မင်္ဂလာပွဲကိစ္စအတွက် ဒေါ်သထွက်ရခြင်းမျိုးမရှိတော့ဘူးဆိုပေမယ့် ... စကားလက်ဆုံတော့လည်း ကျမနေချင်ပါ။ သူမကတော့ ... သေလုအောင်



နာကြည်းပါသည်ဆိုတာတွေ ပျောက်သွားခဲ့ပြီလား။

မင်္ဂလာပွဲကိစ္စပြီးကတည်းက သူမနှင့် စစ်တည်နိုင်တို့ဆုံကြရတာ ငါးခေါက်ရှိပြီ။ တမင်ကြီး လိုက်ရေထားကြည့်တာမဟုတ်ပေမယ့် ... မဆုံဖြစ်ကြရသော်လည်း အမှတ်တရဖြစ်စရာကိစ္စလေးတွေက ရှိနေပြန်တာမို့ ဆုံဖြစ်ကြတဲ့အခေါက်တွေကို တိတိကျကျ အမှတ်ရနေဖြစ်သည်။ ရတနာပစ္စည်းတွေ လာပြန်ပေးတဲ့အခေါက်ကလွဲရင် ကျန်တဲ့လေးခေါက်မှာ ဗရုတ်ဗရက်ပုံစံအဖြစ်အပျက်တွေနှင့် ဆုံကြရတာချည်း။

အေးလေ ... ဘုရားမှာဆုံတာကတော့ ဘေးမှာ ကောင်လေးတစ်ယောက်ပါနေပေမယ့် အထင်လွဲစရာပုံစံမဟုတ်လို့ ရိုးရိုးဆုံတယ်ပဲထားလိုက်ပါတော့။ ကျန်သုံးခေါက်ကတော့ စိတ်ထဲကို သဘောတွေ့စရာမရှိ။ ဆုံလိုက်တာနဲ့ စိတ်ပျက်လက်ပျက်ဖြစ်သွားခဲ့ရတာချည်း။ ဒါပေမယ့် ထူးဆန်းလှတာက ... ချစ်သူတွေရယ်လို့ဖြစ်ကြစဉ်တုန်းကထက်တောင် စစ်တည်နိုင်ရဲ့ အတွေးထဲမှာ သူမက အချိန်ကြာကြာ ပိုရှိနေသည်။

အရင်တုန်းက အခြေအနေကတော့ တွေ့လည်း အေးအေးဆေးဆေး ... မတွေ့လည်း အေးအေးဆေးဆေးပဲ သာ မဟုတ်လား။ ခုလို ဗရုတ်သုကျွတ်တွေရော ... တစ်တန်ပေတစ်ဖွဲ့တွေရောမှ မရှိခဲ့တာ။

"အော် ... မေ့တော့မလို့ ဦးကို ကိုယ် ... ဖိုး

www.burmeseclassic.com



ပြန်ပေးရလိမ့်မယ် ... အဲဒါ ဖေဖေက ဦးပုဆိုး
မသိလို့"

"ဦးလေးနဲ့ ဦးနဲ့ တွေ့ပြီးကြပါပြီ"

ဟင် ... ဖေဖေက ပြောလည်းမပြော
ကောင်းရော။

"ဒါဖြင့် ကိုယ်ပြန်တော့မယ်"

"ဟုတ်ကဲ့ ... အော် ... ဒေါ်ဒေါ်ရေ ...
အပြန် အနီးဆုံးဈေးတစ်ခုခုမှာ ဝင်ပြီး ပန်းဝင်
ရအောင်နော် ... ဒီနေ့ တနင်္လာနေ့ ဦးမွေးရက်
တော့ ညကျ ဘုရားလေးဘာလေးသွားရရင်ကော
မှာပဲ"

ဦးက စစ်တည်နိုင်ကို ခေါင်းညိတ်ကာ
ဆက်ရင်း ... ဘေးနားသို့ ပြန်ရောက်လာသော သူ
ဒေါ်ကိုပါ တစ်လက်စတည်း လှည့်ပြောလိုက်သည်။
တည်နိုင်မှာ ... အိမ်ရှင်မိသားစုကို နှုတ်ဆက်ကာ အ
ထပ်သို့တက်လာခဲ့ရင်း ... လမ်းတစ်ဝက်အရောက်မှာ
တစ်စုံတစ်ခုကို ရုတ်တရက် စဉ်းစားမိကာ ...
ကိုယ်က ခပ်မတ်မတ်ပုံစံနှင့် ... တောင့်တင်းသွားရ
သည်။

ဦးက "တနင်္လာသမီး" ဆိုပဲ။ ဒါဖြင့်
ဘာလို့ ဘုရားက တနင်္ဂနွေထောင့်မှာ အသေအချာ
ခိုးနေသလဲ။ ပြီးကျတော့ ထမင်းချိုင့်ထဲမှာပါလာခဲ့သ





"ကျွန်မကတော့ တနင်္ဂနွေသမီးတစ်ယောက်မဟုတ်ခဲ့ပါဘူး"
ဟူသည့်စာမှာ တနင်္လာသမီး ဦးနှင့် ဘယ်လိုများပတ်သက်
မှုရှိနေလိမ့်မလဲ။

❀ ❀



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၆)

"ကားလေးတစ်စီးလောက်ကိုယ်ပိုင်ရှိရင် သိပ်ကောင်းမှာပဲဟာ ... ဟိုနားသွားချင် ရွှတ်ခနဲ၊ ဒီနားသွားချင် ရွှတ်ခနဲ ... အဆင်ကိုပြေနေမှာပဲ"

ဦးက ချွေးပြန်မျက်နှာလေးကို လက်ကိုင်ပဝါနှင့် တဖြတ်ဖြတ်ခပ်နေသော မော်လီကို ကြည့်ကာ နှုတ်ခမ်းလေး ထော်ပြလိုက်သည်။

"ကားရှိလို့ကောင်းမှာတွေပဲ နင်ကတွက်နေ .. ဆိုးမှာတွေကလည်း အများကြီးရယ် ... နင်ရောငါပါ မမောင်းတတ်ကြတော့ ဒရိုင်ဘာကို စငှားပြီဆိုတာနဲ့ ခေါင်းကိုက်ပျောက်ဆေးပြားတွေကိုသာ တောင်းလိုက်ဝယ်ဆောင်ထားပေတော့"





မော်လီက ဦးကို မျက်စောင်းထိုးလိုက်ရင်း "လူတိုင်းဆိုးတာလိုက်လို့ ... ကောင်းတာလေး ရွေးငှားမှာပေါ့" ဟု ဆိုလိုက်သည်။

"အဲဒီကောင်းတာလေးကို နင် ဘယ်မှာသွားရှာမှာလဲ ... ခုပဲ ပါးစပ်နဲ့ပဲ ရှာပေးပါဦး ... ဆီတိုမယ် ... ကားပစ္စည်းတွေလဲမယ် ... အကြမ်းပတမ်းမောင်းလို့ ကိုယ်က နောက်ကငွေထုတ်ပိုက်ပြီးလိုက်လျော်နေရမယ် ... ပြီးရင် ကိုယ့်ကိုဘေးထားပြီး သူက တခြားကားတွေနဲ့ ရန်ဖြစ်တာ ... ညစ်ညစ်ပတ်ပတ်ဆဲတာကို ကိုယ်က ကြားနေရဦးမယ်"

"နင် ပိုက်ဆံရှိရင် ဝယ်လေ ... ငါ အမောင်းသင်မယ်"

"အမလေး ... ဘယ်တော့တိုက်ပြီး ကားပျက်စီးမလဲ ... လူသေမလဲပဲတွက်နေရမယ့်အလုပ်လည်း ဝါသနာမပါပါဘူး ... ကိုယ်မသေမကျိုးရင်တောင် သူများက ကျိုးသေရင် ထောင်ကကျဦးမယ် ... တစ်ခါတစ်ခါ ကားခေတ်ဆီတန်းစီရတာ ... သာကေတက ကညနကို သွားရတာလည်း ဘယ်လောက်ပင်ပန်းတယ်မှတ်သလဲ ... ဒီကြားတည်း ကားပျက်ရင်လဲ ပိုက်ဆံကုန်ရ စိတ်ညစ်ရ"

"တော်ပါတော့"



www.burmeseclassic.com

www.burmeseclassic.com



မော်လီက မျက်စေ့မှိတ်ကာ အော်လိုက်သဖြင့် ဦးက တခစ်ခစ်ရယ်နေလိုက်သည်။ မော်လီက မျက်စေ့ပြန်ဖွင့်လာသည်နှင့် တရစပ်သောမျက်စောင်းတွေကို ဦးထံ ပစ်လွှတ်နေရင်း ...

"ဘတ်(စ်)ကားစောင့်ရတာ ကြာလို့ တစ်ခွန်းလောက်ညည်းမိပါတယ် ... ဆယ်ခွန်းလောက် ဆက်တိုက်ပြန်ရတာ နားကိုညည်းရော ... နင်ဟာလေ အရင်ကနဲ့ကိုမတူဘူး ... အရင်ကဆို နင့်ဆီက စကားတစ်ခွန်းရဖို့အရေး မျှော်လိုက်ရတာ .. လူကလည်း ငြိမ်သက်ပြီး ထိုင်ကြည့်နေရင်တောင် ပျင်းရသေး၊ ခုတော့ ခေါင်းထဲမှာလည်း တစ်ခေါင်းလုံး ညဏ်နီညဏ်နက်တွေပြည့်ပြီး တလှစ်လှစ်နဲ့ ဘာတွေလှုပ်ခပ်နေမှန်းမသိဘူး ... မျက်စေ့ကိုနောက်ရော ... ပါးစပ်ကလည်း အသက်(၇၀)ကျော် အဘွားကြီးလေလည်တာကျနေတာပဲ ... ဖွတ်ဖွတ် ... ဖွတ်ဖွတ်နဲ့ မပြီးစတမ်းရှည်လျားနေတော့တာပဲ"

ဦးမှာ ကိုယ့်ကို မော်လီ အတော်မကျေမနပ်ဖြစ်နေတာကြာပြီဆိုတာကို တွက်မိနေပါသည်။ ဟိုးအရင်က ဦးကို အရာခပ်သိမ်းအတွက် အားမရခဲ့သည့် မော်လီဟာ ခုတော့ သူတောင် လိုက်မမှီတော့ပါဘူးဆိုပြီး ရိုက်ပုတ်ချင်နေပုံလည်းရသည်။ မော်လီက စစ်တည်နိုင်နှင့်ပတ်သက်ပြီး ဦးရဲ့လှုပ်ရှားမှုမှန်သမျှကို မကျေနပ်ပါ။





အဲဒီကိစ္စနဲ့ပတ်သက်လို့ကတော့ မော်လီ မမှားပါ။ မှားချင်းမှား ဦးပဲမှားနေမှာ ... ဦးဟာ ဘာကိစ္စကြောင့်များ စစ်တည်နိုင်ကို မပြတ်တမ်း ပတ်သက်ချင်နေရပါလိမ့်။ အရွယ်ရမိန်းကလေးတစ်ဦးဖြစ်ပါရက် ဘာ့အတွက်ကြောင့်များ ဆယ်ကျော်သက်လေးတွေလို့ အရာရာမှာ လှုပ်လှုပ်ခတ်ခတ်နိုင်ချင်နေရပါလိမ့်

ခေတ်မီလှသော ဦးလေးဦးမြတ်အောင်ကြီးကတော့ ဦးကို နားလည်လေသည်။ ဦးမှာ ဦးမြတ်အောင်ကြီးလောက်လည်း စကားပြောမကောင်း။ ဦးလေး ဦးမြတ်အောင်ကတော့ မော်လီကိုပင် အကွေ့အဝိုက်အပတ်များဖြင့် မလှုပ်နိုင်တော့အောင် ... ဘာဆက်ပြောလို့ ပြောရမှန်းမသိအောင် အနိုင်ပြောနိုင်စွမ်းရှိသူဖြစ်ပေသည်။

ဦးတို့သုံးယောက်ဆုံဖြစ်ကြပြီဆိုရင် ဦးဘက်ကလိုက်ကာ လုလုပပလေးပြောသွားနိုင်သည်မှာ ဦး၌ အဖြစ်ရယ်လို့ စိုးစဉ်းမျှမရှိ။ သူတော်ကောင်းမိန်းကလေးတစ်ယောက်ဟု ကိုယ့်ဘာသာကိုယ်ပင် အထင်မှားလာစေရအောင် သူပြောတတ်သည်။ သူပြောတဲ့အချက်တွေဟာ နားထောင်လို့သာကောင်းတာ။ ဦးက သူပြောသလောက် ဖြောင့်တော်ဖြူစင်သည့် သူတော်ကောင်းမလေးတစ်ယောက်မဟုတ်တာ ကိုယ့်ဘာသာကိုယ်ပဲသိသည်။ မော်လီ့ခမျာ ပြန်ဘာမှလည်းမပြောနိုင်။ မဟုတ်မှန်းကလည်းသိ။ ဦးမြတ်အောင်ကြီးပြန်သွားမှ ဦးကိုပဲ ဖိဖိထောင်းတတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူပြောတာတွေ လိုက်မှတ်ထားကာ ပြန်အသုံးချချင်ပေမယ့် မမှတ်မိတာက ခက်သည်။ သူကတော့ တစ်ခါနှင့်တစ်ခါ မထပ်အောင်ပင် ပြောနိုင်စွမ်းရှိလေသည်။ မော်လီကတော့ ကွယ်ရာကျမှ "လူမိုက်အားပေးကြီး" ဟု ထောပနာပြုတတ်၏။ "နင် သူ့ကို စိတ်မနာတော့ဘူးလား" ဆိုရင်တော့ ဦးမှာ ပြောစရာ ဖြေစရာစကားမရှိ။ ငယ့် မျက်နှာလေး ပြေးပြေးမြင်ကာ အပြစ်ရှိသူကြီးတစ်ယောက်လို ... တစ်ပတ်လောက် ဘာမှမလှုပ်ရှားဘဲ ငြိမ်ကုပ်နေမိတတ်တော့သည်။ မော်လီကလည်း ထိုအချက်ကိုပဲ အခွင့်ကောင်းယူကာ ... ဦးကို သိပ်အမြင်ကပ်လာပြီ။ ဦးလုပ်နေတာတွေဟာ လွန်လာပြီဟုထင်လျှင် ... ထိုစကားတစ်ခွန်းနှင့်ပဲ ဦး ငြိမ်ကျသွားအောင် ... အနိုင်ယူတတ်လေသည်။

"တက္ကစီပဲစီးပြန်ကြရအောင်ပါ ဦးရာ ... နင်တစ်ရာ ... ငါတစ်ရာစိုက်"

"ပြီးရော ... နှစ်ရာထက်ပိုရင်ကော"

"ငါစိုက်မယ် ... ဒါဖြင့် နှစ်ရာထက်လျော့ရင်လဲ ငါပဲယူမယ်နော်"

ဦးနှင့်မော်လီတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် ပြိုင်တူရယ်မောမိကြကာ ... ဘတ်(စ်)ဂိတ်မှ ခပ်လှမ်းလှမ်းသို့ ဆက်လျှောက်လာကြသည်။ ခေါင်းပေါ်ကို လက်ကိုင်ပဝါလေးတွေ ကိုယ်စီတင်ထားကြပေမယ့်





နေက ဆံပင်တွေကျွတ်ထွက်ကုန်ပြီလား ထင်ရအောင်ပင် ပူပါသည်။

"ဝါးလုံးရှည်ရှည်တစ်လုံးလောက်ရရင်ဟာ ... အဲဒီနေလုံးကို ငါတို့ ကမ္ဘာနဲ့ဝေးအောင် ဒီကနေ လှမ်းထိုးပြီး တွန်းရွှေ့ထားလိုက်ချင်တယ်"

မော်လီက သူ့ဘာသာသူ ပေါက်ကရတွေပြော၊ သူ့ဘာသာသူ ရယ်နေရင်းက ရုတ်တရက် အရယ်ရပ်တန့်သွားသဖြင့် ဦးက "ဘာဖြစ်တာလဲ" ဟု မေးလိုက်မိသည်။ ဦးမေးမှ "ဘာမှမဖြစ်ပါဘူး" ဟု ပြန်ဖြေကာ ဆက်ရယ်လိုက်သော သူ့အရယ်မှာ ဟန်လုပ်အရယ်ကြီးဖြစ်သဖြင့် သိသိသာသာကြီး ကြောင်စီနေလေသည်။ ဦးစိတ်ထင် ... အရယ်ရပ်သွားတုန်းက ခြေလှမ်းပါ တစ်ချက်လောက်တောင် တုံ့သွားခဲ့သလားလို့။

ဦးက မော်လီကို မသင်္ကာစွာ အရှေ့အနောက် တောင်မြောက် ပတ်ပတ်လည် ဘေးဘီဝဲယာကို လိုက်ဝေ့ကြည့်လိုက်သည်။ တစ်ခုခုကို ကြုံရပြီးမှ ဖုံးကွယ်လိုလျှင် ဒါ ဦးကိစ္စပဲဆိုတာ သေချာသည်။ သူ့ကိစ္စဆို သူက အချင်းချင်းထဲမှာ မဖုံးကွယ်တတ်ပေ။ ဦးက တစ်ထစ်ချ သင်္ကာမကင်းနှင့်ပင် "စစ်တည်နိုင်" ဟု စိတ်ထဲမှ ရွတ်လိုက်မိကာ အတင်းလိုက်ရှာနေမိပါတော့သည်။

"ဘယ်လိုဖြစ်လို့ လူတစ်ကိုယ်လုံးလည်နေရတာလဲ"

"နင် တစ်ခုခုကို ဖုံးကွယ်လိုက်တယ် ... အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်မှလွဲရော ... စစ်တည်နိုင်နဲ့ပဲ ပတ်သက်ရမယ်"

"လဲသေလိုက်ပါလားဟာ ... တစ်ခါလာ ဒါပဲ"

"နှင် မဟုတ်လို့လား"

"မဟုတ်ဘူး" ဟု အမြေပြန်မရမချင်း ပိုပို၍ကြီးထွားလာသော မသက်ာစိတ်က ဦးရဲ့မျက်လုံးများကို သိမ်းငှက်တစ်ကောင်အလား အလုပ်ရှုပ် ထက်မြက်နေစေပါတော့သည်။ မော်လီကတော့ ဦးကို တမင်ကြီးပင် ဆန့်ကျင်ကာ ဦးအလုပ်ရှုပ်နေစဉ်မှာ အငှားကား တစ္ကစီကို မရရအောင် ... အားသွန်ကြိုးပမ်း ငှားရမ်းနေလေတော့သည်။

"ဟော့ ... ဦး ဒီမှာကားရပြီ ... နစ်ရာတဲ့ ... ငါမဆစ်တော့ဘူး"

"ရရင် နင့်ဘာသာတစ်ယောက်တည်းလိုက်သွားပေတော့ ... အိမ်ကျမှ တစ်ရာပြန်ပေးမယ် ... ဒီမှာ ငါလည်းရပြီ"

ဦးက ပြောပြောဆိုဆို ... ဦးရဲ့ညာဖက်မျက်စောင်းထိုးလောက်က တိုက်ခန်းတွေမှာ ခန့်ညားဟီးထနေသော ဆိုင်းဘုတ်ကြီးတစ်ခုနှင့်ရှိနေသည့် (---)ဓာတ်ပုံဆိုင်သို့ ခြေလှမ်းမှန်မှန်နှင့် လျှောက်ခဲ့ပါတော့သည်။ မော်လီကတော့ တစ်ခုခုကို ရေရွတ်အော်ဟစ်လိုက်ကာ ကားဆရာနှင့် အခြေအတင်ငြင်းခုန်နေကြပြီးမှ ... ဦးနောက်





ကနေ ခြေသံတဘုတ်ဘုတ်နှင့် အတူပြေးလိုက်လာ၏။

"ထင်တိုင်းကျဲမ ... အရူးမ ... နင် ဘယ်လိုလုပ်ရှာတွေ့သွားတာလဲ"

"နင်တောင် လမ်းသွားနေရင်း လှမ်းတွေ့တာပဲ ... ငါက တခြားနေရာတွေမှာသာ ရူးရင်ရူးမယ် ... ကိုယ့်ပိုက်ကိုယ်မသိရလောက်အောင်တော့ သွက်သွက်မခါသေးပါဘူး"

ဦးတို့နှစ်ယောက် ဦးတည်ပြီးပြောနေကြသော နေရာမှာ (---) ဓာတ်ပုံဆိုင်ထဲမှာ ရှိုးပြသည့်အနေနှင့် ချိတ်ထားသော ... ၁၂" x ၁၀" အရွယ် မှန်ဘောင်သွင်း ဓာတ်ပုံကြီးတစ်ခုအကြောင်းပင်တည်း။ ထိုပုံကား ဦးဘဝ အတွက် သမိုင်းဝင်ပုံလည်းဖြစ်သည်။

ဆိုင်တွင်းသို့ရောက်သည်နှင့် ဆိုင်ရှင်ပုံစံ ... ဦးတို့အရွယ်လောက် ကောင်လေးတစ်ယောက်နှင့် တုန်းတွေ့ကာ ...

"ဘာများအလိုရှိပါသလဲ"

"ဒီပုံပါ"

ဦးက ကိုယ်လိုချင်ရာကိုသာ လက်ညှိုးထိုးလိုက်သည်။ ကောင်လေးက "ခင်ဗျာ" ဟုဖြစ်သွားပြီး ဦးကို စေ့စေ့ကြည့်ကာ မှတ်မိသွားပုံရပြီး ...

"အော် ... အစ်မကြီး"

"ဟုတ်ကဲ့ ... အဲဒီပုံကဘော ဘယ်လိုဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ရှင့်ဆီမှာရှိနေတာလဲဟင်"

"အဲဒီနေ့က ပွဲမှာ ဓာတ်ပုံရိုက်ပေးဖို့ ကျွန်တော့် ကိုစစ်တည်က ငှားထားခဲ့တာပါ ... အဲဒါနဲ့ မပျက်ခင် ... အဲ ... ဆောရီး"

"ရပါတယ် ပြောပါ"

"ပွဲမပျက်ခင်အချိန်ထိ ကျွန်တော် လိုက်ရိုက်နေ တယ် ... ပွဲလည်းပျက်သွားပြီးရော ဓာတ်ပုံ ကူးပြီး ဘယ်ပို့ရမှန်းမသိဖြစ်နေတာနဲ့ ... ဒီတိုင်း ကျွန်တော့်ပိုက်ဆံပဲ အဆုံးခံလိုက်ပါတော့တယ် ... ကိုစစ်တည်လိပ်စာသိပေမယ့် အားနာလို့ သွား ရဲဘူးလေ ... ကိုစစ်တည်ကလည်း အကြောင် အမျိုးမျိုးကြောင့် မေ့သွားတာလား ... မရွေး တော့တာလားမသိတော့ ကျွန်တော်က အနှော အယှက်မပေးချင်တော့ပါဘူး ... ဒီတစ်ပုံကတော တော်တော်အသက်ဝင်ပြီး ကောင်းနေတာနဲ့ ဆိုင် ရှိုးပြရအောင် ပုံကြီးချဲ့ကူးထားလိုက်တယ်"

ဦးတို့များ ကိုယ့်ဇောနှင့်ကိုယ်မို့ အဲဒီနေ့ ကိုယ့်ကို ဓာတ်ပုံတဖြတ်ဖြတ်လိုက်ရိုက်နေတာကိုတော သတိမထားမိပါ။ ဒီပုံကိုတော့ ဦး သိသည်။ စစ်တည်နိုင် အစ်မဝမ်းကွဲက ခြံလမ်းလေးတစ်လျှောက် တွဲထွက်ပွဲထု ဖို့ စီစဉ်ပေးနေစဉ် "လက်ချိတ်ကြလေ" ဟုပြောလိုက်သ အတွက် ဦးက ခပ်ရှက်ရှက်နှင့် မော့ကြည့်လိုက်မိစဉ်



စစ်တည်နိုင်ကလည်း ရှက်ပြုံးပြုံးနှင့် ငုံ့ကြည့်လိုက်စဉ်တွင် ဖြစ်လေသည်။

"ကျွန်မ အဲဒီဓာတ်ပုံတွေ ရွေးချင်ပါတယ် ... ဒီပုံကြီးကောပဲ"

"ဟာ ... ဒါကတော့"

"ပုံကြီးချဲ့ခရော ... မှန်ဘောင်ခတွေပါ ပေးပါ့မယ် ရှင် ... ကျွန်မကို ကူညီပါ"

ဆိုင်ရှင်ကောင်လေးက နေပူထဲကလာသည့် အရှိန်နှင့်မို့ မျက်နှာနီရဲရဲ့မဲ့နေရသည့်ကြားတည်းမှာ တဖြည်းဖြည်း ပိုပိုဆိုး ... ဆိုးလာပြီး ကြာကြာနေရင် ငိုပါချတော့မလား ထင်ရသည့် ဦးရုပ်ရည်ကိုကြည့်ကာ လန့်သွားပုံရသည်။

"ဟုတ်ကဲ့ .. ဟုတ်ကဲ့ .. အစ်မပဲယူလိုက်ပါတော့၊ ကျွန်တော် ဖလင်တွေပါ အားလုံးထည့်ပေးလိုက်မယ်"

"ဒီပုံပါတဲ့ဖလင်ကိုတော့ ခဏပြန်ယူထားပြီး ဒီအရွယ်ပဲ နောက်တစ်ပုံထပ်ကူးပေးပါရှင်"

မော်လီက "ဦး" ဟု သတိပေးသလို တစ်ချက် ခပ်ဆတ်ဆတ်ခေါ်လိုက်သည်။ ကောင်လေး ဆိုင်အတွင်းထဲဝင်သွားစဉ်မှာ ဦးက ဓာတ်ပုံကြီးကို အသာပွေ့ သပ်ကိုင်တွယ်ကြည့်နေရင်းက ...

"မော်လီ ... ဒီပုံမျိုး ငါ့တစ်သက်မှာ ထပ်လိုချင်

www.burmeseclassic.com



ပါတယ်ဆိုလို့ နောက် ဘယ်တော့မှ မရနိုင်တော့ဘူးလေ”

“ဦးရယ် … ဒါပေမယ့် နင် ဒီမှာတစ်ပုံရပြီလေ”

“ဒီပုံကို ဘွားဘွားကြီးမြင်လိုက်ရမှ ငါ့စိတ်ရင်းမှန်ကို ငါသိလိုက်တယ် မော်လီ … အဲဒီလိုပဲ သူကော သူ့စိတ်ရင်းမှန်ကို သူ့ဘာသာသူများ ပြန်သိသွားမလားလို့လေ … ဖြစ်နိုင်လားဟင်”

“မဖြစ်နိုင်ဘူး” ဟု မော်လီက ဘယ်လိုများ ပြောရပါမည်နည်း။ ဦးဟာ မော်လီ အတော်ကြီးလိုက်ထိန်းနေသည့်ကြားက သူ့စိတ်သူ ပြန်သဘောပေါက်သွားပေပြီ။ အစောကတည်းက ဦးစိတ်ကို မော်လီကော ဦးမြတ်အောင်ကြီးပါ ရိပ်မိကြပါသည်။ ဒါပေမယ့် ဦးကိုတော့ ပြန်မသိစေချင်။ သူ့စိတ်သူ စ,သဘောပေါက်တဲ့နေ့ဟာ သူ့အတွက် ဒုက္ခစရောက်သည့်နေ့သာဖြစ်ပေလိမ့်မည်။

ဒါကြောင့်လည်း “ဘာ့ကြောင့် ငါ ဒါတွေကိုလျှောက်လုပ်နေမိမှန်းမသိပါဘူး” ဟု ဦးက အဖြေမထွက်သလို ညည်းတွားသလို ပြောနေခဲ့စဉ်တည်းက သိသိကြီးနှင့် တမင် နှုတ်ပိတ်ထားကာ လိုက်ဆန့်ကျင်နေမိခဲ့ခြင်းဖြစ်ပါသည်။ ခုတော့ မော်လီလည်း ဘာမှကိုမတတ်နိုင်တော့ပြီ။ ဦးဟာ သူကိုယ်တိုင်က တစိုက်မတ်မတ်ရည်စူးပြီး ပွဲဖျက်ပစ်ခဲ့သည့် မင်္ဂလာပွဲမှ သတို့သားကို စွဲစွဲလမ်း





လမ်းကြီး ချစ်နေမိကြောင်း သူကိုယ်တိုင်ပင် ပြန်ပြီးသဘောပေါက်သွားခဲ့ပါပြီတည်း။

“ငါ ဘာဖြစ်လို့ သူ့ကို ချစ်မိရတာလဲ မော်လီရယ်”

“ဒါတွေကို ငါတို့ အိမ်ရောက်မှပြောကြတာပေါ့ဟာ၊ ကဲ … ဟိုမှာပြန်ထွက်လာပြီ … နင် ပိုက်ဆံချေစရာရှိရင် ချေလေ”

“ရှင်တို့ဓာတ်ပုံဆိုင်လိပ်စာကို ကိုစစ်တည်နိုင်က သိသလားဟင်”

“သိမသိ ကျွန်တော် မသိဘူးခင်ဗျ … ကျွန်တော့်ကို … ကိုစစ်တည်ရဲ့သူငယ်ချင်းတစ်ယောက်က တစ်ဆင့် ငှားခဲ့တာပါ”

ဓာတ်ပုံဆိုင်က ပြန်ထွက်လာတော့ အပြင်လမ်းမကြီးမှာ နေက ကျဲကျဲတောက် ပူပြင်းနေလေသည်။ မော်လီက အဝေးမှလာနေသည့် တက္ကစီတစ်စင်းကို လက်ကာပြီး တားလိုက်၏။ တိုက်တိုက်ဆိုင်ဆိုင်ပင် … ထိုတက္ကစီကားမှာ ခုနက ဦးလုပ်လိုက်ပုံကြောင့် မော်လီကိုယ်တိုင် ကောင်းကောင်းတောင်းပန်လွှတ်လိုက်ရသည့်ကားပဲဖြစ်နေရသည်။ ကြည့်ရတာ … ဟိုးရှေ့က မီးပွိုင့်အလွန်လမ်းကွေ့မှာ ကွေ့ချိုးပြီး ဒီဘက်သို့ပဲ ပြန်ပတ်မောင်းလာခဲ့ခြင်းဖြစ်ရပေမည်။

ထိုတက္ကစီမှာ လူပါမလာသေးပါ။ သို့သော် မော်လီတားလိုက်တာကို ရပ်မပေးသည့်အပြင် ကားမောင်း



www.burmeseclassic.com

www.burmeseclassic.com



သည့်လူမှာ မော်လီတို့ကို မှတ်မိနေပုံနှင့် ကားပြတင်းပေါက်မှ ခေါင်းပါထွက်ပြီး ဒေါသမျက်နှာနှင့် စိုက်ကြည့်သွားတာကိုပါ ခံလိုက်ရလေသည်။

ဦးကတော့ ဓာတ်ပုံထည့်ထားသည့် အိတ်ကြီးကို ဆွဲပိုက်ကာ ဘာမှသိလိုက်ပုံမရှိ။ မော်လီကတော့ တိုက်ဆိုင်လှသည့်အဖြစ်အပျက်တစ်ခုကို သက်ပြင်းသာ အသာချမိရင်း ...

"သူ ကားမောင်းပြီး လိုက်ပို့ခွင့်ရဖို့ လူလိုက်ရှာနေတဲ့ တက္ကစီဒရိုင်ဘာတစ်ယောက်တောင်မှ ရှုံ့ ချည်နှပ်ချည် အလီလီနဲ့နှင်ထုတ်ပြီးမှ ပြန်ခေါ်ချင်လို့ မရတော့ဘူးမဟုတ်လား ဦးရယ်" ဟု ဦးကို နားရှုကြည့်ချင်နေမိသည်။

နှစ်ယောက်တွဲဓာတ်ပုံကြီးတစ်ပုံကို မြင်လိုက်ရတော့ရော ဦးဆီမှာလို ပုန်းကွယ်ငုပ်လျှိုး အိပ်ပျော်နေခဲ့တာမဟုတ်ဘဲ နဂိုတည်းကိုက ရှိမနေနိုင်တဲ့ အသည်းနှလုံးတစ်စုံက မြှန်းခံနဲ့ ဘွားခနဲ အသစ်ကြီးဖြစ်ပေါ်တည်ရှိလာနိုင်ပါမတဲ့လား။



ဦးက ကိုယ့်လျှောက်လွှာကလေးကို လျှောက်လွှာများ ထိုင်ပြီးလက်ခံနေသည့် စားပွဲပေါ်သို့ လှမ်းတင်ပေးလိုက်စဉ်တွင် ထိုစားပွဲမှကောင်မလေးက ဦးကို ဖျတ်ခနဲမော့ကြည့်လိုက်၏။ ဦး မှတ်မိပါသည်။ ဟိုတစ်ခါ ဒီကုန်ပဒေသာတိုက်မှာ ဦး ပုဆိုးလာဝယ်ပြီး ဓာတ်လမ်းဆင်ခဲ့စဉ်က ဦးကို လိုအပ်တာထက်ပိုပြီး အမှန်းတရားတွေပွားများနေခဲ့တဲ့ ကောင်မလေး။

ထိုကောင်မလေးက ဦးကို တစိုက်မတ်မတ်စူးစူးဝါးဝါးကြီးပင်ကြည့်နေပေမယ့် ဦးကော သာမန်ကာလျှံကာအကြည့်မျိုးနှင့်ပဲ ပြန်ကြည့်ကာ မသိချင်ယောင်ဆောင်နေလိုက်သည်။

ဦး သိသားပဲ ... ဒီကုန်တိုက်ပိုင်ရှင်က အလုပ်သစ်တစ်ခု ထပ်ချဲ့သည့်အနေနှင့် စားသောက်ကုန်နှင့် အလှကုန်ပစ္စည်း နှစ်မျိုးတင်သွင်းလာပြီး အလုပ်သမားတွေ ထပ်ခန့်ဖို့ လျှောက်လွှာခေါ်ယူရာမှာ ... ဦး ဝင်လျှောက်ပြီဆိုတာနဲ့ ဒီပြဿနာမျိုးတွေကို လှလှကြီး ကြုံရတော့မည်မှန်း။ လက်စသတ်တော့ ဦးဟာ ပထမတစ်ကြိမ်တုန်းက ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင် စစ်တည်နိုင်ကို လွယ်လွယ်ကူကူလေးနဲ့ ချဉ်းကပ်ရယူနိုင်ခဲ့တာကိုး ... အံ့ဩဖို့ကောင်းပါသည်။

ချုံ့ကားပြီးပြောရမယ်ဆိုရင်တော့ ဒီကုန်တိုက်က ကောင်မလေးအချို့ဟာ စစ်တည်နိုင်အတွက် အသက်

www.burmeseclassic.com

www.burmeseclassic.com



ပေးရမည်ဆိုရင်တောင် ပေးကြတော့မည့် အစားတွေထဲက ထင်ပါရဲ့။ အဲဒီအထဲမှာမှ မမခင်တို့အဆောင်က ကိုယ်နှင့်ပါ ရင်းနှီးသည့် ပပတောင်မှ အဆစ်ပါနေလိုက်သေး။

ရင်ဆိုင်ဖို့ ဆုံးဖြတ်ပြီးမှ ရောက်လာခြင်းဖြစ်သည့်အတွက် ဦးက ဘယ်လိုအခြေအနေမျိုးကိုမှ မမှုပါ။ ကောင်မလေးတွေမဆိုထားနဲ့ ... စစ်တည်နိုင်ကိုပင် မမှုပါ။ သူ အံ့သြချင်သြ ... "ဘယ်လိုဟာလဲဟ" ဟု ထင်ချင်လည်းထင် ... လှောင်ရယ်ချင်လည်းရယ် ... ဦးကတော့ ဘာကိုမှ ဂရုမစိုက်နိုင်ပါပြီ။

ဒီကောင်မလေးကတော့ ဦးသာ ဆက်ကြည့်မနေရင် ... လျှောက်လွှာပုံထဲက ဦးရဲ့လျှောက်လွှာကို မသိမသာနှိုက်ယူပြီး အမှိုက်ပုံးထဲလွှင့်ပစ်ချန်ရစ်မည့်အစားမျိုးထဲကတောင် ဖြစ်ပုံရပါသည်။ လျှောက်လွှာတစ်ထပ်ကြီးကိုမ,ကာ ချီတုံချတုံဖြစ်နေဟန်က သူ့စိတ်ရင်းမှန်ကို မျက်နှာမှာအထင်းသားပင် ဖော်ပြနေသလိုရှိသည်။

"ဟော့ ... ဘာရပ်လုပ်နေတာလဲ ... အထဲက လျှောက်လွှာတွေတောင်းနေပြီ"

ကောင်မလေးလက်ထဲက လျှောက်လွှာထပ်ကြီးကို လာဆွဲယူလိုက်သည့်သူကို ဦး သိသည်။ ဒီကုန်တိုက်ပိုင်ရှင်၏သားတစ်ယောက် ဖြစ်လေသည်။ ထိုသူရောက်လာပြီဆိုရင်တော့ ကောင်မလေးခမျာ မဟုတ်တာလုပ်ရဲတော့မည်မဟုတ်ပေ။ ထိုသူနှင့်အတူ ပိုင်းကူညီကာ ...





လျှောက်လွှာများကို လျှောက်ထားသော ရာထူးအဆင့်အလိုက် အပုံများပြန်ခွဲကာ ရွေးချယ်နေရတော့သည်။

"အစောတည်းက သူ့အဆင့်နဲ့သူခွဲထားပြီးတဲ့ဟာကို ဘာလို့ တချို့ဟာတွေက ရောနေရတာလဲ ... 'လိန်လိန်' နင်သိပ်ပေါ့လျော့တာပဲ ... နင်ဟာ အလုပ်တစ်ခုကို ကောင်းကောင်းဦးဆောင်ပြီး မလုပ်တတ်သေးပါဘူး"

ပိုင်ရှင့်သားက ကောင်မလေးကို ဆူနေချိန်မှာ ဦးက အနားမှခွာလာခဲ့သည်။ ကြည့်ရတာ သာမန်အလုပ်သမားထဲမှမဟုတ်နိုင်ဘဲ အမျိုးအဆွေတစ်ယောက်ယောက်ဖြစ်ဟန်တူလေသည်။

ကိုနိုင်ရေ ... ရှင့်မှာ ဘာကိစ္စ ဒီလောက်ဝိုင်းဝိုင်းလည်လည် နစ်သက်ခံနေရတဲ့ ကုသိုလ်ကံမျိုးပါလာခဲ့တာလဲ။ ရှင်ဆိုတဲ့ရှင်ကတော့ သက်ရှိထင်ရှားမရှိရှာတော့တာကလွဲပြီး ရှင်နဲ့ပတ်သက်တဲ့မိန်းကလေးတွေထဲမှာ အကောင်းဆုံးဖြစ်ခဲ့တဲ့ "အေးမြတ်အောင်" လေးတစ်ယောက်တည်းဆီမှာသာ ရှင့်အချစ်တွေကို ပုံအပ်ထားခဲ့ပြီး သူကလေးမရှိတော့တဲ့နောက်မှာ ရှင့်အချစ်ဆိုတဲ့အရာတွေကိုပါ တစ်ပါတည်းထည့်ပြီး မီးသင်္ဂြိုဟ်လိုက်တော့တဲ့ပုံစံပေါ့။

ကြားဖူးခဲ့တာကတော့ မီးလောင်ခံရတဲ့ သစ်ပင်တိုတစ်ခုတောင်မှ အချိန်တန်ခဲ့ရင် သစ်ရွက်အညွန့်အနု



www.burmeseclassic.com

www.burmeseclassic.com



လေးတွေ ပြန်ထွက်ပြီး ပြန်လည်ဝေဆာနိုင်သတဲ့ ကိုနိုင်ရယ်။ လူတွေမှာရှိနေတတ်တဲ့ အချစ်တစ်ခုဟာလည်း အဲဒီလူမသေသရွေ့ ... သေဆုံးကျေပျက်ခြင်းဆိုတာ မရှိနိုင်ပါဘူး။ တစ်ချိန်ချိန်ကျရင်တော့ ရွက်သစ်ရွက်နုတို့နဲ့ ပြန်ပြီးဝေဆာကို ဝေဆာရဦးမှာပါပဲ။ အဲဒီအချိန်ဟာ ဘယ်တော့လဲ ...။ အဲဒီရွက်သစ်ရွက်နုတို့ကို ဘယ်သူကများ ဆွတ်ခူးယူခွင့်ရရှိမလဲ ...။ ဒါကိုပဲ ဦးတို့စောင့်ကြည့်ကြရတော့မယ်နော်။

"နောက်ထပ်တစ်နာရီ နှစ်နာရီလောက်ကြာမှ ဒီလျှောက်လွှာတွေထဲက ပဏာမရွေးချယ်ခံရတဲ့လူတွေကို တစ်ယောက်ချင်းစ,ခေါ်နိုင်မယ်တဲ့ ... ပြန်ချင်လည်းပြန်နိုင်တယ် စောင့်ချင်လည်းစောင့်နိုင်တယ်တဲ့ ... ပြန်သွားတဲ့လူတွေအဟွက်က အခေါ်ခံရတဲ့စာရင်းထဲမှာပါရင် ဒီရွှေမှာ စာရွက်နဲ့ထုတ်ကပ်ပေးထားပြီး မနက်ဖြန်မနက် ကိုးနာရီကျမှ ပြန်တွေ့မယ်တဲ့"

ချက်ချက်ချာချာ သွက်သွက်လက်လက်ရှိသော ကောင်မလေးတစ်ယောက်က သူ့စုံစမ်းလို့ရသမျှကို လာပြောလိုက်ပြီး နောက်မှာ ရှုန်းစရုန်းစဖြစ်နေကြသော လူအုပ်ကြီးက လှုပ်လှုပ်ရွရွနှင့် လူစုခွဲဖို့ပြင်သည်။ ထိုကောင်မလေးပြောပြပြီး မကြာခင်မှာပင် ဆိုင်ရှင့်သားကလည်း ထိုအတိုင်းပဲ ထွက်ကြေညာသဖြင့် လူစုကွဲသွားကြတော့သည်။





ဦးကတော့ ကုန်တိုက်နားမှာရှိသည့် အအေးဆိုင် လက်ဖက်ရည်ဆိုင်တစ်ဆိုင်ဆိုင်မှာပဲ နောက်ထပ်နှစ်နာရီကို ဖြုန်းရင်းစောင့်ဖို့ ဆုံးဖြတ်မိလေသည်။

ခုပဲ ဆယ့်တစ်နာရီဖြစ်နေပြီ။ နောက်ထပ်နှစ်နာရီဆို မွန်းလွဲတစ်နာရီထိတောင် ရောက်သွားမည်ဖြစ်ရာ လျှောက်လွှာပဏာမရွေးချယ်သူများဟာ ထမင်းချိန်မီအောင်တော့ တတ်နိုင်သရွေ့ အမြန်လုပ်ကြမှာပဲဖြစ်သည်။ ဦးလျှောက်ထားသောရာထူးမျိုးအတွက်က ဘွဲ့၊ လုပ်သက်၊ တခြား တတ်ကျွမ်းအောင်မြင်သော **certificate** လက်မှတ်များနှင့် အသက်အပေါ်မှာ မူတည်ပြီး အရင်ဆုံးရွေးချယ်ရမည်ဖြစ်ရာ အမြန်ဆုံးနှင့် ပြီးနိုင်ပေသည်။

"ဟော ... မဦး"

ဦးက ကုန်တိုက်ဘေးက လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို ကျော်ဖြတ်ပြီး ဗိုက်ဝမည့်ဆိုင်တစ်ဆိုင်ဆိုင်ရှာဖို့ရာအတွက်အသွား လက်ဖက်ရည်ဆိုင်ထဲမှခေါ်သံကြောင့်လှည့်ကြည့်လိုက်မိသည်။

အော် ... မမွန်မွန်။

"မဦး ... ဘယ်လာတာလဲ ... ဝင်ဦး ... အဲလိုလူ

ဦးက လက်ဖက်ရည်ဆိုင်ထဲသို့ဝင်ရင်း ... ရှိရင် သူက ပါတော့သည်။ မမွန်မွန်ထိုင်နေသော စားပွဲ မိန်းယောကျ်ားတစ်ယောက်ကိုပါ တွေ့သည်။ ... အမြဲတမ်း

"မဦး ... ဒါ ကျော်ဇလဲတဲ့ ... ဒီက

www.burmeseclassic.com



ဌာနက မန်နေဂျာပဲ ... ကျော်ဇလ ... ဒါ ဦး လေ"

ဦးက ကျော်ဇလဆိုသူကို ရယ်ပြုံးပြလိုက်ရင်း

"ဦး ဒီမှာ အလုပ်လာလျှောက်တာ မမွန်"

"ဟဲ့ ... ဟိုဖက်က အသစ်ဖွင့်မယ့်ကုမ္ပဏီမှာလား၊ ဘာရာထူးလဲ"

"ဟုတ်ကဲ့ ... Marketing Manager ပါ ... ဦးက (--) အလုပ်ကုန်လုပ်ငန်းမှာ Marketing Manager အဖြစ် သုံးနှစ်လုပ်ခဲ့ဖူးတယ်လေ ... ခုဒီမှာလာလျှောက်ထားလိုက်တယ်"

မမွန်မျက်နှာက ရုတ်တရက်မှာ အတွေးတစ်ခု င့် မြူးတူးသွားကာ ...

"ကောင်းတာပေါ့ ... ကျော်ဇလရေ အဲဒါ တို့ဘော့စ်ပဲ ... အစ်ကိုလူရွေးတာမဟုတ်လား ... ကိုယ့်အချင်းချင်းထဲကရအောင် ပူဆာပေးရအောင်"

"ခုပဲ လျှောက်လွှာတွေကို ပဏာမအဆင့်ရွေးပယ် လုပ်နေပြီ ... မမွန်ပြောချင်ရင် ခုပဲသွားပြောမှရ ယ်"

ကောင်မလေးတ ယ် ကိုကျော်ဇလ ... လျှောက်လွှာကိုချည်း
လိုက်ပြီး နော ရွေးတုန်းတော့ ကျွန်မ ပါကိုပါမှာပါ၊
ကြီးက လုပ်လု သိပ္ပံတော်မတော်မသိတာ ... လက်မှတ်
ပြောပြပြီး မဖြ
တိုင်းပဲ ထွက် တော့ တစ်ပုံကြီးပဲ"





ကျော်ဇလက မျက်ခုံးနှစ်ဖက် အပေါ်မြင့်တင်လိုက်ရင်း ပြုံးချင်ချင်ဖြစ်သွားရသည်။ ကျော်ဇလတို့သာ ဒီအချိန် နည်းနည်းအားပြီး ထမင်းစားဆင်းခွင့်ရထားတာ၊ စစ်တည်နိုင်ခများတော့ လျှောက်လွှာရွေးချယ်ရေးအဖွဲ့ထဲပါသွားပြီး အလုပ်ရှုပ်နေရတာ ကိုယ်တို့အသိ။ ဦးပြောသလို အချက်အလက်တွေအားလုံး ပြည့်စုံနေလို့ အရွေးမခံရတဲ့ပြင် ... အရည်အချင်းတွေဘာတွေ တစ်ခုမှ ဖတ်မကြည့်တော့ဘဲ ဦးဆိုသည့်နာမည်မြင်ရုံ ... ဓာတ်ပုံတွေ့ရုံနဲ့ပယ်ချတဲ့အပုံထဲ ထည့်ပစ်လိုက်ရင်ကော ... ။

"ကိုစစ်တည်တောင် အဲဒီအဖွဲ့ထဲ ပါနေရတယ်"

"သူရွေးမှာလားဟင်"

ဦးက မျက်လုံးလေးပြူးကာ မေးလိုက်သည်။

"မဟုတ်ပါဘူး ... သူက ကူညီရရုံတင်ပါ"

"သူရွေးရမယ်ဆိုရင်တော့ ဦးကို ဖြုတ်ချထားခဲ့မယ် ထင်တယ်"

ကျော်ဇလက ဘာမှပြန်မပြောလိုက် ... မွန်မွန်ကတော့ ခေါင်းယမ်းကာ မျက်မှောင်ကုတ်ကုတ်နှင့် ...

"မဟုတ်တာကွယ် ... စစ်တည်နိုင်က အဲလိုလူ မဟုတ်ပါဘူး ... ဦးမှာ အရည်အချင်းရှိရင် သူက ဘာဖြစ်လို့ ဖြုတ်ထားရစ်ခဲ့ရမှာလဲ"

"သူက ဦးကို သူ့မျက်စေ့ရှေ့မှောက်မှာ အမြဲတမ်း ရောက်နေမှာကို မနှစ်သက်ဘူးလေ"

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဗလက "ကြိုက်ပြီဟေ့" ဟု စိတ်ထဲက အော်လိုက်မိသည်။ ပွင့်လင်းပြတ်သားလိုက်တဲ့မိန်းကလေး ... သူ့ရင်ထဲရှိတာကို ရဲရင့်စွာ ထုတ်ပြောနေရချိန်မှာ ရှက်ရွံ့တွန့်ဆုတ်နေဟန် တစ်စက်မှမရှိပေ။ သူ့စကားတစ်ခွန်းကြောင့်လည်း ကျော်ဗလတို့မှာ ဒီမိန်းကလေးကို ရုတ်ခြည်းနားလည်လိုက်ရတော့မလိုရှိသည်။

"ဒါဖြင့် ဦးက ဘာလို့ ဒီမှာလျှောက်ရတာလဲကွဖ၊ အရင်အလုပ်က အဆင်မပြေလို့လား"

ကျော်ဗလက သူကိုယ်တိုင်မေးချင်နေပေမယ့် သိပ်ကြီးမရင်းနှီးတာမို့ မေးခွင့်မသာသည့်မေးခွန်းကို မွန်မွန်က မေးပေးလိုက်သဖြင့် ကျိတ်ကျေနပ်သွားသည်။ ဦးကတော့ မမွန်ရဲ့အမေးကြောင့် ခေါင်းလေးအသာငုံ့ကာသာ ပြုံးနေရင်း ...

"လူဆိုတာ ကိုယ့်အတွက် ပိုအဆင်ပြေမယ့် နေရာကို အမြဲရှာဖွေပြောင်းရွှေ့နေတတ်ကြတာပဲ မမွန်ရယ် ... ဦးက ဒီမှာဝင်လုပ်ရင် ဦးအတွက် အဆင်ပြေနိုင်မယ်လို့ထင်တယ်"

"ဘာကိစ္စတွေများ အဆင်ပြေသွားမလဲ" ဆိုတာကတော့ ကိုယ့်ဘာသာ ကြိုက်သလိုစဉ်းစားကြည့်ကြရုံ ...။ ကျော်ဗလက ဒီမိန်းကလေးကို သဘောကျလာမိပါသည်။ စစ်တည်နိုင်နှင့် ဘယ်လိုက်ကြမ္မာကြောင့်များ လွဲဖယ်ခဲ့ရတာတဲ့လဲ ... နှမြောစရာကောင်းလိုက်တာ။



"ဒါဖြင့်ရင်လည်းရပါစေကွယ် ... မမွန်က ဆုတောင်းပေးပါတယ်"

"ရမှာပါ မမွန်"

ကျော်ဗလက "အပိုင်ကြီးသေချာလှချည်လား" ဟု မျက်ခုံးနှစ်ဖက်ပင့်တင်ကာ ကြည့်လိုက်မိသည်။

"ခုလျှောက်လွှာနဲ့ပဲ ကြည့်ရွေးတဲ့အထဲမှာပါရင် ရပြီ၊ အဲဒါကလည်း ပါနိုင်ပါတယ် ... ပါမှာပါ ... ခုတစ်ခါတည်း ခဏခေါ်တွေ့ပြီး အပြီးသတ်နောက်တစ်ကြိမ် လူတွေ့ခေါ်ရွေးပြီဆိုရင်တော့ ဦးလည်း ပိုင်ရာနိုင်ရာလေးတွေ အကူအညီတောင်းရမှာပေါ့၊ ဒီကုန်တိုက်ပိုင်ရှင်နဲ့ဦး အရင်ကလုပ်ခဲ့ဖူးတဲ့အလုပ်ရှင်လင်မယားနဲ့ နည်းနည်းခင်ကြတယ်လေ ... အရင်က အလုပ်ရှင်က ဦးအတွက် ထောက်ခံချက်ကောင်းကောင်းပေးပြီး ပြောပေးပါလိမ့်မယ်"

"သူတို့ဆီကထွက်ပြီး နောက်တစ်ယောက်ဆီဝင်မှာကို သူတို့ကလိုက်ပြီး ထောက်ခံပေးဦးမတဲ့လား"

"ပေးမှာပါ ... သူတို့နဲ့ ဦးနဲ့က တကယ့်တူမလို၊ သမီးလိုနေကြတာပဲ ... ဦးက ဦး ဒီမှာဘာကြောင့်လုပ်ချင်တဲ့အကြောင်း ရှင်းပြရင် သူတို့က မဖြစ်မနေ ဆောင်ရွက်ပေးကြမှာပါ"

"ဘာကြောင့်လုပ်ချင်တဲ့အကြောင်း" ... ။ အင်း ... အသည်းယားဖွယ်ကောင်းသော စကားလုံးများ

www.burmeseclassic.com



ပင်တကား။ ကျော်ဇလနှင့်မွန်မွန်မှာ ဒီစကားဝိုင်းအတွင်း စစ်တည်နိုင်ကိုပါ ရှိစေချင်လာကြသည်။ သူတို့ဆန္ဒပြည့်ပါသည်။ ခဏအကြာမှာပဲ စစ်တည်နိုင်က သူတို့ လက်ဖက်ရည်ဆိုင်ရှေ့သို့ ရောက်လာသည်။

"ဟေ့လူ ... ကိုစစ်တည် ဒီကိုလာ"

စစ်တည်နိုင်က လှမ်းတော့ လှမ်းလာသည်။ ဝင်မထိုင်။ ဦးကိုတော့ နှုတ်ဆက်သလိုအကြည့်နှင့် တစ်ချက်ကြည့်သည်။ သူ့မျက်နှာထားတည်တည်ကို ဦးက ဒက်ထိမတ်ချ အကဲမခပ်နိုင်ပါ။ ဘာပဲဖြစ်ဖြစ် သူဟာ ဦးရှိနေသည့် လက်ဖက်ရည်ဝိုင်းမှာ ဝင်ထိုင်ရောနှောခြင်းမပြုမှာကတော့ သေချာပေါက်ဖြစ်သည်။

"အပေါ်မှာ ပြီးပြီလား ... စစ်တည်"

"တချို့ **Post** တွေအတွက် ပြီးပြီ"

"ဦးက **Marketing Manager** လျှောက်ထားတယ်လေ"

"တွေ့ပါတယ် ... ရွေးတဲ့အထဲမှာလည်း ပါပါတယ်"

စစ်တည်နိုင်ရဲ့မျက်နှာဟာ အဲဒီအဖြစ်အပျက်အတွက်တော့ ,စိတ်ထဲ မသိုးမသန့်နှင့် သိပ်အကျေနပ်ကြီးမဟုတ်လှတာသိသာသည်။ ကြာကြာနေတော့ မိန်းကလေးဖြစ်ရတဲ့ ဦးကပဲ ကျော်ဇလနှင့် မမွန်မွန်တို့ကို မျက်နှာပူလာကာ ...





"ဒါဆိုရင် ခေါ်ပြီဆိုရင် အဆင်သင့်ဖြစ်ရအောင် ဦးအဲဒီဘက်မှာပဲ သွားနေလိုက်တော့မယ်နော်"

"ရပါသေးတယ် မဦးရဲ့ ... **Post** တွေအားလုံးအတွက် ရွေးရမယ်ဆိုရင် နောက်တစ်နာရီလောက်တော့ အသာလေးကြာဦးမှာပါ"

"ဒါပေမယ့် ... မမွန်တို့လည်း အဲဒီလောက်ကြီးအထိတော့ ဘယ်အားပါ့မလဲ ... ရပါတယ် ... အားနာတယ်"

ဦးက ဖွတ်ပင် ထ,ထွက်ခဲ့ပါတော့သည်။ ကိုယ့်ကို အကြည့်ဖြင့်သာ နှုတ်ဆက်သူကို ကိုယ်ကလည်း အကြည့်လောက်နှင့်ပဲ ပြန်နှုတ်ဆက်ရသည်ပေါ့နော်။ တော်ကြာ သူ့ပိုင်နက် ... သူ့ ပရဝုဏ်အတွင်းမှာ သူ့ကိုလာပြောင်တယ်ထင်ရင် ခက်ရချည်းမည်။ ဦးက သူ့ကိုကြောက်ပါတယ်နော်။

ဦး ထ,ထွက်သွားမှ စစ်တည်နိုင်က "ယူကလည်း မတ်တတ်ကြီး" ဟူသည့် မမွန်စကားကို လက်သင့်ခံလိုက်နာကာ စားပွဲမှာ ဝင်ထိုက်လိုက်သည်။ ထိုင်ပြီးပြီးချင်းပင် စိတ်ထဲ စနိုးစနောင့်ဖြစ်နေရတာကို ဆက်လက်မျိုသိပ်မထားနိုင်တော့ဘဲ ...

"ကျွတ် ... ဘာကိစ္စကြောင့်များ ဒီမှာလာလျှောက်ရသလဲမသိဘူး ... သူ့အရင်အလုပ်မှာဆိုလည်း သူ့လက်သူ့ခြေ အရမ်းအဆင်ပြေပါရက်နဲ့"



www.burmeseclassic.com

www.burmeseclassic.com

"အော် ... ယူကလည်း ... အသိသာကြီးပဲဟာ
ကိုကွယ်"

"ဘာအသိသာကြီးလဲ ... မမွန်ကလည်းဗျာ ...
ခင်ဗျားက တစ်မျောင့်"

"တို့က ရမ်းပြောတာမဟုတ်ပါဘူး ... တကယ်
သိတာပါ"

"ဘာလဲ ... ဒီလောက်အပိုင်ပြောနိုင်နေရင် ...
ဒီမှာအလုပ်ခေါ်နေတယ် လာလျှောက်ပါလို့ မမွန်
သွားပြောလိုက်တာလား"

"မဟုတ်ပါဘူး ... ဒီတစ်ခါကိစ္စကတော့ တို့မပါ
ပါဘူး ... တကယ်"

"ဟင် ... ဒါဖြင့်ရင်"

စစ်တည်နိုင်က ကျော်ဗလမျက်နှာ ပြုံးနေ
စေကို မျက်မှောင်ခပ်ကုပ်ကုပ်ဖြင့် ကြည့်လိုက်ကာ စကား
ကိုရပ်ပစ်လိုက်သည်။ ဒါဖြင့်ရင် ဟိုတစ်ခါ ဆိုင်လာပြဿ
နာရှာတဲ့အဖြစ်ဟာ တမင်ဖန်တီးယူထားတာလား ... ဒါ
ဆိုရင် ခုတလော အကြောင်းတွေ နင်းကန်တိုက်ဆိုင်ပြီး
အမြဲဆုံဖြစ် ... ကြုံတွေ့နေရတာတွေကကော ...
အားလုံးဟာ ဖန်တီးမှုတွေချည်းပဲလား။

တစ်ခါကလည်း အေးအေးလေးနှင့် အနိုင်
ယူသွားတာကို ခံလိုက်ရပြီးဖြစ်တဲ့ စစ်တည်နိုင်ဟာ ဒီတစ်
ခါမှာလည်း သိသိသာသာကြီးစားပယူတော့မည့် အချိုးအချိုတ်





မျိုးကို ဒီတိုင်း လိုက်ပိုက်ကြည့် သည်းခံနေရဦးမှာပဲတဲ့
လား။

❀ ❀

"မဆိုးဘူးကွ ... ငါ့သားက လုပ်ရဲမယ်ဆိုရင်တော့
မင်းသားတောင်ဖြစ်နိုင်ပါတယ်"

"တော်ပါတော့ဖေဖေရာ ... စိတ်ကူန်ရတဲ့အထဲ
ဘယ်သကောင့်သားက ဘယ်တုန်းက အလစ်မှာလာ
ရိုက်ထားလိုက်သလဲမသိပါဘူး"

"အလစ်မှာလာရိုက်ရအောင် မင်းတို့က လူလစ်မ
လစ်တောင် မသေချာဘဲ ဘယ်တုန်းက လက်ချင်း
ချိတ်တွဲမိကြလို့လဲ"

"ဟာ ... ဖေဖေပြောပုံကြီးကလဲ"

"မင်းကအရင် ဇွတိုက်ပြောတာကိုးကွ ... ဒီပုံကို
ကြည့်လိုက်တာနဲ့ မင်းတို့ပွဲတုန်းကပုံဆိုတာ သေချာ
နေတာပဲ ... အဲဒီတုန်းက ဓာတ်ပုံဆရာတွေဘာတွေ
မင်းငှားခဲ့မှာပေါ့"

"အား ... ဟုတ်တယ် ... ဟိုကောင် အောင်မောင်
ကတစ်ဆင့် ငှားပေးတာ ... ဒါပေမယ့် ဒါ ကြာ



www.burmeseclassic.com

www.burmeseclassic.com



ပြီပဲ ... ခေတ်ပုံတွေမရှေးမိလို့ ခေတ်ပုံဆိုင်က Complaint လုပ်ချင်ရင် အစောကြီးတည်းက အေးမောင်ကတစ်ဆင့်လုပ်ပြီးလာရှေးပါ ... ဘာညာပြောနိုင်တယ် ... ခုမှ ပုံကြီးချဲ့ပြီး မှန်ဘောင်တွေဘာတွေထဲတောင် အကျအနထည့်ပြီး ထ,ပို့နေစရာမလိုပါဘူး ... ဒါ ဒင်းလက်ချက်ပဲဖြစ်ရမယ်"

"ဘယ်ဒင်းလဲ"

"ဘယ်သူရှိမလဲ ... ဦးပေါ့ ဖေဖေရာ"

"ဟ ... ဖြစ်နိုင်ချေကို တကယ်တွက်ကြည့်ရင်တော့ သူ ဖြစ်ဖို့နည်းတာပေါ့ကွ ... ခေတ်ပုံဆရာက မင်းနဲ့တောင် သေချာမသိတဲ့လူ ... မောင်အေးမောင်ကတစ်ဆင့်သာ ခေါ်ပေးခဲ့တာပဲ ... သူ့ငယ်မက သူ့ကိုသိစရာအကြောင်းလဲမရှိဘူး ... ခေတ်ပုံဆရာကလည်း မင်းကိုတောင် Complaint မတက်တာ ... သူ့ငယ်မလေးကို လိုက်ရှာပြီး ခေတ်ပုံတွေပေးမတဲ့လား ... အဓိပ္ပါယ်မရှိတာကွာ"

"ဒါဖြင့် ဒါကဘယ်လိုလုပ်ရောက်လာလဲ . ပေးပို့သူလိပ်စာကလည်း ကြည့်ပါဦး ... တဝမွေက လမ်းတစ်ခုနာမည်နဲ့ ... ဘယ်တုန်းက အဲဒီလိပ်စာမှာ အသိရှိလို့လဲ"

စစ်တည်နိုင်က "ဦးလိပ်စာကို သိချင်ရင် မှန်မှန်ပြောနိုင်တယ်လေ" ဟူသောစကားကို ပြန်ကြားယောင်မိသည်။ ဦးများ တာမွေမှာပြောင်းနေသလား။ မဖြစ်နိုင်ပါဘူး ... "မသိချင်ပါဘူး" ဟု အတန်တန်ပြောသည့်ကြားက အတင်းကြီး စကားစပ်တိုင်း ထည့်ထည့်ပြောနေတာ 'ကမ္ဘာအေး' ဘက်မှာဆိုလား ... ပါရမီမှာဆိုလား။ ဒါပေမယ့် ဒင်းမှ ဒင်းပါပဲကွာ။ သူမကလွဲလို့ ဒီပြင်လူမရှိနိုင်ပါဘူး။

ခက်တာပဲ ... တဖြည်းဖြည်း တစိမ့်စိမ့်နဲ့ အကွက်အကွင်းကျကျ ပြန်လည်ချဉ်းကပ်လာတာ ... နောက်ဆိုရင် သူမဖက်က တစ်ဖက်သတ်ပါနေသော ဖေဖေနှင့်အတူတူ ဒီအိမ်ပေါ်အထိပါ ပါမလား ... လို့ တစ်ထစ်ချမပြောရဲလောက်အောင်ပင်ဖြစ်လာရသည်။ စစ်တည်နိုင်က တကယ်စိတ်ပျက်ပါသည်။ မိန်းကလေးတစ်ယောက်၏ အဲဒီလောက် ပွင့်လင်းရဲတင်းခြင်းကို လားလားမျှမနှစ်သက်နိုင် ... မကြိုက်နိုင်ပါ။

ပြောရမယ်ဆိုရင် အရင်က 'ဦး' ဆိုသည့် ကောင်မလေးတစ်ယောက်၏ပုံစံကို တကယ်ပဲ နမြောမိပါဟောသည်။

"ပေးပါကွာ ... ကျက်သရေရှိကရှိနဲ့ ... ဒီနံရံဒီနားမှာ ငါချိတ်ထားလိုက်မယ်"

"ဟာ ... ဘယ်ဖြစ်မလဲ ... ဖေဖေကလည်း မဟုတ်တာ"

"ဘာဖြစ်လို့မဖြစ်ရမှာလဲ ... မင်းသား မင်းသမီး







www.burmeseclassic.com

www.burmeseclassic.com



ပုံ Wall Sheet လှလှပပလေးတွေတောင်မှ တကူး တကဝယ်ပြီး အိမ်သာယာလှပအောင် ကပ်ယူကြရ သေးတာ ... ပိုက်ဆံလည်းကုန်သေး ... ကိုယ့် ခေါင်းပေါ်နားမှာ တစိမ်းကြီးလည်းရောက်နေသေး၊ ခုဟာက တစ်ပြားမှလည်းမကုန်ဘူး ... ပြီးတော့ ကိုယ့်ပုံကိုယ် နေ့တိုင်းမြင်နေရပြီး အိမ်ကို တန်ဆာ ဆင်ထားရတာ ... ဘယ်လောက်အဓိပ္ပါယ်ရှိသလဲ"

"ဖေဖေကလည်း ဧည့်သည်တွေ ရုံးကလူတွေလာရင် ဘာပြောကြမလဲ"

"ဟာ ... လှလိုက်တာ ... အဆင်ပြေလိုက်တာ လို့ပြောမှာပေါ့ကွ ... မင်း အခုနေ မင်းရဲ့ဒီရုပ် ဒီရည်နဲ့ပဲ ဆယ်ခါပြန်ရိုက်ပါဦး ... ဒီလောက်အချိုး ကျအဆင်ပြေတဲ့ပုံ မင်းရမလား"

ဒါကတော့ ဟုတ်ပါသည်။ ကိုယ့်ကိုစိတ်ကုန် ခေါင်းရှုပ်စေသော ထိုပုံမှာ အဘက်ဘက်ကပြည့်စုံပြီးကြည့် ကောင်းလွန်းလှတာကတော့ အမှန်ပါပဲ။

"ဒါပေမယ့် ကျွန်တော်တစ်ယောက်တည်းမဟုတ်ဘူး လေ ... ဟိုကောင်မလေးပါ ပါနေတယ်လေ ... ကဲ ... ကျွန်တော့်မိတ်ဆွေတွေမဟုတ်ဘဲနဲ့ ဖေဖေ့ မိတ်ဆွေတွေ အိမ်လာကြတယ်ပဲထား ... ဟာ ဦးမြတ်အောင်ကြီး ဒီပုံက ခင်ဗျားကို ဟိုပွဲမှာဓာတ် ကားအရှက်ခွဲသွားတဲ့ ကောင်မလေးနဲ့ ခင်ဗျားသား





တို့ တွဲရိုက်ထားကြတာမဟုတ်လား ... ဒါကို ဘာလို့ ညှိခန်းထဲ တလေးတစားနဲ့ ပြထားရတာ လဲလို့မေးကြရင် ... ဖေဖေ ဘယ်လိုပြန်ဖြေမလဲ"

"ပြီးတာတွေက ပြီးခဲ့ပြီဗျို့ ... ခု အဲဒီကောင်မ လေးနဲ့ ကျွန်တော်နဲ့ သိပ်ခင်ကြတာဗျလို့ ပြောရုံ ပေါ့ကွ"

"ဖေဖေမို့လို့ အမှတ်မထားတာ"

"စိတ်ထားတတ်ရင် မြတ်တယ်ကွ ... အမှတ်ထား တဲ့လူက ရှုံးတယ် ... အခုဆို ကောင်မလေးက လည်း ငါတို့အပေါ် အမှတ်ထားစိတ်မှ မရှိရှာတော့ ဘဲ"

"အော် ... သူကတော့ ကျေနပ်သွားပြီကိုး"

"မကျေနပ်နိုင်ရှာသေးပါဘူးကွာ"

"မကျေနပ်နိုင်ရင် ဘာများလုပ်ဦးမလို့လဲ ... ဒါ ကြောင့် သူ ဒီလောက်လှုပ်ခတ်နေတာ ... ဖေဖေ သိလား ... ခု သူ ကျွန်တော်တို့ကုန်တိုက်ရဲ့ အခွဲ တစ်ခုမှာ အလုပ်ဝင်နေတယ် ... အလုပ်နေရာချင်း ကကပ်ရက် ... မတွေ့ချင်ပါဘူးဆိုရင်တောင် ရုံး ဆင်းရုံးတက် တစ်နေ့တစ်ခေါက်လောက်တော့ မျက် နှာချင်းဆိုင်နေကြရတာပဲ ... ဒါတောင် ဖယ်နိုင်ရှိ မတူလို့ ... ဟိုဖက်ရုံးနဲ့ ဒီဖက်ကုန်တိုက်ကလူတွေ မြို့နယ်တူရင် တစ်ဖယ်ရီတည်းစီးရတာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ ဘာဖြစ်သလဲကွာ"

"ဖေဖေရာ ... ဖေဖေက ကာယကံရှင်မဟုတ်လို့ပါ"

"ငါက ကာယကံရှင်ပါကွ ... ငါလည်း အပြောခံလိုက်ရတာပါ"

"ဒါပေမယ့် မတူဘူးလေ"

"မင်းက ဘာတွေပိုထူးခြားနေသလဲ"

စိတ်တည်နိုင်က မဖြေသောအခါ ဦးမြတ်အောင်က သူကိုယ်တိုင်ပင် ...

"ဟုတ်တယ် ... မင်းက သူနဲ့ချစ်ကြိုက်ခဲ့ဖူးတဲ့အထိ ဖြစ်ခဲ့တယ်"

"ကျွန်တော် သူ့ကိုကြိုက်ခဲ့တာပါ"

"အေးပါ ... ထားပါ ... ဒါပေမယ့် ဒီပုံထဲက အတိုင်း မင်းတို့ဟာ လက်ချင်းတွဲပြီးတော့တောင် အိမ်ယာထူထောင်ဖြစ်ဖို့ဆီ ဦးတည်လျှောက်ခဲ့ကြဖူးတယ် ... ဒီမှာ ငါ့သား ... မိန်းကလေးတွေ တင်မကပါဘူး ... ယောကျ်ားလေးတွေလည်း ဒီနာမည်တစ်လုံးနဲ့ အသက်ရှင်နေကြတာပါ။ ဒီနာမည်တစ်ခုပျက်သွားပြီးရင် ကိုယ့်အပြစ်ကြောင့်ဟုတ်ခဲ့သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ... ကိုယ်ကပဲ ကြိုးစားပြီး ပြန်အဖတ်ဆည်ယူရမှာပဲ ... ခု မင်းနာမည်က ပျက်သင့်သလောက် ပျက်သွားပြီ ... မင်း ပြန်ပြီးအဖတ်ဆည်ယူဖို့ အချိန်တန်ပြီ"





"ဘာလဲ ... ကျွန်တော် မိန်းကလေးတစ်ယောက် အမြန်ရှာပြီး ... အိမ်ထောင်ကောက်ပြုရဦးမှာလား ဖေဖေ"

"မင်းမှာ အကြောင်းမသိတဲ့ နောက်တစ်ယောက်ယောက်ကို လိုက်ရှာယူနေဖို့ အချိန်ရော ... ပြီးတော့ ယူချင်စိတ်ရော မရှိပါဘူး"

"ကျွန်တော် ဘယ်မိန်းကလေးရဲ့အကြောင်းကိုမှ မသိဘူးဖေဖေ ... အားလုံးအတူတူပဲ"

"ဒါပေမယ့် ငါကတော့ မိန်းကလေးတစ်ယောက်ရဲ့ အကြောင်းကို သိတယ် ... အာမခံနိုင်တယ်ကွ"

"တော်ပါပြီဖေဖေ ... အဲဒါကတော့ လုံးဝမဖြစ်နိုင်တဲ့ကိစ္စ ... ပျက်သွားတဲ့နာမည်တစ်ခုကို အဖတ်ပြန်ဆယ်ဖို့ကြိုးစားရင်း ကြိုးစားရင်းနဲ့ ပျက်သထက်ပျက် ဆိုးသထက်ဆိုးရတဲ့အဖြစ်မျိုးတွေ ကိုယ့်ရှေ့မှာလည်း အများကြီးရှိခဲ့ကြပြီ။ ကျွန်တော်လန့်တယ်၊ သူ့ကို တကယ်ပဲ ကျွန်တော် လန့်ပါတယ်"

ဦးမြတ်အောင်က ဓာတ်ပုံကို တစ်ချက်ပြန်ကြည့်လိုက်ပြီး ...

"မင်းညွှန်းမှာ ဒီလောက်မချိတ်နိုင်ပါဘူးဆိုလည်း မချိတ်ရုံပေါ့ကွာ ... ဒါပေမယ့် ငါကတော့ ငါကြိုက်တဲ့ ပန်းချီကားတစ်ချပ်လို သဘောထားပြီး တစ်နေရာရာမှာ ချိတ်မှတော့ဖြစ်မယ်ကွ ... ညည်



www.burmeseclassic.com

www.burmeseclassic.com



ခန်းထဲမှာ မချိတ်ရရင် အိပ်ခန်းထဲမှာပဲ ချိတ်မှာပါ၊ ဒါပေမယ့် တိုက်ခန်းကကျဉ်းတော့ မင်းနဲ့ ငါ အိပ်ခန်း တစ်ခန်းတည်းဖြစ်နေတာတော့ စိတ်မကောင်းပါဘူး ကွာ ... မင်းအိပ်ခန်းထဲဝင်တိုင်း နေ့တိုင်း မကြည့် ချင်မြင်နေရက်သားဖြစ်နေမယ်ဆိုလည်း ... သတိ လေးထားထားပြီး မျက်နှာလွှဲပစ်လိုက်ပေါ့ကွ ... လွယ်ပါတယ်"

ဦးမြတ်အောင်က ဓာတ်ပုံမှန်ဘောင်ကားချပ် ကို အိပ်ခန်းဝွင်းသို့ သယ်ဆောင်သွားသောအခါ စစ်တည် နိုင်က နောက်ကနေ အပြေးလိုက်လာခဲ့ပြီး ...

"ဖေဖေ ... သဘောပေါက်ပေးပါ ဖေဖေရယ် ... သူ့ကို ကျွန်တော် သူ့ရဲ့ပုံစံကို သဘောကျလွန်းလို့ အချစ်ဆိုတဲ့အရာကို ထည့်မစဉ်းစားတော့ဘဲနဲ့ အိမ် ထောင်ဘက်အဖြစ် ရွေးချယ်ယူခဲ့တာပါ။ အခုဆိုရင် သူ့ပုံစံတွေကို ကျွန်တော် လုံးလုံးကို သဘောမကျ နိုင်တော့ဘူး ဖေဖေ ... ကျွန်တော့်အိမ်ထောင်ဘက် ဖြစ်လာရမယ့်မိန်းကလေးဟာ ဒီလိုပုံစံမျိုးမဖြစ်ရပါ ဘူး ... သဘောကျစိတ်တစ်ခုတည်းနဲ့ လက်ထပ် ဖို့ဆုံးဖြတ်ခဲ့တဲ့ မိန်းကလေးကို လုံးလုံးမှသဘော မကျနိုင်တော့တဲ့နောက်မှာ ဘာဆက်လုပ်ရမှာလဲ ဖေဖေရာ သားအဖချင်း နားလည်ဖို့ကောင်းပါတယ်"

ဦးမြတ်အောင်က သံတစ်ချောင်းကို သစ်သား





တုံးပေါ် သုံးထပ်သားကပ်ထားသည့် တိုင်တစ်ခုအတွင်း ရိုက်သွင်းနေရင်းက သမင်လည်ပြန် ပြန်ကြည့်ကာ ...

"အေးလေ ... မင်းသဘောပေါ့"

စစ်တည်နိုင်က ဖေဖေ့အိပ်ရာပေါ်မှ ဓာတ်ပုံ ကို တစ်ချက်လှမ်းကြည့်လိုက်ကာ ခေါင်းခါယမ်းမိပြီး အိပ် ခန်းထဲမှ ပြန်ထွက်လာခဲ့လိုက်သည်။

❀ ❀

"အလကားပါ ... လွတ်တဲ့ငါးကိုမှ လိုက်ကြီးနေ တာ ... ဘာလုပ်ရမှာလဲကွ ... ငါးကဖြင့် သူ့ ဘာသာ အမြီးလေးကော့ပြီး ရေကူးထွက်သွားပါပြီ"

ကျောဘက်မှထွက်ပေါ်လာသော အသံကြောင့် ဦးက မျက်မှောင်လေးကုပ်သွားမိသည်။

"သူက စ,ဖျက်ခဲ့တာဆို ... ခုကျမှ သူပဲ ပြန်လို ချင်ပါပြီဆိုတာ ဟုတ်ပါ့မလား"

"လူဆိုတာ တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ စိတ် ရှုးပေါက်ပြီး လုပ်မိလုပ်ရာ လုပ်တတ်ကြတာပဲ ... ပြီးမှ မှားမှန်းသိပြီး အမေကယ်ပါ ... အမေကယ် ပါနဲ့ ပြာယာခပ်ကုန်တတ်ကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"သူက ဘာလုပ်လို့လဲ"

"ဟာ ... မိန်းကလေးတန်မဲ့ ဖြစ်ပျက်နေတာတွေ ဒီလောက်သိသာတာ ... ယိုသူမရှက် ... မြင်သူရှက်လို့ လူတိုင်းပြောကုန်ကြပြီလေ"

အဲဒီ "လိန်လိန်" ဆိုတဲ့ကောင်မလေးဟာ အလကားနေရင်း ဦးကို လိုက်တိုက်ခိုက်နေတာ အလုပ်[illegible] ဝင်ခဲ့ကတည်းကပါ။ ဦးက မသိချင်ယောင်ဆောင်လေ ... သူက ကဲတက်လေ။ ဦးမှာလည်း ပါးစပ်ပါတာပဲ ... ပြန်ပြောတတ်ပါသည်။ ဒါပေမယ့် သူက ကိုယ့်တော့စ[illegible] တူမဖြစ်နေကာရယ် ... ပြီးကျတော့ အုတ်အော်သောင်းနင်းဖြစ်ကုန်ရင် ကိုစစ်တည်နိုင်တို့က ကိုယ့်ကိုပဲ မကျေမနပ်နဲ့ပြောချင်ဆိုချင်ဦးမည်မို့ သည်းခံနေခဲ့ရတာ ခုဆိုရင် ခုလို နောက်နားကနေ ကြားရမည်မှန်းသိသိကြီးနှင့် လာထိုင်ပြောနေတဲ့အဆင့်ထိတောင် ရောက်လာပြီ။

"စိတ်ကောင်းလေးတစ်ခု မထားတတ်ပါလား" ဟု သူများကို အပြစ်ပြောဖို့ရာ ကိုယ်တိုင်ကလည်း သိ[illegible] စိတ်ကောင်းမထားခဲ့မိဘူးသူမို့ ကိုယ့်ဘာသာလည်းကို[illegible] မလုံ။

ဒီလုပ်ငန်းခွင်မှာ ဦး မပျော်ပါ။ အရင်တု[illegible] ကဆို မိသားစုအသွင်ဆန်လှသော အလုပ်ခွင်မှာ ငယ်[illegible] ကိစ္စအတွက် အမြဲစိတ်ထိခိုက်နေခဲ့ရတယ်ဆိုတာတောင်မှ [illegible] ပျော်ခဲ့သည်။ တက်ကြွခဲ့သည်။ ခုနေရာကတော့ လူ[illegible]





တိုက်ခိုက်ပြီး ပြိုင်ချင်တာတို့ ... အလုပ်မှာ အပြိုင် အ[illegible] တိုက်အခိုက်တွေ ရှိတာတို့နှင့် စိတ်ပင်ပန်းလှပါတော့သည်။

အရင်အလုပ်ရှင် ဦးဦးနှင့်ဒေါ်ဒေါ်တို့ကတော့ "မပျော်ရင် အချိန်မရွေးပြန်ခဲ့" ဟု 'ထာဝရကမ်းလှမ်းထားကြပေမယ့် ... ဒီလောက်စိတ်ညစ်ရသောနေရာကို လွယ်လွယ်နှင့်စွန့်ခွာသွားလိုစိတ် ဦးမှာ မရှိပါ။ ဆူးညှောင့်ခလုပ်များသော ကန္တာရအလယ်မှာ လျှောက်လှမ်းနေရသလိုဖြစ်နေတဲ့ ဦးဟာ တစ်နေ့မှာ တစ်ခါလောက်တော့ အိုအေစစ်နှင့်ကြုံနေရသည်ပဲလေ။ တစ်ခါတလေ ကံဇာတာတက်နေတုန်းဆို တစ်နေ့တည်းနှင့် နှစ်ခါ သုံးခါ ... ။

ဦးနှင့်ကိုနိုင်ဟာ တွေ့ရင်လည်း နှုတ်ဆက်ကြတာမဟုတ်ပါ။ သူက အရင်တွေ့ရင်တော့ ရှောင်သွားမှာပဲဆိုတာ ဦးက သေချာသည်။ ဦးက အရင်တွေ့ပြီဆိုရင်တော့ အသိအမှတ်ပြုတဲ့အကြည့်ကိုယ်စီနှင့် လမ်းခွဲကြရတာပေါ့။ အဲဒီလောက်ကလေး ကြည့်ပြရတာကိုပဲ သုံးကြိမ်လောက်ဖြစ်လာရင် သူ့မှာ 'စိတ်လက်က တယ်မကြည်မသာချင်တော့။ ကိုယ့်အပေါ်မှာ တစ်စက်မှ ချစ်စိတ်မရှိတဲ့လူထံမှ ဘယ်တော့ရမည်မှန်းမသိသည့် တစ်စုံတစ်ခုကို မော်ကြည့်မျှော်လင့်နေမိခြင်းဟာ တကယ်တော့ အတော်ကြီးကို မသိသားဆိုးဝါးလှပါဘိတော့သည်။

"ဘယ်တော့မှ ပြန်မရတော့တာမျိုးလည်း ဖြစ်နိုင်သည်" ဆိုတာလောက်အထိကို အဆုံး[illegible]ထွက်ထား

www.burmeseclassic.com



ပြီးသားဖြစ်သည့် ဦးကတော့ သိပ်မဖြူ။ သူဟာ ဦးကို မကြည်မလင်ဖြစ်နေသေးတဲ့ကာလပတ်လုံး သူ့စိတ်ထဲမှာ ဦးရှိနေသေးတဲ့သဘောပဲ။ ဦးကျေနပ်ပါသည်။ သူက ဦးကို "ဘယ်လိုမှ သဘောကျနိုင်စရာ တစ်ကွက်မရှိတဲ့မိန်းက လေး" တဲ့လေ။ ရပါတယ် ... ဦးက သဘောကျခြင်းကို မနစ်လို ...။ သဘောမကျနိုင်ရင်နေပါစေ။ ခုလိုပြောခံ ရတာကိုလည်း နစ်နာတယ် မမှတ်မိပါဘူး။

ဦးဖြစ်စေချင်တာက ဦးရဲ့အချစ်နဲ့ မညီခဲ့ရင် တောင် နည်းနည်းလေးလောက်ဖြစ်ဖြစ် အချစ်ခံရချင်နေ သေးတာ။ သဘောကျရုံကျပြီး မချစ်ခဲ့တဲ့အဖြစ်ဟာ ခုလို နောက်ပိုင်းကာလတွေအတွက် ဘယ်လောက်ဆိုးသလဲဆိုတာ ဦးကိုယ်တိုင်လက်တွေ့။ ဒီတော့ သဘောမကျရင်နေပါစေ။ သဘောကျပြီး မချစ်တာထက် ... လုံးဝ သဘောမကျဘဲ နည်းနည်းလေးလောက်ဖြစ်ဖြစ် ချစ်ခဲ့ရင် တော်ပြီ။

"ငါသာဆို ရှက်လွန်းလို့ ကိုယ့်မျက်နှာကိုယ်သာ ဓား နဲ့လှီးပစ်လိုက်မယ် ... ဒီလိုမျိုး မိန်းကလေးဈေး လျှော့တဲ့အဖြစ်မျိုးတော့ လုံးလုံးမလုပ်ဘူး"

ကဲ ... ညီမလေးလိန်လိန်ရေ ... ခု မင်း လုပ်နေတာတွေက ဒါဖြင့်ဘာတွေလဲကွယ်။ ဦးက ဆက်ပြီး နားထောင်ချင်စိတ်မရှိတော့သဖြင့် ထိုင်နေရာမှ ထ,ထွက် လာခဲ့လိုက်သည်။ သို့သော် ထိုကလေးမကော ဦးအတွက် ပါ ကံဆိုးသွားစေသောအရာမှာ ထိုနေရာမှ ထ,ထွက်လိုက်





တာနဲ့ ဦးရဲ့ခြေထောက်က ထိုစားပွဲမှ ကုလားထိုင်တစ်ခုနှင့်ငြိကာ ... ဦးကိုယ်ဦး လဲမကျရအောင် အမြန်ဆုံး ထိန်းမတ်နိုင်လိုက်ချိန်မှာ ကုလားထိုင်ကတော့ မြည်ဟည်း ကျယ်လောင်သောအသံနှင့်အတူ သံမံတလင်းကြမ်းပြင်ထက် သို့ ပြုတ်ကျသွားခဲ့လေသည်။

ဦးက ကုလားထိုင်ကို လျင်မြန်စွာပင် ပြန် ထောင်လိုက်သော်လည်း ပြဿနာကို နေရာမရွေး အချိန် မရွေး ရှာချင်နေသည့် မိန်းကလေးက ဦးထက် လျင်မြန် သောအရှိန်နှင့်ပင် ဦးရှေ့ သွားခနဲရောက်လာကာ ...

"အဲဒါက ဘာဖြစ်တာလဲ"

"ခုံလဲကျတာလေ"

"လုပ်တုန်းကလုပ်ပြီး ခုမှ ခြောင်လိမ်ဖို့မကြိုးစား ပါနဲ့ ... ရှင် ခုံကိုကန်ချပစ်လိုက်တာ လူတိုင်း မြင်တယ်"

"တို့ မကန်ဘူး လိန်လိန်"

"ကန်တယ် ... ဒါ ရှင် တမင်သက်သက်လုပ်ပြ လိုက်တာ ... ဘာမှ အဖိုးမတန်တဲ့ ရှင့်မာနတွေ ကို ပြချင်တာက အရေးမကြီးဘူး ... ရုံးကပစ္စည်း တွေ အလိုလိုနေရင်း ပျက်စီးတယ် ... ရှင့်ပစ္စည်း မဟုတ်တိုင်း ... အပြစ်မရှိတဲ့ခုံကိုပဲ တမင်သက် သက်ဆောင့်ကန်ရတယ်လို့"

"တို့မကန်ဘူးလို့ပြောပြီးပြီ ... ဒါကိုပဲ မကျေနပ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူးဆိုလည်း လိန်လိန့်ဦးလေးကိုယ်စား လိန်လိန့်ကိုပဲ တို့တောင်းပန်လိုက်မယ် ... ဆောရီးပဲ"

ဦးက ဦးတို့ဆီ အကြည့်ရောက်နေကြပြီဖြစ်သော ရုံးအဖွဲ့များကိုဝေ့ကြည့်ကာ စကားနည်းရန်စဲ တောင်းပန်လိုက်သည်။ တကယ်ဆို ဦးနှင့်အတူ ဒီဖက်ရုံးမှာ အလုပ်တစ်နေရာစာရသွားသည့် လိန်လိန်ဟာ ဦးနှင့်စာရင်သူ့ရဲ့ရာထူးက ငယ်ပါသည်။ သာမန်စာရေးဝန်ထမ်းအဆင့်လောက်ရှိသူဟာ Marketing Manager နေရာမှ လူကိုတက်အော်ဝံ့သည့်သတ္တိ ရှိကြမှာမဟုတ်ပါ။ သို့သော် လိန်လိန်ကား ဘော့စ်ကိုယ်တိုင်က လက်မြှောက်ထားရသည့် တူမဆိုးလေးဖြစ်သည်။

သူကြောက်တာက အနေတည်ကာ အလုပ်နဲ့ပတ်သက်လာရင် ကျောသားရင်သား အတွင်းလူအပြင်လူ သိပ်မခွဲတတ်သည့် ဘော့စ်၏သားနှစ်ယောက်ကိုသာ ...။ ဒါပေမယ့် သူတို့ကလည်း ရုံးမှာအမြဲရှိမနေတတ်ကြတာမို့ သူတို့နှစ်ယောက်မရှိကြချိန်တွေမှာတော့ လိန်လိန်ဟာ ရုံးမှာ ဘုရင်မတစ်ပါးမဟုတ်တောင် ... မင်းသမီးတစ်ပါးလောက်တော့ ထင်တိုင်းကျဲနေနိုင်လေသည်။

"ရှင် မကြီးကျယ်နဲ့နော် ... အဲဒီလောက် အရွဲ့တိုက်စရာ မလိုဘူး"

မိန်းကလေးအုပ်စုများသော ရုံးအဖွဲ့ဝင်များဟာ ခုမှ အလုပ်စဝင်ကြသူများမို့ စစ်တည်နိုင်နှင့်ဦးတို့၏ဇာတ်လမ်းကို ကြားဖူးသူ နည်းပါးပေမည်။ (ကြားဖူးသူများဟာလည်း လိန်လိန်လိုက်ပြီး ပြောထား၍သာဖြစ်မည်) စစ်တည်နိုင်အပေါ်မှာလည်း ကုန်တိုက်က မိန်းမလေးများလို ရှေးယခင်တည်းက သိကျွမ်းခင်မင် ... ထိရင် မချိအောင်နာပြမည့်သူများ မပါဝင်နိုင်။

ဒါကြောင့်မို့ လှမ်းအကဲခပ်နေကြသည့် မိန်းကလေးများဟာ လိန်လိန်ပြောသမျှ နားယောင်ပြီး ဦးအပေါ် အမြင်စောင်းနေကြသူတွေ ... ဦးရဲ့လုပ်ရည်ကိုင်ရည်ကြောင့် ဘော့စ်က နှစ်မြိုက်အားကိုးခြင်းခံရတာကို မမြင်နိုင်ကြသူတွေလောက်ကလွဲရင် ကျန်တဲ့လူတွေအားလုံးဟာ ဘယ်သူ့ဘက်ကမှ တစ်ဖက်သတ်ပါမည့်ပုံတွေမရကြ။ အကဲခတ်ကြရုံသာရှိလျက် ဖြန်ဖြေဖို့ တစ်ယောက်မှ ရောက်မလာသေးခြင်းကတော့ လိန်လိန်ရဲ့ ဆိုးလှပုံကို ရှိန်နေကြ၍ဖြစ်မည်။

"ကဲ ... လိန်လိန် ... တို့လုပ်စရာတွေရှိသေးတယ်လေ"

"ရှင်လုပ်ချင်တာလုပ်ပြီးမှ ရှောင်ထွက်သွားချင်လို့ရမလား ... လိန်လိန်က ဒါမျိုး ဘယ်တော့မှ မခံဘူး"

"လိန်လိန်က ပြဿနာဖြစ်ရမှ ပြီးမှာလား"

"ရှင်သာ တမင်သက်သက် ပြဿနာလုပ်တာ ... ကိုစစ်တည်နဲ့ ရှင့်အကြောင်းကို မေးသွား၍လို့ ပြော







www.burmeseclassic.com

www.burmeseclassic.com



ပြမိတာနဲ့ပဲ တမင် ခုံကိုကန်ချတာ"

စစ်တည်နိုင်၏နာမည်ပါ ပေါ်တင်ကြီးပါလာပြီမို့ … ဦးက လိန်လိန့်ကိုရင်ဆိုင်ဖို့ပဲ ဆုံးဖြတ်လိုက်တော့သည်။ နို့မို့ဆို ခုတခဏအတွက်မှမဟုတ် တစ်သက်လုံးပါ ပြီးတော့မည်မဟုတ်ပါ။

"ကိုနိုင်နဲ့တို့နဲ့အကြောင်း ပြောနေတယ်ဆိုရင် တို့က မကျေနပ်စရာ ဘာရှိလဲ … ဘာကိစ္စ ပြဿနာအတက်ခံရမှာလဲ"

ကောင်မလေး နည်းနည်းတောင်ကြောင်သွားရှာသည်။ ပြီးမှ …

"ရှင်က ကိုစစ်တည်ကို လိုက်ကပ်နေတယ်လေ … ယိုသူမရှက် မြင်သူရှက်"

"တဏှာယ်ပဲ လိုက်ကပ်နေတယ်ပဲထားပါ … တို့နဲ့ကိုနိုင်ဟာ အရင်ကတည်းက ပတ်သက်ခဲ့ကြသူတွေ … နောက်လည်း ဆက်ပတ်သက်ကြရဦးမယ့်သူတွေ … ဘာကို တို့ကရှက်ရမှာလဲ … လိန်လိန်ကသာ ကြားတည်းကနေ ဘာတွေဝင်ပြီးရှက်နေ … ဒေါသထွက်နေရတာလဲ"

ကောင်မလေးရဲ့မျက်နာမှာ နီရဲပျက်ယွင်းသွားကာ ရုံးခန်းတစ်ခုလုံးကို အမြန်ဝေ့ကြည့်လိုက်သည်။ တကယ်ဆို ဦးတို့ Staffs အားလုံးကို အုပ်ချုပ်တဲ့မန်နေဂျာအစ်မကြီးရှိနေတာပဲ … သူသိဖို့ကောင်းပြီ … သူရောက်ဖို့ကောင်း





ပြီ … ခုတော့ဖြင့် လိန်လိန်မှာ ဝိုင်းကြည့်နေကြသူ လူအများ၏ရှေ့မှောက်မှာ ဦးကို တစ်ခုခု ကိုယ်ထိလက်ရောက်မလုပ်လိုက်မိအောင် သူ့ကိုယ်သူ အတတ်နိုင်ဆုံး ပြန်ထိန်းနေရင်းကပင် အသံကျယ်ကျယ်နှင့် …

"ရှင်မလိမ်နဲ့ … နောက်လည်း ဆက်ပတ်သက်ကြရဦးမယ့်သူတွေလို့ မဟုတ်တမ်းတရား လျှောက်ပြောဝံ့တာ မရှက်ဘူးလား"

ဦးကတော့ ဦးသိက္ခာရော သူ့သိက္ခာအတွက်ပါ ခပ်တိုးတိုးပဲပြောနေတာပါ။ သူကတော့ စိတ်ဆောင်ကာ ကျယ်လွန်းလှပေသည်။ ဦးက စိတ်ပျက်လာ၏။ ကိုယ်တကယ်ချစ်မိသွားရတဲ့ ယောကျ်ားတစ်ယောက်ပင်ဖြစ်လင့်ကစား … သူနှင့် တိုက်ရိုက်ကြီးမပတ်သက်တောင် သွယ်ဝိုက်ပြီး ဦးတို့နှစ်ယောက် ပြိုင်ဖြစ်နေရတာ … လူကြားလို့လည်းမကောင်း။ သူပြန်သိရင် သူလည်း အတော်ကြီးစိတ်ကုန်မှာပါ။ ပြီးရင်တော့ "ဦးကို သဘောမကျနိုင်တော့တာ ဒါတွေပေါ့" လို့ ပြောလိုက်ပါဦး ကိုနိုင်ရယ်။

"တို့ကတော့ ခုလိုဖြစ်နေကြရတာကိုပဲ ရှက်တယ် လိန်လိန် … တို့တွေနှစ်ယောက် Wedding Reception ပြန်လုပ်ဖြစ်ရင် လိန်လိန့်ကိုဖိတ်လိုက်မယ်၊ အဲဒီတော့မှ လိန်လိန်လာလိုက်ပေါ့"

ခုန သူနှင့်အပြိုင် အတင်းတုပ်နေကြသည့် ကောင်မလေးဖြစ်ဟန်တူသူက လိန်လိန့်ကို အပြေးလာဆွဲ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကာ အတင်းကြီးဆွဲခေါ်နေတာမို့ တခြားမိန်းကလေး နှစ်ယောက်သုံးယောက်ပါ လှုပ်ရှားလာပြီး အေးဆေးတည်ငြိမ်နိုင်နေသော ဦးထက် အော်ဟစ်နေသော လိန်လိန့်ကိုသာ အတင်းကြီး ဆွဲခေါ်ယူသွားကြသည်။

"လွှတ်စမ်း ... လွှတ်စမ်း ... ငါ ကိုစစ်တည်ဆီ အခု ဖုန်းဆက်မေးမယ်"

လိန်လိန်မှာ ဦးထွက်တောင် အများကြီးငယ်သေးသည့်အရွယ်မို့ သူ့စိတ်သူလည်း ဘိပ်ထိန်းနိုင်ဟန်မတူ။ အများတွေကိုပဲ ဆက်တိုက်ဆက်တိုက် ကျူးလွန်မိဖို့ ခြေလှမ်းပြင်နေလေသည်။ ခုလည်း ဘေးကလူတွေ ဝိုင်းတားနေကြတာတောင် ဖုန်းကို မရမက လှည့်နေလေသည်။ ဦးမှာ အလုပ်ဖါစ္စနှင့် "တပ်မတော်ခန်းမ" မှ ကုန်စည်ပြပွဲသို့သွားရန် အချိန်နီးကပ်နေတာတောင် မလှုပ်ရှားနိုင်သေး။ စားပွဲမှာ စောင့်တောင့်ကြီးပြန်ဝင်ထိုင်ကာ ဖုန်းဆီ နားစွင့်ထားမိသည်။

ဘုရားသိကြားမလို့ စစ်တည်နိုင်တစ်ယောက် သူ့ရုံးခန်းမှာ ရှိမနေပါစေနဲ့။ လိန်လိန့်ကို အနိုင်ပိုင်းဖြတ်လိုက်ချင်စောရယ် ... ကိုယ်ဖြစ်ချင်နေတာတွေရယ်ကို ပေါင်းစပ်ကာ လွှတ်ခနဲ ပြောချလိုက်မိသောစကားအတွက် "လုံးဝ မဟုတ်ဘူး" ဟူသော အငြင်းစကားတစ်ခုကို လိန်လိန်က တစ်ဆင့် ပြန်မကြားရပါစေနဲ့။

ဦးကိုယ်တိုင်က အသိဉာဏ်မရှိတာပါနော် ...။





ကိုယ့်ထက်အများကြီးငယ်သည့် ဆယ်ကျော်သက်အရွယ်လေးနှင့် ပြိုင်မိုက်မိတာ ...။ ပထမအချက် ... လိန်လိန်မှာအတော်ရုံကောင်မလေးမဟုတ်တာ ... ကိုယ့်ထက်တောင် ထင်တိုင်းကျပြီး စစ်တည်နိုင်ကို တိုက်ရိုက်တက်မေးပုံစာ၊ မေးကိုမေးမှာဆိုတာ ကြိုသိတွက်နိုင်သင့်သည်။ ဒုတိယအချက် ... အဲလိုမေးလိုက်တော့ စစ်တည်နိုင်က အကြောက်အကန်ငြင်းဆိုနိုင်ပြီး ဒေါ်သူတွေတောင်ထွက်ရင် ထွက်လာဦးမှာဆိုတာလည်း ကြိုသိသင့်တာပေါ့။ ခုတော့ခက်ပြီ။ မျက်နှာမဖော်ဝံ့သည့်အဖြစ်နှင့် ဒီပရဝုဏ်တစ်ခုကို ဦး ကျောခိုင်းထွက်ပြေးရတော့မည်လား။

"ကိုစစ်တည်လား ... လိန်လိန်ပါ ... လိန်လိန်တို့ ဒီမှာ ငြင်းနေကြလို့ ... ဒီမှာ မဦးက ကိုစစ်တည်နဲ့ သူနဲ့ Wedding Reception လုပ်ဖြစ်ရင် လိန်လိန်ကို ဖိတ်မယ်တဲ့ ... အဲဒါတကယ်ပဲလား"

လိန်လိန်က "လိန်လိန့်ကို ပြန်မေးမနေနဲ့ပြောပြော" ဟု တရစပ်အော်ဟစ်နေ၏။ သူတို့စားပွဲကို ကျောခိုင်းထားသော ဦးမှာတော့ ခဲတံတစ်ချောင်းကို လက်နှစ်ဖက်နှင့် ချိုးသလိုကိုင်ထားမိကာ အသက်တောင်မရှူနိုင်။ "ကိုစစ်တည်လား" ဟု မေးလိုက်ကတည်းက ဒိန်းခနဲဆောင့်ရပ်သွားသော နှလုံးသားမှာလည်း ပြန်ခုန်မလာတော့ဘူးလားဟု ထင်ရသည်။ တစ်စက္ကန့်ချင်းစီဟာ ဆယ်နှစ်စီမျှကြာသည်ထင်ရကာ ဒီလိုခံစားချက်အတိုင်း နောက်ငါး



www.burmeseclassic.com

www.burmeseclassic.com



မိနစ်လောက်ဆက်သွားရရင် ... ဦးဟာ ပုံရက်သားအသက် ထွက်သွားတော့မည်ပဲဖြစ်ပါသည်။

"ဘာ"

လိန်လိန့်အော်သံအကျယ်ကြီး ထွက်ပေါ်လာပြီး ... ဖုန်းကိုဆောင့်ချလိုက်သံကြားမှ ဦးနှလုံးသားက လန့်ဖြတ်ပြီး ပြန်ခုန်လာဟန်ရှိသည်။ "ဘာတဲ့လဲ ... ဘာတဲ့လဲ" ဟု အလွန်သိချင်နေသော ကောင်မလေးတစ်ယောက်၏ အသံအဆုံး ...

"အလကားပါ ... ဘာမှ အတိအကျကြီး မစိစစ်ရသေးပါဘူးတဲ့"

"ဟဲ့ ... အဲဒါ မငြင်းတဲ့သဘောပေါ့ ... ဒီအတိုင်းဆို ဟုတ်တယ်နဲ့တူတယ်ဟဲ့"

ဦးရဲ့နှလုံးသားလေးဟာ စည်းချက်ညီညီလေး ပြန်လည်လှုပ်ရှားလို့နေပါပြီ။ ကုန်စည်ပြပွဲသို့ ယူဆောင်သွားရမည့်ပစ္စည်းများကို နှလုံးသား၏ စည်းချက်လေးနှင့်အညီ ဖြတ်ဖြတ်လတ်လတ် တက်တက်ကြွကြွနှင့် တစ်ခုချင်းကောက်ယူထည့်သိမ်းနေမိရင်း ဦးရဲ့နှုတ်ခမ်းလေးဟာ မရည်ရွယ်ဘဲ ပြုံးယောင်သန်းနေခဲ့မှာ သေချာသည်။

အခုနောက်ပိုင်းနှစ်များအတွင်း ဒီတစ်နေ့ဟာ ဦးအတွက် အပျော်ရဆုံးနေ့တစ်နေ့ဖြစ်ပါသည်။ ဘာကြောင့်မှန်းမသိ။ ခါးခါးသီးသီး ငြင်းမထုတ်လိုက်သည့် ချစ်ရတဲ့ ကိုနိုင်ကို ဦးက ဖော်မပြထုတ်လောက်အောင် ကျေးဇူးလည်း



တင်သည်။ ပိုလို့ ပိုလို့လည်းချစ်သည်။

ဦးတစ်ယောက်တည်း မဟုတ်ဘူးနော် အဖော်ရှိတယ်။ အနိုင်ရသံကြီးနှင့် ရယ်ချလိုက်မည့်လိန် ရယ်သံနှင့်အတူ ဖြောင်းခနဲ ကျိုးထွက်သွားနိုင်စရာ ခဲတံလေးတစ်ချောင်းကလည်း ကိုနိုင်ကို ကျေးဇူးအချစ်တွေပိုနေတော့မှာပါပဲ။

❀ ❀

စစ်တည်နိုင်မှာ ဖယ်ရီပေါ်သို့တက်တော့မည့် အပြု အင်္ကျီစနောက်ဖက်က တင်းခနဲဖြစ်သွားသည့်အတွက် နောက်ဖက်သို့ လှည့်ကြည့်လိုက်မိ၏။ ထင်သည့်အတိုင်းပါပဲ။ ကိုယ့်အင်္ကျီစကို နောက်ဖက်က လာဆွဲဝံ့သူမှာ လိန်လိန်တစ်ယောက်သာလျှင်ဖြစ်ပေသည်။

"ဟ ... ဘာလုပ်တာလဲ"

"ခဏနေပါဦး ... ပြောစရာရှိလို့"

စစ်တည်နိုင်မှာ ကိုယ့်ဖယ်ရီပေါ်က လူများရဲ့ မျက်စေ့ရှေ့မှောက်မှာမို့ စိတ်ရှုပ်ပြီး ရှက်သွားမိတာနှင့်အတူ မျက်နှာနီနီ အသံခပ်အိုအိုနှင့် ...

"ဘာလုပ်ဖို့လဲ ... ဖယ်ရီမမီဘဲနေဦးမယ် ... မင်း

www.burmeseclassic.com

www.burmeseclassic.com



လို အိမ်ကကားနဲ့လာတာမဟုတ်ဘူး"

"မမီရင် လိန်လိန်လိုက်ပို့ပေးပါ့မယ် မန်နေဂျာရဲ့

စစ်တည်နိုင်မှာ ရန်ကုန်မှ ဖေဖေ့လုပ်ငန်းထဲ ကားတစ်စီး အအားထားကာ ဖေဖေလာတိုင်းစီးဖို့ အပြီး ··ဝင့်ထားထားခြင်းကိုမှ ယူမစီးခဲ့မိသည့်အဖြစ်ကိုပဲ နောလန်ဖြ် အလွန်ရင်အေးသွားမိသည်။ ဖယ်ရီပဲစီးနေတာကို ဘာတဲ့စက်မှ မကျေနပ်သည့် ဖေဖေ့ကို လွန်ဆန်ပြီး အတင်းယော်ရီစီးမိတာ ဒီနေရာကျမှ ကွက်တိကိုမှန်တော့တာ။ ကိုယ့်ကားနဲ့သာ ကိုယ်လာရင် လိန်လိန့်လို ကလေးမက ကားပေါ်ထိတက်ထိုင်ကာ အတင့်မရဲဘူးဟု မပြောနိုင်ပါ။

"ကဲ ··· ပြောစရာရှိ မြန်မြန်ပြော"

"နောက်မှပြော" ဟုဆိုကာ ဖယ်ရီပေါ် အတင်းတက်ရင် ကိုယ့်အကျီစကို လာဆွဲထားဦးမည့်ဒဏ်ကို စစ်တည်နိုင်က မခံနိုင်။ လိန်လိန်ဟာ ခုရက်ပိုင်းလေးအတွင်း ပို့ပို့ဆိုးလာတာ ··· ဘေးလူတွေအားလုံးလည်းရိပ်မိနေပြီ။ ကျော်ဇလနှင့်မမွန်တို့ကတောင် "ပြောမရရင်ပေါ်တင်ကြီးရှောင်ပေတော့ ··· လွယ်မယ့်ဟာလေးမဟုတ်ဘူး" ဟုကို သတိပေးထားကြပြီးသားပါ။

ကလေးလိုလို အရွှးလိုလိုစိတ်မျိုးကို ကိုယ့်လိုအရွယ်ရောက် တည်ငြိမ်ပြီးယောကျ်ားသားတစ်ဦးက ဘယ်လိုများ ရင်ဆိုင်ရပါမတဲ့လဲ။ လိန်လိန် ပိုကဲလာတာ ဟိုတစ်နေ့ကကိစ္စကြောင့်ပဲဆိုတာ သေချာသည်။ အဲဒီနေ့က





လည်း အဲလိုကြီး ဖွင့်မေးဝံ့တဲ့ လိန်လိန့်ကိုလန့်တာကတစ်ပိုင်း ··· ။ လိန်လိန့်မေးခွန်းအဆုံးမှာ (မမြင်ရသော်လည်း) တစ်ဖက်မှာ ဖြစ်ပျက်နေမည့် ဦးပုံစံကို တကယ်ပဲ မြင်ယောင်သနားစိတ် လှစ်ခနဲဝင်သွားတာကတစ်ပိုင်းတို့ကြောင့် ရှဉ့်လည်းလျှောက်သာ ··· ပျားလည်းစွဲသာဖြစ်အောင် အဖြေပေးလိုက်မိတာက လိန်လိန်ကို ထင်တာထက်ပိုဆိုးသွားစေတော့သည်။

ဦးကရော ··· ။ ဦးကတော့ လူချင်းဆုံမိသည့်တစ်ခေါက်မှာ အသံမထွက်ဘဲ ပါးစပ်လေးလှုပ်ရုံ ··· "ကျေးဇူးပဲ" ဟုပြောသွားပုံကို စစ်တည်နိုင်မှာ ခုထက်ထိမမေ့သေးပါ။ စကားအများကြီးပြောဆို ဝမ်းသာပြနေတာထက် "ကျေးဇူးပဲ" ဆိုတဲ့ သုံးလုံးကလေးက အဲတော်ကြီးတာသွားခဲ့တာပဲ။ "ကျေးဇူးပဲ" တဲ့။ အင်း ··· သနားစရာကောင်းချင်စဖွယ်လေးပါပဲ။

"ကိုစစ်တည်က ဘာဖြစ်လို့ ကိုယ့်အပေါ် ရက်စက်ထားတဲ့မိန်းမတစ်ယောက်ကို ထပ်ပတ်သက်ချင်ရတာလဲ"

ကျွတ် ··· ခက်လိုက်တာ ··· တိုးတိုး တိုးတိုးနဲ့ ··· ။ အကျယ်ကြီးပြောနေပြန်ရင်လည်း လူကြားမကောင်းချင်စရာ ဒီစကားများကို တိုးတိုးလေးလာပြောနေတော့လည်း သူနဲ့ကိုယ်ဟာ အနီးကပ်ကြီးလိုဖြစ်နေတော့တာပေါ့။ ခုလို ညနေခြောက်နာရီအချိန်မှာ လိန်လိန်တို့

www.burmeseclassic.com



ဖက်မှ တစ်ရုံးလုံး အလုပ်ဆင်းချိန် ... စစ်တည်နိုင်တို့ဘက်မှာတော့ ညဦးပိုင်းထိ တာဝန်ဆက်မကျသည့်သူများအတွက် ရုံးဆင်းချိန်။ ရပ်ထားဆဲ ဖယ်ရီကားများအနီးမှာ တလှုပ်လှုပ် တရှုရှုရှိနေကြဆဲ လူများဟာ စစ်တည်နိုင်တို့ရဲ့ အနီးကပ် တိုးတိုးကျိတ်ကျိတ်ပုံစံကို မမြင်ချင်အဆုံးကိုဖြစ်နေကြတော့မှာပေါ့။

"ဖြေပါ ... လိန်လိန်တို့က ဒီပြင်အကြောင်းကြောင့်သိချင်တာမဟုတ်ပါဘူး ... အချင်းချင်း လောင်းထားကြလို့ပါ"

"ဟာ ... ဘာပဲဖြစ်ဖြစ်ပေါ့ကွာ ... ကျုပ် ... ဒါကလေးတွေ ကိစ္စမဟုတ်ပါဘူး"

"လိန်လိန် ကလေးမဟုတ်ပါဘူး"

"ဒါပေမယ့် ... တို့နဲ့ဆိုရင်တော့ ကလေးပဲ ... ကဲ ... ဒါပဲလား"

"လိန်လိန့်မှာ ကိုစစ်တည်ရဲ့အိမ်က ဖုန်းနံပါတ်ရှိတယ်"

"အော် ... ဟုတ်လား ... ကောင်းတာပေါ့ ... အရေးအကြောင်းရှိရင် ဆက်လို့ရတာပေါ့"

"တကယ်လား ... ဒါဖြင့်ဆက်မယ်နော်"

"အဲ ... ဟို ... ဒါပေမယ့် တို့က အိမ်မှာမရှိတာများတယ်"

"ဖုန်းမပြောချင်လို့တော့ မရှောင်နဲ့နော် ... မရှိ





အောင် ဘယ်သွားနေလို့လဲ"

"ဒီလိုပဲ ဟိုနားဒီနားပေါ့ ... ကဲ ... ဒါပဲ ... ဖယ်ရီက လူပြည့်နေပြီ ... တို့တစ်ယောက်တည်းကိုပဲ စောင့်နေရတာ"

"သွားတော့လို့ပြောလိုက်လေ ... လိန်လိန်ပြန်လိုက်ပို့ပေးပါမယ်ဆို"

ဖယ်ရီဒရိုင်ဘာကလည်း ခါတိုင်းများဖြင့် တစ်ယောက်လောက်လိုနေရင် ဟွန်းတတီတီနှိပ်တာမှ နားကွဲလောက်သည်။ ခုတော့ဖြင့် ခန္တီပါရမီနှင့်ပြည့်စုံကာ သဘောတွေကောင်းနေပြန်ပါရော။ ကားပေါ်မှလူများကို အားနာစိတ်နှင့် စစ်တည်နိုင်က ချေးပြန်ချင်လာသည်။ ဇွတ်လုပ်လို့ကတော့ ဇွတ်ပြန်လုပ်မည့်ဒီဇိုင်းလေးက အထင်းသားမို့ကားပေါ်လည်း အတင်းမတက်ရဲ ... ဖယ်ရီကို လွှတ်လိုက်ပြန်ရင်လည်း သူ့ကားပေါ် အတင်းဆွဲခေါ်ရင်အခက်။ ဒုက္ခပါပဲကွာ ... ဝဋ်ကြီးဝဋ်ငယ်တွေ စုဆိုက်နေပြီထင်ပါရဲ့။

ကားပေါ်မှာ အိမ်ပြန်ရောက်မှ ထမင်းစချက်ရမည့် အိမ်ထောင်ရှင်အမျိုးသမီးများလည်း ပါတာမို့ ... မိုလို့ ချေးပြန်ရပါသည်။ ယောကျ်ားလေးဖြစ်နေလို့ တစ်ပန်းရှုံးရတာ ဒါမျိုးပေါ့။ ကိုယ်သာ မိန်းကလေးဆို ဇွတ်လုပ်မည့် ဒီလိုကောင်ကလေးမျိုးကို ဘာမှင့်နေစရာမလို။

ထိုစဉ်မှာပင် လိန်လိန်တို့ ရုံးအဆောက်အဦးတံခါးဝမှာ ဦးက ဘွားခနဲ ပေါ်လာ၏။ စစ်တည်နိုင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



လိန်လိန့်ကို လှမ်းတွေ့လိုက်သောအခါ ဝလုံးပုံ ဝိုင်းစက်သွားသော မျက်လုံးအစုံနှင့် နှုတ်ခမ်းလေးတစ်ခုတို့မှာ ကြိရာမရဖြစ်နေသည့် စစ်တည်နိုင်ကို (ကိုယ်တိုင်တောင်မထင်မှတ်ဘဲ) တွန်းအားပေးလိုက်သလိုရှိကာ စစ်တည်နိုင်က ကိုယ့်ဖယ်ရီဒရိုင်ဘာနား အရင်သွားလိုက်ပြီး …

"ကိုမေဇး … ထွက်တော့မို့"

"ဆရာကရော"

"ဟိုမှာ ကုက္ကိုင်း၊ ရန်ကင်း၊ ကမ္ဘာအေးကားနဲ့ပဲ လိုက်တော့မယ် … ကိစ္စရှိလို့"

ကားပေါ်မှ လူများကြားချင်လည်းကြားမည်။ မကြားချင်လည်း နေမည်။ စစ်တည်နိုင်ကတော့ ဦးရှိရာနေရာသို့သာ မရည်ရွယ်ဘဲ (လုံးဝမရည်ရွယ်ဘဲ) လှမ်းလာမိပါတော့သည်။ လိန်လိန့်ကိုတောင် နှုတ်ဆက်ခဲ့မိသလားဘာလား လုံးဝမသေချာလိုက်။

အုံ့ညြှိုမ်သက်နေသော ဦးအနားသို့ ရောက်ချိန်မှာ …

"စိတ်ညစ်ဖို့ကောင်းတယ်ကွာ … သူက ကလေးစိတ်ဆိုတော့လည်း ခက်တာပဲ"

အကြာကြီးနေမှ ဦးထံမှ စကားတစ်ခွန်းမြှ်ထွက်လာသည်။

"ဦး နားလည်ပါတယ်"

စစ်တည်နိုင်က သက်ပြင်းမောကြီးတစ်လုံး





ကို မှုတ်ထုတ်လိုက်မိပါတော့သည်။ တကယ့်ကိုပါပဲ။ သူမရဲ့စကားတစ်ခွန်းဟာ တစ်ခွန်းဆို ဆိုသလောက် တာသွားလိုက်တာ … စစ်တည်နိုင်မှာ မရည်ရွယ်ဘဲ ကိုယ်နှင့်လိန်လိန်တို့ရဲ့အဖြစ်သနစ်ကို ဦးထံ ပြေးရှင်းပြမိသလိုလိုဖြစ်သွားပါလေရော။

ကိုယ်ကလည်း ဦးကိုမြင်လိုက်တာနဲ့ အပြေးလှမ်းလာလိုက်မိတာကိုး။ ဦးရှေ့မှောက်ကို ဖျတ်ခနဲရောက်ရှိသွားရခြင်းအကြောင်းရင်းဟာ … အကျဉ်းအကျပ်ကျဉ်းပြန်အားနာ … စိတ်ရှုပ်နေရသော ပစ္စက္ခအခြေအနေတစ်ခုမှ ရုတ်တရက် လွတ်မြောက်လိုခြင်းသက်သက်ကြောင့်ပဲလား။ ဒါမှမဟုတ် … "ကျေးဇူးပဲ" ဟု အသာလေးလှုပ်ကာပြောခဲ့သော နှုတ်ခမ်းကလေးတစ်ခု ဝိုင်းစက်သွားခဲ့ခြင်းကြောင့်ပဲလား။ ကိုယ်မတွေးတတ်ပါ။

စစ်တည်နိုင်ဟာ ထွက်ပေါက်တစ်ခုရသွားခဲ့တာတော့ အမှန်ပဲဖြစ်သည်။

"ကျေးဇူးတင်ပါတယ် ကိုနိုင်ရယ်"

ဟင် … တင်ပြန်ပြီ ဒီကျေးဇူး … ။ ခုတစ်ခါက ဘာ့အတွက်လဲ … ။ စစ်တည်နိုင်က ဦးမျက်ဝန်းထဲ မေးခွန်းထုတ် အဖြေရှာသလိုကြည့်လိုက်မိသောအခါ မျက်သားနှင့်မျက်ဆံကိုတောင် မမြင်နိုင်ရတော့လောက်အောင် ပြည့်ဖုံးနေသော မျက်ရည်စများကြောင့် လူက တလှုပ်လှုပ်တရှားရှားဖြစ်သွားရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မငိုချလိုက်နဲ့နော် ... လုံးဝမျက်ရည်မကျလိုက်နဲ့၊ လူတွေအများကြီးပဲ"

စစ်တည်နိုင်က ခပ်တိုးတိုးငုံ့ကာ ပြောလိုက်သည်။

"မငိုပါဘူး"

ပြန်ပြောသော အသံလေးမှာ မျက်ရည်ပြည့်မျက်လုံးနှင့် မလိုက်ဖက်အောင် တင်းမာလျက်သား ...။

"ဟော့ ... စစ်တည် ... ယူတို့ မြို့ထဲဖယ်ရီက ထွက်သွားပြီ ... ကိုယ်တို့ ရန်ကင်းဖယ်ရီနဲ့လိုက် မလိုလား ... ဟဲ ဟဲ ဟဲ"

မမွန်သာရောက်လာပြီး အခြေအနေကို ဝင်မထိန်းလိုက်ရင် ဦးဟာ မျက်ရည်စီးကြောင်းများနှင့် ရုပ်ပျက်ကာ အပြန်စက်ရတော့မှာပါပဲ။ စစ်တည်နိုင်ရဲ့ လိန်လိန် ရပ်ကျန်ရစ်သည့်နေရာကို လှမ်းကြည့်လိုက်တော့ ကလေးမက ရှိမနေတော့။

"မလိုက်ပါဘူး ... ဒီနေ့တော့ ကိုယ့်ခြေထောက်နဲ့ ကိုယ်ပဲ ... ကဲ ... သွားပြီမမွန် ... သွားပြီဦး"

စစ်တည်နိုင်ထွက်သွားသည်နှင့် မမွန်က ဦး လက်ထဲ လက်ကိုင်ပဝါတစ်ထည် လှမ်းထည့်ပေးလိုက်ကာ

"ဘယ်လိုဖြစ်ကြတာလဲကွယ်"

"သူက လူတစ်ယောက်ကို ဟိုးတောင်ထိပ်အမြင့်ကြီး





ပေါ်ထိ ဆွဲခေါ်သွားပြီး ထိပ်ဆုံးရောက်မှ ပြန်တွန်းချချင်တတ်တဲ့ လူမျိုးပါ မမွန်ရယ်"

ဦးနားကို ဖျတ်ခနဲရောက်လာခဲ့တဲ့အထိ သူ့ဟာ အိပ်မက်မက်နေသလို ဇဝေဇဝါကြီးပါပဲ။ ဒါပေမယ့် အိပ်ရာက ဖျတ်ခနဲပြန်နိုးသွားတဲ့နောက်မှာတော့ ဦးအတွက် သူ့ဟာ ထုံးစံအတိုင်း ဗလာဟင်းလင်း ... နလုံးသားကင်းကင်းနဲ့ ဖြစ်နေခဲ့ပြန်ရော။

● ●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

ကိုယ့်ခုတင်ပေါ် ပက်လက်အိပ်ကာ နဖူးပေါ် လက်တင်ရင်း ငြိမ်သက်နေမိသော စစ်တည်နိုင်မှာ ကိုယ့် မျက်လုံးများက ဖေဖေ့ခုတင်ဘေးမှာ ချိတ်ဆွဲထားသည့်ခေတ် ပုံမှန်ဘောင်ဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် ကျရောက်နေမိတာ အချိန်အတော်ကြီးကြာမြင့်နေပြီးဖြစ်ကြောင်းကို သတိထား လိုက်မိချိန်၌ လူက တစ်ကိုယ်လုံး လှုပ်ရှားသွားရကာ ဘာကိုမှန်းမသိ ... ရှက်သလို ကြောက်သလိုလည်းဖြစ် သွားရလေသည်။

ကျွတ် ... ကိုယ် ဘာကြောင့်များ ဒီပုံကို ဒီလောက် သည်းကြီးမည်းကြီးစိုက်ကြည့်နေမိရတာတဲ့လဲ။



စစ်တည်နိုင်က လဲအိပ်နေရာမှ ရုတ်တရက် ထထိုင်လိုက်သည်။ ဖေဖေပြန်မလာသေးတာမို့ ဒီတိုက်ခန်း မှာ ခုချိန်မှာ ကိုယ်တစ်ယောက်တည်းမှ တကယ့်တစ်ယောက် တည်း ... ဒါပေမယ့် ကိုယ့်ကိုယ်ကို မလုံစွာ ခေတ်ပုံ ကို ကြာကြာမကြည့်ရဲ။ ဟာ ... ဘာဖြစ်နေတာလဲကွာ။

စစ်တည်နိုင်က အိပ်ခန်းထဲမှနေ၍ အပြင် ထွက်လာခဲ့ကာ ညှော်ခန်းမှတစ်ဆင့် ဝရန်တာသေးသေးလေး ဆီ တစ်ဆက်တည်းထွက်ခဲ့လိုက်သည်။ ဝရန်တာလေးမှာ ပြေလျော့လျော့ထိုင်ချကာ ညဦး၏ လေပြေအေးကို ခံယူရင်း မိုးကောင်းကင်ပေါ် မော်ကြည့်မိတော့ မိုးကောင်းကင်ပေါ် မှာ ခေတ်ပုံထဲမှ စုံတွဲတစ်တွဲ။

ဟာ ... စိတ်ရှုပ်လာပြီ။ ကဲ ... မလွှတ် နိုင်တော့တဲ့အခြေအနေတစ်ခုကနေ အတင်းကြီးထွက်ပြေး မနေတော့ဘဲ ... အဲဒီအခြေအနေကိုပဲ လက်ခံလိုက်ကာ သူမရဲ့အကြောင်းကိုပဲ စဉ်းစားကြည့်လိုက်ကြရအောင်။

ဒီနေ့ ဘာကြောင့် သူမ မျက်ရည်ရစ်ဝိုင်းခဲ့ရ ပါသလဲ။

ကိုယ်ဟာ ယောကျ်ားတစ်ယောက်အနေနဲ့ မိန်း ကလေးတစ်ယောက် မျက်ရည်ကျရလုအထိ ဘာများဆိုးဆိုး ဝါးဝါးတွေ လုပ်ဆောင်ခဲ့မိလို့ပါလဲ။ ကိုယ် ဘာမှမလုပ် ခဲ့မိပါလား ဦးရယ်။ ကိုယ်သာ မိန်းကလေးတစ်ယောက် ဆိုရင်သာ ကိုယ် မျက်ရည်ကျရမည့်အဖြစ်မျိုးအထိ မင်းက

www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့ဖူးတာပါ။ မနာဘူးဆိုပေမယ့် အမျက်လေးတစ်ချက်လောက်တော့ စွက်နေသေးတဲ့ ကိုယ့်မသိစိတ်အရဲ မင်းကို စော်ကားမော်ကားများ ပြုလုပ်မိခဲ့လို့လား။

ခုနောက်ပိုင်း သောကြာရက်များမှာ ဘုရားက တနင်္ဂနွေထောင့်သို့ ကိုယ်ရောက်တိုင်း ကိုယ့်ထက်စောစီးစွာ ရောက်ရှိထွန်းညှိ ထိန်လင်းပြီးဖြစ်နေတတ်တဲ့ ဖယောင်းတိုင် ဆယ့်ရှစ်တိုင်ကိုလည်း ကိုယ် ဘယ်လိုနားလည်လိုက်ရမလဲ။

"ကောင်မလေးက မင်းကိုချစ်နေတယ်ကွ" တဲ့။ ဖေဖေပြောခဲ့ဖူးသော ထိုစကားကို မမှန်မှန်နှင့်ကျော်ဗလတို့ကပါ အားတက်သရောတွေ ထောက်ခံခဲ့ကြသောအခါ စစ်တည်နိုင်က တွေဝေအံ့သြချင်လာရသည်။ မင်းဟာ ကိုယ့်အပေါ် နာကြည်းနေခဲ့တာပဲမဟုတ်လား ... မဦးရယ်။

ကိုယ် တစ်စက်မှ သဘောမကျတော့သည့် မိန်းကလေးတစ်ယောက်ဟာ ကိုယ့်စိတ်ထဲ အတွေးထဲ အမြဲရောက်ရှိနေရာယူနိုင်နေတာဟာ သဘာဝတရားကြီးရဲ့ ဆန်းကြယ်လှပတဲ့ လျှို့ဝှက်ဖန်တီးမှုတစ်ခုပါပဲ။

စစ်တည်နိုင်က ထိုင်ရာမှထ,ကာ အိပ်ခန်းထဲထိ ပြန်ဝင်လာခဲ့မိပြန်သည်။ ဖေဖေ့ခုတင်ဘေးက ဓာတ်ပုံကို တိုင်မှဖြုတ်ယူကာ ကိုယ့်ခုတင်ပေါ် ကိုယ်ထိုင်ရင်း တစိမ့်စိမ့်ကြည့်နေမိကာ သဘောကျစိတ်တွေပေါ်လာရသည်။ အမြော်အမြင်ကြီးလိုက်တဲ့ဖေဖေ။ ဟုတ်ပါရဲ့ ... စစ်တည်



နိုင်ရဲ့ဘဝမှာ ဒီလောက် အသက်ပါပြီး လှပကြည်နူးဖွယ်ကောင်းသောဓာတ်ပုံမျိုး နောက်ထပ် ဘယ်လိုလုပ် ထပ်ရိုက်လို့ရပါတော့မလဲ။

တစ်ယောက်က မော်ကြည့်ကာ တစ်ယောက်က ငုံ့ကြည့်နေသော နှစ်ယောက်သား၏ အကြည့်တို့မှာ လမ်းခုလတ်၌ စုဆုံနေကြလျက် ... အဲဒီ တခဏလေးကိုပဲ နှစ်ယောက်စလုံး ကြည်နူးပီတိဖြစ်နေကြဟန်က ဓာတ်ပုံမှာ အထင်းသားပင် ပေါ်လွင်နေသည်။ နေပါဦး ... အကြံအစည်များနှင့်ပြည့်နက်နေသော မဦးဟာ များမကြာလှတော့မီအချိန်ပိုင်းကလေးအတွင်းမှာ ဒီလက်တွဲကိုဖြုတ်ပြီး သူလုပ်ချင်ရာကိုလုပ်တော့မယ့် အချိန်မျိုးမှာ ဒီဓာတ်ပုံကို ရိုက်ခဲ့တာမဟုတ်ဘူးလား ... အဲဒါကိုပဲ သူ့မျက်လုံးများနှင့် သူ့နှုတ်ခမ်းတို့ဟာ ဒီလောက်ထိ ပျော့ပျောင်းအသက်ဝင်ကာ စစ်တည်နိုင်ထံပါး ရှက်စနိုးစိတ်နှင့်အတူ ပျော်ဝင်နေရသေးသတဲ့လား။

သူမဟာ အကယ်ဒမီမင်းသမီးတစ်ယောက်မဟုတ်ပါ။ ဒီဓာတ်ပုံရိုက်တော့မည်မို့ သိသိကြီးနှင့်ဟန်လုပ်ပေးလိုက်ပုံမျိုး ထိုစဉ်ကလည်း မဖြစ်ပျက်ခဲ့ပါ။ ဒါဆိုရင် ဒါဆိုရင်တော့ ဒီပုံဟာ နှစ်ဦးသားတို့ရဲ့ မူရင်းပကတိစိတ်သွင်တွေကို ဖော်ပြထားနိုင်သည့် အကောင်းဆုံးသက်သေဝင်ဖြစ်ရပေမည်။ ဦးဟာ ကိုယ့်အပေါ်မှာ အဲဒီအချိန်တုန်းကတည်းက စူးနစ်သက်ဝင်မှုတွေ ရှိနေခဲ့ပြီလား။

www.burmeseclassic.com

www.burmeseclassic.com



ပြုံးပြီးငုံ့ကြည့်နေမိခဲ့သော ကိုယ်ကရော …

"တီ … တီ … တီ … တီ"

"ဟာ … "

စစ်တည်နိုင်က ဓာတ်ပုံကို သူ့ချိတ်ဆီမှာ အမြန်ပြန်ချိတ်လိုက်ပြီး အိမ်ရှေ့သို့ ပြေးထွက်လာခဲ့လိုက်သည်။ တံခါးဘဲလ်မှာ ဘယ်အချိန်တည်းက မြည်နေခဲ့သည်မသိ။ ခုခါမှာတော့ အပြင်က တီးခတ်နေသူ၏ စိတ်မရှည်နိုင်တော့မှုကို အထင်းသားဖော်ပြကာ "တီ" သံရှည်ကြီးဆက်လျက် မြည်ဟီးကျယ်လောင်နေပြီ။

"ဟာ … ဖေဖေ"

"အိပ်များပျော်နေသလားလို့ သားရာ"

"မပျော်ပါဘူးဖေဖေ … ဟဲ ဟဲ ဟဲ"

"ဒါဖြင့်ရေချိုးတာလား … ဟုတ်ပုံမရပါဘူး … အိမ်သာထဲမှာလား"

ဖေဖေက စစ်တည်နိုင်ကို အကဲခတ်ကာ အိမ်ထဲရောက်သည်နှင့် ဧည့်ခန်းမှာ တစ်ထောက်မနားတော့ဘဲ အတွင်းခန်းထဲသို့ တန်းဝင်သွားသည်။ ဓာတ်ပုံတစ်ခုဆီမှာ ပျော်ဝင်သွားပြီး ဒီလောက်ဆူညံသည့် ဘဲလ်သံကိုတောင်မှ မကြားနိုင်တော့သည့် စစ်တည်နိုင်ကတော့ ဖေဖေ့နောက်က နေ အပြစ်ရှိသူလို ကုပ်ချောင်းချောင်းလိုက်ပါလာမိကာ မျက်နှာကလည်း မလုံမလဲ … ရယ်ကျဲကျဲ။

ဦးမြတ်အောင်က အိပ်ခန်းထဲရောက်သည်နှင့်





ဓာတ်ပုံချိတ်ထားရာဆီသို့ အရင်ဦးဆုံးလှမ်းကြည့်လိုက်မိပြီး မျက်နှာက ပြုံးချင်ချင်ဖြစ်သွားရပါသည်။

"မင်း မနက်ဖြန် ရုံးကအပြန် ကြွက်ထောင်ချောက် တစ်ခုလောက် ဝင်ဝယ်ခဲ့ဦး … ဒါမှမဟုတ် အကုသိုလ်အလုပ်မလုပ်ချင်ရင်လည်း ကြောင်တစ်ကောင်လောက်တော့ အမြန်ဆုံးရှာမွေးမှ"

"ဘာဖြစ်လို့လဲ ဖေဖေရဲ့"

"ဟ … မင်းအိမ်က ဒီလောက်ကြွက်တွေပေါတောင်းကျန်းနေတာ … ကြာကြာနေရင် အဝတ်အစားတို့ ပစ္စည်းပစ္စယတွေကိုတောင်မှ ကိုက်လာလိမ့်မယ်နော်၊ ခုကြည့် … တိုင်မှာချိတ်ထားတဲ့ ဓာတ်ပုံကိုတောင် စောင်းကျနေအောင် ပမာမခန့် လုပ်ထားလိုက်ကြတာ … ဒါ ပိုးဟပ်မဖြစ်နိုင်ဘူး … ကြွက်ကွ ပိုးဟပ်ဆိုရင် ဒီလောက်ကြီးတဲ့မှန်ဘောင်ကို ရွှေ့အောင် မလုပ်နိုင်ဘူး"

စစ်တည်နိုင် မျက်နှာရဲခနဲဖြစ်သွားကာ ဓာတ်ပုံဆီသို့ လှမ်းသွားလိုက်ပြီး အနည်းငယ်စောင်းနေသည်ကို တည့်မတ်လိုက်ရင်း … "ကျွန်တော်ပါ ဖေဖေရာ" ဟု အမြန်ဆုံး ဝန်ခံထားလိုက်သည်။ နို့မို့ဆိုရင် ဒီအဖေက မလွယ်ပါ။ ဦးမြတ်အောင်ကလည်း တစ်ကွက်ချင်း ရှုံ့တိုးပြီး တိုက်ကွက်ဆင် အမိပိတ်ဖမ်းဖို့ ကြံစည်ပြီးချိန်မှာ မျက်နှာအိုအိုနှင့် အနေရခက်နေသော သားလုပ်သူကို သနား



www.burmeseclassic.com

www.burmeseclassic.com



သွားမိသဖြင့် ကိုယ့်အကြိတွေ ကိုယ်ဖျက်ပစ်လိုက်ပါသည်။ ဒါတောင် မလုပ်သာလုပ်သာကလေး … မျက်ခုံးနှစ်ဖက်ကိုမြှင့်တွင်ကြည့်လိုက်ကာ …

"မင်းကြောင့်စောင်းတာ … မင်းက ဘာလုပ်လို့လဲ … အခန်းရှင်းတာလား"

"ကျွန်တော် ခဏဖြုတ်ကြည့်ထားတာ"

"ဟား ဟား ဟား ဟား … ငါ့သား … ငါ့သား … ဖြုတ်ကြည့်တယ်ဆိုရင်တော့ ခဏလေးတော့မဖြစ်နိုင်ဘူး … တမေ့တမောပဲဖြစ်ရမယ် … ဒါကြောင့် တံခါးဘဲလ်လည်းပေါက်ထွက်တော့မတတ်မြည်နေရတာကိုးကွ"

စစ်တည်နိုင်က ဘာမှပြန်ပြောမနေတော့ဘဲ တည့်မတ်လှပနေပြီဖြစ်သော ဓာတ်ပုံကို တစ်ချက်လှမ်းကြည့်ကာ အိပ်ခန်းထဲမှ ထွက်လာခဲ့သည်။ ဖေဖေပါ လိုက်ထွက်လာတာမြင်တော့ …

"ထမင်းစားမလား ဖေဖေ … ကျွန်တော်တော့ပြီးပြီ"

"ငါလည်းပြီးခဲ့ပါပြီ … သားကို ဖေဖေပြောစရာတွေရှိတယ်"

"ဓာတ်ပုံအကြောင်းဆိုရင်တော့"

"မဟုတ်ပါဘူး … ဒါပေမယ့် ဦးအကြောင်းတော့ဟုတ်တယ်ကွ … သား တစ်ခါမှ အချိန်ပေးပြီး





နားမထောင်ခဲ့တဲ့ အမြဲငြင်းထုတ်ပစ်ခဲ့တဲ့ ဦးရဲ့ အာဃာတ အရင်းအမြစ်လေးတွေအကြောင်း ဒီတစ်ချီတော့ ငါ့သား ပြီးတဲ့အထိ နားထောင်လိုက်ပါကွာ။ ဖေဖေ့မှာတော့ သမီး … သားမှာတော့ ညီမလေး အေးမြတ်အောင်ကို သားတို့ ဖေဖေတို့ ဆုံးရှုံးခဲ့ရသလို … ဦးမှာလည်း ငယ်ဆိုတဲ့ညီမလေးကို အဲဒီ leukaemia ကြောင့်ပဲ ဆုံးရှုံးလိုက်ရတယ် ငါ့သား။ ပိုပြီးတွေတာက အဲဒီညီမတစ်ယောက်ကြောင့်ပဲ သားနည်းတူ သူ့မိခင်ကိုပါ သူ ထပ်ဆုံးရှုံးလိုက်ရပြန်တယ်"

စစ်တည်နိုင်က ခုမှ သိရသည့်အကြောင်းအရာတစ်ရပ်မို့ အံ့ဩစိတ်ဝင်စားသွားမိသည်။

"သူက ပိုဆိုးတာက မကြာခင်မှာပဲ အဖေလုပ်သူကိုပါ ထပ်ဆုံးရှုံးလိုက်ရပြန်တယ် … မြတ်စွာဘုရားလက်ထက်က မပဋာစာ ရူးသွပ်လို့တောင်သွားခဲ့တာပါ … သူ့ခများလေးတော့ မရူးဘဲကျန်ပေမယ့် ရူးလုလု စိတ်အတွေးနဲ့ စိတ်ကူးထဲ ပေါ်ရာထင်ရာ စိုင်းချင်ခဲ့တာကို ဖေဖေကတော့ လူပီသစွာ ခွင့်လွှတ်ပေးလိုက်တယ် … ဒါမှ လူသားဆန်တယ်လို့ခေါ်တယ် ငါ့သား … ပြီးတော့ ဖေဖေတို့ လူမဆန်ခဲ့တာကြောင့်လည်း သူ့ခများလေးမှာ ပိုပြီး ထိခိုက်နစ်နာရရှာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဦးမြတ်အောင်က နောင်တမျက်နှာနှင့် လေးတွဲ့တွဲ့ သက်ပြင်းကိုချကာ ...

"အမိုက်ကတော့ ဖေဖေပဲ ... ဖေဖေဟာ ကိုယ့်ကိုကိုယ် ထိန်းနိုင်ရမယ့်အပြင် ဒီသားတစ်ယောက်ကိုလည်း ထိန်းနိုင်ခဲ့ရမယ် ... ဒါပေမယ့် ဖေဖေလွှတ်ထွက်သွားခဲ့တယ် ... ဒေါသကြီး ရန်လိုပြီးအရှဲ့တိုက်တတ်တာတွေ ... ကိုယ်ချင်းစာတရားကင်းလွှတ်ခဲ့တာတွေ ... ကိုယ်ကြေကွဲရသလို ... သူများတကာ ကြည်နူးပျော်ရွှင်ရမှာကို မမြင်နိုင်တော့တာတွေ ... အဲဒါတွေဟာ ဖေဖေ တကယ့်ကို လူမဆန်ခဲ့မိတာတွေပေါ့ ... တစ်နှစ်လောက်ကြာသွားတယ် ... အဲဒီတစ်နှစ်အတွင်းမှာ လူဘယ်နှစ်ယောက်လောက်ကိုများ ဖေဖေ စော်ကားရိုင်းပျခဲ့မိပါလိမ့် ... အကုသိုလ်တရားတွေ တစ်ပုံကြီး ကျူးလွန်ခဲ့မိမှာပဲ ... မင်းအဖေသာ အချိန်မီမထိန်းခဲ့ရင်' ဖေဖေဟာ လူဆိုးလူညံ့ကြီးလုံးလုံးလည်း ဖြစ်သွားနိုင်တယ် ... မင်းကတော့ ဖေဖေ့လောက် အဖြစ်မဆိုးခဲ့ပေမယ့် ဖေဖေ့အကုသိုလ်အချို့မှာ မင်းပါ ပါနေခဲ့တာကိုတော့ ဖေဖေက လုံးလုံးစိတ်မကောင်းဘူး"

"သူ ဘာလုပ်ခဲ့မိပါလိမ့်" ဟု စစ်တည်နိုင်က စဉ်းစားလို့မရ။



ဦးမြတ်အောင်က သူတို့သားအဖထံ ဦးကစုံစမ်းပြီး နှစ်ခေါက်တိတိ ရောက်လာခဲ့တာရယ် ... ဦးရဲ့လိုလားချက်တောင်းခံချက်တွေကို အသေးစိတ်ပြန်ရှင်းပြကာ ရေရေလည်လည် အေးအေးဆေးဆေးမရှိခဲ့မိကြပဲ သားအဖနှစ်ယောက်လုံး ဒီ "Leukaemia" ဆိုတဲ့ စကားလုံးကို မကြားနိုင်ခဲ့ကြတာနဲ့ဘဲ ဦးကို လူမဆန်လောက်အောင် တုံ့ပြန်ဆက်ဆံမိခဲ့ကြတာတွေပါ အားလုံးပြောပြလိုက်သည်။

"သား စဉ်းစားကြည့်ပေါ့ကွယ် ... မျှော်လင့်ချက်ကုန်သွားတဲ့အချိန်မှာ ဖေဖေတို့ ဘယ်လောက်ထိခိုက်ကြေကွဲခဲ့ရသလဲ ... ကိုယ်ချင်းစာပါ ... သူ့ခမျာလေးကတော့ မျှော်လင့်ချက်တွေ တစ်ထွေးတစ်ပိုက်ကြီးနဲ့ ပြေးလာခဲ့တာကို ဖေဖေတို့က ဆီးကြိုချိုးဖဲ့မိခဲ့ကြတာ ... အင်မတန် အပြစ်ကြီးတယ် ... အင်မတန် ရှက်ဖို့ကောင်းတယ် ငါ့သား ... ဒီအကြွေးကို သူ့လက်စားချေမှုနဲ့ ကြေပြီလို့ ဖေဖေက မသတ်မှတ်ပေးချင်ဘူး ... မတူဘူး ... မဆိုင်ဘူးကွ ... ငါတို့ မငြင်းခဲ့လည်း သေမယ့်လူဆိုတာကတော့ သေမှာပါပဲ ... ဒါပေမယ့် ကျန်ခဲ့တဲ့လူကတော့ ဘယ်တော့မှ စိတ်မပြောင်နိုင်တော့ဘူး၊ အေးမြတ်အောင်ကို ဖေဖေတို့ အစွမ်းကုန်လုပ်ပေးနိုင်ခဲ့ကြတယ် ... ကိုယ့်ကိုကိုယ်လည်း ကျေနပ်ကြတယ် ... သူ့ကံမပါလို့သာ သူဆက်အသက်



www.burmeseclassic.com

မရှင်နိုင်တာ။

ဦးအနေနဲ့ကတော့ စဉ်းစားကြည့်လေ ... ဒါလေးတစ်ခု ထပ်လုပ်ပေးနိုင်ခဲ့ရင်များ မဆုံးရှုံးသင့်တာကို မဆုံးရှုံးရဘဲနေမလားဆိုတဲ့ အတွေးက သူ့စိတ်ကို ဘယ်လောက်နှိပ်စက်လိုက်မလဲ ... သူ ဘယ်လောက်နာလိမ့်မလဲ ... အဲဒီလောက်နာခဲ့ဖို့ သင့်ပါရက် ... အေးမြတ်အောင်လေးဟာ ငယ်နဲ့ ဘဝတူပဲ ... ငယ့်လိုတောင် တစ်ချက်တလေလေး လောက်မှ ပြန်မအောင်မြင်လာတော့ဘဲ တစ်ခါတည်း အသက်ပါသွားရတယ်ဆိုတာ သိလိုက်ရတော့ သူ့စိတ်ကို သူလျှော့လိုက်တယ် ... ဖေဖေ့အပေါ်လည်း သူနားလည်လိုက်နိုင်တယ် ... သားကိုလည်း သူ ခွင့်လွှတ်နိုင်တယ် ... အဲဒါ သူ စိတ်ကလေးဖြူစင်တာကို ပြတာအပြင် အဓိကအကြောင်းရင်းကတော့ အချက်တစ်ချက်ကြောင့်ပဲကွ"

စစ်တည်နိုင်က ဖေဖေ့ကို မေးခွန်းပါသော အကြည့်နှင့်ကြည့်လိုက်ရာ ...

"မင်းယုံဖို့ကောင်းပြီ ... မင်းကို သူသိပ်ချစ်နေရှာတယ် ... ငါ့သား"

ဦးနဲ့ သူတို့သားအဖရဲ့ နောက်ကြောင်းရာဇဝင်ကို သိလိုက်ရပြီးတဲ့နောက်မှာတော့ စစ်တည်နိုင်ရဲ့စိတ်အာရုံတို့က ဟိုးအရင်အချိန်တွေကထက် အများကြီး ပို





ကြည်လင်သွားသလို ခံစားလိုက်ရသည်။ ဦးကိုလည်း အရမ်းသနားမိပါသည်။ ဒါကြောင့်မို့လည်း သူ့စိတ်ကိုတောင် သူ ဝန်မခံမိဘဲ ဝေဝေါဖြစ်မိနေဆဲ အတွေးအချို့ကို ဖေဖေ့ထံ ဖွင့်ဝန်ခံဖို့ သူ ဆုံးဖြတ်လိုက်မိတော့သည်။

"ကျွန်တော် ခုနက အဲဒါကိုပဲ စဉ်းစားနေခဲ့တာ၊ ဒီနေ့ ကျွန်တော့်ကြောင့် သူမျက်ရည်ကျလုလုဖြစ်သွားခဲ့တယ် ... အဲဒါ ကျွန်တော် ခုထိ တုန်နေနဲ့ ကျွန်တော်ဝန်ခံပါတယ် ဖေဖေ ... ဖေဖေ အမြော်အမြင်ကြီးကြီးနဲ့ ဒီအခန်းထဲမှာလာချိတ်ပြထားတဲ့ အဲဒီဓာတ်ပုံကို အဝင်ထွက်တိုင်းတွေမှာ တွေ့တွေ့နေရတော့ ကျွန်တော့်စိတ်တွေ အများကြီးပြောင်းလဲလာခဲ့ပါတယ် ...

ဒါပေမယ့် ကျွန်တော် ... သူ့ကို သိပ်သဘောကျလို့ လက်ထပ်ဖို့ရွေးချယ်ခဲ့တာ ... ခုဆိုရင် ကျွန်တော် သူ့ကို လုံးလုံးသဘောမကျနိုင်တော့ဘူး ... သူဟာ ကျွန်တော်ကြည့်မရတဲ့ ဆတ်ဆလူးဆယ်ကျော်လေးတချို့ထက် နည်းနည်းပဲပိုသာတော့တယ် ... ယောကျ်ားတစ်ယောက်ဆီက တစ်ခုခုကို သူက တဖြည်းဖြည်းနဲ့ ဆွဲယူသိမ်းပိုက်ဖို့ ကြံနေတာဖေဖေ ... ဒါ သဘောကျစရာလား"

"ဒါကတော့ကွာ"

ဝင်ပြီးဖြေရှင်းဖို့ ဟန်ပြင်လိုက်သော ဦးမြတ်

www.burmeseclassic.com

www.burmeseclassic.com



အောင်ကြီးကို စစ်တည်နိုင်က "ခဏဖေဖေ" ဟု လက်ကာပြထားလိုက်ကာ ...

"ကိုယ်တစ်စက်မှ သဘောမကျနိုင်တော့တဲ့ မိန်းကလေးဟာ ကိုယ့်စိတ်ထဲမှာ အမြဲနေရာယူပြီးရှိနေတာ မထူးဆန်းဘူးလားဖေဖေ ... အံ့သြစရာမကောင်းဘူးလား ... လက်ထပ်ဖို့အတွက် သဘောကျခဲ့တဲ့ မိန်းကလေးကို လုံးဝသဘောမကျနိုင်တော့ပေမယ့် ချစ် တော့ချစ်လာနိုင်သလား ဖေဖေ ... ကိုယ်သဘောမကျတဲ့မိန်းကလေးကို ချစ်နေမိပြီထင်တယ်လို့တွေးရတာ လန့်စရာမကောင်းဘူးလား ... ကံတရားက တစ်ချို့လူတွေကို ... တော်တော်ပြောင်လှောင်တာပဲနော်"

ဦးမြတ်အောင်က ကျေကျေနပ်နပ်ကြီးပင် ပြုံးလိုက်မိရင်းက ...

"မင်းက လူတော်တစ်ယောက်ပါသားရာ ... ဖေဖေ့စိတ်တွေနဲ့ မင်း ကြာကြာအချိန်ကုန်မခံပါဘူး၊ ဖေဖေသိပါတယ် ... ဖေဖေ့ကိုရှေ့ထားပြီး မင်းရင်ထဲမှာ မိန်းကလေးတစ်ယောက်ကို နေရာပေးကြည့်ရမှာများ လုံးလုံးမှနောက်မတွန့်စမ်းပါနဲ့ ... အချစ်ဆိုတာ အခြေအနေအကြောင်းကြောင်းနဲ့ တိုက်ဆိုင်လာတဲ့အခါမှာ နောက်ထပ် အသစ်အသစ်ထပ်ဖြစ်လာဖို့ သိပ်မခဲယဉ်းလှပါဘူးတဲ့ ... ငါ့အရွယ်နဲ့





ဒါတွေပြောနေရတာ သိပ်သူငယ်ပြန်ရာများကျနေမလား ... ဟား ဟား ဟား ဟား"

စစ်တည်နိုင်က ဦးမြတ်အောင်၏ ရှေ့မှာပင် ဦးမြတ်အောင်၏ခုတင်ဘက်မှ ခေါင်းအုံးကို ခပ်တည်တည်နှင့် ဖြုတ်ယူကာ ... ကိုယ့်ခုတင်အေးက စားပွဲတစ်ခုပေါ်သို့ ပြောင်းရွှေ့ထောင်တင်ထားလိုက်သည်။

✿ ✿

ကိုယ်နှင့် အတူပါလာသော ကောင်မလေးနှစ်ယောက်တို့ မင်္ဂလာဈေးကို ပတ်ချင်နေကြမှန်း သိသိကြီးနှင့်ပင် ဦးက ရုံးသို့ပဲ တန်းပြန်ဖို့ဆုံးဖြတ်လိုက်မိ၏။ ဦးတို့ကုမ္ပဏီမှတင်သွင်းသည့်စားသောက်ကုန်တချို့အတွက် အဓိကဖြန့်ချိရေးဒိုင်မှာ ဒီမင်္ဂလာဈေးမှဖြစ်သည်။ **Marketing Manager** တစ်ယောက်ဖြစ်နေသည့် ဦးမှာ မင်္ဂလာဈေးဒိုင်နှင့် အိမ်ဦးနှင့်ကြမ်းပြင် သွားလာနေရပေါင်းများတော့ ဦးက ပွဲလောင်လှုကျပ်သော ဒီဈေးကို သိပ်စိတ်မဝင်စားလှတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အလှည့်ကျ တစ်လှည့်စီပါလာရသော ကောင်မလေးများမှာတော့ အလုပ်ထဲတောင်မှ သိပ်စိတ်မဝင်စားလှဘဲ ဟိုနေရာကြည့်လိုက်လည်း သွားရေတမြားမြား ... ဒီနေရာကြည့်လိုက်လည်း တလှုပ်လှုပ် တရှုရှု။

"မဦး ရုံးပြန်မှာလား၊ (--)လမ်းသွားမှာလား"

"ရုံးပဲပြန်မယ်လေ"

"ဒါဖြင့် သမီးတို့ ဈေးပတ်ဦးမယ်လေ"

"ဟယ် ... ငါ့နယ် ပူရတဲ့အထဲ ... ပြီးတော့ အလုပ်ချိန်ကြီးအတွင်းမှာ"

"မဦးကလည်း မဦးပြီးရင်ပြီးပါတယ် ... ဒါတွေ ကမိုင်နာ့ပါ"

"ပူတာကတော့ မိုင်နာမဟုတ်ဘူးဟေ့ ... တကယ့်ကိုမေဂျာ ... အသားကုန်ပူနေတာ ... Heat stroke ရပြီး မေ့တောင်လဲကျနိုင်တယ်"

"ဒါဖြင့် တစ်နာရီပဲပတ်မယ် ... မဦး စားသောက်တန်းကစောင့်"

"ဘုရားရေ ... တစ်နာရီ ... သေရချည်ရဲ့ ... စားသောက်တန်းလည်း ပူတာပဲ"

"ဒါဖြင့် Asia Light ထဲမှာ Aircon နဲ့သွားစောင့်လေ ... ဟဲဟဲ"

မလိုက်လျှောပြန်ရင်လည်း ကောက်ချိတ်နေကြဦးမည့်ကလေးအရွယ်များမို့ ဦးက ကိုယ့်လက်ကနာရီကို





သူတို့မျက်စေ့ရှေ့မှောက် ထိုးပြလိုက်ကာ "နှစ်နာရီအတိ Asia Light ရှေ့မှာပြန်ဆုံမယ်" ဟု ဆုံးဖြတ်ပေးလိုက်ရတော့သည်။ အချိန်သိပ်မပေးတာကို ကျေနပ်ကြလှဟန်မရှိပေမယ့် ကလေးမလေးနှစ်ယောက်လုံး "အချိန်ရှိခိုက် လုံ့လစိုက်မှ" ဟု သဘောထားကြဟန်နှင့် ဦးကို မြန်မြန်ဆန်ဆန် ဖြတ်ဖြတ်လတ်လတ်ပင် ကျောခိုင်းသွားကြတော့သည်။

ဦးကတော့ ဈေးထဲကထွက် Car Stand မှာ ရပ်စောင့်နေရသော ကုမ္ပဏီက ကားဒရိုင်ဘာကို အအေးဗိုး မုန့်ဖိုး သွားပေးခဲ့ကာ Asia Light ဖက်သို့ကူးလာခဲ့ပါတော့သည်။ ဘာမှတော့ ဝယ်စရာ သိပ်မစဉ်းစားမိ။ ဒါပေမယ့် ဒီလို Mini Market မျိုးမှာဆိုတာက သွားရင်းလာရင်း လမ်းလျှောက်ရင်း ကိုယ့်အိမ်မှာလိုအပ်နေတာလေးတွေက မျက်စိထဲ ပေါ်ပေါ်လာကာ ဈေးဝယ်ဖြစ်သွားတာကများပါသည်။

ခြင်းလေးဆွဲကာ တစ်တန်းချင်း ကိုယ့်အတွေးနှင့်ကိုယ် လမ်းလျှောက်နေမိသော ဦးဟာ ခုနေများ (-) ကုန်တိုက်ကလူတွေ ကိုယ့်ကိုတွေ့သွားရင် "ကိုယ့်ကုန်တိုက်တော့ ကိုယ်ပြန်အားမပေးဘူး" ဟု အပြစ်တင်ကြတော့မှာပဲဟုတွေးကာ တစ်ယောက်တည်း ပြုံးနေမိသည်။ ဦးမှာသာ အဲဒီလောက်ကြီးပိုက်ဆံရှိရင် ဒီလိုဆိုင်မျိုးကြီး ဦးလည်း ဖွင့်ချင်သည်။ ဖြစ်သနာပါသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် မလွယ်လှဘူးနော် ... လူအမျိုးမျိုး စိတ်အထွေထွေမို့ ... ခိုးဝှက်ဖို့ကို အမိကထားပြီး လာတဲ့လူတွေတို့၊ ပိုက်ဆံပေးဝယ်ဖို့ဆုံးဖြတ်ချက်ရှိပေမယ့် ရုတ်တရက် လှစ်ခနဲပေါ်လာတတ်တဲ့ "သူခိုးစိတ်"လေးကို မထိန်းနိုင်ဘဲ အလစ်မှာယူဝှက်လိုက်မိတတ်တဲ့လူတို့နှင့် ကြပ်ကြပ်မတ်မတ်သာ မလုပ်နိုင်ရင် ဆိုင်ပြုတ်ဖို့ပဲရှိမည်။ ဒါကြောင့်မို့လည်း များသောအားဖြင့် ဗီဒီယိုကင်မရာနှင့် အသေချိန်ထားရတာတို့ ... မှန်ဘီလူးခုံး ကြေးမုံအဝိုင်းကြီးတွေ နေရာတိုင်းတပ်ထားရတာတို့တွေ ဖြစ်လာရတာပေါ့။

တွေးရင်းနှင့် မှန်ဝိုင်းကြီးတစ်ခုဆီ မျက်လုံးရောက်သွားမိသော ဦးမှာ မျက်မှောင်လေးကုပ်ကျသွားမိရပါသည်။ ဟင် ... ဟိုလူဟာ ... ။

အလွန်မြင်ဖူးကာ စိတ်ထဲမှာ ရင်းနှီးနေသော ရုပ်အင်္ကျီအပြာကွက်နှင့် ကချင်ပုဆိုးတို့မှာ ဦးစိတ်ကို လှုပ်လှုပ်ရှားရှားကြီးဖြစ်သွားစေပါသည်။ ဒါ ... ဒါ ... ။

ဦးက မှန်ဝိုင်းကြီးဆီသို့ ပြန်ကြည့်လိုက်မိသည်။ ဦးရဲ့နောက်ကျောဖက်ဆီမှာ သူရောက်နေရတာကို အခွင့်ကောင်းယူပြီး ဦးကို တစ်ချိန်လုံးကြည့်နေဟန်တူတဲ့ ထိုအပြာကွက်နှင့် ကချင်ပုဆိုးဟာ ဦးက လှမ်းကြည့်လိုက်တာနဲ့ ဘေးနားက ပစ္စည်းစင်တစ်ခုဆီ ခပ်မြန်မြန်လှည့်လိုက်တာမြင်တော့ ဦးက နှုတ်ခမ်းလေးကို အသာကိုက်လိုက်မိပါသည်။ သူ ဘာလုပ်နေတာလဲ ... မှန်ဝိုင်းကြီးအတွင်းမှ လှမ်းကြည့်ရတာမို့ ခပ်သေးသေးနှင့် ရုပ်ခပ်ဆိုးဆိုးဖြစ်နေပေမယ့် ... ကိုယ့်နှလုံးသားကို ကိုယ်ပြန်မြင်နေရသလိုမျိုးဖြစ်နေရတဲ့ ဦးအဖို့ကတော့ ကြည့်မိလေလေ ထပ်ကြည့်ချင်လေလေ။

ဒီနေ့ သူ အော့ဖ်ရသော တနင်္လာနေ့ပါ။ သူဟာ တိုက်ဆိုင်စွာပဲ **Asia Light** မှာ ဈေးလာဝယ်ခဲ့တာပဲလား။ ဒါဖြင့် သူလည်း ကိုယ့်ကုန်တိုက်ရဲ့သစ္စာဖောက်ပဲပေါ့။ ဒီနေရာမှာ ဦးဆက်ရပ်နေသရွေ့ အဲဒီစင်ကပစ္စည်းအချို့တို့ကိုပဲ သည်းမည်းကြည့်နေတော့မှာ သေချာသည့်သူ့ပုံစံကြောင့် ဦးက မျက်မှောင်ခပ်ကုပ်ကုပ်နှင့်ပင် ရှေ့ဆက်လှမ်းခဲ့ပါသည်။

သူ ဦးနောက်က ပါလာမည်။ ဦးသိသည်။ ဘာလုပ်နေတာလဲ ... ဘာလိုက်လုပ်နေတာလဲ။ ခေါ်ချင်လည်းလှမ်းခေါ်လိုက်ကွာ ... ။ ဦးနဲ့သူဟာ စကားစမြည်ပြောလို့ရတဲ့အခြေအနေပဲမဟုတ်လား။ ဦးကတော့ စ,မခေါ်တော့ဘူးနော် ... ဦးမှာ အလိုက်သင့်ကြည့်နေတတ်တဲ့အရည်အချင်းကောင်းတစ်ခုရခဲ့ပြီ။ ပြီးကျတော့ ဟိုတစ်နေ့က လိန်လိန်နှင့်ပတ်သက်ပြီး ဦးကို သူအသုံးချချင်ခဲ့တာကိုလည်း ဦးက (ပြုစုစိတ်ကောက်လို့ရသည့်သူမဟုတ်မှန်း သိပါရက်) သိပ်မကျေနပ်ချင်သေးဘူးလေကွယ်။

ဦးက စည်သွပ်ဘူးနှင့် စားသောက်စရာများထားသော အတန်းဆီသို့ ကူးလိုက်ပြန်သည်။ ကြည့်နေ







www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်အသည်းယားစရာကောင်းတဲ့လူကို ဦးလုပ်ပြဦးမယ်။

စည်သွပ်ဘူးအတန်းမှ ... ဟိုးဖက်တစ်ဖက်စွန်းက အရက်ပုလင်းဘီရိုရှိတဲ့အတန်း ... အဲဒီကမှ နောက်ဆုံးဖက်လှေျာက်သွားပြီး အအေးခန်းများနှင့်ထားသော ပစ္စည်းအတန်း ... အဲဒီကမှ ကလေးအသုံးအဆောင်အတန်း ... အရုပ်အတန်း ... ပြီးတော့ ဖိနပ်တန်း ... အဲဒီကမှ ရှေ့ပြန်ထွက်လာပြီး ဗီဒီယိုခွေတွေနား ... ။

ဟာဟ ... တော်တော်လျှပ်စီးလက်တဲ့မိန်းမလို့ တွေးနေလောက်ပြီထင်တယ်။ ဦးသာ ဆိုင်ရှင်နှင့်အရောင်းစာရေးမလေးများဆိုရင်တော့ သူ့လို ဘာမှမဝယ်ဘဲ တစ်တန်းပြီးတစ်တန်းကူးနေသူကို အဓိကထားပြီး စောင့်ကြည့်နေတော့မှာပဲ။ ကဲလေ ... လိုက်ဦးမလား။ ဦးကတော့ လူပီပီ ပြေးနေတဲ့လူတစ်ယောက်နောက် လိုက်ခဲ့ရတာကို စိတ်မောလှပြီဖြစ်ရာ ... ကိုယ့်နောက်ပြန်လိုက်ပြီဆိုတဲ့ အခါမှာတော့ မီးအဆုံးမြေအန္တ ... ခြေမညောင်းမချင်း စိတ်မပန်းမချင်းပြေးနေတော့မှာပဲဆရာ ... ။

ဘာလိုက်လုပ်နေတာလဲဟင် ... ။ ဦးသိချင်ပါတယ် ... ။ တစ်စုံတစ်ရာအပြောင်းအလဲများ ရှိနေပြီလား။ အားနာမှုတစ်ခုအတွက် တောင်းပန်လိုခြင်းသတ်သက်လား။ ဦးသိပြီး ပြေးနေပြီဆိုတာလည်း သူသိမှာပါ။ တစ်ခါတစ်ရံမှာ စိတ်ရှုပ်သလို မှုန်သွားတတ်ပေမယ့် ... တစ်ခါတလေတော့ ရယ်ချင်ချင်နဲ့ ခပ်ရှက်ရှက်ဟန်ဆောင်





နေတဲ့ သူ့မျက်နှာအမူအရာကို ဦးက ဘယ်လိုပညာသားပါပါ သရုပ်ခွဲကြည့်ရမလဲ။ ကဲ ... ပြောပါဦး။ ဦးတော့ စိတ်ပျော်တိုင်း လူပါအရည်ပျော်ကျရမည်ဆိုရင် ... ဒီဆိုင်ထဲမှာ ဦးမရှိတော့ဘဲ ကြမ်းပြင်ပေါ်မှာသာ အရည်ကွက်ကြီးတစ်ကွက်ဖြစ်ကျန်နေရစ်တော့မှာနော်။

"မဦး"

"ဟင်"

"သမီးတို့ကဖြင့် မဦးမှာတဲ့အတိုင်း အရောက်ပြန်ပြေးလာတာ ... မဦးက ဒီမှာမပြီးသေးဘူးလား၊ ဒီလိုမှန်းသိ စိတ်ကြိုက်ထပ်ပတ်ပါတယ်"

ကလေးမလေးများတောင် ဈေးထဲမှပြန်ထွက်လာပြီး Asia Light ထဲ ဝင်လာကြပြီ။ လက်ကနာရီကို ကြည့်လိုက်တော့ နှစ်နာရီခွဲ။ ပြေးရင်းလွှားရင်း ရင်ခုန်လိုက်မောရင်း အချိန်တွေဟာ ဘယ်လိုများကုန်ဆုံးသွားခဲ့ပါလိမ့်။

"ဟယ် ... ဟိုမှာ ... ဟိုဖက်ကုန်ပဒေသာတိုက်ဘက်ကမန်နေဂျာ"

ကလေးမလေးတစ်ယောက်၏အပြောကို ကျန်တစ်ယောက်က လက်ကုတ်ဟန့်တားလိုက်ကာ "အဲဒါ" ဟုပြောရင်း ဦးဘက်မေးငေါ့ပြလိုက်တာပါ မြင်လိုက်ရသည်။ ပထမကလေးမ ဝုတ်ကလေးပု လျှာလေးပါထွက်သွားချိန်မှာ ဘာမှဝယ်မထားသော စိတ်တည်နိုင်ကာပဲ အရင်အပြင်



www.burmeseclassic.com

www.burmeseclassic.com



သို့ပြန်ထွက်သွားတော့သည်။

ဦးကတော့ ကိုယ်ဝယ်ထားသည့်စာရင်းတွေကို ရှင်းနေရသေးသဖြင့် ချက်ချင်းအပြင်လိုက်မထွက်နိုင်သေး။ ခဏကြာမှ ကလေးမလေးများနှင့်အတူ ထွက်လာနိုင်တော့သည်။

"သမီးတို့ကတော့ မဦးကို အပြင်မှာမတွေ့တော့ စိတ်တိုပြီးများ ပြန်သွားပြီလားလို့"

"ခုတော့ စိတ်မတိုပါဘူးနော် ... မဦးက သမီးတို့ ပေါ်မလာသေးလေ ကြိုက်လေ မဟုတ်လား ... ဟို ... ဟို ... Asia Light ထဲမှာပတ်လို့မဝသေးတာကိုပြောတာ ... ဟီဟိ"

ကောင်မလေးများမှာ ပြုံးယောင်ယောင်မျက်နှာတစ်ခုနှင့် အဖြေထွက်မလာသော ဦးကို ရှိန်ခြင်းကြောက်ခြင်းတစ်စက်မှ မရှိကြတော့ဘဲ ကလေးမလေးများပီပီ ရဲရဲတင်းတင်းပင် စနောက်ချင်နေကြတော့သည်။

ဦးမှာတော့ ဒင်းတို့လေးတွေ မရိပ်မိအောင် မျက်နှက်ဆန်လေးကို အသာဝှေ့ဝဲပြီး ဟိုတစ်ယောက်ကို ရှာနေမိတာ ... ကိုယ့်ကားနားသို့သာ ကိုယ်ပြန်ရောက်လာခဲ့ပါရော ... ။

"Invisible man ကွ ... ကိုယ်ပျောက်လူသားပဲဖြစ်မှာ"

"ဘယ်ကလာ ... ဒီလောက်လုစ်ခနဲမြန်တာ Super man ပါ"

"ကဲ ... ကဲ ... မချောလေးတွေ ကာတွန်းရုပ်ရှင်တွေအကြောင်း ငြင်းနေကြမယ့်အစား ... ကားပေါ်မြန်မြန်တက်ကြရင် အပူသက်သာလိမ့်မယ်ထင်တယ်"

ဦးက တစ်ချက်ဟန့်လိုက်တာတောင် ကားပေါ်ရောက်ကြသည်အထိ ကွစိကွစိ ... ။ မကြားတကြားတီးတိုးသံလေးတွေနှင့် ... ။

"ချိန်းထားတာ ... လောင်းမလား"

"လုံးဝမဟုတ်ဘူး ... တိုက်ဆိုင်တာ"

"တိုက်ဆိုင်တာဆိုရင်တော့ လွန်လွန်းပါတယ် ... တစ်နေ့ရာတည်း ကွက်တိမှာမှ လာဆုံနေရလား"

ပကျိပကျိအသံလေးတွေကြားမှာ ဦးလည်းသိချင်လာရသည်။ တကယ်ပဲ တိုက်ဆိုင်ဆုံတွေ့ခဲ့ရတာလားကွယ်။

ဒါပေမယ့် ညနေဖက်ရောက်တော့ ဦးအဖြေပေါ်သွားပါသည်။ ဖယ်ရီပေါ်မှာ မမမွန်က ပြုံးစေ့စေ့မျက်နှာနှင့် ...

"အဆင်ပြေလားဟေ့"

"ဘာကိုအဆင်ပြေရမှာလဲ မမွန်ကလည်း"

"မသိပါဘူး ... ကိုယ်တို့ကတော့ လက်စွမ်းညွှန်လိုက်တာပဲ ... အလုပ်ဖြစ်မဖြစ်ကတော့ ကုသိုလ်

www.burmeseclassic.com



ကံပေါ့"

ဦးတို့ မင်္ဂလာဈေးသွားရတာ မမွန်သိပြီး သူ့ကိုပြောပြလိုက်တာပေါ့ ... အဲဒါဆို တမင်သက်သက်ကို လိုက်ချလာတာပေါ့ ...။ ဘာကြီးလဲ ... လူကို ပဟေဠိတွေနဲ့ စိတ်ညစ်ရအောင်မလုပ်ပါနဲ့ကွယ်။ ဦးက မျက်နှာနီနီနှင့် အဖြေပြန်မပေးသောအခါ ညနေအိမ်အပြန် ဖယ်ရီပေါ်မှာ မမွန်ရဲ့အသံက လိုအပ်တာတွေထက် ပိုပြီးညံစာစည်ကားနေတော့သည်။

❁ ❁

ဖယ်ရီပေါ်က ဆင်းဆင်းလိုက်ချင်းမှာပင် ဦးတို့ရဲ့လမ်းသွယ်ထဲက ပြန်ထွက်လာသည့် ကားတစ်စင်းကို မြင်သည်။ ဖယ်ရီက ပါရမီလမ်းမကြီးပေါ်အထိပဲပို့ပေးတာမို့ ဦးမှာ အမြဲတမ်းလမ်းသွယ်ထဲသို့ လမ်းလျှောက်ပြီး ဝင်ရပါသည်။ ဒီနေ့တော့ နည်းနည်းလည်းနောက်ကျ နေညိုနေပြီမို့ ခပ်သုတ်သုတ် လျှောက်အဝင်မှာ လမ်းသွယ်ထဲက ထွက်လာသော ထိုကားကို မြင်လိုက်ရခြင်းဖြစ်၏။





၁/က နံပါတ် ISUZU TROOPER အဖြူရောင်လေးဟာ ဦးနှင့် အကျွမ်းတဝင်မရှိလှပါ။ သို့သော် ကားပေါ်မှ ကားမောင်းသူနေရာမှ လူကိုတော့ကား အမြတ်မှာ လှစ်ခနဲမြင်လိုက်ရပြီး ဦးက ... ဇဝေဇဝါဖြစ်သွားရသည်။ အော် ... ISUZU TROOPER ဟာ ဦးလေးဦးမြတ်အောင်တစ်ခါတလေ စီးတတ်တဲ့ကားပဲ။ ခုမှသတိရသည်။ ဦးလေးများ အိမ်လာလည်တာလား။

မဟုတ်ပါဘူး ... ကားမောင်းသူနေရာမှလူကို လှစ်ခနဲသာမြင်လိုက်ပေမယ့် အဘိုးကြီးပုံစံမဟုတ်ပါဘူး ... လူငယ်ပါ။ ဒါဖြင့် ... ။

ဦးက ခြေလှမ်းတွေကို ရပ်တန့်ကာ နောက်ပြန်လှည့်ကြည့်လိုက်ပေမယ့် ကားအဖြူလေးက ဦးမြင်ကွင်းထဲမှာ ရှိမနေတော့ပါ။ ကိုယ်သွားရမည့်လမ်းအတိုက် ခြေဦးပြန်လှည့်လိုက်ပြီးတာနှင့် တဒိတ်ဒိတ်အခုန်မြန်လာသော နှလုံးသားနှင့်အတူ ဦးရဲ့ခြေလှမ်းတို့ကလည်း ပြေးမိမတတ် မြန်ဆန်လာကြသည်။

တစ်ခုခုတော့ တစ်ခုခုပဲ ... အဲဒါ သူမှသူပဲ ...။ ဦးရဲ့ဖယ်ရီက ကွေ့ပတ်ပို့နေရလို့ ခုမှ ဦးက အိမ်ပြန်ရောက်ပေမယ့် ... အလုပ်ကို အမှေကားယူလာရင်လည်း ယူလာမည်ဖြစ်သော သူကတော့ ဦးထက် နောက်ကျမှ အလုပ်ဆင်းရရင်တောင် ... ဦးထက်အရင် ဒီကိုရောက်နေ[illegible]င်တာပေါ့။

www.burmeseclassic.com



လမ်းမှာ ဟတ်ထိုးကြီးလဲကျမတတ် နစ်ကြိမ်ဖြစ်ပြီးသွားတဲ့နောက် ဦးက ငိုချင်လာမိသည်။ ဦးကို ဝေဒနာမပေးပါနဲ့ကွယ်။ ဟိုးတစ်နေ့က မင်္ဂလာဈေးမှာ တစ်ကြိမ် ဘာလုပ်မှန်းမသိ လုပ်သွားပြီးမှ ပြန်ငြိမ်နေခဲ့တဲ့လူဟာ ဦးရဲ့စိတ်အခြေအနေတွေ ပြန်အနည်ကျလာခါနီးမှ တစ်ခါထ လှုပ်ရှားစေတာကတော့ ... ရက်စက်လွန်းရာကျနေပါတယ်ကွယ်။

သူ ဘာလုပ်ချင်နေတာလဲဟင်။ ဦးကတော့ သူ့ကို ဘာမှထပ်မလုပ်ချင်တော့ပါဘူးနော် ...။ ဦး ဘာမှမကြိုးစားတော့ဘဲ သူ့မျက်နှာကို မြင်ရရုံ အခွင့်အရေးတစ်ခုနဲ့တင် ရပ်တန့်ထားလိုက်တာကြာပါပြီ။

"တီ"

နောက်မှ ကားဟွန်းသံတစ်ခုကြောင့် ဦးက "အမလေး" ဟုတောင် ထ,ယောင်လိုက်မိကာ ... သရဲတစ်ကောင်ကိုမြင်ရတော့မည့်အလား နောက်သို့ ဖြေးညင်းစွာလှည့်ကြည့်နေဆဲ တံခါးဖွင့်သံ ... တံခါးပြန်ပိတ်သံတို့နှင့်အတူ ...

"ဟဲ့ ... ဦး လမ်းမအလယ်ကြီးမှာ ဘာစိတ်ကူးပေါက်နေတာလဲ"

သူ့အလုပ်ထဲမှ လိုက်ပို့ဟန်တူသော ကားပေါ်မှ မော်လီက ဆင်းချလာ၏။ ဦးမှာ ခုမှ သက်မကြီးတစ်ခုကို ရှူးခနဲချလိုက်မိကာ အဲဒီကားပြန်ထွက်သွားမှ ခြေလှမ်းကိုပြန်စရဲသည်။

"နင် လမ်းလျှောက်နေပုံက ခါးကနေ ခြေထောက်ထိက နောက်မှာကျန်ရစ်ပြီး ခါးအထက်ကနေ ခေါင်းထိပ်ထိက ရှေ့တစ်လံလောက် ကြိုရောက်နေတာ၊ ဒီလိုပုံကြီးဖြစ်နေပြီ"

မော်လီက သူ့ဘာသာလုပ်ပြ ... သူ့ဘာသာ ရယ်နေရင်း ဦးက လိုက်ရယ်မလာသောအခါမှာ ဦးဘက်ထိတ်လန့်တကြား လှည့်ကြည့်သည်။

"ဟဲ့ ... နင် ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ဘူး ... ဒါပေမယ့် ငါ အိမ်အမြန်ရောက်ချင်နေတယ်"

"နင့်နောက်က ဘယ်သူလိုက်နေလို့လဲ"

မော်လီက တကယ်ပင် နောက်လှည့်ကြည့်ပြီး အတပ်ဟောဗေဒင်ဆရာတစ်ယောက်ရဲ့ ပိုင်နိုင်သောမျက်လုံးထားနှင့် ...

"နင် စစ်တည်နိုင်နဲ့ ဘာဖြစ်ခဲ့သလဲ"

ငိုချက်ရက်လက်တို့ဖြစ်နေသော ဦးခမျာ အဲဒီမေးခွန်းလေးကိုပဲ ဆက်လက်မမျိုသိပ်နိုင်အောင် တုန်ယင်ကာ ...

"သူ ... သူ ဒီလမ်းထဲလာသွားတယ်ထင်တယ် ငါတွေ့လိုက်တယ်"

"ဒါများ ... ကိုစွရှိရင်လာမှာပေါ့ ... လမ်းထိပ်

www.burmeseclassic.com



ကနေ နင် ဂိုက်စခတ်ထားတဲ့လမ်းမှမဟုတ်တာ …
ဒါမှမဟုတ် ကားနဲ့ဆိုရင် ဦးလေးများလာတာလား၊
ကားနဲ့လား"

"မဟုတ်ဘူး … သူမှာ့သူအစစ်"

"အဲတော့ ဘာဖြစ်လဲဟယ် … အရေးမပါတာ
… လာပါ"

"နင့်ကို ငါပြောခဲ့တယ်လေ … ဟိုတစ်ခါ မင်္ဂလာ
ဈေးမှာတုန်းကလည်း"

"ဦး … ငါကတော့ နင့်ကို သိပ်စိတ်ကူးမယဉ်စေ
ချင်ဘူး"

မော်လီ့နောက်ဆုံးစကားကြောင့် ဦးမှာ တစ်
ါတည်း နှုတ်ပိတ်ကျသွားရပါတော့သည်။ ဦးတို့ ခြံရှေ့
လာက်အထိ စကားသံတိတ်သွားကြသော နှစ်ယောက်သား
လုံး ခြံထိပ်မှာ မတ်တပ်ရပ်မိကြသည်ဆိုရင်ပဲ နှစ်ဦးလုံး
ျိုင်တူ …

"ဟဲ့ … ဦး"

"မော်လီ … မော်လီ … ဟို … ဟိုမှာ"

ဦးတို့ခြံရှေ့မှာ ချိတ်ဆွဲထားသော စာထည့်ရန်
းကလေးထဲမှာ စာတစ်စောင်ကို ထောင်ရက်သားမြင်လိုက်
ကြရသည်။ မော်လီက ခြံတံခါးသော့ကို ဖွင့်နေဆဲ ဦးက
ဘုံးလေးထဲက စာကို ခုန်အုပ်မိမတတ် လှမ်းယူလိုက်သည်။

"မြေပြိုပါမယ် … ဖြည်းဖြည်းယူလည်းရပါတယ်"





"နင့်အလှည့်ကျမှ စလိုးမိုးရှင်းနဲ့ယူ … ငါကတော့
မြန်မြန်ပဲ"

"ခြံဝကြီးမှာ ရပ်ဖတ်မနေနဲ့ … တံခါးဖွင့်ပြီးပြီ၊
အိမ်ထဲထိရောက်အောင်လာဦး … ကြိုဖူးပါဘူးတော်"

"နင်မှမချစ်ဖူးတာ"

မော်လီက "ဟင်း" ဟု အသံထွက်ရှုံ့ချလိုက်
သော်ငြား သူ့အလုပ်ခြင်းတောင်းလေးကို ညှပ်ခန်းကစားပွဲ
ပေါ်တင်လိုက်ပြီးတာနဲ့ ဦးနှင့်အတူ စာရွက်လေးကို ခေါင်း
ျင်းဆိုင်တိုးဖော့ပြီး လာဖတ်နေတော့သည်။

"ကိုယ် သောကြာနေ့တွေ ဘုရားမရောက်ဖြစ်တော့
ဘူး … တနင်္လာနေ့ကို ပြောင်းလိုက်ပြီ"

"ဟင်း … ဒါ ဘာများလွမ်းလောက်သလဲ …
တနင်္လာနေ့ကိုပြောင်းတိုင်း တနင်္လာသမီး ဦးက ဝမ်း
သာအားရ ထ,ကရတော့မှာလား … တနင်္လာထောင့်
မှာ လှူဒါန်းပူဇော်ပေးပါတယ်ဆိုရင်တောင် ဒါစဉ်း
စားရဦးမယ့်ကိစ္စ"

ဦးမှာ ပီတိပဲဖြစ်ရတော့မလိုလို … ဝမ်းပဲ
နရတော့မလိုလိုဖြစ်သွားရာက မော်လီ့စကားများကြောင့်
စိတ်နူးစိတ်တွေတောင် ပျောက်လွင့်သွားရသည်။

"မော်လီရယ် … ဒါဘာသဘောလဲဟယ်"

"နင်က သူ့ကို ကစားနေတယ်လို့ သူထင်လို့
ပြန်ကစားတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါက ကစားတာမှမဟုတ်ဘဲ ... ငါ့လုပ်ရပ်တိုင်းဟာ သူ့ကိုချစ်မိလို့ပါ"

"ဒါ သူဘယ်လိုလုပ်သိမလဲ ... အဘိုးကြီးကတော့ ရိပ်မိရင် ရိပ်မိမှာပေါ့ ... ဒါပေမယ့် ရိပ်မိတိုင်းလည်း သူ့သားကို ပြန်ပြောချင်မှာပြောမှာပေါ့"

"သူက သိပ်တည်ငြိမ်ပြီး အေးအေးဆေးဆေးပဲနေချင်တာ ... ဒါမျိုး ရှုပ်တီးရှုပ်ယှက် ဘာအကျိုးမှမရှိဘဲ လုပ်ရပြီးရောဆိုတာမျိုးတွေ သူမလုပ်တတ်ပါဘူး"

"ဦးရယ် ... နင်ဖြစ်စေချင်တာက ... သူလည်း နင့်အပေါ် နင့်လိုပဲဖြစ်လာပြီမျှားလားလို့ တွေးချင်တာမဟုတ်လား ... စဉ်းစားနော် ... မင်္ဂလာဈေးတုန်းကရက်ရယ် ... ခုတစ်ကြိမ်ရယ် ... ကြားတည်းမှာ သိပ်ကွာနေတယ် ... နင် မေ့လောက်မှ တစ်ကြိမ်ထ,ထလှုပ်ပေးနေတာမျိုး ဖြစ်နိုင်တယ်နော်"

မော်လီက ဦးမျက်နှာကို လှမ်းကြည့်လိုက်ကာ မှ့စကားသူပြန် ဘရိတ်အုပ်ရပ်တန့်လိုက်ရင်းက ...

"အေးလေ ... နောက်တစ်ကြိမ်ကို စောင့်ကြည့်ကြသေးတာပေါ့"

"နောက်တစ်ကြိမ် ရှိဦးမယ်လို့ နင်ထင်သေးတယ်ပေါ့"



"အဲဒါတော့ ထင်ပါတယ် ... ကြားတည်းမှာသာ ဘယ်လောက်ကြာမလဲ မသိတာ"

"မကြာရင်ကော"

"မကြာရင်တော့ အကောင်းဆုံးပေါ့ဟ ... ဒါပေမယ့် ငါကတော့ 'ဦးကို ကိုယ်ချစ်တယ်' ဆိုတဲ့စကားကို နင်ကတစ်ဆင့်ပဲဖြစ်ဖြစ် ... ငါ့နားနဲ့ ဆတ်ဆတ်မကြားရမချင်း၊ မျက်စိနဲ့စာကို မဖတ်ရမချင်း သိပ်စိတ်ဝင်စားစရာမရှိဘူးလို့ပဲ ထင်တာပါပဲ"

မော်လီက နောက်ဖေးဘက်သို့ ထ,ထွက်သွားသောအခါ ဦးက စာရွက်လေးကိုဖွင့်ပြီးနောက် တစ်ကြိမ်မြန်မြန်ထပ်ဖတ်ကြည့်လိုက်သည်။ အဲဒီလိုရေးလိုက်တော့ တနလ်ာသမီး ဦးက ဘယ်လိုမှ ငြိမ်မနေနိုင်အောင်ခံစားရင်ခုန်ရတာပေါ့ ကိုနိုင်ရယ်။ ကိုနိုင် ဘာကိုလိုချင်နေခဲ့တာလဲ။

ထာဝရ အနိုင်ယူလိုမှုအတွက်ဆိုလည်း ဦးက ပေးဆပ်လိုက်ဖို့ အဆင်သင့်ပဲနော် ... ဒါမှမဟုတ် တနလ်ာနေတိုင်း ... တနလ်ာထောင့်မှာ ရည်စူးရည်ရွယ်မှုတစ်ခုရှိနေခဲ့ပြီဆိုရင်တော့ ဦးက ရူးလုအောင် ပျော်မိတော့မယ်နော်။

●●

www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်ကုန်တိုက်ဆီမှ အလုပ်သမားကောင်လေးတစ်ယောက် ကြီးမားခန့်ထယ်လှသော ပန်းစည်းကြီးတစ်စည်းကိုကိုင်ကာ ရုံးခန်းထဲဝင်လာခဲ့သဖြင့် ဦးတို့ရုံးခန်းထဲမှ မိန်းကလေးများအားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။

ကုန်တိုက်ရဲ့ အောက်ဆုံးထပ်မှာ ကုန်တိုက်မှကောင်တာသုံးခုစာလောက်နေရာလေးကို ကွက်ကွက်လေးယူထားပြီး ပန်းစည်း၊ ပန်းခြင်း၊ ပန်းအစို ပန်းအခြောက်များ ... ပန်းကပ်ပန်းချီများ ရောင်းချသောဆိုင်ငယ်လေးတစ်ခုရှိသည်လေ။ ထိုဆိုင်လေးဟာ ကုန်တိုက်ပိုင်ရှင်နှင့်မဆိုင် ... ဆိုင်ခန်းနေရာ ငှားဖွင့်သည့်သဘောဖြစ်ပါသည်။ မြန်မာပြည်တွင်းမှ ပန်းများရော ... Thai Air Line လေကြောင်းခရီးမှတစ်ဆင့် သယ်ဆောင်လာသော နိုင်ငံရပ်ခြားမှ ပန်းအစိုအခြောက်များနှင့်ပါ တန်ဆာဆင်ရောင်းချသော ထိုဆိုင်လေးကို ကုန်တိုက်မှရော ဒီဘက်ရုံးမှပါ မိန်းကလေးများက မြင်မိရင် နှစ်ခါပြန်မကြည့်မိကြသူမရှိ။ မိန်းကလေးဆိုတာက ကိုယ်တိုင်မပန်ရင်တောင်မှ အလှအပဆို မြတ်နိုးတတ်ကြသူချည်းပဲလေ။

"ဟော့ ... မောင်ထူး ... ဘာလဲဟော့ ... အစည်းအဝေးရှိလို့ မန်နေဂျာအစ်မကြီး မှာထားတာလား"

"မဟုတ်ဘူးခင်ဗျာ ... ဒီဘက်ကရုံးမှ ကံထူးရှင်ကလေးတစ်ယောက်အတွက် ဟိုဘက်ရုံးမှ ပါးလိုက်





သော Flower Delivery လက်ဆောင်မွန် ပန်းစည်းကြီးပဲ ဖြစ်ပါတယ်ခင်ဗျာ"

"ဟေး ... အိုး ... အား" ဟူသောအသံများ နေရာအနှံ့မှ ထွက်ပေါ်လာကြသည်။ အမေရိကန်ရုပ်ရှင်တွေထဲကလို "ဝေါင်း" ဟု အော်သူကလည်း မရှား။ မန်နေဂျာအစ်မကြီးပင် ... ကျယ်လောင်လှသော အသံဗလံများကြောင့် သူ့ရုံးခန်းထဲမှ အပြင်သို့ထွက်ပြီး လာကြည့်ရသည်အထိ။

ငပြောင်လေးတစ်ယောက် ဖြစ်ဟန်တူသော မောင်ထူးကလည်း ပန်းစည်းကြီးကို ကလေးမငယ်လေးများရှိရာ တစ်စားပွဲမှတစ်စားပွဲသို့ ကူးပြောင်းကာ နှာခေါင်းတွေနား လိုက်လိုက်ကပ်ပေးပြီး "အနံ့ပဲရှူ ... အဲဒီလောက်ပဲရမယ်" ဟု လိုက်နောက်နေသဖြင့် "တဝေးဝေး ... တဝါးဝါး" အော်ဟစ်သံများက ပိုမိုဆူညံလာသည်။

ဦးတို့လို မောင်ထူး တက်မနောက်မစရဲသည့် အကြီးပိုင်းက တချို့တောင် ခပ်ပြုံးပြုံးနှင့် ပန်းစည်းသွားရာနောက် လိုက်ပြီး မျက်လုံးစိုက်နေမိကြသည်။

လူတစ်ယောက် တစ်ဖွဲ့ခန့်ရှိသော ပန်းစည်းကြီးမှာ နှင်းဆီ အနီ၊ အဝါများရယ် ... တောင်ကြီးပဲ... ခရမ်းအဖြူကြားအချို့ရယ် ... နိုင်ငံခြားမြက်ရှည်... ရယ် စပ်ထိုးထားကာ ကြည်လင်တောက်မတ်နေသော ဝလတ်စတာစ်အကြည်ပါးတစ်ထပ်နှင့်ပတ်ပြီး ဖဲကြိုးအနီကြီးနှင့်



www.burmeseclassic.com

စည်းထားတာမို့ ... ပန်းမကြိုက်တတ်ပါဘူးဆိုရင်တောင် မှ စိတ်ဝင်စားစရာ ... ကိုယ်သာလက်ခံရမည်ဆိုရင် ပျော်စရာကြီးလိုဖြစ်နေရသည်လေ။

"ကဲ ... ဆရာလေးရေ ... ကျွန်မရုံးခန်းလည်း ရှည်လှပါပြီ"

မန်နေဂျာအစ်မကြီးက ခပ်ဆတ်ဆတ်အော် ထည့်လိုက်တော့မှ ကလေးမလေးများထံမှ အသံဗလံများ ငြိမ်ကျသွားကာ မောင်ထူးကလည်း မန်နေဂျာအစ်မကြီးထံသို့ ဦးတည်ကာ အပြေးပင်လှမ်းသွားလိုက်ပြီး ...

"သည်းခံပါခင်ဗျာ ... ဒီပန်းစည်းကြီးဟာ အစ်မကြီးအတွက်ပါ"

တစ်ရုံးခန်းလုံး အံ့အားသင့်သွားကြပြီး အိမ်ထောင်သည်တစ်ယောက်ဖြစ်သော မန်နေဂျာအစ်မကြီးပါ "ဟော"ခနဲ အံ့သြသွားချိန်မှာ ...

" ... လို့ ကျွန်တော်က မပြောချင်ပါဘူးခင်ဗျ၊ အမှန်တကယ်ကတော့ ဟောဟိုစားပွဲက Marketing Manager မဦးအတွက်ပါတဲ့ခင်ဗျာ"

ရယ်သံများ တအုံးအုံးထွက်ပေါ်လာပြီး မန်နေဂျာအစ်မကြီးဆီမှ "ကောင်နာကလေး" ဟူသော အသံနှင့်အတူ ဦးမှာ ပါးစပ်အဟောင်းသားဟကာ ကြက်သေသေသွားရပါသည်။ ဦးရဲ့အံ့သြမှုဟာ ခုနက ဟိုအစ်မကြီး အံ့သြသွားရတာထက် ဆယ်ဆလောက်ပိုမည်ထင်သည်။



အဟုတ်ပါပဲ ... ဒီတစ်ခါတော့ မောင်ထူးဟာ လုံးဝနောက်ပြောင်နေတာမဟုတ်။ လက်ခံရရှိကြောင်း လက်မှတ်ထိုးပေးလိုက်ရပြီး ပန်းစည်းက ဦးစားပွဲပေါ်မှာ ကျွန်ရစ်သည်အထိ ဦးမှာ အရှိန်မပြေနိုင်အောင် အံ့သြနေမိဆဲ။ စပ်စုစူးစမ်းလိုကြသော ကလေးမအချို့ ဦးစားပွဲနားရောက်လာကြချိန်မှာ မန်နေဂျာအစ်မကြီးက "ကောင်မလေးတွေ ကောင်မလေးတွေ" ဟုသာ နှစ်ခွန်းလောက် ရေရွတ်ပြီး သူ့အခန်းထဲသို့ပြန်ဝင်သွားသဖြင့် အားလုံးပိုတက်ကြွလာကြသည်။

"လှလိုက်တာနော် မဦး"

"ဘယ်သူပို့တာလဲဟင် ... သမီးတို့ကဒ်ကို ဖွင့်ဖတ်ကြည့်ရမလား"

"လောင်းမလား ငါသိတယ်"

ဦးက မျက်ဝန်းလေး ဝေ့စောင်းပြီး လိန်လိန့်ကိုရှာသည်။ ဦးအထင် ... သူဟာ ဦးအတွက် မရည်ရွယ်သော သွယ်ဝိုက်သော ကျေးဇူးရှင်မလေးတစ်ယောက်ဖြစ်ပါသည်။ ခုတလော လိန်လိန်ဟာ ဦးတို့ဌာနမှာ အလုပ်မဆင်းပါ။ ဘော့စ်တူမဟုသောအရှိန်နှင့် တခြားတစ်ဌာနမှာပြောင်းဆင်းနေ၏။ ခုလည်းပဲမရှိပါ။ ထိုစဉ်မှာ အလုပ်စဝင်ကတည်းက ဦးနှင့် ရင်းနှီးပြီး ရဲလည်းရဲတင်းသော ကောင်မလေးတစ်ယောက်က မဟာတဟာလေးဖြစ်နေသော ဖဲကြိုးနီအောက်မှ ကဒ်ပြားလေးကို ဆတ်ခနဲ ... ဖွင့်ဟ

www.burmeseclassic.com

လိုက်၏။

"ကြည့်စမ်း ... စည်းကမ်းမရှိတာ"

ဦးနှင့်ရွယ်တူတစ်ယောက်က ထိုတစ်ယော
ရဲ့လက်ကို ဖျတ်ခနဲရိုက်ထုတ်ကာ "ကိုယ့်နေရာကိုယ်သွ
ထိုင်ကြဟာ ... နင်တို့လုပ်တာနဲ့ပဲ ကာယကံရှင်က
လင်ငုတ်တယ်" ဟု လှမ်းအော်လိုက်၏။

"အောက်မှာ'နာမည်လည်းရေးမထားဘူး ... ဘ
သူလဲလည်း မသိလိုက်ရဘူး ... စာလည်းမဖ
လိုက်ရဘူး"

ဟိုကလေးမလေးက ပွစိစိ။

"နင့်အပူလား"

"ဒါပေမယ့် "ချစ်"ဆိုတဲ့ တစ်လုံးတော့မြင်တ
ဟီ ဟီ ဟီ"

ဦးက အားလုံးရှင်းသွားချိန်မှာ တုန်ရင်
သောလက်ကလေးနှင့် ကဒ်ကို ဖွင့်ဖတ်ကြည့်လိုက်၏။

"အသစ်တစ်ဖန် ပြန်လည်မွေးဖွားလာသော ချစ်ခြ
များနှင့်အတူ"

ကိုနိုင်ရယ် ... ။

ဦးက ဘယ်လိုမှ စိတ်မထိန်းနိုင်တော့ဘဲ .
စားပွဲပေါ်သို့လက်တင်ကာ မျက်နှာမှောက်ချရင်း ငိုကြွေး
မိပါတော့သည်။ အသံတိုးတိုးကလေးများ ဟိုနားသည်နား
ထွက်ပေါ်လာပြီး အဲဒီအသံကလေးတွေ ပြန်တိတ်သွားကြ





မှာတော့ ရုံးခန်းတစ်ခုလုံးထဲမှာ ကွန်ပျူတာကီးဘုတ်စာ
စာလုံးလေးတွေကို ရိုက်နှိပ်နေသံ တဖျောက်ဖျောက်တလွဲ
ရင် ... ဦးရဲ့ရှိုက်သံလေးတစ်ခုကသာ မတိုးမကျယ်လေး
ပြန့်လွင့်နေပါတော့သည်။

သူ့ကို ဦးက တစ်ခါလောက် အလစ်မှာထိုး
နက်ရှော့ခ်ရစေခဲ့တာမျိုး ဦးကို သူက အခါခါကို ပြန်
လုပ်ရှားစေခဲ့တော့တာပဲနော်။ မွေးပျံ့ပျံ့ပန်းရနံ့လေးမျ
ဦးရဲ့နှာခေါင်းထဲ တိုးဝှေ့ဝင်လာကြချိန်မှာ ကိုနိုင်ဖြ
ပေးလိုက်သော အချစ်ရဲ့အင်အားများကလည်း
အသည်းထဲ နှလုံးသားထဲ တစိမ့်စိမ့်ဝင်ရောက်ဂ
ချိန်နဲ့နေပြီဖြစ်သည့် နှလုံးသားက အားအင်ပြည့်ဖြိုး
ဆတ်ကျန်းမာလျက် ရှိတော့သည်။

ဦးက ထိုင်နေရာမှ အမြန်ထရပ်ကာ
ရည်တွေကို အားရပါးရပင် သုတ်ဖယ်ပစ်လိုက်၏။
တာနဲ့ မန်နေဂျာအစ်မကြီးရဲ့ရုံးခန်းထဲ ပြေးဝင်လာခဲ့မိဂ

"အစ်မ ... ဦးကို ဒီနေ့ခွင့်ပေးပါ"

မန်နေဂျာအစ်မကြီးက ဦးရဲ့မျက်နှာထားကြောင့်
ခေါင်းတညိတ်ညိတ်နှင့်ပင် "နေ့ဝက် ခွင့်လုပ်လိုက်ပေါ့၊
အော့ဖ်ရတဲ့နေ့ကျမှ နေ့တစ်ဝက်ပြန်ဆင်းပေးလိုက်" ဟု
ခပ်မြန်မြန်ပင် ခွင့်ပြုလိုက်၏။

"ကျေးဇူးတင်ပါတယ် အစ်မရယ် ... ပြီးတော့
တို ... ဦး ... ဖုန်းလည်း ခဏလောက်သုံးပါရ



www.burmeseclassic.com

www.burmeseclassic.com



စေ"

"ရပါတယ်ဗျ ... သုံးပါ ... သုံးပါ"

ဦးက မော်လီအလုပ်ရှိရာသို အရင်ဆုံးဖုန်းလှည့်လိုက်သည်။

"ဦး ဘာဖြစ်လို့လဲ ... နင်ဘာဖြစ်နေလဲ ... စိတ်အေးအေးထား ... ဖြည်းဖြည်းပြော ... ဘာဖြစ်လဲ"

"ဟို ... ဟိုတစ်ပတ်က နင်ပြောတဲ့ ... နင့်မျက်စိနဲ့ ဖတ်ချင်တယ်ဆိုတဲ့စာလေ"

"အရှုံးမလေး ... တော်တော့ ဆက်မပြောနဲ့တော့ ငါသိပြီ"

"အဲဒါ ... အဲဒါ ... ငါ"

"နင်အဖြေပြန်ပေးလိုက်ပြီလား"

"ဟင့်အင်း ... ဒါပေမယ့် ... ငါ ... ငါတို့က လက်တောင်ထပ်တော့မယ့်ဆဲဆဲအထိ ရင်းနှီးပြီးသားနှစ်ယောက်မဟုတ်လားဟင် ... အရမ်းမြန်မြန်ကြီးအဖြေပေးမိရင် တခြားလူတွေလိုပဲ မိန်းကလေးဘက်က နစ်နာနိုင်မှာပဲလား"

"နင် ငါ့ဆီက နင်လိုချင်တဲ့အဖြေကိုပဲ အတင်းတောင်းနေတာ မဟုတ်လား ... နင်တစ်သက်လုံးစိတ်ထဲရှိတဲ့အတိုင်း လျှောက်လုပ်လာခဲ့ပြီးပြီပဲ ... ဒီတစ်ချက်နဲ့တော့ ပိုမထူးတော့ပါဘူးဟယ်"

"ကျေးဇူးပဲ မော်လီ"





မော်လီဖုန်းကိုချပြီးသောအခါ ဦးက ဟိုဘက်ကကုန်တိုက်သို့ ဖုန်းလှည့်လိုက်သည်။

"တတိယထပ်ပေးပါ ... ဟုတ်ကဲ့ ... ဒွာနန္ဒမန်နေဂျာနဲ့ ပြောပါရစေ"

"ဟလို ... စစ်တည်နိုင်ပါ"

"ကိုနိုင်"

"ဦး"

ဦးက စကားချိုးတွေ နိဒါန်းတွေဆင့်မနေတော့ဘဲ ဗလုံးဗထွေးနိုင်လှသော အမောတကောသံတစ်ခုနှင့်

"တကယ်ပဲလား ကိုနိုင်ရယ်"

"ဦးရယ် ... ကိုယ့်ကိုယုံပါ ... ကိုယ် မင်းကို"

"နေဦး ... မျက်နှာချင်းဆိုင်လည်း မတွေ့ရဘူး ကိုနိုင်ရယ် ... ခု ... ဦးက နေ့ဝက်ခွင့်ရလိုက်ပြီ"

"အိုကေ ... ဖယ်ရီဂိတ်နားက စောင့်နော်"

ဦးက မန်နေဂျာအစ်မကြီးရဲ့ရုံးခန်းထဲမှ ပြန်ထွက်လာခဲ့ပြီး ဦးစားပွဲနားအထိ ပြန်လာခဲ့သည်။ အစ်မကြီးရဲ့အခန်းထဲက ပြန်ထွက်လာသည်နှင့် မျက်နှာထားပါတစ်ခါတည်း ပြောင်းလာခဲ့သော ဦးကိုကြည့်ကာ ရုံးခန်းထဲမှ တချို့ကပါ ပြုံးစေ့စေ့။

ဦးက အိတ်ကလေးကို ကောက်လွယ်ရင်း ... ခန်းစည်းကြီးကိုပါ ရင်ခွင်ထဲပွေ့ပိုက်ကာ တစ်ချက်ငဲ့မွေး



www.burmeseclassic.com

www.burmeseclassic.com



က်မိသည်တွင် ခပ်ဆုံးဆုံးကလေးမလေးများထံမှ ခေါင်း အသံက ရုံးခန်းထဲ ဟိန်းခနဲဖြစ်သွားပြန်ပါတော့သည်။

"ဘာလို့ ဦးကို တစ်ရစ်ချင်းပြန်ပြန်ချည်ချင်ရတာလဲ ကိုနိုင်ရယ်"

"ကိုယ့်အချစ်တွေကို ဦးယုံစေချင်တယ် ... အဲဒီလို တစ်ရစ်ပြီးတစ်ရစ် တိုးတိုးချုပ်နှောင်လိုက်တဲ့အခါမှာ ... ခံရတဲ့လူက ဘယ်လောက်အသည်းတယားယားနိုင်လိမ့်မလဲဆိုတာလဲ ဦး သိစေချင်တယ်"

"ဒါဖြင့် ကိုနိုင်က အသည်းယားရတာကိုပဲ မခံနိုင်တော့လို့ပေါ့"

"ဟင့်အင်း ... ကိုယ်သဘောမကျတော့တဲ့ ဒီကောင်မလေးကိုပဲ မပိုင်ဆိုင်ရရင် ကိုယ်ဘယ်လိုမှ မနေနိုင်တော့လို့"

"ဒါ ဘေးလူတွေရဲ့ ပယောဂတော့ပါမှာပါ ... ဥပမာ ဦးလေးတို့ ဘာတို့ ... ဦးကတော့ ဘေးပယောဂရှင်းတယ်ရှင့်"

"ကိုယ့်အချစ်ကသာ အဓိကလိုရင်းမဟုတ်လား ဦး"



"ဒါပေမယ့် ဦးက ထိတ်လန့်အားငယ်နေမိသေးတာ ကိုနိုင်ရယ်"

"ကိုယ်ရောပဲ ... ကိုယ်စဉ်းစားထားတယ်လေ ... ကိုယ်တို့ ဒီတစ်ခေါက် လက်ထပ်ပွဲကျရင် လက်ထပ်တစ်ခုတော့ လိုလိမ့်မယ် ... ဒါမှ တစ်ယောက်ကိုတစ်ယောက် မယုံမရဲဖြစ်နေကြတဲ့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် ထားသွားလို့မရမှာ ... ထွက်ပြေးလို့ကတော့ နောက်က တတန်းတန်းပါပြီးသားပဲ"

ဦးက မျက်နှာလေးအပေါ်မှာကော ပက်ပက်ပက်ပက်ရယ်ချလိုက်မိပါတော့သည်။ စစ်တည်နှင့်ရှု ခေါင်းမှာရယ်နေသော ဦးရဲ့ မေးစေ့များလေးကို လက်ညှိုးလက်မကိုနှင့် အသာလေးထိကိုင်ကြည့်[illegible]

"တကယ်တော့ ဟိုတစ်ပုံကိုမြ[illegible]ကတည်းက ကိုယ့်ရဲ့မသိစိတ်ထဲက အချစ်တွေကို မင်းလှမ်းမြင်သင့်တာပေါ့ ဦးရယ်"

ဘုရားရေ ... သူကိုယ်တိုင်တောင်မှ မမြင်နိုင်ခဲ့တဲ့အရာတွေကို ဦးက လှမ်းမြင်ပေးရဦးမတဲ့။ ဘာပဲဖြစ်ဖြစ်လေ ... နာကြည်းစွာ စွန့်ပစ်ချန်ထားရစ်ခဲ့ပြီးမှ ခွတ်ဖြုတ်လူး ... ရှုးလှုလှုပြန်လိုချင်နေမိတဲ့ ကောင်မလေးတစ်ယောက်ရဲ့အချစ်နဲ့ ... ကိုယ်လုံးဝ သဘောမကျနိုင်တော့တဲ့ မိန်းကလေးတစ်ယောက်ကိုမှ နှစ်နှစ်ကာကာစုံ

www.burmeseclassic.com

ခက်မက် ချစ်မိသွားခဲ့တယ်ဆိုတဲ့ ယောက်ျားလေးတစ်ယောက်
ရဲ့ချစ်ခြင်းတို့က ထူးခြားဆန်းပြားစွာ အံ့သြဖွယ်လှပလို့
နေသူးလား ရှင်တို့ရယ် ... ။

ပုဏ္ဏမီ

www.burmeseclassic.com
www.burmeseclassic.com